သြဒနံ–စကားဖြင့် ဖဲနောက်ဟင်း ငါးအမဲ့ဟင်းလျှာတို့မှ ကင်းသောကြောင့် သုက္ခကုရ–ဆိုသတည်း။ ပကတိထမင်းခြောက် ဖြစ်သောကြောင့် သုက္ခကုရ–ဆိုသည်မဟုတ်ဟု ပြတော်မူသတည်း။ ထို့ကြောင့် နောက်၌ သုက္ခာပေတ္တာ–(ဝိ၊ ၂၊၁၁၆)ဟု ဟောတော်မူအပ်၏။ ပကတိထမင်းခြောက်ဖြစ်အံ့။ အဘယ်မှာ ခြောက်စေရန် ရှိတော့အံ့နည်း၊ ကုရ-သဒ္ဒါ ထမင်းဟော။ သြဒနော ဝါ ကုရံ ဘတ္တံ၊ အဘိဓာန် စတုဗ္ဘာဝင် (၄၆၅) ဝါကာရော သြဒန သဒ္ဒဿ နပုံသကတ္တံ။ သမုစ္စိနောတ်၊ ကုရသဒ္ဒေ၊ ကရ ကရဏော ဝါ၊ ကရောတိ ဗလန္တိ ကုရံ၊ အဿု၊ ကိရဝိကွိပနေဝ။ ကိရတိ ဗုဘုက္ခန္တိ ကုရံ၊ ဣဿု၊ ကရ ဟိံသာယံဝါ၊ ကုသဒ္ဒေဝါ၊ ရပစ္စယေ၊ (အဘိဓာန်ဋီကာ) ဗုဘုက္ခံ၊ စားခြင်းငှာ အလိုရှိသည်ကို။ (ဝါ) ဃာလေဒ်ခြင်းကို။ကိရတိ၊ ပစ်ကွယ်ပဖျောက်စေတာက်၏၊ ဤအဘိဓာန်ဋီကာအဖွင့်ကိုတောက်၍ ပါဠိတော်၌ သုက္ခကုရံ၊ ပဲနောက်ဟင်း ငါး အမဲ့ဟင်းလျှာတို့မှ ခြောက်သော ထမင်းကို" ဟု အနက်ပေး။ သောကိရစသည်ကား ဉာပက အကြောင်းတည်း။ယသ့ဝါ။အာဟာရတိ ကိရ တသ့ဝါ အာသူပ ဗျဉ္ဇနံ သြဒနန္တိ အတ္ထော မယာ ဉာယတိ။ ။ ဆဏော ကိရ စသည်ကား သောကိရ စသည်၏ ဉာပက အကြောင်းတည်း။ ။

တံပိဏ္ဍပါတံ၊ ထိုဆွမ်းခြောက်ကို ဒဋ္ဌပိ တိဏိဝိ စတ္တာရိပိ သတ္တာဟာနိ ဟု သာဆိုလျှင် ပဉ္စပိ ဆပိ-ဟု မဆိုသည်ကား တစ်နေ့ခံ၍ရသော ဆွမ်းခြောက်ကို နှစ်ခါ သုံးခါ လေးခါသာ သုံးဆောင်လောက်သို့ ငါးခါခြောက်ခါ မသုံးဆောင်လောက်သောကြောင့်တည်း။ ပဝိသတိ ကိရ၊ တေန ဝုတ္တံ-စသည်ကား ဇဝံ ဒဋ္ဌပိ-စသည်၏ ဉာပကအကြောင်းတည်း။

၂၅၃။ အဿ ခါဒနိယ ဘောဇနိယဿ၊ အား။ကာရော၊ ပြုအပ်သော။ သန္နိမ်း သိုမှီးခြင်းသည်။ အတ္ထိ၊ ရှိ၏၊ သန္နိဓိကိရိယံ၊ ပြုအပ်သော သိုမှီးခြင်းရှိသော-ဟု အနက်ပေး။ ထို့ကြောင့် ဇဝံ သန္နိဓိကတံ-ဟု မိန့်လတ္တံ့။ ဇဝံ၊ ဤသို့ အကပ်ခံပြီးလျှင် တစ်ညဉ့်ကိုလွန်စေသဖြင့်။ သန္နိဓိကတံ၊ ပြုအပ်သော သိုမှီးခြင်းရှိသော ။ ။ ဂဏ္ဌိန္တိသဿ၊ ကိုင်ယူသော ရဟန်းအား၊ ပဋ်ဂ္ဂဟကော၊ ကိုင်ယူသောအခါ၌။ ပါဓိတ္တိယတော၊မှ၊ တာဝ၊ ဧရှးဦးစွာ။

တေရသကဏ်ဋီကာ (၃၊ ၆၆)၌ ခါဒိတပဒန္တိ အတ္ထေန၊ ကြောင့်။ ယံကိဉ္စိ၊ အမှတ်မရှိ ခဲ အပ်သော ဝတ္ထုကို။ ဒါဒနိယန္တိ၊ ၍ ။ အဓိပ္ပေတံ၊ ၏။ ။ တထာပိ အနာပတ္တိ ဒယေန္တန-စသော တေရသကဏ်ဋီကာစကား၌ အနာပတ္တိကို ပြတော်မူသော မြတ်စွာဘုရားသည် "အနာပတ္တိ ယာမကာလိကံ။ပေ။ ဘုဉ္ဇတိ" ဟု ဟောတော်မူသောကြောင့် ယာမ်ကိုလွန်စေသော် အာပတ်သင့်၏

ဟူသောအနက် ပြီးသတည်း။ ပြီးတိုင်းအာပတ်ကို ဆုံးဖြတ်သော် အနာပတ္တိ ဃတ္တာဟကာဝလိကံ သတ္တာဟံ နိဒဟိတ္ဝာ ဘုဥ္ဇတိ-ဝါကျ(၀၊၂၊၁၁၇)၌ သတ္တာဟကာဝလိကကို ခုနစ်ရက်ကို လွန်စေသော် "ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီ ယာနိ ဘေသဇ္ဇာနိ" စသော သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်ကို ဆုံးဖြတ်အပ်သကဲ့သို့ အနာပတ္တိ ယာမကာလိကံ ယာမေ နိဒဟိတ္ဝာ ဘုဥ္ဇတိ-ဝါကျ၌ ယာမကာလိကကို ယာမ်ကိုလွန်စေသော် ဤသန္ဒီဓိကာရကသိက္ခာပုဒ်မှ တစ်ပါးသောပုဒ်ဖြင့် အာပတ်ကို မဆုံးဖြတ်အပ်သောကြောင့် ဤသိက္ခာပုဒ်ဖြင့်ပင် သန္ဒီဓိကြောင့် ပါစိတ်အာပတ်သင့်သည် ဟူလို သတည်း။

ဒုဒ္ဓေါတော သစေ ပိ ဇဟာတိ။ ယံ အဂ်ုလိယာ။ပ။ ပညာယတိ-ဖြင့် ရှေး ဝါကျကို ဆင့်၍ဖွင့်သတည်း။

ပညာယတိ၊ ထင်အံ့။ သော ပတ္တော၊ သည်။ ဒုဒ္ဓေါတော၊ သည်။ သစေ ပိ ဟောတိ၊ အံ့။ (သပိတ်၌ အာမိသအစေးရှိသောကြောင့် လက်ခချောင်းအရေး ထင်သတည်း။)ဝါ၊ တနည်းကား။ ယံ ယဿ ဂဏ္ဌိကပတ္တဿ၊ အကြင်သံ မဲနတို့ ဖြင့် ဖာထေးအပ်သော သပိတ်၏။ ဂဏ္ဌိကန္တရော၌။ သွေ့ဟော၊ သည်။ ပဝိဒ္ဓော၊ သည်။ သစေ ပိ ဟောတိ၊ အံ့။(သောဥကော-စသည်ကားသွေ့ဟော ပဝိဒ္ဓော ဟောတိ-၏ ဥပကအကြောင်းတည်း)။ သော ဂဏ္ဌိကပတ္တော၊ သည်။ပဋ္ဌရတိ ဝါ သန္ဓိဿတိ ဝါ။ ဥကုယာဂုယာ၊ကို။ ဂဟိတာယ၊ သော်။(သောဥကော်၌ သောကို သန္ဓိဿတိ၌လည်းယှဉ်။) ဧပံ သတိပိ၊ ဤသို့ ဒုဒ္ဓေါတ-ဖြစ်သည် အစေးဝင်သည်ဖြစ်သော်လည်း။ တာဒိသေ၊ ထိုဂဏ္ဌိကဒုဒ္ဓေါတ-သဘောရှိသော။ပတ္တေပိ၊ ၌သော်လည်း။ ပိ-ဖြင့်ပကတိ ခဲဖယ်ဘောဇဉ်ကပ်ပြီးကို နက်ဖြန် စားသော်ဆိုရန် မရှိဟု ချီးမွမ်းသကည်း) အာသိဥ္ဆိတ္ဝာ ဝါ ဃံသိတ္ဝာ ဝါ။ ။ သွေ့ဟဘာဝေါ ဝါ အဂ်ုလိလေခါ ဝါ။။ပန၊ အထူးကိုဆိုဦးအံ့။ တေလ ဝဏ္ဏပ-တ္တော၊ ၌။

ယံ တိက္ခ္။ နိရုပေက္ခာ သာမဏေရာနံ ပရိစ္စဇန္တိ- စကားဖြင့် အကပ်ပျက်ခြင်း၏ အကြောင်း ခြောက်ပါးတို့တွင် အညဒါန အကြောင်းကြောင့် အကပ်ပျက်သော ခဲဖွယ်ဘောဇဉ်၏ သန္ဒီမိကို မဖြစ်စေတတ်သည်၏ အဖုစ်ကို သိအပ်၏။ ဥပလက္ခဏနည်းအားဖြင့် ပြသတည်း။ထို့ကြောင့် ဤမှတစ်ပါးကုန်သော ငါးပါးကုန်သော အကြောင်းတို့ကြောင့် အကပ်ပျက်သော ခဲဖွယ်ဘောဇဉ်၏လည်း သန္ဒီဓိကို မဖြစ်စေတတ်သည်၏ အဖြစ်ကို သိအပ်၏။

တေရသကဏ်ဋီကာဌ် အကပ်ခံခြင်းကို ငဲ့ကွက်ခြင်းမရှိမူ၍ စွန့်ခြင်းတည်း ဟူသော အနပေက္ခဝိသဇ္ဇန-အကြောင်းကြောင့် အကပ်ပျက်သော ခဲဖွယ် ဘောဇဉ်၏ ဒုတိယမနှဌ် အပ်သည်၏အဖြစ်ကို ဆိုသော အမြွက်စကားကိုရှု၍ လည်း်ကောင်း။ ဝိကာလဘောဇနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာဌ် ခါဒိဿာမိ ဘုဉ်ဿာမိတိ ပဋိဂ္ဂဏှတိတိ ယော ဘိက္ခု။ပ။ ဒုဏ္ဏဋ္ဌဿ-ဟု ပါဠိတော်ရှိတိုင်း အကပ်ခံခြင်းအနက်ကို ဟောသော ပဋိဂ္ဂဏှသဒ္ဒါဖြင့် ဖွင့်သကဲ့သို့ ဤသန္နိဓိ-ကာရက သိက္ခာပုဒ်ဌဲလည်း်။ "ပဋိဂ္ဂဏှာတိ။ အာပတ္တိ ဒုက္ကဋဿတိ ဧဝံ သန္နိဓိကတံ။ပ။ ပဋိဂ္ဂဏှန္တဿ ပဋိဂ္ဂဟဏေ တာဝ အာပတ္တိ ဒုက္ကဋဿ" ဟု ပါဠိတော်ရှိတိုင်း အကပ်ခံခြင်းအနက်ကိုဟောသော ပဋိဂ္ဂဏှသဒ္ဒါဖြင့် မဖွင့်မူ၍ အကပ်မခံဘဲ ကိုင်ယူခြင်းအနက်ကို ဟောသော ဂဟဏ-သဒ္ဒါဖြင့် ဂဏှန္တဿ ပဋိဂ္ဂဟဏေ-ဖွင့်သော စကားကို ရှု၍လည်း်ကောင်း။ ပဋိဂ္ဂဟဏေတိ ပဋိဂ္ဂဟဏေ မေဝ သန္ဓာယ ဝုတ္တံ-ဟူသော တေရသကဏ်ဋီကာ (၃၊၆၇။) စကားကိုရှု၍ လည်း်ကောင်း။ မာတိကာ အဋ္ဌကထာလာ အဇ္ဈောဟရိဿာမိတိ ဂဏှန္တဿ ဂဟဏေ-ဟူသော စကားကိုရှု၍ လည်း်ကောင်း သိအပ်၏။ အကယ်၍ အကပ်မပျက်သော ပစ္စည်း်သည်သာလျှင် သန္နိဓိကို ဖြစ်စေတတ်သောကြောင့် ဤအဋ္ဌကထာဌ် အကပ်မခံဘဲ ယူခြင်းအနက်ကိုဟော ဂဏှန-သဒ္ဒါဖြင့် ဂဏှန္တဿ ပဋိဂ္ဂဏေ ဟူသောစကား မာတိကာအဋ္ဌကထာဌ် ဂဟဏှန္တဿ ဂဟဏေ-ဟူသောစကားကိုမိန့်ဆိုသတည်း။ အကယ်၍အကပ်ပျက်သော ပစ္စည်း်သည်လည်း် သန္နိဓိကိုဖြစ်စေတတ်သည်ရှိသော် အကပ်ခံခြင်းအနက်ကို ဟောသော ပဋိဂ္ဂဟဏေသဒ္ဒါဖြင့် ပါဠိတော်ရှိတိုင်း ဤအဋ္ဌကထာဌ် ပဋိဂ္ဂဟဏေ-ဟူသော စကားကို မိန့်ဆိုလေရာသည်မာ တိကာအဋ္ဌကထာဌ်လည်း် ပဋိဂ္ဂဏှန္တဿ ပဋိဂ္ဂဟဏေ-ဟူမိန့်ဆိုလေရာသည်၊ ဆိုလည်း်မဆိုပါခဲ့။ ဝဇိရဗုဒ္ဓိဋီကာ (၃၂၁၂။)ဌ်ကား "ဧတ္ထပဋိဂ္ဂဟိတဘာဝံ အဝိဇဟန္တေဝ သန္နိဓိံ ဇနေတိတိ မမ္မသိဒ္ဓိ ထေရော။ တံ ပဋိဂ္ဂဏှာတိ အာပတ္တိ ဒုက္ကဋာတိ ပါဠိယာ ဝိရုဇ္ဈတီ" ဟုမိန့်အပ်၏။ ဝဇိရဗုဒ္ဓိ ဋီကာဆရာသည်ကား ပဋိဂ္ဂဏှာတိ-သဒ္ဒါသည် အကပ်ခံခြင်းအနက်ကိုဟောသတည်း။ အကပ်ကိုစွန့်ပြီးဖြစ်သောကြောင့်အကပ်ခံရသတည်း ထို့ကြောင့် အကပ်ကို စွန့်ပြီးသော ဝတ္ထုသည်လည်း် သန္နိဓိကို ဖြစ်စေတတ်သဘည်းဟု အယူရှိသတည်း။

ဂဏှန္တဿ ပဋိဂ္ဂဟဏေ-ဟု အဋ္ဌကထာဆံရှာဖွင့်သောကြောင့် ပဋိဏှာတိ-သဒ္ဒါသည် အကပ်ခံပြီးဝတ္ထုကို အကပ်မခံဘဲ ကိုင်ယူခြင်းအနက်ကို ဟောသတည်းဟု သိအပ်ရကားဝဇိရဗုဒ္ဓိဋီကာလာစကားကို စုံစမ်းရန်ရှိသတည်း။ပဋိဂ္ဂဟဏေ အနပေက္ခဝိဿဇ္ဇနေန-စသော တေရသကဏ်ဋီကာဌ် ရှေးဦးစွာ သောအပ်ခံခြင်းဖြင့် မသုံးဆောင်လိုသေး။ နောက်မှတစ်ဖန်အကပ်ခံ၍ သုံး

ဆောင်မည်ဟု နှလုံးပြုသော် အကပ်ခံခြင်းကို ငဲ့ကွက်ခြင်းမရှိ စွန့်သည်မည်၏၊ သို့စွန့်သော် အကပ်ခံပျက်၏ ဟူလိုသဘည်း။ ဝတ္ထုကိုမစွန့်သော်လည်း အကပ်ခံခြင်းကိုငဲ့ကွက်ခြင်းမရှိ စွန့်သည်ဖြစ်သင့်သောကြောင့် ပတ္တော ဒုဒ္ဒါတော ဟောတိ စသော စကား၌ အာပတ်မသင့်ခြင်းကို အဋ္ဌကထာဆရာ ဆိုရာသည်မဟုတ်လော့ဟုစောဒနာပုဒ်ကိုထုတ်လို၍ ယဒိ ဧဝံ ပတ္တော-စသည်ကို တေရသကဏ် ဋီကာဆရာ မိန့်သဘည်း။ ပဋိဂ္ဂဟကံ၊ အကပ်ခံခြင်းကို။ အဝိဿေဇ္ဇေတ္ဝာဝ၊ မစွန့်မူ၍သာလျှင် (နိဋ္ဌာပိတေ-၌စပ်) သယံဝါ၊ ကိုယ်တိုင်လည်းကောင်း၊ အညေနဝါ၊ တပါးသောရဟန်းကိုလည်းကောင်း (ကတ္ဝာ-စပ်၌) တုစ္ဆံ၊ အချည်းနှီးကို၊ ကတ္ဝာ၊ ပြု၍ (ဝါ) ပြုစေ၍။ နသမ္မာဓေဝံတ္ဝာ၊ ကောင်းစွာ မဆေးမူ၍။ နိဋ္ဌာပိတေ၊ ပြီးစေအပ်သော။

အခိပ္ပာယ်ကား အာပ်ခံခြင်းကို မစွန့်မူ၍သာလျှင် ကိုယ်တိုင်လည်းကောင်း တစ်ပါးသော ရဟန်းကိုလည်းကောင်း ဆွမ်းမရှိအောင်ပြုပြီး ပြုစေပြီးလျှင် မစင်မကြယ် ဆေးကြော၍ ပြီးစေအပ်သောသပိတ်၌ ကပ်ငြိသော အာမိသသည် သပိတ်ကို ဆေးကြောသဖြင့် အာမိသကိုပယ်သော်လည်း နက်ဖြန် စသောနေ့၌ ဤသပိတ်ကို တစ်ဖန်အကပ်ခံပြီးမှ ဤသပိတ်၌ အာမိသကို ထည့်၍ သုံးဆောင်ရမည်ဟု အကပ်ခံခြင်းကို ငဲ့ကွက်ခြင်းမရှိမူ၍ မစွန့်သောကြောင့် အကပ်မပျက်ဟူလိုသတည်း။ တေရသကဏ်ဋီကာလာ စကား၏ အနက် အခိပ္ပာယ်တည်း။ ဤအရာဝယ် ကေရသကဏ်ဋီကာ ဝါဒနှင့် ဝိမတိဝိနောဒနီဋီကာဝါဒ မတူကြလေ၊ သို့မတူဆုတ်၊ ယံ ဘိက္ခု။ နိရပေက္ခာ သာမဏေရာနံ ပရိစ္စဇန္တိ-ဟူသော အဋ္ဌကထာရှေးစကားကို ထောက်၍ သယံပဋိဂ္ဂဟေတ္ဝာ အာပရိစ္ဆတ္တာမေဝ ဟိ နှတိယာဒိဝသေ နဝဋ္ဌတိ-ဟူသော အဋ္ဌကထာနေ ဘက်စကား၌ အာပရိစ္ဆတ္တာမေဝ-ဟု သာမညအားဖြင့် ဆိုခြင်းသော်လည်း နိရာလယမုတ္တာမတ္တ-အားဖြင့် မစွန့်သည်ကိုသာ အာပရိစ္ဆတ္တာ-ဟု ယူသင့်သောကြောင့် ဝိမတိဝိနောဒနီဝါဒ သင့်ပေရာသတည်း။

ပဌမဝါရာဇိက သိက္ခာပုဒ်အဖွင့်၌လည်း ဋီကာနှစ်စောင် ဝါဒကွဲသဘည်း။ ဝိမတိဝိနောဒနီဋီကာလာ စကားဂရုဖြစ်ပေသတည်း။

ယံ၊ ဧကြင်သိုမှီးအပ်သော ခဲဖွယ်ဘောဇဉ်ကို။

သာမဏေရာနံ -သည် ဥပလက္ခဏမျှ သာတည်း။လူ,သာမဏေမ သိက္ခမာန် ဘိက္ခုနီမတို့ကိုစွန့်ရာ၌လည်း နည်းတူတည်း။ ရဟန်းယောကျ်ား၏ သန္ဓိဓိပစ္စည်း၏ ရဟန်းမိန်းမအား အပ်သည်၏အဖြစ်ကို လည်းကောင်း၊ ရဟန်းမိန်းမ၏

သန္ဒိဓိပစ္စည်း၏ ရဟန်းယောကျ်ားအား အပ်သည်၏အဖြစ်ကို လည်းကောင်း အဋ္ဌကထာ (ကခ်ီ၊ဌ၊၂၂၆၊)၌ မိန့်ဆိုသည်ကို ထောက်သတည်း၊ ဒေန္တိ-ဟူသောစကားကို အလျော်အားဖြင့်ဆိုသတည်း။ ဝိဿာသဂ္ဂါ-အားဖြင့်ယူ၍ သုံးဆောင်သော် လည်းကောင်း လှည့်လည်၍ သုံးဆောင်သော်လည်းကောင်း တောင်း၍ သုံးဆောင်သော် လည်းကောင်း အပ်၏ဟု မှတ်အပ်၏။

အကပ္ပိယမံသေသု၊သိုမှိုးကုန်သော အကပ္ပိယအသားတို့တွင်။(နောက်နောက်၌လည်းသိုမှိုးအပ်သော ပစ္စည်းချည်းတည်း)။ ဝိကာလဘောဇနသိက္ခာပဒေ၊၌။ မယာ၊ ငါသည်။ နိဒ္ဒိဋ္ဌံ၊ အကျယ်ပြအပ်ပြီးသော။ တတ္ထ၊ ထိုလေးပါးကုန်သော ကာလိကာတို့တွင်။

သန္ဓိမိကာရက သိက္ခာပဒဒီပနီနိဋ္ဌိတာ။

၉-ပဏီ ဘောဇန် သိက္ခာပဒဝဏ္ဏနာ

၂၅၉။ သေခိယေသု သူပေါဒနဝိညတ္တိ ဒုက္ကဋ်ံ အာပဇ္ဇတိ-ဟု အဋ္ဌကထာဆရာ မိန့်တော်မူသောကြောင့် သေခိယ သိက္ခာပုဒ်၌ နသူပံဝါ ဩဒနံဝါ-စကားသည် လက္ခဏမျှသာဟု မှတ်အပ်၏။

သေခိယေသု၊ သေခိ'ယသိက္ခာပုဒ်တို့၌။ ပညတ်၊ ပညတ်အပ်သော။ သူပေါဒနဝိညတ္တိဒုက္ကဋ်ံ၊သို့။ ။ဩဒနသံသဋ္ဌာနိ၊ ထမင်းနှင့်ရောနှောကုန်သော ထောပတ်စသည်ဘို့ကို ။ အယံ၊ ဤဆိုအပ်မဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အဓိပ္ပါယော ကိရ။ အဓိပ္ပါယ်ဖြစ်သတတ်။

တေရသကဏ်ဋ်ကာ၌ မူလန္တိ ကပ္ပိယဘဏ္ဍံ သန္ဓာယ ဝုတ္တံ-ဟူသောစကားကို ယထာဘဏ္ဍ၊ ကမေဝ-ဟူသော အဋ္ဌကထာစကားအားလျော်စွာသာ ဆို သတည်း။

ယထာဝဘဏ္ဍ၊ကမေဝ၊ ပဏီတဘောဇန-တည်းဟူသော ဝဘဏ္ဍ၊အားလျော်စွာသာလျင်။ပါစိတ္တိယံ၊ သုဒ္ဓပါစိတ်အာပတ်သင့်သည်။ ဟောတိ၊၏။

အကပ္ပိယဘဏ္ဍာကိုပေးသော် အခံမလိမ္မာက ဤသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် ဇာတရူပသိက္ခာပုဒ်ဖြင့် နိဿဂ်ိယပါစိတ် ဤသို့ပါစိတ်နှစ်ချက် သင့်သတည်း။

ဝေဟိသတိ –စသည်သည် ဝိသင်္ကေတံ– ၏အကြောင်းတည်း။ တသ္မာ-ဖြင့် ဝိသင်္ကေတံ-ကိုစွဲ။ ထို့ကြောင့် တေရသကဏ်ဋီကာ၌ "အနာပတ္တိတိ ဝိသင်္ကေတတ္တာ သဗ္ဗာဟိယေဝ အာပတ္တိတိ အနာပတ္တိ" ဟု မိန့်အပ်၏။ ထို စကားဦး၌ ဝိသင်္ကေတတ္တာဖြင့်–ဟသ္မာဖြင့် ဝိသင်္ကေတံကို-စွဲသည်ကို ပြုသတည်း။ ပါဠိတော်လာ ထောပတ်မဟုတ်သောကြောင့် "ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ ဒုက္ကဋမေဝ" စကားကိုဆိုသတည်း။ သေနယော-စသည်ဖြင့် သပ္ပိနာ ဘတ္တံ ဒေဟိ သပ္ပိံ အာကိရိတ္ဝာ ဒေဟိ–စသော စကားအလုံးစုံကို ညွှန်းပြသတည်း။ ဣပ္ပိ နာတိ ဝုတ္တေ-စသော အခြားမရှိစကားကိုသာ ညွှန်ပြသည်မဟုတ်။ ထို့ကြောင့် ယေန ယေန ဟိ-စသော စကားကိုမိန့်သတည်း။

နဝနီတာဒီဟိ၊ တို့ကို။ ကေမေကံ၊ တစ်ခုတစ်ခုသော နဝနီတ–စသည်ကို။ တတ္ထ နဝနီတဘတ္တံ ဒေဟိတိအာဒိဝစနေသု သပ္ပိအာဒီဟိ၊တို့ကို။(ဝိညာပေတ္ဝာ ဒ္ဝိစပ်)။

၂၆၁။ အဂိလာနော ဂိလာနသညိတိ ဇတ္ထ သစေပိ–စသည်၌ သံဃာ၏ အစ္ဆမ်းအားဖြင့် ဖိတ်အပ်သောအရာ၌ အဂိလာနရဟန်းသည် ဂိလာနအမှတ်ရှိ၍ ဆေးအကျိုးငှာ ဂါးပါးသောဆေးကို တောင်းခဲ့တော် ဆေးကိစ္စမရှိမူ၍ဆေး ကို ဟောင်းသည်နှင့်တူသောကြောင့် မဟာနာမသိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရမည် ဟူလိုသတည်း။

ဝိမတိဝိနောဒနီဋီကာ၌ အဂိလာနော–ဟူသောစကား ကို မဟာနာမသိက္ခာပုဒ်အဖွင့် "ယံ ပန ဝုတ္တံ ပဏီတဘောဇနသိက္ခာပဒေ မဟာနာမသိက္ခာပဒေန ကာရေတဗ္ဗောတိ။ တံ သံဃဘောဇနေ ပဝါရိတံ ဘောဇ္ဇတ္ထာယ သပ္ပိအာဒိ ဘေသဇ္ဇပဉ္စကံ ဝိညာပေတိစေ၊ န ဘေသဇ္ဇေန ကရဏီယေန ဘေသဇ္ဇံ ဝိညာပေတိတိ ဝစနေန ပါစိတ္တိယန္တိ အတ္ထောတိ လိခိတံ–ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၃၂၆)လာ စကားနှင့် ဆန့်ကျင်သောကြောင့် လည်းကောင်း။ တေရသကဏ်ဋီကာ၌ အင်္ဂါပြ သံဃဿ ပဝါရဏာတာ–စကားနှင့် ဆန့်ကျင်သောကြောင့် လည်းကောင်း။ ဝိမတိဝိနောဒနီဋီကာ၌ပင် အင်္ဂါပြ သပရိယန္တာ သံဃပဝါရဏာ– စကားနှင့် ဆန့်ကျင်သောကြောင့် စဉ်းစားရန်ရှိသေးတည်း။ ပရိစ္ဆေဒဗ္ဘန္တရေ ပိ ဝါ–စသော စကား(ဝိမတိဋီ ၂၊၃၃၄) ကိုလည်း မဟာနာမသိက္ခာပုဒ်ပါဠိတော်၌ နှ ဘေသဇ္ဇကရဏီယေန–စသော စကားကို အင်္ဂါအခြားကို လွှန်၍တောင်းရာ၌သာ မအပ်သည်ကိုပြလို၍ ဟောကော်မူသောကြောင့် ဆင်ခြင်အပ်၏။ သူပေါဒနဝိညတ္တိယံ– စကား၌ ဘိက္ခူနိမတ္တိအာဒီး ပဏီတဘောဇနသိက္ခာပုဒ်ကို အသီးပညတ်တော်မမူအပ်

သောကြောင့် ဘိက္ခုနီမဘို့သည် ပဏီတဘောဇဉ်ကိုတောင်းသော် သူပေါဒန ဝိညတ္တိဒုက္ကဋ်သင့်သည်ဟု မှတ်အပ်၏။

ပဏီတဘောဇနသိက္ခာပဒဒီပနီ နိဒ္ဒေသော

၁၀-ဒန္တပေါဏသိက္ခာပဒဝဏ္ဏနာ

၂၆၃။ ဝေါသာဋ္ဌိတက-ပုဒ်ကို ဆဋ္ဌိကကာနိ-ဟု ဖွင့်တော်မူသောကြောင့် ဝိ ရှေး အဝရှေးရှိသော သဒ္ဒဓာတ် ဆဒ္ဒနအနက်ဟော။တပစ္စည်း။ဣ-အာဂုံ။က-အက္ခရာကား သဒ္ဒဟု မှတ်အပ်၏။သဒ္ဒဓာတ်သည် အဝသာဂဏ-အနက်ဟော တည်း။ အဝသာဂဏ-ဟူသည် အိမဲ့ဌိမရှိအောင် ပြုခြင်းတည်း။ အိမ်ဌိမရှိ အောင်ပြုခြင်းဟူသည် သုဿာန်စသည်တို့ဌိ စွန့်ခြင်းတည်း။ ထို့ကြောင့် အဌ ကထာဌိ ဆဋ္ဌိတကာနိ-ဟု မိန့်သတည်း။

သဋ္ဌ=ပရိဘာသနေ။ သဋ္ဌတိ။ ။ သဋ္ဌရုဇာဝိသရဏဂတျာ ဝသာ နေသု။ ရုဇာ ပီဋ္ဌာ။ဝိသရဏံ ဝိပ္ပရဏံ။ ဂတျာဝသာနံ ဂတိယာ အဝသာနံ ဩသာနံ အဘာဝကရဏံ၊ နိသီဒနံ။ သဋ္ဌတိ။ ။ သဋ္ဌ အဝယဓဝေ၊ သဋ္ဌတိ။ (ဓာတု-မာလာ ၅၂၃၃)။ ဓာ ဂတိနိဝတ္တိယံ။ ဣဆော။ ဓဿ တတ္တံ ဣသော်တ္တံ။ (အဘိ ဓာန်ဋီကာ နရဝဂ်အဖွင့်(၂၅၄၊၅ ဂါထာ))။ ဌဘတိ ပဝတ္တတိတိထိရုံ။ စိရဋ္ဌာယီ။ (ကင်္ခဝိဓောဂဉလာန်(၁၅၀))။ထေရ ထိရ-ပရိယာယ်။ ဝဒဇနေဟိ အရော ဟောတိ ဌင်စာန္တာဒေသော။ ဝဒတိံတိ ဝဋ္ဌရော။ပ။ ထူလော။ (ကင်္ခဝိဓောဂဉလာန်(၁၆၁)။) ထုလ္လဉ္စ ဝဋ္ဌရဉ္စာထ။ ထူလ ပရိဗြူဟနေ။အ။ လ ပစ္စယေထုလ္လံ။ ရဿာဒိ။ ဝဓဈပတ္ထနာယံဝဓရုံ။ (အဘိဓာန်ဋီကာ။ ဝိသေသျာဓိနဝဂ်အဖွင့်။ ၇၀၁ ဂါထာ) ကင်္ခဝိဓောဂဉလာန်အလို ဝဋ္ဌရ ရှိရမည်။ အဘိဓာန်စာကိုယ် ဋီကာ အလို ဝဓရရှိရမည်။ ကျမ်းဂန်တို့ဌိ မုဒ္ဓဇ ဌ-နှင့်ဒန္တဇ ဓ-မထူး။ ဌဿ၊ ဌဟု ဆိုအပ်သော်။ အန္တဒေသော။ ဝဒဓာတ်၏ အစိတ် ဒ-ကို ရ-ပြုခြင်းသည်။ ဟောတိ၊၏။ ဝဒတိ။ "သန်သန်မာမာ စကားဆိုတတ်၏၊"ဟု ကင်္ခဝိဓောဂဲ လာန်မှာ အနက်ပေး။ ပဓရ၊ ဝဓရဓာတ်သည်။ ပတ္ထနာယံ၊ ဣသူ၏ ဆုပြုံး ခြင်းကဲ့သို့ ဆုပြုံးလိုသောဟု တောင့်တခြင်းအနက်ဌိ ဟု အဘိဓာန်ဋီကာမှာ အနဲက်ပေး။။ဝဓရိတဗ္ဗော ပတ္ထေတဗ္ဗောတိ ဝဓရော၊ဟု အဌကထာလာ ဝဓရကို ဝစနတ္ထပြု။ ဣနည်းကား အဘိဓာန်ဋီကာလာစကားကို မှီးသောနည်းတည်း။

၁။ အဘိဓာန်စာကိုယ်ဋီကာဌိ ဝဒ ဂိယတ္တိယံ ဝါစာယံဟု ရှိသည်။ယင်းနိဿယဌိ ဝရပတ္ထနာယံ ဟုရှိသည်။ မူအမျိုးမျိုးကဲ့နေကြောင်း အဘိဓာန်ဋီကာနိဿယဌိ မှာဆောသည်။

တစ်နည်းကား ဝဋ္ဌတိ ထူလော ဟုတ္ဝာ ဘဝကိတိ ဝဋ္ဌရော၊ဟု ဝစနတ္ထပြု။ ဝဋ္ဌ ထူလိယေ။ ဝဋ္ဌတိ။ဝဋ္ဌရောတိ ထူလော စ ဃနသရိရော စာယံ ဘိက္ခု။ (ဓာတု မာလာ၊ ၅၆)

ပစ္စာသတ္ထိနည်းအားဖြင့် ထူလောစ၊အစရှိသည်ကို မိန့်သတည်း။ ထိုစကား မှန်၏။ ဝဓရောတိ ထူလော၊ဟူသော စကားအားလျော်စွာ ထူလော၏၊ ဟူသောစကားကို မိန့်သတည်း။ ထေရောတိ ထိရောဃနဗဒ္ဓေါ၊ ဟူသော စကားအားလျော်စွာ ဃနသရိရော၏၊ဟူသောစကားကို မိန့်သတည်း။

၂၆၄။ ဝိမတိဝိနောဒနီဋီကာ(၂၊၃၅)၌အာဟာရန္တိ အဇ္ဈောဟရိတဗ္ဗံကာလိကံ ဥမိုပေါတံ။ နဥဒကံ။ တံ ဟိ ဘေသဇ္ဇသင်္ခါတမ္မိ အကာလိကမေဝဟု ဆိုသော ကြောင့် မနုကို ဂိလာနပစ္စည်း၌သွင်း၍ ပစ္စဝေက္ခဏာ ဆင်ခြင်အပ်၏ဟု မှတ်ယူရန်ရှိသတည်း။

ကိဉ္စာပိ ကုက္ကုစ္စာယိ်သု ပန တထာပိ။

၂၆၅။ ဝိမတိဝိနောဒနီဋီကာ၌ပင် ရထရေဏုံပိတိရထေ ဂစ္ဆန္တေ ဥဒ္ဒဟန-ရေဏုံ သဒိသရေဏုံ။ ဂဟနံ တတော သုခုမံ အာကာသေ ပရိဘ္ဘမနကံ ဒိဿမာ-နမို အာဒဗ္ဗာဟာရိကန္တိ ဒယ်ေတိ၊ဟု ဆိုသောကြောင့် ရထားသွားရာအရပ်၌ ထသော မြူပမာဏရှိသော ရထရေဏုမြူစအာဂက် သိမ်မွေ့သော ကောင်း ကင်၌ လှည့်လည်သည်ဖြစ်၍ နေရောင်ပေါက်၌ ထင်မြင်သော မြူဆည် အကပ် ခံပြီး ခွမ်းစသည်၌ ကျသော်လည်း အကပ်မပျက်ဟု မှတ်ဒပ်၏။

ပုဗ္ဗေ၊ ရှေးဖြစ်သော ပဌမပဝါရဏာသိက္ခာပုဒ် အဖွင့်၌။ ဟတ္ထပါသေ-ဎိတောတိ ပဝါရဏာ ပဟောနကန္တိအာဒိနာ၊ဖြင့်။ ဝုက္တလက္ခဏော ဟတ္ထပါသေ၊ ၌။ ။တတ္ထာတိ ကာယေနဝါတိ အာဒိဝစနေန။ နာသာပုဋ္ဌေန ဝါ အကလ္လကော မုနေန ဝါ သစေဝ် ပဋိဂ္ဂဏှာတိ။ ဧဝံ သတိပိ ကာယေန ဂဟိတမေဝဟောတိ-ဟု ယောဇနာ။

အာဘောဂမတ္တမေဝ ဟိ-၌ ဟိကို ရှု၍ အာဘောဂမတ္တမေဝ စသော စကား သည်သာ မဟာပစ္စရိက် စကားမဟုတ် တတ္ထ ကာယေနာတိ ဟတ္ထာဒီသု-စ မသာ စကားအလုံးစုံသည် မဟာပစ္စရိတ်စကားဖြစ်သည်ဟု မှတ်ဒပ်၏။ ဤ ပကား အလုံးစုံ မဟာပစ္စရိတ်စကားမဟုတ်က သူတပါးစကားကို စွဲ၍ ဟိ-နှင့် နောက်စကားကို တက်ရန်မရှိ၊ တက်ရိုးမဟုတ်။

ဒါတုံဝါ၊ ကပ်ပေးခြင်းငှာ လည်းကောင်း။ ဂဟေတုံဝါ၊ အကပ်ခံယူခြင်းငှာ လည်းကောင်း။

ဝိမတိဝိနောဒနီဋ္ဌ ဣခဝပိ အာကာသေ ဌိတဿ။ ပ ။ပဋ္ဌာယ စကားကို ကပ်သူ မြေက နေသည်ကို ရည်၍ ဆိုသတည်း။ ဒါယကဿ-စသော စကားကို ခံသူမြေက နေသည်ကိုရည်၍ ဆိုသတည်း။ အာကာသေ ဌိတဿ-ဒါယကဿဟု ယောဇဲနာ။ ဝိမတိဝိနောဒနီဋ္ဌပင် နိပ္ပဒ္ဒံတွာကို ပဋိဂ္ဂဏှန္တဿ-ဋ္ဌီစပ်။

ကာဇေန ဘတ္တံ ဟရန္တော်ပိ-စသည်၌ ထမ်းပိုးစွန်း ဝါးစွန်း၌ ဖွဲ့ချည်၍ ထားသည်နှင့် ထမ်းပိုးနှင့် ဝါးသည် တည်ရာဖြစ်သောကြောင့် အပ်သည်ဟု မှတ်အပ်၏။ တံ၊ ထိုဝါးကို။ စေပဋိဂ္ဂဏှာတိ၊ အံ့။

ဘိက္ခုဿ အတ္ထာယ အပိဋ္ဌေတွာ-စသော ဘေရသကဏ်ဍကာ စကား၌ ညစ်စဉ်ကာလ ဟတ္ထပါသ်၌ တည်သော ရဟန်း၏ အကျိုးငှာ မညှစ်မူ၍ ပကတိ အားဖြင့် ညှစ်ပြီးမှယိုစီးဆဲဖြစ်သော ကြံရေကို ရည်မှတ်၍ ဂဏှထဟု ဆိုသောကြောင့် အာဘိဟာရမထင်။ အာကယ်၍ ညစ်စဉ်ကာလ ဟတ္ထပါသ်၌ တည်သော ရဟန်း၏အကျိုးငှာ ညစ်အပ်သောကြံရည်ကိုရည်၍ မှတ်၍ ဂဏှထ-ဟု ဆိုအံ့ ကြံမည်၏ စီးသွားခြင်းဖြင့် အာဘိဟာရထင်သောကြောင့် အကပ်ခံခြင်းငှာ အပ်၏ဟူလိုသတည်း။

အဋ္ဌကထာ၌ "ယတ္ထ၊ အကြင်ညောင်စောင်းစသည်၏ အနီးအပါးဖြစ်သောအရပ်၌။ ဌိဿဿ၊ တည်သော ရဟန်း၏။ ဟတ္ထဝါသေ၌။ ဒါယကော သည်၊ ဟောတိ၊ အံ့။" ဟု အနက်ပေး။

ကုစ္ဆိယာ၊ တစ်ခုသောသပိဘ်၏ဝမ်းဖြင့်။ ကုစ္ဆိံ၊ တစ်မုသောသပိတ်၏ဝမ်းကို။ အာဟစ္စ၊ ထိခိုက်၍။ ဗဟူ၊ များစွာကုန်သော။ ပဘ္ဘာ၊ တို့သည်။ ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ အံ့။ ယံယံ၊ အကြင်အကြင်သပိတ်ကို။ ။ကတ္ထစိ၊ သည်။ဌိပိတ ပတ္တေ-၏ ဝိသေသနတည်း။ ဖျာစွန်းကနေ၍ ကပ်သောကြောင့် ဟံ ဟတ္ထပါသာတိက္ကမံ-စကားကို ဆိုသတဲ့ည်း။

ဧဝံ ခါဏုကေ-စဒ္ဒသာ စကားသည်၊ တဉ္ဉာတကသခေ်ပုဟ-ကို ပြသော စကားဖြစ်၍ သစ်ဂုတ်သည် တတ္ထဇာတက-စစ် ဖြစ်ရကား၊ ခါဏုကေ-၌ ဝါ-သဒ္ဒါကိုယူ၍၊ နှ ရဟတိ-၌ မစပ်သင့်။ ခါဏုကေ-၌ ဝါ သဒ္ဒါကို မယူ၍မူ၍ ပန္နိတ္တာ၌ စပ်ရမည်။ ခါဏုကေ ဝါ-ဟု စာအခ္ခါရိသည်ကား မသင့်။

အသံဟာရိမ ချင်းရေတူသောကြောင့်၊ တတ္ထဇာတကသဒ်ပုပက-ဖြစ်ကုန်သတည်း။

ဘူမိယံ အတ္ထတေသု-စသော စကား၌ နဟိတာနိသန္ဓာရေတုံ သမတ္ထာန်ဟု ဆိုလတ္တံ့သည်ကို ရှု၍ မြေ၌ ခင်းထားအပ်သော ဇစ်ခုတည်းသော မန်ကျည်းရွက်စသောအရွက်၌ အနည်ငယ်ခန့်မျှသော ထုံးစသည်ကို အကပ်ခံသော် ထိုတစ်ခုတည်းသောမန်ကျည်းရွက်စသော အရွက်သည်ထိုအနည်းငယ်ခန့်မျှသော ထုံးစသည်ကိုမိမိ၏အထက်၌ ဝတ်တန့်စေခြင်းငှာ စွမ်းနိုင်သော ကြောင့် အကပ်မြောက်၏ဟု မှတ်အပ်၏။ ကော်စသည်ဖြင့်စပ်၍ မြေ၌ခင်းထားအပ်သော မန်ကျည်းရွက်တို့၌လည်း အကပ်မြောက်၏ ဟု မှတဲအပ်၏။

ကာနိ၊ ထိုမန်ကျည်းရွက် စသည်တို့သည်။ သန္ဓာရေတုံ၊ မျှားစွာကုန်သော ခဲဖွယ်ဘောဇဉ်တို့ကို မိမိတို့၏အထက်၌ ကောင်းစွာတည်တံ့စေခြင်းငှာ။ သမတ္ထာန်၊ စွမ်းနိုင်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။

မဟန္တေသု ပန-စသည်၌ ရှေးဝါကျနည်းကိုမှီး၍ ဘူမိယံ အတ္ထတေသု မဟန္တေသု ပန ပဒုမိနိပဏ္ဏာဒီသု ပဋိဂ္ဂဟဏံ ရှိဟတိ။ တာနိ သန္ဓာရေတုံ သမတ္ထာနိတိ''ဟု အပြည့်အစုံစကားကို သိအပ်၏။

ပုန ပဋိဂ္ဂဟေတဗ္ဗံ-၌ တစ်ဖန်အကပ်မခံမူ၍ တစ်ပါးသောဆွမ်းကို ထပ်၍ ခံသော် ဝိနယဒုက္ကဋ်သင့်သတည်း။ တစ်ဖန် အကပ်မခံမူ၍စားသော် ဤသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သတည်းဟု မှတ်အပ်၏။

သစေ ပတ္တတ္ထဝိကတေ၁ နိဟာရိယမာနေ-စသော စကားကိုရှု၍ ရှေးရှေးကုန်သော မထေရ်မြတ်တို့သည် သပိတ်အိပ်ကိုလွယ်ကုန်၍ ဆွမ်းခံကော်မမူကြကုန်ဟု သိအပ်၏။

ပတ္တေ ပတိတရေဇနစုဏ္ဏံ ဟိ-စသော တေရသကဏ် ဋီကာစကား၌ အဋ္ဌကထာရ ပရိဘောဂအလို့၁ သပိတ်အိပ်ကို အကပ်မခံမူ၍ မဆောင်။ ဗာဟိရ ပရိဘောဂ အလို့၁သာ ဆောင်လေသောကြောင့် ထိုသပိတ်အိပ်မျှသောမြှုမှုန့်ကို အကပ်ခံ၍ သုံးဆောင်ခြင်းငှာ အပ်၏။ ဥဂ္ဂဟိတကပဋိဂ္ဂဟဏ--မဖြစ် ဟူလို သတည်း၊ ထိုစကားသင့်စ့။ သွားလေရာရာ ဆောင်သော ခေးငယ်ဖို သံအညစ်အကြွေးနှင့် သပိတ်အိပ်၌ ကပ်ငြိသောမြှုမှုန့် တူသတည်း။

သစေပန ပဋိဂ္ဂဟေတဗ္ဗာ–စသည်၌ ဆွမ်းအလို၌ လှည့်လည်စဉ် သပိတ်၌ မြူကျသောကြောင့် မိမိ၏လက်၌ ကည်သောသပိတ်ကို ကမ်ရပ်ပေးပါဟု ဆွမ်းလောင်းမည့် ဒါယကာအား ရဟန်းကဆိုသည် ဟူလိုသတည်း။

ယသ္မာ ရဇံ ပါဓေတိ။ တသ္မာ ဘိက္ခံ ဂဟေတုံ နသက္ကာ သစေ ဟောတီ ဧဝံ သတိ။

အနုပသမ္မန္နဿ ဒါယကဿ–စဒါယကားကို ဝိနယဒုက္ကဋ်ကို ပယ်ခြင်းငှာ သာ ဆိုသတည်း။ ထိုသို့ နှလုံးမပိုက်မူ၍ ယူဆသော်လည်း အာပတ်မသင့်သော ရဟန်းအား အာပတ်မသင့်။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌ "အနုပသမ္မန္နဿ ဒဿာမိတိ အာဒိပိ ဝိနယဒုက္ကဋပရိဟာရယ ဂုတ္တံ။ တဿာ အကတ္တာ ဂဟိတေပိ ပဋိဂ္ဂဟေတဗ္ဗာ ပရိဘုဉ္ဇတော အနာပတ္တိ" ဟုမိန့်အပ်၏။ ဒိန္နံ ဝါ တဿ ဝိဿာသေန ပဋိဂ္ဂဟေတဗ္ဗာ ဝါ ဘုဉ်တုံ ဝဋ္ဋတိ။

သစေ ဘိက္ခာစာရေ–စသည်၌ ရဟန်းတစ်ပါးက ဆွမ်းခံလှည့်လည်သော အခါ၌ မြို့နှင့်တကွသောသပိတ်ကို ရဟန်းတစ်ပါးအား ဧပေးသည်ဟု မှတ်အပ်၏။

သေဝဲ၊ ထိုပေးရာသမ္မဒါန်ရဟန်းကို။ ဂဏ္ဍေယျာသိ ဝါ ပရိဘုဉ္ဇေယျာသိ ဝါ။သစေ ဥပ္ပဇ္ဇတိ။ ဧဝံ သတိ ကဉ္စိ မကနု ပဝါဟေတ္ဗာ။

ယထာ ပဌမဇ္ဈာန် ပတိတဖေဝေ–စဧသာ တေရသကဏ် ဋီကာစကား၌ ဆွမ်းခွက်၌မကျမီအာဇ် ပယ်ဓာဇ်အံ့ဟူသော အမှတ်သညာဖြင့် မပယ်ဆောင်မူ၍ ပကတိသောသညာဖြင့် ပယ်ဆောင်သည်နှင့် အာဘောဂရမကင်းသောကြောင့်၊ အာဘောဂတ္တာ– ဟူသောစကားကို ဆိုသတည်း။ ဝိမတိဝိနောဒနီဋီကာ၌လည်း ထို့အတူဖွင့်၏။

ပတ္တေ၊ရဟန်း၏ကိုယ်နှင့် ထည့်ဆဲဖြစ်သောသပိတ်၌၊ပတန္တိ၊အံ့။ ။ဘိက္ခု၊နော၊ အား။ ဒေန္တိာနံ၊ ကပ်လှူကုန်သော ဒါယကာတို့၏။ သာခတော၊ မကပ်အပ်သော ဟင်းခါးပတူခက်စသော သစ်ခက်မှ။ဖုသိတာနံ၊ အစေးပေါက်တို့သည်။ အညဿ၊ ရည်စူးရင်းရဟန်းမှ တပါး၊သော ရဟန်း၏။ ။ ယ ဿ ဘိက္ခု၊နော၊ ၏။ ပတ္တဿ၊၏။ ။ယမ္ပိဘိက္ခု၊ဿ။ ဒိယျမာနံ။ ။ကာယ–ကာယပဋိဗဒ္ဓ–ဖြစ်၍ အခံမမြောက်သော်လည်း အထူးခွဲ၍ပြုတော်မူသောကြောင့် အပ်သတည်း။ ဒိယျမာနံ၊ ကပ်ပေးအပ်သောဝတ္ထု၊သည်။ ပတတိ၊ ရဟန်း၏လက်သို့မရောက်မီ ရဟန်း၏ကိုယ်နှင့် မထိမူ၍ လွတ်ကျ၏။တမ္ပိ သာမံ ဂဟေတ္ဗာ–စသည်၌ တစ်ဖန် အကပ်ခံခြင်းကိုမပြုမူ၍ ကိုယ်တိုင်ယူသဖြင့် စားခြင်းငှာ အပ်၏ ဟူလိုသတည်း။

ရဟန်း၏ကိုယ်နှင့် ထိ မထိသော ပဒုမ္မာကြာရုံ၌ တည်နေသော ပဒုမ္မာကြာရွက်ကိုရည်၍ ပဒုမိနိပဏ္ဏ-စကားကို ဆိုသတည်း။

တေန၊ ထိုတစ်ပါးသော ရဟန်းကို။ အာဟာဆုပေတုံ၊ ဤဝတ္ထုကို ငါ၏ အထံသို့ ဆောင်ခဲ့ပါလော့ဟု ဆောင်စေခြင်းငှာ။ ဝဠဘိ၊ ၏။ (အကပ်မပျက် ဟူလိုသတည်း)။ အနာဂတ္တေန ပန-စသည်၌ မစေမခိုင်းအပ်ဘဲ ယူ၍သုံး ဆောင်သော် ဤသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏ဟု မှတ်အပ်၏။ အနာဂတ္တေန ပန နဂဟေတဗ္ဗံ-အဆုံးရှိသောစကားသည် မိမိ၏စကားတည်း။ ဣတိ-သဒ္ဒါကင်းလျက် နဂဟေတုံဗ္ဗံ-ဟု စာအချို့ရှိ၏။ ဣတိ-သဒ္ဒါနှင့်တကွ နဂဟေတဗ္ဗန္တိ-ဟု စာအချို့ရှိ၏။ ဣတိသဒ္ဒါ မရှိသောပါဠိသာ အသင့်ဖြစ်သတည်း။ ဝဠဘိတိကျမှ အဓိပ္ပါယောဟူသောစကားရင်းအရ အဓိပ္ပါယဆုံးသတည်း။ နှ နဂဟေတဗ္ဗံ-ဌ်မဆုံးသေး။ ထုံကြောင့် နှ နဂဟေတဗ္ဗံ-ဌ် ဣတိသဒ္ဒါ မရှိသင့်။ နဂဟေတုံ ပိ-ဌ် ပိဖြင့် ခါဒိတုံ-ကို ပေါင်းသတည်း။

တဿ၊ ထိုမူလဋ္ဌရဟန်း၏။ အာဏတ္တိယာ၊ ဖြင့်။

ယသ္မာ စ တံ-စသောစကားဖြင့် အဓိပ္ပာယ်ကို တစ်နည်းပြသတည်း။ ထို့ကြောင့် "အယမ္ပိ ကိန္ဒေတ္ထ အဓိပ္ပါယော"ဟု ပိသဒ္ဒါနှင့်တကွ မိန့်လတ္တံ့။ ယသ္မာ စ-၌ စသဒ္ဒါသည် ဝါသဒ္ဒါ၏အနက်ကို ဟောသတည်း။

စ၊ တနည်းကား။ ယသ္မာ၊ ကြောင့်။ တံ၊ ထိုခဲဖယ်ဘောဇဉ်ကို။ အပရိဂ္ဂဟိတကေတ္တာ၊ အပဋိဂ္ဂဟိတက-ပစ္စည်း၏ အဖြစ်ကြောင့် (ဝါ) ကာယ ကာယပဋိဗဒ္ဓ-ပဋိဂ္ဂဟဏအင်္ဂါချို၍ အကပ်မပြောက်သည်၏ အဖြစ်ကြောင့်။ အနုဇာနာမိ ဘိက္ခဝေ တျာဒိနာ၊ ဖြင့်။ သာမံ၊ ကိုယ်တိုင်။ နဂဟေတ္ဝာ၊ ကောက်ယူ၍။ ပရိဘုဉ္ဇိတုံ၊ ဌ္ဌာ။ ဝိသုံ၊ အသီး။ အနုညာတံ၊ တသ္မာ၊ ကြောင့်။ (ဝဠဘိဌ္ဌစပ်)။

အဓိပ္ပါယ်ကား။ အကပ်မပြောက်သော ပစ္စည်း၏အဖြစ်ကြောင့် နှစ်ရက်ပြောက်သောနေ့၌ အပ်သည် ဟူလိုသတည်း။

နှ တတောပရန္တိ တဒဟေဝ-စသော ဝိမတိဝိနောဒနီဋီကာစကား၌ "တဒဟေဝ၊ ထိုနေ့၌သာလျှင်။ သာမံ၊ ကိုယ်ဘိုင်။ အဂဟိတံ၊ မကိုင်မယူအပ်သောပစ္စည်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ တဒဟေဝ၊ ဌ်သာလျှင်။ သာမံ၊ ကိုယ်တိုင်။ ပဋိဂ္ဂဟိတံ ပန၊ ကောက်ယူသောပစ္စည်းကိုကား၊ ပုနဒိဝသာဒီသု၊ တို့၌။ အပဋိဂ္ဂဟေတ္ဝာပိ-အကပ်မခံမူ ၍လည်း၊ ပရိဘုဉ္ဇိတုံ၊ ဌ္ဌာ။ ဝဠဘိ၊ ၏။

ကွတိ၊ သို့။ ဝဒန္တိ၊ ၏၊ ဤသိက္ခာပုဒ်ဖြင့် အပြစ်မရှိဟူလိုသတည်း။ ဤအဏ္ဍ အဒိန္နမုခဒ္ဒါရ-အာပတ်သင့်၏ဟု တေရသကဏ်ဍိကာဋ္ဌ ဆိုအပ်သော စကားသာ ဂရုဖြစ်သတည်း။

ဝိယျန္တီတိ ခယံ ဂစ္ဆန္တိ-စသော ဝိမတိ ဝိနောဒနီ ဋီကာစကား၌ သွားမှုန်လက်သည်းမှုန်ကြောင့် ထုလ္လစဉ်းအာပတ်၊ အပဋိဂ္ဂဟဏအာပတ်မသင့်။ သပိတ်၏ အဆင်းမှုန်ကြောင့် အပဋိဂ္ဂဟဏအာပတ် မသင့်ဟူလိုသတည်း။ တေရသကဏ်ဍိကာ (၃၊ ၂၂)၌ ပဋိသေဓဝါစက-ဖြစ်သော အ-အက္ခရာနှင့်ကင်းလျက် "သတ္ထကေနဘံတိ ပဋိဂ္ဂဟိတသတ္ထကေန" ဟု စာအစောင်စောင်ရှိ၏၊ ထိုပါဠိသည် ကသွာ ပနေတ္ထ-စသော နောက်စကားနှင့် ဆန့်ကျင်သောကြောင့် မသင့်သည်သာတည်း၊ အကယ်၍ အ-အက္ခရာမရှိခဲ့သော် အကပ်ခံပြီး ထားငယ်ဟု သိအပ်သတည်း။။ အကပ်ခံပြီးဖြစ်ကလည်း ဥဂ္ဂဟိတက-ကြောင့် အပြစ်မရှိသည်နှင့်-ကသွာ ပနေတ္ထ-စသည်ဖြင့် စောဒနာခွင့် မရှိသည်သာတည်း။ စောဒနာခွင့် မရှိကလည်း နဟိ တံ-စသော စကားကို အဋ္ဌကထာ၌ မမိန့်မဆိုရာသည်သာတည်း၊ စစ်စစ်မူကား ကသွာ ပနေတ္ထ-စသည်ဖြင့် စောဒနာခွင့် ရှိ၍ ထို နဟိ တံ-စသော စကားကို အဋ္ဌကထာ၌ မိန့်ဆိုလည်း မိန့်ဆိုခဲ့၏။ ထို့ကြောင့် ပဋိသေဓဝါစက-ဖြစ်သော အ-အက္ခရာနှင့် တကွဖြစ်သော "သတ္ထကေနာတိ အပဋိဂ္ဂဟိတသတ္ထကေန" ဟူသော ပါဋ္ဌသာ အသင့်ဖြစ်သတည်း။ ထိုပါဋ္ဌကိုပင် ပခေနာပြု၍ စံကျောင်း ဆရာတော်ဘုရားကြီးသည် စဿင်သားမျှားစွာအလယ်၌ အဓိပ္ပာယ်မိန့်တော်မူသတည်း။ ကို့ကြောင့် ဇဇီရဗုဒ္ဓိဋီကာ(၃၂၃)၌ သတ္ထကေနာတိ ပဋိဂ္ဂဟိတကေနာတိလိခိတံ။ တံ ဒုလ္လိခိတံ သတိပိ မလေ ပုန ပဋိဂ္ဂဟေတပ္ပကိစ္စာဘာဝတော-ဟု မိန့်အပ်၏။ ထိုဝဇီရဗုဒ္ဓိဋီကာစကားကို မနှစ်သက်၍ တေရသကဏ်ဍိကာ၌ ပဋိသေဓ-ဝါစကဖြစ်သော အ-အက္ခရာကင်းလျက် မိန့်ဆိုသည်ဖြစ်ဘုံ။ ဝဇီရဗုဒ္ဓိဋီကာစကား၌

တစုံတခုသောအပြစ်ကို ပြလေရာသတည်း။ ဤသို့လည်း အပြစ်ကိုမပြလေခဲ့။ ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာဖွင့်တိုင်း ဖွင့်တော်မူသတည်းဟု သိအပ်၏။ ဝဇီရဗုဒ္ဓိဋီကာ၌ ပဋိဂ္ဂဟိတေန–ဟူ ရေးသားသော ဂဏ္ဌိပုဒ်ဆရာတို့ကား အာကပ်မခံအပ်သော ဓါးဖြင့် ခွဲအပ်သောကြောင့် အညစ်အကြေးပင်ထင်သော်လည်း အာကပ်ခံဖွယ်ကိစ္စ မရှိခြင်းတည်းဟူသော အပြစ်ကိုမရှုမူ၍ ပဋိဂ္ဂဟိတေနဟူသော စကားကို ဆိုသတည်း။ အာကပ်မခံအပ်သောဓါးဖြင့် ခွဲသော်လည်း အာကပ်မခံမူ၍ အာဘဿရပရိဘောဂ–အလို့ငှာ ယူအပ်သောဓါးဖြင့် ခွဲသောအရာ မဟုတ်သောကြောင့် ထိုဆရာတို့ယူတိုင်း ဥဂ္ဂဟိတပဋိဂ္ဂဟာဏ–အပြစ်မထင်။ ကသ္မာ ပနေတ္ထ–စသော နောက်စကားနှင့် ဆန့်ကျင်ရာသောကြောင့် မသင့်။ ကသ္မာ ပနေတ္ထ–စသောစကားဖြင့် အာကပ်မခံမူ၍ အာဘဿရပရိဘောဂ–အလို့ငှါ ဆောင်သော် ဥဂ္ဂဟိတကအကြောင်းကြောင့် အပြစ်ရှိရာသည်။

အာကပ်ခံ၍ အာဘဿရ ပရိဘောဂ- အလို့ငှါဆောင်သော် သန္နိဓိ-အကြောင်းကြောင့် အပြစ်ရှိရာသတည်း။ ထိုသို့ အပြစ်ရှိသော် သွားလေရာရာ မဆောင်အပ်သောဓားဌ် ဆိုအပ်ပြီးသော အဆုံးအဖြတ်နှင့် မတူသင့်သည် မဟုတ်လော့ဟု စောဒနာသတည်း။ ထိုစောဒနာအား လျော်စွာ ဟိတံ ပရိဘော-ဂတ္ထာယ ပရိဟရန္တိ-ဟူသော စကားဖြင့် အာကပ်မခံမူ၍ ဗာဟိရ ပရိဘောဂ အလို့ငှါ ဆောင်အပ်သောခားဖြစ်၍ ဥဂ္ဂဟိတကနှင့် သန္နိဓိကြောင့် အပြစ်မရှိ။ ဤသို့အပြစ် မရှိသည်ဖြစ်၍ သွားလေရာရာ မဆောင်အပ်သောဓားဌ် ဆိုအပ်ပြီးသော အဆုံးအဖြတ်နှင့်တူသည်ဟု ဖြေသတည်း။ ဤသို့ ဖြေသည်ရှိသော် ရွေးဖြစ်သော သွားလေရာရာဆောင်အပ်သော မားသည် အာကပ်ခံအပ်သောဓားဟု သိအပ်သတည်း။ ဗာဟိရပရိဘောဂ-အလို့ငှါ လူသာမကတို့ ကပ်အပ်သောဓားကို အာကပ်မခံအပ်သောဓား ဟူ၍ပင် မှတ်အပ်၏။ ဧဝံ သတိ ဤဓ ဗာဟိရ ပရိဘောဂတ္ထံ-စသော တရသကဏ် ဋီကာစကားကို ထောက်၍ ဤသို့ ငါဆိုသတည်း။

သိဂီလောဏကပ္ပါ ဝိယ-စသော တရသကဏ်ဋီကာစကား(၃၊၇၂) ၌ သားချိုဖြင့် ဆောင်အပ်သော ဆားသည် သန္နိဓိကိုဖြစ်စေတတ်သကဲ့သို့ သန္နိဓိကို ဖြစ်စေတတ်၏ ဟူလိုသတည်း။ ဝဇိုတိုင်းသားရဟန်းတို့သည် သားချိုဖြင့် ဆောင်အပ်သော ဆားသည် သန္နိဓိကိုမဖြစ်စေတတ်ဟု အယူရှိကုန်သတည်း။ ထို့ကြောင့် သိဂီလောဏကပ္ပ-ကို ဥပမာပြု၍ ဆိုသတည်း။

တရသကဏ်၌ ဝိသေသံ နာ ဝတ္တဗ္ဗန္တိ။ နာ ပဋိဗ္ဗံ-ဟု ပုစ္ဆာဝိသဇ္ဇနာဌ်ဖြင့် နာ အက္ခရာ နှစ်ချက်နှင့် စာအမျှားရှိ၏။ "ဝိသေသံ ဝတ္တဗ္ဗန္တိ။ နာ ဝတ္တဗ္ဗံ"

စလင်းဝိနည်း (ဒု)၁၁—ပ မ သ စ

ဟူ၍သာလျှင် ပုစ္ဆာဌ် နှ- အာဇ္ဈာကာင်း၍ ဝိသဇ္ဇနာဌ်သာလျှင် နှ အာဇ္ဈာရှိ ရမည်။ တရသဂ်ာဏ်ဌ် "ပဋိဂ္ဂဟဏော၊သည်။ သတိပိ၊လည်း"-ဟု အနက်ပေး။ ဝိမတ်ဝိနောဒနီဌ် သေဝ နယောတိဝစန်-ကို သန္နိဓိဒေါသာဒိ၊ သန္နိဓိဒေါသ စသည်ကို (ဝါ)။သန္နိဓိဒေါသ ဥဂ္ဂဟိတဒေါသ၏ မရှိခြင်းကို။ သန္ဓာယ၊ ၍။ ဝဒတိ၊ ၏" ဟု-အနက်ပေး။

တက္ကော၀ါ၊ လူသာမဏေတို့ချက်၍ ကျက်မလေပြီးသော ရက်တက်ဌ် လည်းကောင်း၊ ခီရေ၀ါ၊ လူသာမဏေတို့ချက်၍ ကျက်လေပြီးသော နို့ရည်ဌ်လည်းကောင်း။

အာဂမတက္ကာဒီသု ပန- အစရှိသောစကားကို မိန့်ဆိုတော်မူသောကြောင့် အမှတ်မရှိကျက်ပြီးသော ဝတ္ထုဖြစ်မှု ထပ်၍ ရဟန်းတို့ချက်ခြင်းငှါ အပ်သည်ကိုသိအပ်၏။

ဆိဇ္ဇိတ္ထာ၊ ဖြတ်၍။ ဝတ္ထု၊ထိုရဟန်း၏သပိတ်ဌ်။ ပတတိ၊ ကျအံ့။

ဟတ္ထဂတံ ပန အစရှိသောစကားဖြင့် သာပေက္ခအားဖြင့်ပေးသော အဆုဖြစ်သောကြောင့် လည်းကောင်း၊ လက်ဌ်ဝင်သည်သောဥစ္စာကို သာမဏေက ငါ၏ဥစ္စာဟု မဆုံးဖြတ်သေးသောကြောင့် လည်းကောင်း၊ ရဟန်း၏ဥစ္စာသာ ဖြစ်သည် ဟူလိုသတည်း။

သစေ အတ္တနော ၀ါ ဘိက္ခူနံ ၀ါ-အစရှိသော စကားဌ် ရဟန်းတို့၏ ယာဂုကို ကျိုရန် အိုးဌ် လူသာမဏေတို့၏ အကျိုးငှါ နိဗ္ဗာလယဖြစ်အောင် စွန့်၍ ဆွမ်းကိုထည့်လိုသောရဟန်းသည် ကိုယ်တိုင်ဆွမ်းကို ထည့်လိုက်လေကာ လက်မှလွှတ်ခါမျှဌ် အကပ်ကိုမစွန့်သေး၊ အိုးဌ်ကျမှသာလျှင် အကပ်ကို စွန့်ရာသတည်း။ ဤအရာဌ်မူကား နက်ဖြန်သဘက်အစရှိကုန်သော နေ့ရက်တို့ဌ် ဤအိုးဖြင့် ယာဂုကျိုရမည်ဟုအိုးဌ်ငဲ့ကွက်ခြင်းရှိသေး သောကြောင့် အိုးဌ်ကမသေသော်လည်း အကပ်ကိုမစွန့်သေး။ ထို့ကြောင့် ရည်စူးရင်းဖြစ်သော လူသာမဏေတို့သည် ယူအပ်ပြီးသည်မှ ကြွင်းကျန်ရစ်သော အိုးဌ် ကပ်ငြိသော အာမိသသည် မစင်မကြယ်ဆေးကြောသုတ်သင်ရာဖြစ်သောသပိတ်ဌ် ကပ်ငြိသော အာမိသကဲ့သို့အကပ်ခံခြင်းကို မစွန့်သေးသည်နှင့် နှစ်ရက်မြောက်သော နေ့ဌ် ဤအိုးဖြင့်ယာဂုကျိုရှု သုံးဆောင်သည်ရှိသော်သန္နိဓိဖြစ်လေရာသတည်း ဟု ယုံမှားသံသယ ကုက္ကုစ္စအားကြီးလှသော ရဟန်းတို့သည် စင်စစ်အားဖြင့် ယုံမှားသံသယ မရှိသင့်သည်ဖြစ်လျက်နှင့် ကြဲကြဲစည်စည် ယုံမှားသံသယ ရှိလေရာသောကြောင့် ထိုရဟန်းတို့ ယုံမှားသံသယ မရှိရလေအောင် အနီးအပါးဌ် တည်နေသော သာမဏေ၏ လက်ကိုအိုး၏အထက်ဌ် ထားစေပြီးလျှင်

ထိုသာမဏေ၏လက်၌ ထည့်အပ်၏၊ ကျိုသို့ ထည့်အပ်သည်ရှိသော် ထိုသာမဏေ၏ လက်မှ အိုးခွံကျသော ဆုံးသည် ရည်စူးရင်.ဖြင့်သော သာမဏေအား နိဗ္ဗာပေက္ခအားဖြင့် စွန့်လွှတ်သော အရာဖြစ်သည်နှင့် ဆုံးထည့်သောရဟန်း၏ လက်မှ လွှတ်စကပင် အာယပ်ပျက်မှုသား နှစ်ရက် မြောက်သောနေ့၌ အိုး၏ သန္ဓိဓိ-အဖြစ်ကို မပြုကာတ် ဟူလိုသတည်း။ ဤအဓိပ္ပာယ်ကို မယူသော် သာမဏေရဘာဇနသာ-အစရှိသောစကားကို ဆိုကျိုးမရှိ ဖြစ်လေရာသတည်း။ အဓိပ္ပါယ်အဖြောင့်ကား သာမဏေ၏ လက်ခံသည် မခံသည် ပမာဏမဟုပ်၊ ရည်စူးရင်းဖြစ်သော သာမဏေအား နိဗ္ဗာလယအားဖြင့် စွန့်ခြင်း မစွန့်ခြင်း သည်သာလျှင် ပမာဏဖြစ်သတည်း။ ဝိမတိဝိနောဒနီ ဋ္ဌိကာလာစကားမှီး၍ ဤအဓိပ္ပါယ်ကို ငါဆိုသတည်း။

ဤဒိသေသု ဟိ-အစရှိသော ဝိမတိဝိနောဒနီ စကား၌ ဤသို့သဘောရှိကုန်သော အရာတို့၌ နိဗ္ဗာလယအားဖြင့် စွန့်သည်သာ ပမာဏ။ သာမဏေ၏ လက်၌ ထည့်သည်ကား ပမာဏမဟုတ်ဟု အကြောင်းကို ရှာရန်ရှိသော်လည်း အကြောင်းကို မရှာအပ်။ အဋ္ဌကထာလာ တိုင်းသာလျှင် ကျင့်ကြလေ ဟူလိုသတည်း။

တေရသကဏ်ဋီကာ၌ အနုပသမ္ပန္နဿ အတ္ထာယ ။ပ ။နု ဝိဇဟတိ-ဟူသော စကားသည် ကေသဉ္စိ အတ္ထာယ ဩဒနံပက္ခိပတိ-ဟူသော စကား၏အဓိပ္ပါယ်ကို တိုက်ရိုက်ပြသော စကားမဟုတ်။ ကေသဉ္စိ ။ပ။ ပက္ခိပတိ-ဟူသောစကားမှ သာမတ္ထိယအားဖြင့် ရအပ်သော အဓိပ္ပါယ်ကိုသာလျှင်ပြသော စကားဖြစ်သတည်း။ ဤဋီကာစကား၌လာ၍ ယူလတ္တံ့ဟု နှလုံးပိုက်၍ အာလယရှိသဖြင့် ကိုယ်တိုင်ထည့်၍ ထားအပ်သောကြောင့် သာလျှင်ဤကပ်ကို မစွန့်သတည်း။ နိဗ္ဗာပေက္ခအားဖြင့် စွန့်၍ ကိုယ်တိုင်ထည့်၍ထားမှ ဤကပ်ကိုစွန့်သတည်း အကပ်ပျက်သတည်းဟု မှတ်အပ်၏။ အနုပသမ္ပန္နဿ ဟတ္ထေ-အစရှိသော စကား၌ ပရိစ္ဆေ တ္တာဘာဝတော-ကို ဌပိတံနာမဋ္ဌစပ်။ ရည်စူးရင်းဖြစ်သော လူသာမဏေအား နိဗ္ဗာပေက္ခအားဖြင့် စွန့်ပြီးဖြစ်၍ အနီးအပါးဋ္ဌတည်သော လူသာမဏေ၏ အထားမည်သည် ဖြစ်သောကြောင့် အကပ်ပျက်သည် ဟူလိုသတည်း။ အဖြောင့်ကား။ စွန့်ပြီးသောကြောင့် အကပ်ပျက်သည် ဟူလိုသတည်း။ ဤအဓိပ္ပါယ် အဖြောင့်ဖြစ်သော်လည်း အဋ္ဌကထာစကားအားလျော်စွာ ဝက်ဝုတ်အားဖြင့် ဋီကာဆရာဆိုသည်ဟု မှတ်အပ်၏။ ဝဇိရဗုဒ္ဓိဋီကာ၌ကား "သာမဏေရဿ ဟတ္ထေ ပုဋ္ဌမေဝ တံ ပရိစ္ဆတ္တန္တိ လိခိတံ" ဟု ဆိုအပ်၏။ ခပ်သိမ်းသော အဆွကို၌ လက်မှလွှတ်ခါမျှ၌ အစွန့်မမြောက်ဟု အဋ္ဌကထာစကားရိပ် မထင်သောကြောင့် ထိုဝဇိရဗုဒ္ဓိဋီကာစကားကို ဆင်ခြင်အပ်၏။

အဋ္ဌကထာ၌ "အတ္တနော ဝါ၊ ၏လည်းကောင်း။ ဘိက္ခူနံ ဝါ၊ မိမိမှ တစ်ပါးကုန်သော ရဟန်းတို့၏ လည်းကောင်း။ ယာဂုပစနကဘာဇနေ၊ ယာဂုကျိုရန်အိုး၌။ ကေသဉ္စိ၊ အချို့ကုန်သော လူသာမဏေတို့၏။ အတ္ထာယ၊ ၌။ နိဏာပေက္ခော၊သည်။ ဟုတ္တာ၊ ၍။ ပရိစ္စဇိတ္တာ၊ ၍။ ဩဒနံ၊ကို။ သစေ ပက္ခိပတိ၊ အကယ်၍ ထည့်လိုက်အံ့။ ပက္ခိတ္တကာမော၊ သည်။သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့"ဟု အနက်ပေး။

သစေ ဧဝံ အကတ္ဘ-အစရှိသောစကားကို သာမဏေရဘာဇနသ-အစရှိသော ရှေးစကားအား လျော်စွာသာလျှင် ဆိုသတည်း။ နိရာပေက္ခအား ဖြင့် စွန့်သော သာမဏေ၏လက်၌ ထည့်သည်ဖြစ်စေ။ ကိုယ်တိုင်ထည့်သည်ဖြစ်စေ။ သပိတ်ကဲ့သို့ အာမိသမရှိသည်ကို ပြုဘွယ်မရှိဟု မှတ်အပ်၏။

ဧဝံ၊ ဤသို့ရည်စူးရင်းဖြစ်သော သာမဏေအား နိရာပေက္ခအားဖြင့်စွန့်၍ အနီးအပါး၌တည်သော သာမဏေ၏လက်၌ ထည့်ခြင်းကို။ အကတ္ဘာ၊ မပြုမူ၍။

နု ပိဒဟိတပ္ပံ- ဟူသော စကားကိုဖွင့်ရာ၌ တေရသကဏ်ဍီကာဆရာနှင့် ဝိမတိဝိနောဒနီဋီကာဆရာအယူမတူကြ၊ ယထာ ပုဗ္ဗေ ဋီတံ။ တထေဝ ဋပေတပ္ပံ- ဟူသော အဋ္ဌကထာစကားကိုရ၍ တေရသကဏ်ဍီကာဆရာ ဆိုတိုင်းသာလျှင် သင့်လျော်မည်ထင်သတည်း။

သဖလံ မဟာသာခံ-အစရှိသောစကား၌ ဗီဇဂါမ်အဖြစ်မှ လွတ်စေခြင်းငှါ ကပ္ပိယံ ကာရေတ္ဗာ-ဟူသော စကားကို ဆိုသတည်း။

သယံ၊ အလိုလို။ ပတိတမေဝ၊ ကျသည်သာလျှင်။ ဟောတိ၊၏။ ပဋိဂ္ဂဟဏံ၊ အကပ်မြောက်သည်။ နု ဟောတိ၊ မဖြစ်။ ။ ယုဇ္ဇတိ၊ သင့်၏။ ဝါ။ အကပ်မြောက်၏။

သုက်ခဟာတတော-အစရှိသောစကား၌ ရဟန်းသည် ၎ငေးထယျစိတ်ရှိသဖြင့် ကင်းထားရာအရပ်၏ အတွင်း၌တည်လျက် အပသို့ ပတ်တမြားလုံးကို လှိမ့်လိုက်သော် မတန့်မရပ်မူ၍ လိမ့်သဖြင့် အပသို့ကျမူ အဒိန္နာဒါနမြောက်သကဲ့သို့ ဟူလို သတည်း။

မစ္ဆိကဝါရဏတ္ထံ- အစရှိသော စကား၌ ဗီဇဂါမ်အဖြစ်မှ လွတ်စေခြင်းငှါ ကပ္ပိယံ ကာရေတ္ဗာ-ဟူသော စကားကို ဆိုသတည်း။ ထို့ကြောင့် ဝိမတိဝိနော-ဒနီဋီကာ၌ "ပဋိဂ္ဂဏာတီတံ ဆာယတ္ထာယ ဥပရိဓာရယမာနာ" အစရှိသော

စကားကို ဆိုသတည်း။ ထိုစကားရပ်တွင် ကပ္ပိယံ ကာရေတ္ဝာ ဟူသော စကားကိုငဲ့၍ ဆာယတ္ထာယ။ပ။ ဆိုဧည့်ယျ-ဟူသော စကားကို ဆိုသတည်း။ ပဋိဂ္ဂဏှာတိ ဟူသောစကားကိုငဲ့၍ "တတ္ထ"။ပ။ ပါဌေထယျစ- ဟူသော စကားကို ဆိုသတည်း။

အာဝုသော တုယ္ဟံ ယာဂုံ-အစရှိသော စကား၌ ပထမမထေရ်သည် သာမဏေ၏ ယာဂုသပိတ်ကို "တုယ္ဟံ ယာဂုံ မယ္ဟံ ဒေဟိ"ဟု ဆို၍ သာမဏေ၏ သပိတ်ကိုယူပြီးလျှင် မိမိ၏အဖို့ဖြစ်သော သပိတ်ကိုသာ သာမဏေအား ပေးအပ်၏။ ဒုတိယမထေရ်သည်လည်း ပထမမထေရ်က ပေးသည်ဖြစ်၍ သာမဏေဥစ္စာဖြစ်ပြီးသော သပိတ်ကိုတောင်းရှိယူပြီးလျှင် မိမိ၏အဖို့ဖြစ်သော သပိတ်ကို သာမဏေအား ပေးအပ်၏။ ဤနည်းဖြင့်တောင်းရှိ သောက်ရမည် ဟူလိုသတည်း။

တေလာဒီနိ၊တို့ကို။ဟရန္တာနဉ္စ၊ဆောင်ကုန်သောရဟန်းတို့အား လည်းကောင်း၊ ဆာယာဒီနံ၊ တို့၏။ အတ္ထာယ၊ငှါ။ သာခါဒီနိ၊ တို့ကို။ ဟရန္တာနဉ္စ၊ တို့၏ လည်းကောင်း။ဤမေသဉ္စ၊ ဤဆန်ထမ်းကုန်သော ရဟန်းတို့၏ လည်းကောင်း။ ဤဆိုအပ်သော ဥပမာဝတ္ထုကား ဤသို့

အာရောပေတ္ဝာ၊ ရဟန်းကိုယ်တိုင်တင်၍။ အဂ္ဂိ၊ ကို။ ဇဝါလေတ္ဝာ၊တောက်စေ၍။ဂစ္ဆာဟီတိ၊ သွားလော့ဟူ၍။ ဝတ္တေဗ္ဗော၊၏။

ဘိက္ခု ယာဂု အစရှိသော စကား၌ ယာဂုကျိုရန်ဆန်မခပ်မီက ရေနွေးသည်ကို မှတ်အပ်၏။ ပက္ကယာဂုံ ပဋိဂ္ဂဟေတ္ဝာအစရှိသော စကား၌ အကပ်မခံအပ်သော ဆန်ကို ခပ်သောကြောင့် သာလျှင် အကပ်ခံရသတည်း။ အကပ်ခံစေ အပ်ပြီးသော ဆန်ကို အကပ်ကို မစွန့်မူ၍ သာမဏေကို ဆန်ခပ်စေသည်ဖြစ်မူ ကျက်သည်ကာလ အကပ်ခံဘွယ် မရှိဟု မှတ်အပ်၏။

အာလုဠေတိ၊ သဗ္ဗေသံ နဝင်္ဂုတိ-ဟူသော စကား၌ သာမံပါက ကြောင့် အလုံးစုံသော ရဟန်းတို့အား မအပ်ဟု မှတ်အပ်၏။

ဘိက္ခု နာ ပ်ကွာယ။ပ။ဌပိတော ဟောတိ-ဟူသောစကားကို တရဏဏက်ဋ္ဌကာဆရာ၏ အလိုအားဖြင့် အကပ်ပျက်ခြင်း၏ အကြောင်း ခြောက်ပါးတို့တွင် အမှတ် မရှိသော အကြောင်းကြောင့် အကပ်ပျက်သည်ဖြစ်၍ တဖန် အကပ်ခံခြင်းငှါ ထိုက်သော သပိတ်ကို ရသည်၍ ဆိုသတည်း။ထို့ကြောင့် တရဏကဏ်ဋ္ဌကာ၌ "အာဓာရကေ ပတ္တော ဌပိတော ဓာရော တိတိ ပဋိဂ္ဂဟေတမ္ပပတ္တံ သန္ဓာယဝုတ္တံ" ဟု မိန့်အပ်၏။ "ပဋိဂ္ဂဟေတမ္ပပတ္တံ၊ အကပ်ပျက်ခြင်း အကြောင်း ခြောက်ပါးတို့တွင် အမှတ်မရှိသော အကြောင်းကြောင့် အကပ်ပျက်သည်ဖြစ်၍ တဖန် အကပ်ခံခြင်းငှါ ထိုက်သောသပိတ်ကို" ဟု အနက်ပေး။ ဝိမတိ ဝိနောဒနီ ဋီကာဆရာ၏ အလိုအားဖြင့် "ဆုံးခံလှည့်လည်စဉ် မြို့ကျခြင်း အစရှိသော အကြောင်းကြောင့် အကပ်ပျက်သည်ဖြစ်၍ တဖန် အကပ်ခံခြင်းငှါ ထိုက်သော သပိတ်ကို ဟု အနက်ပေး။ ဝိမတိ ဝိနောဒနီဋီကာဆရာ၏ အလိုအားဖြင့်ဆုံးခံလှည့်လည်စဉ် မြို့ကျခြင်း အကြောင်းကြောင့် အကပ်ပျက်သည်ဖြစ်၍ အကပ်မခံ အပ်သေးသော အာမိသရှိသောသပိတ်ကို တဖန်အကပ်ခံခြင်းငှါ ထားသည်ကိုရသည်၍ ဆိုသတည်း။ ဤသို့ဋီကာနှစ်ဝါဒကို ဝေဒ၍မှတ်။ ဝဇီရဗုဒ္ဓိဋီကာ(၃၂၄)၌ကား "အာဓာရကေ ပတ္တောဌပိတော ဟောတိ၊ ယထာ ပဋိဂ္ဂဟိတ ဘဝဝေ နိရာလယော" ဟု မိန့်အပ်၏။ "ယထာ ပဋိဂ္ဂဟိတဘာဝေ၊ အကြင်အကြင်အကပ်ခံပြီးသည်၏ အဖြစ်၌။ နိရာလယော၊ အာလယမရှိသည်ဖြစ်၍။ ဌပိတော၊ ထားအပ်သည်။ ဟောတိ၊ ၏။" ၏ဟု အနက်ပေး။

ဘတ္တံ နဝင်္ဂုတိ ဟူသောစကား၌ ဒုရူပစိဏ္ဏ ဖြစ်သောကြောင့် မအပ်သည်ဟု မှတ်း ဌပေတို့ သဗ္ဗေသံ နဝင်္ဂုတိ ဟူသော စကား၌ ဥဂ္ဂဟိတကဖြစ်သောကြောင့် မအပ် သည်ဟုမှတ်။

စာလေတိဘိ ဝိနံ့ကာရဏ်ံ စာလေတိ-အစရှိသော တေရသကဏ်ဋီကာ စကား၌ ပရိဘောဂါရဟ အာရိဘောဂါရဟဖြစ်သော အသီးရှိသော သစ်ခက်ကို ကြည့်ရှုလိုခြင်း အစရှိသော အကြောင်းမရှိမူ၍ ကိဉ္စာဓိပ္ပာယအားဖြင့် လှုပ်သော် ပရိဘောဂါရဟ- အသီးဖြစ်အံ့။ ကိဉ္စာဓိပ္ပါယ-ကြောင့် ဒုက္ကဋ်တစ်ချက်၊ဒုရုပစိဏ္ဏကြောင့် ဒုက္ကဋ်တစ်ချက်။ဤဒုက္ကဋ်အာပတ် နှစ်ချက် သင့်သည်။ အနုကြောင်းရှိ၍ပင် လှုပ်သော်လည်း ပရိဘောဂါရဟ အသီးဖြစ်အံ့၊ ဒုရုပစိဏ္ဏ ဒုက္ကဋ်သင့်၏။ အပရိဘောဂါရဟအသီးဖြစ်အံ့၊ဒုရုပစိဏ္ဏမဖြစ်။ အသီးကြွက်မှုပ္ပဘုတဂါမပါစိတ် အာပတ်သင့်လေသည် ချည်းတည်းဟုမှတ်။

ဖလရုက္ခံ ပန-အစရှိသော စကား၌ ဝန္ဒတိ-ဟူ၍ လည်းကောင်း နဝဋ္ဌတိ-ဟူ၍ လည်းကောင်း ပါဠိနှစ်ထွေရှိ၏။ ထိုနှစ်ထွေတို့တွင် ပဋိသေဓ ဝါစကဖြစ်သော နအက္ခရာကင်းသော ဝဋ္ဋတိ-ဟူသောပါဠိသာ အသင့်ဖြစ်သတည်း။ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယ(၁၅၀၉)၌ ''ဖလရုက္ခံ ပရာမဋ္ဌံ တမပဿယိတုမ်ပိဝါ။ ကဏ္ဍကေ ဗန္ဓိတုံ ဝါပိ။ ဘိက္ခုနော ကိရ ဝဋ္ဋတိ'ဟု မိန့်အပ်၏။

တထာပိ အတ္တနော အညဿ ဝါအစရှိသော တေရသကဏ် ဋီကာစကား၌ ရဟန်းတို့သည် သာမဏေတို့၏ အကျိုးငှါ ဒေါမကမ်းသကို ကောက်ယူသော အရာဖြစ်၍ အာမကမံသပဋိဂ္ဂဟဏ မဖြစ် ဟူသော အနက်ကို ပြုသဖြင့် သာမဏေတို့ ကောက်ယူသော် အာမကသမံသပဋိဂ္ဂဟဏမဖြစ်ဟု သိအပ်၏။

သဒ္ဓစ ပန မူလေပိ-အစရှိသောစကား၌ ဆီကို အာမိသနှင့်မရောမူ၍ သုံးဆောင်သော်ခုနှစ်ရက် အပ်သတည်း။ထိုခုနှစ်ရက်ထက်အလွန်မူကား အာမိသအစရှိသော သူတို့၏အကျိုးငှါ ဆောင်သည်ဖြစ်ငြားသော်လည်း အကပ်ခံပြီးဖြစ်သောကြောင့် မအပ်။ အာမိသနှင့်ရောရှိ၍ သုံးဆောင်သော် ထိုနေ့ နံနက် အခါသာ အပ်သတည်း။

ဝုတ္တောကာသတေ ဆိန္နိတ္ထာ-အစရှိသောစကား၌ တစ်တောင်မှန်မှန် တိုင်းတွာပြီးလျှင် ဤအရပ်မှဖြတ်၍ တစ်ဇတာင်အတိုင်း အရှည်ရှိသောကြံကို ယူလော့ဟု နိရာပေက္ခအားဖြင့် ပေးသောအခါ သာမဏေသည် တစ်တွာခန့်မျှသာလျှင် ဖြတ်၍ယူမူ ပိုင်းခြားတိုင်းသောအရပ်မှ မဖြတ်မူ၍ ပိုင်းခြားအပ်သောအရပ်အောက်ယုတ်၍ဖြတ်သောကြောင့် သာမဏေ၏ဥစ္စာဖြစ်သောကြောင်း ကျန်ရစ်သော တစ်ထွာခန့်မျှသောကြံသည် အကပ်ပျက်၏ဟု မှတ်အပ်၏။

သဓေ လောဇဿာမဏေယော အစမ်္ပိသောစကား၌ ငါ၏ဥစ္စာပြုအံ့ဟု ယူခါ ယူခါထား၊သောကြောင့်သာလျှင် အကြောင်း အကပ်ပျက်သတည်း။ ကြည့်ရှုလို၍

ယူခါယူခါအဖန်ဖန်ထားသော် အကြောင်း အကပ်မပျက်ဟု မှတ်အပ်၏။ ထို့ကြောင့် တရသကဏ်ဋီကာ၌။ "ဂဏ္ဌိတ္ဌာတိ မယုံ ဣဒံ ဂဏ္ဌိဿာမီတိ ဂဟေတ္ဌာ" ဟု မိန့်အင်၏။

အခိုးတံမှ ရှု၍ ထုက်သောအခိုးနှင့် သပိတ်အစရှိသည်တို့ကိုဖုတ်ရာ မီးဖိုမှ ထုက်သောအခိုးသည် အခိုး၏အဖြစ်ဖြင့် တူလေငြားသော်လည်း အခိုးတံမှ ရှု၍ ထုက်သောအခိုး၏ အဗ္ဘောဟာရိက–ဖြစ်သောကြောင့် အခိုးတံကို ကပ်ပြီးဖြစ်အပ်သတည်း။ ကပ်ပြီးမဟုတ်မူ ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်သတည်း။ သပိတ်အစရှိသည်ကိုဖုတ်ရာ မီးဖိုမှထုက်သောအခိုး၏ကား အဗ္ဘောဟာရိကဖြစ်သောကြောင့် ထင်းကိုအကပ်ခံပြီး မဟုတ်သော်လည်း အာပတ်သင့်သည်း။ ဤဥဒ္ဒေသ်အခိုးနှစ်ပါးတို့၏ အထူးကို ပြခြင်းငှါသာလျှင် ဘိက္ခုမူမဝတ္တိ–အစရှိသောစကားကို မိန့်သတည်း။

ထိုနေ့ အခိုးတံကို အကပ်ခံပြီးလျှင် အခိုးကိုရှုသော်၍ ယာဝကာလိကကို သုံးဆောင်ခြင်းငှါ သင့်သည် မသင့်သည်ကို ပြုလိုရင်းမဟုတ်။ ထို့ကြောင့် ဤစကား၌ တရသကဏ်ဋီကာဆရာ ဝမတိဝိနောဒနိဋီကာဆရာ နှစ်ပါးတို့ ဖွင့်တိုင်း အဓိပ္ပါယ်ကိုယူသော်လည်း ဤစကားကို အဋ္ဌကထာဆရာ ဆိုကျိုး မရှိသည်မဟုတ်။ ဆိုကျိုး ရှိသည်သာလျှင်ဖြစ်၏ဟု မှတ်အပ်၏။ အခြို့ကုန်သော ဆရာတို့ကား ယာဝကာလိကကို သုံးဆောင်ခြင်းငှါ သင့်သည် မသင့်သည်ကို ပြလိုရင်းဟု မှတ်ထင်သည်ဖြစ်၍ တရသကဏ်ဋီကာဆရာ, ဝိမတိဝိနောဒနိဋီကာဆရာနှစ်ပါးတို့ ဖွင့်တိုင်း အဋ္ဌကထာ၌ အဓိပ္ပါယ်ကို ယူခဲ့ရသော် ဤစကားကို အဋ္ဌကထာဆရာ ဆိုကျိုးမရှိဏာဟု နှလုံးပိုက်၍ ရှေးရှေးသောနေ့၌ အခိုးတံကို အကပ်ခံပြီးလျှင် အခိုးကိုသောက်ရှုခြင်းကြောင့် လည်ချောင်းခံတွင်းသည် ဆေးဒါန်းမြင်းသီလာဖြင့် လိမ်းကြံအပ်သကဲ့သို့ ဖြစ်သော်လည်း ယာဝကာလိကကို သုံးဆောင်သောအခါ သန္ဓိဝိဒေါသ–မဖြစ်ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာ၌ ယူကြလေကုန်သတည်း။ မသင့်လေ။

ဘတ္တုဂ္ဂါရော၊ ကြို့စာသည်။တာလုံ၊လည်ချောင်းကို။ အာဟာစ္ဆိ၊ ဆဲခိုက်၍။ မုခံ၊ ခံတွင်းသို့။ အပတ္ဘာ၊ မရောက်လာမူ၍။ အန္တောယေဝ၊ လည်ချောင်းအတွင်းသို့သာလျှင်။ ပဝိသတိ၊ နေလွဲသောအခါ၌ပင် ဝင်မြဲတိုင်း ဝင်လေအံ့။

မုခံ၊ခံတွင်းသို့။ ပဝိဋ္ဌံ၊ ကြို့တက်၍ဝင်လာသော ကြို့စာကို။ ရသော၊ သည်။ ပဝိသတိ၊ နေလွဲသောအခါ၌ဝင်အံ့။ ကဏ္ဌာရေတ္ဘာ၊ အာမိသကုန်အောင်ဟတ်၍။ ဥဒကဂတိကာဝေ၊ တည်း။တသ္မာ၊ ကြောင့်။အပဋိ-

ဂ္ဂဟေတ္ဝာ၊ အကပ်မခံမူ၍။ ပရိဘုဉ်တုံ၊ ဌ္ဂါ။ ဝဋ္ဋတိ၊ ၏။ ။ကတကဋ္ဌနှ၊ အကပ်ခံအပ်, မခံအပ်သော ခပေါင်းရေကြည်စေ့ဖြင့်။

အကဲပ်မခံအပ်သော်လည်း ခပေါင်းရေကြည်စေ့ဖြင့် ကြည်စေအပ်သော ရေဆည် ခပေါင်းရေကြည်အစေ့အရသာ မထင်သောကြောင့် သန္ဒိဓိဒေါသ-ကို မဖြစ်စေနိုင်လေ။ ထို့ကြောင့်"အဝ်မိသေန သဒ္ဓိံ ဝဋ္ဋတိ"ဟု မိန့်အပ်၏။ ရေ၌ ခပေါင်းရေကြည်စေ့အရသာ မထင်သောကြောင့်သာလျှင် အာမိသနှင့် တကွ အပ်လေသတည်း။

ယသ္မာ ကဋ္ဌကဋ္ဌဥဒကံ-အစရှိသော တေရသကဏ်ဍိကာစကား၌ ခပေါင်း ရေကြည်စေ့ အရသာသည် ရေ၌မကြွင်းကျန်ရစ် ဟူလိုသတည်း။

ကပိတ္ထဖလာဒီဟိ၊ ထို့နှေ့ အကပ်ခံအပ်ပြီးသော သီးသီးအစရှိသည် တို့ဖြင့်။ ပဿာဒိတံ၊ မိမိကိုယ်တိုင် ကြည်စေအပ်သောရေကို။ ပုရေဘတ္တမေဝ၊ နံနက်အခါ၌သာလျှင်။ ပါတုံ၊ ဌ္ဂါ။ ဝဋ္ဋတိ၊ ၏။ တနည်းကား ကပိတ္ထဖလာ-ဒီဟိ၊ ထို့နှေ့ အကပ်မခံအပ်သော သီးသီးအစရှိသည်တို့ဖြင့်။ ပဿာဒိတံ၊ လူသာမဏေတို့ ကြည်စေအပ်သောရေကို။ ပဋိဂ္ဂဟေတ္ဝာ၊ အကပ်ခံ၍။ ပုရေ-ဘတ္တမေဝ၊ ၌သာလျှင်။ ပါတုံ၊ သောက်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

သီးသီးအရသာ ရေ၌ထင်တတ်သောကြောင့် ဤစကားကို အဋ္ဌကထာ ဆရာမိန့်ဆိုသတည်း။ ဝိမတိဝိနောဒနီဋီကာဆရာ၏ အလိုအားဖြင့် အကပ်မခံ အပ်သော သီးသီးအစရှိသည်တို့ဖြင့် မိမိကိုယ်တိုင် ကြည်စေအပ်သောရေ လူသာမဏေတို့ ကြည်စေအပ်သောရေ ဤရေနှစ်ပါးကို အကပ်မခံမူ၍ သောက်သော်လည်း အပဋ္ဌိဂ္ဂဟိတကအာပတ် မသင့်ဟု သိအပ်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ (၂၊၃၇)၌ "ပုရေဘတ္တမေဝ ဝဋ္ဋတီတိ အပဋ္ဌိဂ္ဂဟိတာ ပတ္တိဟိ အဗ္ဗောဟာရိကမ်ပိ ဝိကာလဘောဇနာပတ္တိဟိ အဗ္ဗောဟာရိကန္တိ ဒဿေတိ"ဟု မိန့်အပ်၏။ ဝိကာလဘောဇနအာပတ်တို့ဖြင့် အဗ္ဗောဟာရိက ဖြစ်ခဲ့သော် အပဋ္ဌိဂ္ဂဟိတအာပတ်ဖြင့်လည်း အဗ္ဗောဟာရိကဖြစ်သောကြောင့် ဝိမတိဝိနောဒနီဋီကာ စကားကို စဉ်းစားရန်ရှိသတည်း။

ခရတ္တောသု ကသိတဋ္ဌာနေ-အစရှိသော စကားကို လယ်ထွန်ရာအရပ်၌ တည်သော ပြစ်ခဲ့သောရေသည် များသောအားဖြင့် လက်မျက်နှာတို့၌ ခြောက်သွေ့သည့်အခါ ဖြူသောမြေအဆင်းကိုပြုလျက် ကပ်ငြိတတ်သော ကြောင့်သာလျှင် မိန့်ဆိုသတည်း။ လည်ထွန်ရာအရပ်၌ တည်သောပြစ်ခဲ့သော

ရေပင် ဖြစ်ငြားသော်လည်း လက်မျက်နှာတို့၌ ခြောက်သွေ့သည့်အခါ ဖြူသော မြေအဆင်းကိုပြလျက်မကပ်မငြိမူ အာပ်ခံဘွယ်မရှိ။ဝိမတိနောဒနီဋီကာ၌မူကား "ဗဟလန္တိ ဟတ္ထမုခေသု အလဂ္ဂနကမ်ို ပဋိဂ္ဂဟေတဗ္ဗံ" ဟု ဆို၏။ ဝိမတိဝိနောဒနီဋီကာဆရာ သက်တော်ထင်ရှားရှိတော်မူသည်ဖြစ်အံ့။ လက်မျက်နှာတို့၌ ခြောက်သွေ့သည့်အခါ ဖြူသောမြေအဆင်းကိုပြလျက် မကပ်ငြိသည်ဖြင့်ပါလျက်နှင့် အာပဒ်ခံကြောင့် အာပ်ခံရန်ရှိပါသနည်းဟု လျောက်ထားရန်ရှိသတည်း။

သစေ သန္ဓိတ္တာ ကန္ဒရာဒီနိ-အစရှိသောစကားကို လယ်ထွန်ရာအရပ်မှစီး၍ ချောက်အစရှိသည်သို့ဝင်ပြီးလျှင် မြစ်ကိုပြည့်စေသည်ရှိသော် မျှားသောအား ဖြင့် လက်မျက်နှာတို့၌ ခြောက်သွေ့သည့်အခါ ဖြူသောမြေအဆင်းကိုပြလျက် မကပ်မငြိတတ်သောကြောင့်သာလျှင် မိန့်ဆိုသတည်း။ မြစ်ကိုပင်ပြည့်စေသော်လည်း လက်မျက်နှာတို့၌ ခြောက်သွေ့သည့်အခါဖြူသောမြေအဆင်းကိုပြလျက် ကပ်ငြိမူကား အာပ်ခံမှသာလျှင် အပ်သတည်းဟု မှတ်အပ်၏။ ပါနီယဃဋ္ဋေ-အာရဂိသော စကား၌ ပန်းအရသာထင်သောကြောင့် အာပ်ခံအပ်သည်ဟု မှတ်အပ်၏။ ပါသမတ္တံ တိဋ္ဌတိ-ဟူသောစကား၌ ပန်းပွင့်အရသာမထင် ဟူလို သတည်း။

ဘိက္ခုနော ဌပိတပုပ္ဖ ဝါသိတက ပါနီယတော-အစရှိသောစကား၌ သာမဏေတို့သည် ရဟန်းတို့၏အကျိုးငှါယူ၍ ရဟန်းတို့၏ သောက်ကြွင်းကို သာမဏေတို့ပြန်၍ လောင်းသော်လည်းကောင်း။ မိဒိတို့၏အကျိုးငှာပင် ယူသော်လည်း သောက်ကြွင်းကိုပြန်၍ လောင်းအံ့ဟုနှလုံးပိုက်၍ ယူပြီးလျှင်ပြန်၍လောင်းသော်လည်းကောင်း အာပဒ်ခံဖွယ်ကိစ္စမရှိဟု မှတ်အပ်၏။ တရသကဏ်ဋီကာ၌ရှု၍ ဆိုသတည်း။

ဌပိတပုပ္ဖဝါသိတကပါနီယတော၊ အကပ်ခံ၍ထားအပ်သော ပန်းပွင့်ထုံအပ်သော ပန်းအရသာထင်သောရေမှု။

ပဒုမသရာဒီသု-အစရှိသောစကား၌ ပန်းအရသာမထင်သောကြောင့် ရေကို အကပ်မခံမူ၍ ယူခြင်းငှာ အပ်သတည်းဟု မှတ်အပ်၏။

ခီရံ တာဝ ဝဋ္ဋတိ-ဟူသောစကားဖြင့် အပ်သောအသားရှိကုန်သော သတ္တဝါတို့၏ နို့ရည်၏ ပကတိအားဖြင့်ပင်လျှင် အပ်သည်၏အဖြစ် မအပ်သော အသားရှိကုန်သော သတ္တဝါတို့၏ နို့ရည်၏ အာကပ်ိယမံသ-အားလျော်ခြင်းတည်းဟူသော အကြောင်းကြောင့် ထိုက်သည့်အားလျော်စွာ ထုလွှစဉ်း

အာပတ် ဒုက္ကဋ်အာပတ်ကို မဖြစ်စေဘုတ်သောကြောင့် သုံးဆောင်ခြင်းငှာ အပ်သည်၏အဖြစ်တို့ကိုသာလျှင် ပြသတည်း။ အကပ်မခံမူ၍ သုံးဆောင်ခြင်းငှါ အပ်သည်၏အဖြစ်ကိုမူကား မပြု။

အဿု။ပ။သဗ္ဗံ ဝဋ္ဋတိ-ဟူသောစကားဖြင့်လည်း အပ်သောအသားရှိကုန်သော သတ္တဝါတို့၏ မျက်ခွည်အစရှိသည်တို့၏ ပကတိအားဖြင့် အပ်ကုန်သည်၏ အဖြစ် မအပ်သောအသားရှိကုန်သော သတ္တဝါတို့၏ မျက်ရည်အစရှိသည်တို့၏ အကပ္ပိယမံသ-အား လျော်ခြင်းတည်းဟူသော အကြောင်းကြောင့် ထိုက်သည့် အားလျော်စ့ာ ထုလ္လစည်းအာပတ် ဒုက္ကဋ်အာပတ်ကိုမဖြစ်စေတတ်သောကြောင့် သုံးဆောင်ခြင်းငှါ အပ်သည်၏ အဖြစ်ကိုသာ ပြသတည်း။ အကပ်မခံမူ၍ သုံးဆောင်ခြင်းငှါ အပ်သည်၏အဖြစ်ကိုမူကား မပြု။ ထို့ကြောင့် ဝိမတိဝိနော-ဒနီဋီကာ၌ "သဗ္ဗံ ဝဋ္ဋတီဘိ အတ္ထနော ပရေသဉ္စ သရီရနိဿိတံ သဗ္ဗံ ဝဋ္ဋတိ။ အကပ္ပိယမံသာနုလောမတာယ ထုလ္လစ္စယာဒိ နဇနေတီတိ အဓိပ္ပါယော" ဟု မိန့်အပ်၏။ လူဘို့၏မျက်ရည်အစရှိသည်တို့သည် လူသား အားလျော်ခြင်းတည်းဟူသောအကြောင်းကြောင့် ထုလ္လစည်းအာပတ်ကို မဖြစ်စေကုန်။ ကြင်းကျန်သော ဆင်အစရှိကုန်သော မအပ်သော အသားရှိကုန်သော သတ္တဝါတို့၏ မျက်ရည်အစရှိသည်တို့သည် ဆင်သားအစရှိကုန်သော ကိုးပါးကုန်သော အကပ္ပိယမံသတို့အား လျော်ခြင်းတည်းဟူသော အကြောင်းကြောင့် ဒုက္ကဋ်အာပတ်ကို မဖြစ်စေကုန် ဟူလိုသတည်း။ နို့ရည် မျက်ရည် အစရှိသည်တို့သည် အလို့အလျောက် တံ့ည်ရွှဉာနမှ ပြတ်ကြွေကုန်၍ ကျကုန်သည်လည်း၊ မပြတ်မခွေကိုယ်၌ကည်နေကုန်သည်လည်း ရှိကုန်သည်။ အလုံးစုံပင် အကပ်မခံဘဲ အပ်လေသလောဟု မေးရန်ရှိသောကြောင့် ယံ ပနေတ္ထ ဉာနတော-အစရှိသောစကားကို မိန့်ဆိုအပ်သတည်း။

ရဟန်းဖြစ်စေ ရဟန်းမဟုတ်စေ သတ္တဝါဖြစ်စေ အမှတ်မရှိကုန်သော သတ္တဝါတို့၏ ကိုယ်အင်္ဂါမှ ရွှေလျောကုန်သဖြင့် အလိုအလျောက် ပြတ်ကြွေကုန်၍ သပိတ်အစရှိသည်တို့၌ ကျကုန်သော နို့ရည် မျက်ရည်အစရှိသည်တို့ကို အကပ်ခံအပ်ကုန်သတည်း။ မိမိ၏လည်းကောင်း၊ မိမိမဟုတ်စပါးကုန်သော ရဟန်းတို့၏ လည်းကောင်း ကိုယ်နှင့်မပြတ်မကြွေတည်နေကုန်သော နို့ရည်၊ မျက်ရည် အစရှိသည်တို့မူကား အကပ်ခံပြီး ပစ္စည်း၏အဓိပ္ပာယ်၌ ကည်ကုန်သောကြောင့် အကပ်မခံမူ၍ သုံးဆောင်အပ်ကုန်၏။ ရဟန်းတို့မဟုတ်ပါးကုန်သော သတ္တဝါတို့၏ ကိုယ်၌ မပြတ်မကြွေတည်နေကုန်သော နို့ရည် မျက်ရည် အစရှိသည်တို့ကိုမူကား မပြတ်မကြွေ တည်နေကုန်သော်လည်း အကပ်ခံပြီး ပစ္စည်း၏အဓိပ္ပာယ်မတည်ကုန်

သောကြောင့် အကပ်မခံမူ၍ သုံးဆောင်ခြင်းငှာ မအပ်လေကုန်။ ဤသို့ခဲ့ခြမ်း စိတ်ဖြာ၍ ထိုက်သည်အားလျော်စွာ မှတ်ကြကုန်ရာသတည်း။

ဟတ္ထဝေါ၊ လက်၌လည်းကောင်း။ သယံ၊ အလိုလို။ ဝိစ္ဆိန္နိတ္ဘာ၊ ဖြတ်၍။ ပတတိ၊ ကျအံ့။ ပဋိဂ္ဂဟိတမေဝ၊ အကပ်ခံအပ်ပြီး ပစ္စည်း၏အရာ၌ တည်သည်သာလျှင်တည်း။

သယံ၊ အလိုလို။ ဝိစ္ဆိန္နိတ္ဘာ၊ ဖြတ်၍။ ပတနဘာဝတော၊ ကျခြင်း၏မရှိခြင်းကြောင့်။ ပဋိဂ္ဂဟဏကိစ္စံ၊ အကပ်ခံရန်ကိစ္စသည်။ နတ္ထိ၊ မရှိ။

ဒုဗ္ဗာပိတံ၊ မကောင်းသဖြင့် မီးတိုက်အပ်သော လူရိုးသည် (ဝါ) မကျမ်းသော လူရိုးသည်။

စုဏ္ဏကဘွာ လေပေါ့ဟု ဆြဋ္ဌ ပဌမကွရာ ပ-နှင့် စာအမျှားရှိ၏။ စုဏ္ဏံကတွာ လေဟ-ဟူ၍သာလျှင် ကဏ္ဌဇ ဟ-အကွရာနှင့် ရှိရမည်။ လိဟအာသာဒနေ၊ လေဟတိ။ လေဟနိယံ ဟူ၍လာသော ဓာတုမာလာစကားကို ထောက်၍ ဤသို့သိသတည်း။ လိ၁ ဥပလေပေ။ လေပတိ။ လိတ်-ဟူ၍ လာသော ဓာတုမာလာစကားနှင့် မူကား မဆိုင်လေ။ ထို့ကြောင့် ထိုစကားကိုထောက်၍ စုဏ်ံ ကတွာ လေပေဟု ဆြဋ္ဌ ပဌမကွရာ ပ-နှင့် မပြင်သင့်။ ဤအရာ၌ ဗာဟိရ ပရိဘောဂ-ကို မလိုအပ်။ အဇ္ဈတ္တပရိဘောဂ-ကိုသာ လိုအပ်သတည်း။ ထို့ကြောင့် လိပ ဥပလေပ-အစရှိသော ဓာတုမာလာစကားနှင့် မဆိုင်လေသတည်း။

ဒန္တပေါန သိက္ခာပဒဒီပနီ နိဋ္ဌိတာ။

၅-အစေလကဝဂ်

၁-အစေလက သိက္ခာပဒ ဝဏ္ဏနာ

၂၆၉။ ပရိဗ္ဗာဇကသမာပန္နော ဟူသောပုဒ်၌ ပရိဗ္ဗာဇကသဒ္ဒါသည် ဘာဝပွဓာနနိဒ္ဒေသ-ဖြစ်၍ ပရိဗ္ဗိဇ်ရဟန်းဒြပ်ကို မဟော။ ပရိဗ္ဗိဇ်ရဟန်း၏ အဖြစ်ကိုသာ ဟောသတည်းဟု ပြလိုသောကြောင့် ပရိဗ္ဗာဇကသမာပန္နောတိ ပဗ္ဗဇ္ဇသမာ-ပန္နော-ဟု ဖွင့်သတည်း။ "ပဗ္ဗဇ္ဇသမာပန္နော၊ ပရိဗ္ဗိဇ် ရဟန်း၏အဖြစ်၌ အကျမ်းဝင်သည်" ဟု အနက်ပေး၊

၂၇၃။ မယ္ဴနာမ ဣဒံ သန္တကံ-ဟူသော စကားကို ခွက်ကို မြေ၌ထား၍ ပေးသည်ကို လည်းကောင်း။ သပိတ်ကို သပိတ်ခြေ၌ လည်းကောင်း ထား၍ ဤသပိတ်မှ ယူလော့ဟု ပေးသည်ကို လည်းကောင်း ရည်၍ ဆိုသတည်း။ ဝိမတိဝိနောဒနီဋီကာကို မှီးသတည်း။

အစေလကသိက္ခာပဒ ဒီပနီ နိဋ္ဌိတာ။

၂—ဥယျောဇန သိက္ခာပဒ ဝဏ္ဏနာ

၂၇၆။ ဝုတ္တာဝသေသံ။မာကုဂါမေန သဒ္ဓိံ ဟသိတုကာမော အစရှိသည်ဖြင့် တိုက်ရိုက်ဟောတော်မူအပ်သော လွန်ကျူးခြင်းမှု ကြောင်းကျန်သော။

ဒဿနူပစာရံ ဝါ သဝနူပစာရံ ဝါ ဝီဇဟန္တဿ-ဟူသော စကား၌ ပထမအနိယတသိက္ခာပုဒ်၌ကဲ့သို့ သဝနူပစာရံ ဝါ -ဟူသော စကားကို လိုရင်းမဟုတ် အတ္ထုဒ္ဓါရမျှသာ။ ဒဿနူပစာရံ ဝါ -ဟူသော စကားလိုရင်းဖွင့်ဆိုပုံကား ဤမှတ်ထင်သတည်း။

ဝုတ္တပ္ပကာရံ။ မာတုဂါမေန သဒ္ဓိံ 'ဟသိတုကာမော-အစရှိသဖြင့် ဟော တော်မူအပ်ပြီးသော အပြားရှိသော။

ဥယျောဇနသိက္ခာပဒဒီပနီနိဋ္ဌိတာ။

၃-သဘောဇနသိက္ခာပဒဝဏ္ဏနာ

၂၇၉။ သယနီဃရေ- ပုဒ်၌ သယနီသဒ္ဒါသည် သိဓာတ် အနီယပစ္စည်း ဖြင့် ပြီးသည်ဖြစ်၍ ယ-အက္ခရာ ကျေသတည်းဟု ပြဆိုသောကြောင့်ကာရီ ကိုဖော်ပြသောအားဖြင့် သယနီယဃရေ· ဟုဖွင့်သတည်း။

၂၈၀၊ ဣတ္ထိ စ ပုရိသော စ ဥဘော အနိက္ခန္တာ ဟောန္တိ (ဝိ၊၂၊၁၂၇) ဟူသောစကားကို ရှု၍ "သဟဥဘောဟိ ဇနေဟိတိ သဘောဇနံ" ဟူသော ဝစနတ္ထကိုပြသတည်း။ ဣတ္ထိ ဧစ၀ ဟောတဲ့ ပုရိသော စ-ဟူသောစကားကိုရှု၍ သဘောဇနေတိ သဘောဂေ-ဟု ဖွင့်သတည်း။ ရာဂပရိယုဋ္ဌိတဿ ဟိ ပုရိသဿ-အစရှိသော အကြောင်းစကားသည်ကား နောက်အဖွင့်၏ ယုတ္တိအကြောင်း စကားတည်း။ တနေ၀ဿ-အစရှိသောစကားသည် ရှေးအဖွင့် နောက်အဖွင့် နှစ်ပါးစုံ၏ အာဂုမ်အကြောင်းစကားတည်း။

"တနေ့၊ထိုသို့ သဘောဇနေ- ဟူသောပုဒ်၌ သဟ ဥဘောဟိ ဇနေဟိ -ဟူသောအနက် သဟဘော၎ဂေဟိ-ဟူသောအနက်ဖြစ်သင့်သည်အဖြစ်ကြောင့် သာလျှင်"ဟု အနုက်ပေး။

နိသင်္ဃံ ကပ္ပေယျာတိ မဟာလွကေ ဃရေ-အစရှိသော ပါဠိတော်စကားဌ် ဝိမတ်ဝိနောဒနီဋီကာ ဆရာ၏ အလိုအားဖြင့် ငါးတောင်ပမာဏရှိသော အိမ် သည် ထိုအိမ်၏ အလယ်အရပ်ကို လွန်သည်ရှိသော် ဟတ္ထပါသံ ဝိဇဟိတ္ဘ-ဟုဟောတော်မူတိုင်း ဟတ္ထပါသဝိဇဟန· သဘောကို ရသောကြောင့် မလွဟကဃရမည်၏။ ငါးတောင်အောက် ယုတ်သော ပမာဏ ရှိသော အိမ်သည် ထိုအိမ်၏ အလယ်အရပ်ကိုလွန်ခါမျှဌ် ဟတ္ထပါသဝိဇဟန သဘောကို မရ။ ပိဋ္ဌံသံ အတိက္ကမိတ္ဘာဟု ဟောတော်မူတဲ့င်း ပိဋ္ဌံသ အတိက္ကမန သဘောကိုသာလျှင် ရသောကြောင့် ခုဒ္ဓကဃရမည်၏။

တရသကဏ်ဋီကာ ဆရာ၏အလိုအားဖြင့် ငါးတောင် ပမာဏရှိသော အိမ်သည် ထိုအိမ်၏ အလယ်အရပ်ကို လွန်သည်ရှိသော် ပိဋ္ဌံသအတိက္ကမန သဘောကို ရသောကြောင့် ခုဒ္ဓကဃရမည်၏။ ငါးတောင်ထက် လွန်သော အိမ်သည် ဟံခါးပေါက်မှု ဟတ္ထပါသဝိဇဟန သဘောကိုသာလျှင် ရသော ကြောင့် မဟလ္လကဃရမည်၏။ ဝိမတိဝိနောဒနီဋီကာ ဆရာသည် ဟတ္ထပါသ-ဝိဇဟနကို ပမာဏပြုသတည်း။ တရသကဏ်ဋီကာ ဆရာသည်ကား ပိဋ္ဌံသ အတိက္ကမနကို ပမာဏပြုသတည်း။ ဟတ္ထပါသဝိဇဟနကိုသာလျှင် ဟောတော် မူရင်း ဖြစ်လေသည်နှင့် ဟတ္ထပါသဝိဇဟနကို မရရာဌ်သာလျှင် ပိဋ္ဌံသ အတိက္ကမနဖြင့် ဆုံးဖြတ်သင့်သတည်း။ ဟတ္ထပါသဝိဇဟနကို ရရာဌ်ကား ပိဋ္ဌံသအတိက္ကမနဖြင့် မဆုံးဖြတ်သင့်။ ဟတ္ထပါသဝိဇဟန ဖြင့်သာလျှင်ဆုံးဖြတ် သင့်သတည်း။ ထို့ကြောင့် ဝိဓတိဝိနောဒနီဋီကာ ဖွင့်ပြတိုင်း သင့်လိမ့်မည်ထင် သတည်း။ ဝမတိဝိနောဒဋီကာဌ်။ "ပါဠိယံ၊ ဌ်။ ဝိတရာဂါတိဝစနေန၊ ဖြင့်။ အပရိယုဋ္ဌိတရာဂါနဿ၊ ထိုးကျင့်နှိပ်စက်ဆဲ ဖြစ်သောရာဂ မရှိကုန်သော ပုထုဇဉ်သောတာပန်သကဒါဂါမိ ပုဂ္ဂိုလ်တို့ကို လည်းကောင်း။ အနာဂါမိနဿ၊ တို့ကိုလည်းကောင်း။ သဂ်ဟော၊သည်။ ဟောတိ၊ ၏။"ဟု အနုက်ပေး။ ရဟန္တာကိုသာလျှင် ဝိတရာဂါဟူသော စကားဖြင့် ယူရသည်မဟုတ် ဟူလို သတည်း။

သဘောဇနသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

၂၀၄။ ယထာစသဘောဇန သိက္ခာပဒံ ဟူသောစကားဌ် စသဒ္ဓါသည် ဝိဓသသတ္ထဇောတကတည်း။

စတုတ္ထ ပဋ္ဌမ သိက္ခာပုဒ်ပြီး၏။

၆။ စာရိတ္တ သိက္ခာပဒ ဝဏ္ဏနာ

၂၉၄။ ဆဋ္ဌသိက္ခာပုဒ်၌ "အကပ္ပိယနိမန္တနေန၊ ဖြင့်။ နိမန္တိတောဝ၊ သော"ဟု အနက်ပေး။ ထိုကြောင့် ပဒဘာဇနီ၌ "နိမန္တိတောနာမ ပဉ္စန္နံ "အစရှိသော စကားကို ဟောတော်မူအပ်၏။ အဋ္ဌကထာပရမ္ပရဘောဇနသိက္ခာပုဒ် အဖွင့် (ဝိ၊ဋ္ဌ၊၃၊၈၅)၌လည်း ဇတ္ထ ပန မဟာပဒုမတ္ထေရော အာဟ-အစရှိသောစကား ကို မိန့်အပ်၏။

၂၉၅။ နိမန္တိတောဝ သဘတ္တော သမာနောဟူသောစကားကို ပုရောဘတ်ဝါ ပစ္ဆာ ဘတ်ံ ပါ-ဟူသော စကားနှစ်ပါးစုံနှင့်ယှဉ်။ ထို့ကြောင့်ပဒဘာဇနီ၌ ပုရောတ်ံနာမ ယေန နိမန္တိတော-အစရှိသောစကားကို ဟောတော်မူအပ်၏။

ဒုတိယဝတ္ထုကို သာဓကမပြုလင့်။ ဆွမ်းစားပြီးသည် နောက်ကာလ၌ မုန်းမတ်မတ်တည့်အောင်သောကာလသည် ပစ္ဆာဘတ္တ မည်သ တည်း။တို့ကြောင့် ဝိနယဝိနိစ္ဆယ (၁၅၅-ဂါထာ)၌ "အဝိတိဝတ္တေ မဇ္ဈက္ခေ"ဟု မိန့်အပ်၏။

၂၉၆။ အဋ္ဌကထာ၌ အန္တောဝိဟာရေ-ဟူသောစကားကို ကျောင်းတိုက်တွင်းကို ရည်၍ဆိုသတည်း။ (ထိုစကားကို ပဿတိပ္ပသော ကြိယာ၌စပ်လေ) ယတ္ထ။ ပါ။ပဋ္ဌာယ-ဟူသောစကားကို ကျောင်းတိုက်မှ အပဖြစ်သော အရပ်ကိုရည်၍ ဆိုသတည်း။ အန္တော ဝိဟာရေ စ ယတ္ထ ဌိတာသာ ကုလာနိ ပယိရုပါသနစိတ်ံ ဥပဉ္စန္နံ။ တတော ပဋ္ဌာယ စ-ဟူ၍ စသဒ္ဒါကို ယှဉ်လေ။

မြင်အပ်သော ရဟန်းဟူသမျှသည် သန္တမည်လေသလော့ဟု မေးရန်ရှိသော ကြောင့် ယသ သက္ကာ-အစရှိသောစကားကို မိန့်အပ်သတည်း။ ဤစကားဖြင့် ယံ ပသေ ဝါအာဘိမုခေ ဝါ၊ ပဿတိ-ဟူသောစကားကို ဆင့်၍ထင်းရှားအောင် ဖွင့်သတည်း။ ထူကြောင့် ဝိနယဝိနိစ္ဆယဋီကာ(၁၊၅၁၂။)၌ သန္တံ ဘိက္ခုန္တိ ကုလံ ဥပသက်မိဿာမိတိ ယသ္မိံ ပဒေသေ စိတ်ံ ဥပဉ္စန္နံ။ တဿ သာမန္တာ ဒ္ဝါဒသဟတ္ထဗ္ဘန္တရေ ဌိတံ ဘိက္ခုန္တိ အတ္ထော၊ ယထာဟ-ယတ္ထဌိတဿကုလာနံ ပယိရုပါသနစိတ်ံ ဥပဉ္စန္နံ၊ တတော ပဋ္ဌာယ ယံ ပသေ ဝါ အာဘံမုခေဝါ ပဿတိ ယဿစ သက္ကာ ဟောတိ ပကတိဝစနေန အာရောစေတုံ။ အယံ သန္တော နာမာတိ-ဟုမိန့်အပ်၏။

ဣတောစိတောစ ။ပ။ နတ္ထိ-ဟူသော စကားသည် သန္တောနာမ-ဟူသော စကား၏ အကြောင်းစကားတည်း။ ယောဟိ-ဟူသောစကား၌ ဟိ-သဒ္ဒါသည်

ပက္ခန္တရတ္ထဇောတကတည်း။ ပရိယေသိတ္ဘာ ကာရော်စန ကိစ္စံနာမ နတ္ထိတိ ဝုတ္တတ္တာ–အစရှိသော ဝိမတိဝိနောဒနီဋီကာလာ စကားသည် သင့်လှပေစ့။

အာပုစ္ဆိဿာမိတိ၍။ ဂန္ဒာ၍။ တတ္ထ၊ ထိုဥပစာရ သိမ်တွင်း၌။

၃၀၂။ နိမန္တိတဿရဲ့ ဝါ၊ ဖိတ်ရင်းဖြစ်သော ဒါယကာ၏ အိမ်သို့ လည်းကောင်း–ဤစကားကိုထောက်၍ ထင်ရှားရှိသော ရဟန်းကိုမပန်မကြားမူ၍ ဖိတ်ရင်းဖြစ်သော ဒါယကာ၏ အိမ်သို့သွားရာ၌ အပြစ်မရှိသည်ကိုသိအပ်၏။ ပါဠိတော်၌“အညဿ၊ ဖိတ်ရင်းဖြစ်သော ဒါယကာမှတစ်ပါးသော ဒါယကာ၏။ ဃရူပစာရံ၊သို့”–ဟု အနက်ပေး။ အနာပတ္တိဝါရ၌။ “အညဿ၊ ဖိတ်ရင်းဖြစ်သော ဒါယကာမှ တစ်ပါးသော ဒါယကာ၏။ ဃရေန၊ဖြင့် ။ ယောမဂ္ဂေါ၊ အကြင်ရွာတွင်း ကျောင်းအစရှိသည်သို့ သွားရာလမ်းခရီးသည်။ဟောတိ၊ အံ့။ ဃရူပစာရေန၊ ဖြင့်။ ယောမဂ္ဂေါ၊ အကြင်ရွာတွင်း ကျောင်းအစရှိသည်သို့ သွားရောလမ်းခရီးသည်။ဟောတိ၊ အံ့။ တေန မဂ္ဂေန၊ ဖြင့်။အန္တရာရာမံ၊ ရွာတွင်းကျောင်းသို့။ ဂစ္ဆတိ၊ အံ့။ဟု အနက်ပေး။ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယဋီကာ (၁၊ ၅၁၄)၌။ တေန ဃရေန ဃရူပစာရေန ဝါ ဂန္တုံဗမဂ္ဂေန တိတ္ထိယာရာမံ ဝါ ဘိက္ခုနူပဿယံ ဝါ ဂစ္ဆေဘာ အနာပတ္တိတိ အတ္ထော”ဟု မိန့်အပ်၏။ ဝိမတိဝိနောဒနီဋီကာ၌။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အနာပတ္တိ ဝါရေ၌။ အန္တရာရာမာဒိနညော၊ တို့၏သာလျှင်။ ဝုတ္တတ္တာ၊ကြောင့်။ ဝိဟာရတော၊မှ။ဂါမဝိထိ ၊ ရွာထွင်းလမ်းခရီးသို့။ အနုညာတကာရကံ၊ ခွင့်ပြုတော်မူအပ်သော ရွာတွင်း ကျောင်းသို့ သွားခြင်းအစရှိသော အကြောင်းကို။ ဝိနာ၊ ကြဉ်၍။ အတိက္ကမန္တေ သာပိ၊ လမ်းခရီးဖြင့်သွားသောရဟန်းအား၊လည်း။ အာပတ္တိ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ၏။ ပန၊ စင်စစ်မူကား။ ဃရူပစာရံ၊ သို့။ အတိက္ကမန္တေ သေဝ၊ သွားသောရဟန်းအား သာလျှင်။ အာပတ္တိ၊ ဒုက္ကဋ်အစရှိသော အာပတ်သည်။ နှ ဟောတိ၊ မဖြစ်။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ပါဠိယံ၊ ဌ်။ အညဿ ဃရူပစာရံ သြက္ကမန္တေ သာပိ။ပဲ။ ပထမံ ပါဒံ ဥမ္မာရံ အတိက္ကာမေတိ တိအာဒိ၊ သော။ ယံဝစနံ၊ ကို။ ဝုတ္တံ၊၏။ တံဝစနံ၊ကို။ ဂါမေ၊၌။ ပတိဋ္ဌံ၊ ရွာတွင်းသို့သွားအံ့ဟု သွား၍တည်သည်ကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊၏။ တတ္ထာပိ၊ ကိစ္စကာရဏ်လည်း”ဟု အနက်ပေး။

စာရိတ္တသိက္ခာပုဒ်ဒီပနီနိဋ္ဌိတာ။

၁.ပဝိဋ္ဌံ (ဆဋ္ဌမူ)

၇–မဟာနာမသိက္ခာပဒဝဏ္ဏနာ

၃၀၃။ မာသမတ္တေန၊ တစ်လမျှဖြင့်။ မဟလ္လကတရော၊ ဘုရားသခင်ထက် အထူးသဖြင့်ကြီးသော။

အဂိလာနရဟန်းသည် အပိုင်းအခြား၏ အတွင်း၌တောင်းခြင်းငှါပင် မအပ်သေးသောကြောင့် "ရောဂေသတိ။ပ။ အဓိဝါသေတဗ္ဗာ"ဟူသော စကားကို အလျော်အားဖြင့်သာလျှင် မိန့်ဆိုသည်ဟု မှတ်အပ်၏။

ဒိဗ္ဗိ ဝါ၊ နှစ်ပါးကုန်သော ဆေးတို့ဖြင့်လည်းကောင်း။ တိဟိ ဝါ၊ သုံးပါးကုန်မသာ ဆေးတို့ဖြင့်လည်းကောင်း။ ပဝါရေတိ၊ ဖိတ်၏။ ပရိမာဏဝါသေန၊ အတိုင်းအရှည်၏ အစွမ်းဒေါသဖြင့်။ ပတ္ထေန ဝါ၊ စလယ် ကွမ်းစားဖြင့်လည်းကောင်း။ နာဠိယာ ဝါ၊ တစ်ခွက် ကွမ်းစားဖြင့်လည်းကောင်း။ အာဠှကေန ဝါ၊ တစ်ပြည်ဖြင့်လည်းကောင်း။ ပဝါရေတိ၊ ဖိတ်၏။

ပတ္တနှင့် နာဠိ ဤနှစ်ပါးတူသည်လည်းရှိကြောင်းမတူသည်လည်းရှိကြောင်းကို ဝေရဉ္ဇကဏ္ဍအဋ္ဌင့်၌ အကျယ်အဝန်းဖြင့် ငါဆုံးဖြတ်ခဲ့ပြီးရှိသတည်း။ ဤ၌မူကား ပတ္တနှင့် နာဠိ တစ်ခြားစီဖြစ်သတည်း။

မိဿကဘတ္တေနာပိ၊ လူးပြောင်းအစရှိသည်ဖြင့် အရောရောဖြစ်သော ထမင်းဖြင့်လည်း။ ယာပေတုံ၊ မျှခြင်းငှါ။ သင်္ကောတိ၊ ၏။ တဿ ဘိက္ခုနော၊ အား။ နဘောသင်္ကရဏီယံနာမ၊ ဆေးဖြင့်ကုဖွယ်မရှိသော အနာမည်သည်။ ဟောတိ။ ၏။

အဓိပ္ပာယ်ကား အနာပင် ရှိသော်လည်း မပြောပလောက်သည်ဖြစ်၍ လူးပြောင်း အစရှိသည်ဖြင့် အရောရောဖြစ်သော ထမင်းကို သုံးဆောင်မြဲတိုင်း သုံးဆောင်သဖြင့် ဤရိယာပုတ် တည်တန့်ခိုင်ခန့်ကျန်းမာပကတိ ရှိသည်ဖြစ်အံ့။ဆေးကုမှ ဤရိယာပုတ်ဘည်တန့် ခိုင်ခန့်ကျန်းမာပကတိရှိသည် မဟုတ်သည် ဖြစ်အံ့။ ဆေးမကုလောက်သောအနာမည်၏ ဟူလိုသတည်း။

၃၁၀။ သံဃဝသေန ပဝါရိတေသု ပန-အစရှိသော စကား၌ သံဃာ၏ အစွမ်းအားဖြင့် ဖိတ်ထုမှ အပိုင်းအခြား၏အတွင်း၌ တောင်းသောအခါ သံဃာကိုင့်ကွက်သဖြင့် သင့်ရုံသာတောင်းရမည် ဟူလိုသတည်း။ ပါဠိတော်၌ ဘေသဇ္ဇ ပရိယေသနေယေဟိ အစရှိသောစကားဖြင့် ဆေးအပိုင်းအခြားထက်လွန်၍ အဂိလာနရဟန်း တောင်းရာ၌ မအပ်သည်ကို ပြတော်မူသတည်း။ ရတ္တိပရိယေသန

ယာသူ-အစရှိသောစကားဖြင့် ညဉ့်အပိုင်းအခြားထက်လွန်၍ အဂိလာနရဟန်း တောင်းဆုဌ် မအပ်သည်ကိုပြတော်မူသတည်း။ ဘေသဇ္ဇပရိယန္တေစ ရတ္တိ ပရိ-ယန္တေစ အစရှိသောစကားဖြင့် ညဉ့်အပိုင်းအခြား၏ အတွင်းဌ် ဆေးအပိုင်း အခြားကိုလွန်၍ အဂိလာနရဟန်းတောင်းဆုဌ် မအပ်သည်ကို လည်းကောင်း။ ပိုင်းခြားအပ်သော ဆေးပင်မကုန်သေဉ်သည်း ညဉ့်အပိုင်းအခြားကိုလွန်၍ အဂိလာနရဟန်းတောင်းဆုဌ် မအပ်သည်ကိုလည်းကောင်းပြတော်မူသတည်း။ဝိမတိ ဝိနောဒနီဋီကာကိုမှီး၍ ဤအဓိပ္ပါယ်ကို ငါဆိုသတည်း၊ နဘေသဇ္ဇေန-အစရှိ သော စကားနှစ်ရပ်ဖြင့် ဘေသဇ္ဇပရိယန္တ ရတ္တိပရိယန္တ ဘေသဇ္ဇရတ္တိပရိယန္တ ဟု ဆိုအပ်ကုန်သော ကောဋ္ဌာသသုံးပါးတို့နှင့် ဆက်ဆံသောစကား ဖြစ်သော ကြောင့် ဆေးအပိုင်းအခြားထက် လွန်၍ လည်းကောင်း ညဉ့်အပိုင်းအခြား ထက်လွန်၍လည်းကောင်း ညဉ့်အပိုင်းအခြား၏ အတွင်းဌ် ဆေးအပိုင်းအခြား ထက်လွန်၍လည်းကောင်း ပိုင်းခြားအပ်သောဆေးပင် မကုန်သေးသော်လည်း ညဉ့်အပိုင်းအခြားထက်လွန်၍လည်းကောင်း အနာပင်ရှိသော်လည်း ဆေးမကု လောက်သောအနာဖြင့် တောင်းဆုဌ် အဂိလာနရဟန်း၏အဆုဌ် တည်သော ကြောင့် မတောင်းအပ်သည်ကိုလည်းကောင်း။ ဆေးကုလောက်သောအနာပင် ရှိသော်သည်း ထောပတ်အစရှိသော တစ်ပါးသောဆေးဖြင့် ကုသရမည့်အနာ ဖြစ်လျက်နှင့် တစ်ပါးသော ဆီဦးအစရှိသောဆေးကို တောင်းသောကြောင့် မအပ်သည်ကိုလည်းကောင်း ပြတော်မူသတည်း။ အဂိလာန ရဟန်းသည် အပိုင်းအခြား၏ အတွင်းဌ် တောင်းခြင်းငှါပင် အပ်သေးသောကြောင့် "ရောဂေသတိ။ပ။ အဓိဝါသေတဗ္ဗာ" ဟူသော စကားကို အလျော်အားဖြင့် သာလျှင် မိန့်ဆိုသတည်း ဟုမူတ်အပ်၏။

မဟာနာမ သိက္ခာပဒဒီပနီ နိဋ္ဌိတာ။

ဂ-ဥယျူတ္တသေနာ သိက္ခာပဒဝဏ္ဏနာ

၃၁၁။ အဌမ သိက္ခာပုဒ်ဌ် ရှေ့မှထုတ်၍ နားနေသောစစ်သည် သူ့းဆဲ ဖြစ်သော စစ်သည်တို့ကို ရှုခြင်းငှါ သူ့းသော် အာပတ် သင့်၏ ဟုမူတ်အပ် ၏။ထို့ကြောင့် ပါဠိတော်ဌ် "ဥယျူတ္တာနာမ" ။ပ။ပယာတာ ပါ"ဟုဟောတော် မူအပ်၏။

ဥယျူတ်တံ ဟူသော ပုဒ်ဌ် ဥပုဗ္ဗ ယုဇဓာတ်။ ဥယျူဇ္ဇတီတိ ဥယျူတ်တံဟု ကတ္တု သာဓနဝစနတ္ထ ပြုအပ်၏ ဟု ပြတော်မူခြင်းငှာ ကတ ဥယျောဂံ ဟု ဖွင့်တော်မူသတည်း။

၃၁၄။ အယံ ပစ္ဆိမ ကောဋိယာ-ဟု မိန့်သောကြောင့် တစ်ကျိပ် နှစ်ရောက် အောက်ယုတ်သော် ယောကျ်ားရှိသောဆင်။ သုံးယောက်အောက် ယုတ်သော ယောကျ်ားရှိသော မြင်း။ လေးယောက်အောက် ယုတ်သော ယောကျ်းရှိသော ရထား။ လေးယောက်အောက် ယုတ်သော လက်နက် ရှိသော ယောကျ်း အားဖြင့် အင်္ဂါလေးပါးရှိသော စစ်သည်ကို ကေမေကံ ဒဿနာယ ဂစ္ဆတိ၌ ရောက်ရမည်။စတုရင်္ဂ သမန္နာဂတာ-ဟု မိန့်ဆိုသောကြောင့် ပါဠိတော်၌လာသော အင်္ဂါနှင့် မညီညွတ်သော အင်္ဂါနှစ်ပါးရှိသော စစ်သည် အင်္ဂါ သုံးပါးရှိသော စစ်သည်တို့ကိုလည်း ကေမေကံဒဿနာယ ဂစ္ဆတိ-၌ပင်ရောက်ရမည်။ထို့ကြောင့် ဝိမတိဝိနောဒနီ ဋီကာ၌ ကေမေကန္တိ ဇေတ္ထ ဒုဝင်္ဂိနံပိ တိဝင်္ဂိနံပိ သေနာ သင်္ဂယ်တိ" ဟု မိန့်အပ်၏။

၉၉၃။ အတ္ထနော ဝေယျာဝစ္စ ကရဏာတိ သစေပိ မာတာပိတရော-အစရှိသောစကားကို အဋ္ဌကထာ၌မိန့်သောကြောင့် ရဟန်းယောဂျီးတို့အား လည်း မပေးမကမ်းထိုက်ကုန်သော လူတို့ မိမိတို့၏ ထံသို့ လာရောက်ခဲ့ကုန်သည် ရှိသော် တစုံတခုအမှုကိုပြုစေသဖြင့် ဝေယျာဝစ္စကရဏာ၌ ထားပြီးလျှင် တစုံတခု ပေးကမ်းဖွယ်ဝတ္ထုကို ပေးကမ်းရာ၌ ကုလဒူသနမဖြစ်သည်ကို သိအပ်၏။

၁၀၀၇။သုပဋိသာမိတမ်ပါ၊ ကောင်းစွာသိမ့်အပ်သည်လည်းဖြစ်သော။ မဟာဂ္ဂ-စီဝရုံ၊ အဖိုးအများထိုက်သော ဥတုနှီးသက်နှီးကို။ အနိသင်္ဒီတ္ဝာ၊ စတုတ္ထနေ့ ဖွတ်လျော်၍ ဘိက္ခူနီ သိက္ခမာန် သာမဏေမတို့အား မစွန့်မူ၍။

၁၀၁၂။ပဋိဇဂ္ဂိုက်၊ မိမိ၏အာဝသထကို စောင့်ရှောက်တတ်သော ဘိက္ခူနီ သိက္ခမာန် သာမဏေမကို။ အနိသင်္ဒီတ္ဝာ စာရိုက် ပက္ကမေယျာတိ ဘိက္ခုနိယာဝါ သိက္ခမာနာယ ဝါ သာမဏေရိယာ ဝါ အနိသင်္ဒီတ္ဝာ-ဟူသော ပဒဘာဇနီပါဠိကို ထောက်၍ အနက်ပေးသတည်း။

၁၀၁၅။စိတ္တာဂါရဝဂ် နဝမသိက္ခာပုဒ် အဖွင့်၌ ရဟန်းယောကျ်ား မလာမရှိသော်လည်း စူဠဝါဒုဒ္ဒကဝတ္ထုခန္ဓကဝတ္တ၌ လာလေသောကြောင့် ရဟန်းယောကျ်ား ဟူသည်လည်း မဂ်ဖိုလ်မူဖိလာဖြစ်သော အကျိုးစီးပွားနှင့် မစပ်သောအတတ်ကို သင်ကြားပို့ချခြင်းငှာ မအပ်ဟု မှတ်အပ်၏။

ဝသိကရဏ၊ တပါးသောသူကို မိမိအလိုသို့ဖိုက်အောင် ပြုတတ်သော မန္တာန်၊ (ဝါ)မျက်နှာပွင့်မန္တာန်။ ဝသီကံရဏ မန္တောနာမ ပရံအတ္တနော ဝသေ ဝတ္တာ ပနက မန္တော။(ဝိနယဝိနိစ္ဆယဋီကာ-၂၊၉၈)။ ဃရဒိန္နကဝတ္ထုဝေါတိ ဝသီကရ-ဏပါနက သမုဋ္ဌိတ ထောဂါ။မဟာဝါအဋ္ဌကထာဘေသဇ္ဇက္ခန္ဓကအဖွင့် (ဝိ၊ဋ္ဌ၊၃၊ ၃၇၄)။ အဂဒပွယောဂ၊ အဆိပ်ဆေးဖော်ခြင်း။အနာပတ္တိလေခံ ပရိယာပုဏာတိ -ဟူသော ပါဠိတော်စကဲ့၌ စာရေးအတတ်သည် လေခမည်၏။ ပိဋ္ဌကတ် မှော်အတတ်သည် ဓာရဏမည်၏။

ဓာရဏာသတ္ထေ၊ယသ္မိံ ဝုတ္တနယေန ပဋိပဇ္ဇန္တော ဗဟုနိပိ ဂန္ထံဝနိ ဓာရေန္တိ။ [(ဝိနယဝိနိစ္ဆယဋီကာ) (၂၊၉၈)။]

၁၀၂၃။အာရုမဝဂ် ပထမသိက္ခာပုဒ်၌ ရဟန်းယောကျ်ားတို့၏ အရုမ်သို့ ဝင်သောကြောင့် ကာယကမ္မံ-ဟု ဆိုသတည်း။ ရဟန်းယောကျ်ားတို့ကို မပန်မကြားသောကြောင့် ဝစီကမ္မံ-ဟု ဆိုသတည်း။

၁၀၂၈။ အာရုမဝဂ် ဒုတိယသိက္ခာပုဒ် ပါဠိတော်အဋ္ဌကထာ နှစ်ဌာနဉ်ဖြင့် က-အက္ခရုဉ် အ-ရဿနှင့်သာ-အက္ခရုနှောင့် ဝါ-အက္ခရုကင်း၍ ကသာဝဋ္ဌော-ဟု အစောင်စောင်သော စာတို့ဉ် ရှိသတည်း။ ကာသာဝံ နိဝါသေတွာ· ကမ္မံ ကရောန္တိ·ဟူသော သံဝဏ္ဏနာ စကားဖြင့် "ကာသာဝံ နိဝါသေတွာ နဟာပိတံ ကမ္မံ အာဝဋ္ဌတိ ဝါယာမံ ကဲရောတိတိ ကာသာဝါဝဋ္ဌော" ဟူသော ဝစနတ္ထ

ကို ဖွင့်ပြသောကြောင့် က-အက္ခရာ၌ အာဒီဃနှင့် လည်းကောင်း၊ သာ-အက္ခရာနောင် ဝါ-အက္ခရာနှင့် လည်းကောင်း ကာသာဝါဝဒ္ဒော-ဟုရှိမှ သင့်မည်ထင်သတည်း။ ဤစကားကို အရှင်ဥပါလိ ဆတ္တာသည်မျိုးဖြစ်သောကြောင့် ဆဲရေးသောအားဖြင့် ဆဗ္ဗဂိယဘိက္ခုနိမတို့ ဆိုကုန်သတည်း။ ကာသာဝပုဒ်၌ ကာသာဝ သဒ္ဒါသည် "ကံ ပါနီယံ သဝံတေတိ ကာသာဝေါ" ဟူသော ဝစနတ္ထနှင့်အညီ ဖန်ရည်ဟောတည်း။ ဝတ်အပ်သော အဝတ်မူကား "ကာသာဝေန ရတ္တံ ကာသာဝံ" ဟူသော ဝစနတ္ထကြောင့် ကာသာဝ မည်သတည်း။ ဤသို့ အာဘိဓာန် ဋီကာဖွင့်သတည်း။

၁၀၃၇။ စတုတ္ထပဝါရိတ သိက္ခာပုဒ်အဖွင့်၌ ကာယတော-ဟူသော စကားကို ပဝါရိတ ဘိက္ခုနိမသည် သိက္ခာပုဒ်ကို မသိ၍ ကိုယ်ဖြင့်စားသောကြောင့် မိန့်သတည်း။သိက္ခာပုဒ်ကိုသိလျက်ကိုယ်ဖြင့်စားသောကြောင့် ကာယစိတ္တတော-ဟူသော စကားကို မိန့်သတည်း။ နိမန္တိဘိက္ခုနိမသည် သိက္ခာပုဒ်ကိုလည်း မသိ။ အရှင်တို့ကို နှုတ်ဖြင့်လည်း မပန်မကြား ကိုယ်ဖြင့် စားသောကြောင့် ကာယဝါစတော-ဟူသော စကားကို မိန့်သတည်း။ သိက္ခာပုဒ်ကို သိလျက် အရှင်တို့ကို နှုတ်ဖြင့် မပန်မကြား ကိုယ်ဖြင့်စားသောကြောင့် ကာယဝါစာစိတ္တတော-ဟူသော စကားကို မိန့်သတည်း။ ဤအဓိပ္ပာယ်ကို ဤကုမာရီဘူတဝတ် ဒသမသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကို မှီး၍ သိသတည်း။

၁၀၄၁။ အပ္ပဆန္နန္တိ ဘာသတိ။ ပါပဓမ္မာတိ ဘာသတိ- ဟု ယောဇနာ။ ပဒဘာဇနီ ပါဠိတော်ကို ထောက်သတည်း။

၁၀၅၆။ ဥပေါသထပဝါရဏာယေဝ ဝုတ္တာ-ဟူသောစကား၌ ဆဋ္ဌသိက္ခာပုဒ် အဖွင့်၌ သံဝါသာယဟိတိ ဥပေါသထပဝါရဏာပုဒ္ဓနတ္ထာယ- ဟုဖွင့်ခဲ့သော အတိုင်း ဤအဋ္ဌမသိက္ခာပုဒ်၌ ကေကမွအရကိုယူ ဟူလိုသတည်း။

၁၀၆၂။တတော အဓောဏယတောမှ ဤတတောဟူသော အပါဒါနဥပမေယျစကားကိုထောက် ဤဥပမေယျနှင့် ဥပမာညီညွတ်အောင်ရက္ခာ-ဟုအာကာရန္တအပါဒါန ဥပမာစကား ရှိရမည်။ ဆဋ္ဌဝိဘတ်နှင့် ရက္ခဿ-ဟု ရှိသည်ကား မသင့်ဟု စံကျောင်းဆရာတော်ကြီးမိန့်တော်မူသတည်း။

ပဝစုံ ဝနံ ပဝနံ[(နိဒါနဝဂ္ဂသံယုတ်ဋီကာ မဟာဝဂ် ပဌမသုတ်အဖွင့်)(၂၊၁၀၇)] ဃနာ ပဿာခါ ဇာယန္တိတိ ပဋ္ဌမေ သတ္တာဟေ ဒ္ဝိန္နံ ဟတ္ထပါဒါနံ သိသဿစတ္ထာယ ပဋ္ဌ ပိဋ္ဌကာ ဇာယန္တိ။[(သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ယက္ခသံယုတ် ပထမသုတ်အဖွင့်)(သံ၊ဋ္ဌ၊၁။ ၂၇၅)။] ဤစကားတို့ကိုမှီ၍ ပဝုစ္စာ သာခါ ဇတာ

ရုက္ခကွန္ဒသာဘိ ပသာခေါ။ရုက္ခကွန္ဒော။ပသာခေါ ဝိယာတိ ပသာခေါ။နာဘိ တော ပဋ္ဌာယ ယာဝ ဥဂ္ဂမူလာ အဓောကာယော။ ဇာဏုမဏ္ဍလသ္မိံ ပန ဥပရိမတော ပဋ္ဌာယ ဥဂ္ဂမူလန္တံ ဌာနံ နာဘိယာ အဓောဌာနဘာဝေန သဒ္ဒိသတ္တာ သဒ္ဒိသူပစာရေန ပသာခေါနာမ ဣတိ မူတ်အပ်၏

၁၀၈၄။ဂဗ္ဘိနီဝဂ်စတုတ္ထသိက္ခာပုဒ်အဖွင့်အဋ္ဌကထာစကား၌သိက္ခာသမ္မုတိ နဒိန္နာ-ဟုရှိ၏။ ဣတိသိက္ခာပုဒ်၌ ဝုဋ္ဌာနသမ္မုတိလာရှိသောကြောင့် ဝုဋ္ဌာနသမ္မုတိ နဒိန္နာ-ဟုရှိရမည်။ ဤဂဗ္ဘိနီဝဂ်စတုတ္ထသိက္ခာပုဒ်အဖွင့် အဋ္ဌကထာစကားလာ "ဣမာ ဒ္ဝေပိ မဟာဘိက္ခာမာနာနာမ" ဟူသောစကား၌ဤဂဗ္ဘိနီ တတိယ သိက္ခာပုဒ် စတုတ္ထသိက္ခာပုဒ်အဖွင့်တို၌ လာရှိကုန်သော နှစ်မယောက်ကုန်သောသိက္ခမာန်တို့သည် အသက်နှစ်ဆယ်ထက်လွန်သော အသက်ရှိကုန်သောကြောင့် မဟာသိက္ခမာန်မည်ကုန်၏။ ထို့ကြောင့် ကုမာရီဘူဝေါဝဂ်ပဌမ, ဒုတိယ, တတိယ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ စကားတို့၌ ယာပန တာ သဗ္ဗပဆမာ ဒ္ဝေ မဟာသိက္ခမာနာ။ တာ အာဘိက္ကန္တိဝိသတိဝဿာတိ ဓေဒိတဗ္ဗာ ဟုမိန့်အပ်လတ္တံ့။ ဒ္ဝေပိ ဒ္ဝေပိသဒ္ဒါဖြင့် အစိတ် အစိတ်ကို ပေါင်းသတည်း။ အနာပတ္တိ ဒ္ဝေဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သိက္ခမာနံ ဝုဋ္ဌာပေတိ ဟူသော ပါဠိတော်စကား၌ နှစ်နှစ်ပတ်လုံး မကျိုးမပေါက် ကျင့်သော သိက္ခမာန်မကို ရဟန်းခံမှသာလျှင် အာပတ် မသင့်သတည်း။ ထို့ကြောင့် ဝိနယဝိနိစ္ဆယ အဋ္ဌကထာ (၂၃၆၀)၌ "ဆသု သိက္ခိတသိက္ခံ ယာ ဒ္ဝေဝဿာနိ အခဏ္ဍေတော ဝုဋ္ဌာပေတိ အနာပတ္တိ" ဟု အခဏ္ဍတော-သဒ္ဒါနှင့် မိန့်အပ်၏။ သိက္ခမာန် ဟူသည်ကား သာမဏေမိန်းမ ပြုလုပ်၍ သိက္ခာခြောက်ပါးကို မကျိုးမပေါက်ရအောင် နှစ်နှစ်ပတ်လုံး ကျင့်ရသောမိန်းမတည်း။ ထို့ကြောင့် အဋ္ဌကထာ၌ ပဗ္ဗဇိတာယ ဒါတဗ္ဗာယေဝဟု မိန့်အပ်၏။

၁၁၁၉။ ပထမသိက္ခာပုဒ်အဖွင့် အဋ္ဌကထာစကားလာ သဒ္ဒိသာနိဟူသော ပုဒ်၌ သဒ္ဒိသာနိတိ ဣမ ဝိသတိဝဿဥဒ္ဒေသ ကုမာရိဘူတ ဝစနဥ္စ တတ္ထ ဒ္ဝါဒသ ဝစနဥ္စ ဂိဟိဂတာဝစနဥ္စ ဌပေတ္ဝာ အဝသေသေဟိ ဝိနိစ္ဆယေဟိ ယထာဂ္ဂမံ သဒ္ဒိသာနေဝါတိ - ဟူသော ဝိနယဝိနိစ္ဆယဋ္ဌကာ စကားကိုရှု၍ အနက်ကို သိအပ်၏။

ကုမာရိဘူတဝဂ် ပထမ, ဒုတိယ, တတိယ သိက္ခာပုဒ်အဖွင့်၌ ယောကျ်ားတပါးနှင့် ပေါင်းဖော်ဖူးသော မာတုဂါမသည် ဆယ်နှစ်မှစ၍ တစ်ဆယ့်ခုနစ်နှစ်တိုင်အောင် ဤအတွင်း၌ဂိဟိဂတ သာမဏေမိန်းမအဖြစ်ဖြင့် သိက္ခမာန်အကျင့်ကို ကျင့်သည်ရှိသော် ဂိဟိဂတလည်းမည်၏။ သိက္ခမာန်လည်းမည်၏။ တဆယ့်နှစ်နှစ်မရှိသောကြောင့် ကုမာရိဘူတကားမမည်။ ဆယ်နှစ်မပြည့်သော မာတုဂါမသည် ယောကျ်ားတပါးနှင့် ပေါင်းဖော်ဖူးသော မာတုဂါမပင်

ဖြစ်သော်လည်း သိက္ခမာန်မထိုက်။ ထိုကြောင့် အဋ္ဌကထာ၌ ဂိဟိဂတာယ ဒဿဝဿကာလေ– အစရှိသော စကားကို မိန့်အပ်၏။ ဆယ်နှစ်မပြည့် လေသေးမူ ယောကျ်ားတပါး သွားလာဖူးသည်ဖြစ်စေ, မသွားလာဖူးသည် ဖြစ်စေ သိက္ခမာန်မထိုက်။ သာမဏေမသာပြုရသတည်း။ ဆယ်နှစ်ကားပြည့်၏။ ယောကျ်ားတပါးမသွားလာဖူးကလည်း သိက္ခမာန်မထိုက်။ သာမဏေမသာပြုရသတည်း။ ဂိဟိဂတာယ ဒဿဝဿကာလေ–အစရှိသော အဋ္ဌကထာစကားကို ထောက်၍ ဂိဟိဂတမိန်းမမှာ တစ်ဆယ့်နှစ်နှစ်ရှိက ရဟန်းမိန်းမပြု ရသည်ကိုသိ အပ်၏။ကုမာရီဘူတမိန်းမကိုမူကား အသက်နှစ်ဆယ်ပြည့်မှ ရဟန်းမိန်းမပြုရသ တည်း။သိက္ခာပုဒ်ရင်းကို ထောက်သတည်း။ ဂိဟိဂတ ကုမာရီဘူတ, မဟာသိက္ခ မာန် ဤသုံးယောက်တို့သည် သိက္ခမာန်အကျင့်ကို ကျင့်ရကြကုန်၏။ ထိုကြောင့် အဋ္ဌကထာ၌ သိက္ခာသမ္မုတိဒါနဝသေန ပန–အစရှိသော စကားကိုမိန့်သတည်း။ ယောကျ်ားတပါးနှင့် ပေါင်းဖော်ဖူးသော မာတုဂါမသည် တစ်ဆယ့်ရှစ်နှစ်မှ စ၍ အသက်နှစ်ဆယ်တိုင်အောင် ဂိဟိဂတသာမဏေမိန်းမ၏ အဖြစ်ဖြင့် သိက္ခ မာန်အကျင့်ကို ကျင့်သော် ဂိဟိဂတလည်း မည်၏။ သိက္ခမာန်လည်း မည်၏။ ယောကျ်ားတစ်ပါးနှင့် မပေါင်းဖော်ဖူးသော မာတုဂါမသည် တစ်ဆယ့်ရှစ်နှစ် မှစ၍ အသက်ဆယ်နှစ် တိုင်အောင် သိက္ခမာန်ကျင့်ကို ကျင့်သည်ရှိသော် ကုမာရီဘူတလည်း မည်၏။ သိက္ခမာန်လည်း မည်၏။ ဂိဟိဂတကား မမည်။ ယောကျ်ားတစ်ပါးနှင့်မပေါင်းဖော်ဖူးသော မာတုဂါမသည် တစ်ဆယ့်ရှစ်နှစ် မပြည့်မီ သာမဏေမိန်းမပြုသော် ကုမာရီဘူတသာ မည်၏၊ သိက္ခမာန်မကျင့် ထိုက်သောကြောင့် သိက္ခမာန် မမည်။ ဂိဟိဂတလည်း မမည်။ ဂိဟိဂတ ဖြစ်သော အသက်နှစ်ဆယ်ထက် လွန်သော မာတုဂါမသည် လည်းကောင်းဂိဟိ ဂတမဟုတ်သော အသက်နှစ်ဆယ်ထက်လွန်သော မာတုဂါမသည်လည်းကောင်း, သိက္ခမာန်သာမည်၏။ ဂိဟိဂတလည်း မမည်။ ကုမာရီဘူတလည်း မမည်ဟုမှတ် အပ်၏။

၁၁၃၆။ ဤကုမာရီဘူတဝဂ် စတုတ္ထသိက္ခာပုဒ်ပါဠိတော်၌ "ဥနဒွါဒသဝဿာ၊ တစ်ဆယ့်နှစ်ဝါ မရသေးသော ဘိက္ခုနီမသည်။ ဝုဋ္ဌာပေယျ၊ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံငြားအံ့"ဟု အနက်ဆပ်၏။

အန္တော သောကံ ပဝေသေတိ– ဟူသော အဋ္ဌကထာစကား၌ အန္တော– ဟူသော ပုဒ်ဖြင့် အာသဝါဟူသောပုဒ်၌ အာ–ဟူသော ဥပသာရပုဒ်သည် အန္တောကရဏ–အနက်၌ ဖြစ်သကဲ့သို့ သောကဝါသ[1]ပုဒ်ကို သောက+အာဝါ

၁။ သောကာဝါသပုဒ်၌ အာဝါသပုဒ်ကား အာပုဗ္ဗဝသ=သေစနေဓာတ်၊ ဏ–ပစ္စည်း ကာရိုက်ကျေ၊ သေစန–ဟူသည် ပဝေသနတည်း။ သောကန္တိ အာဒိနာ အန္တော ဝါ သေကိ ပဝေသေတိတိ အာဝါသာ။ (ယောဇနာ)

သ–ဟု ပုဒ်ဖြတ်ရ၍ အာဝါသပုဒ်၌ အာ–ဟူသော ဥပသာရပုဒ်သည် အန္တောအနက်၌ဖြစ်သည်ကို ပြသတည်း။ ပဝေသေတိ–ဟူသောပုဒ်ဖြင့် ဝိသ ပဝေသနေ ဟူသည်နှင့်အညီ ဝိသ-ဓာတ်၏ပဝေသန အနက်ကိုလည်းကောင်း, အာဝါသ ပုဒ်၌ ကဲ့ရိုက် ဏေ-ပစ္စည်း ကျေသည်ကိုလည်းကောင်း ပြသတည်း။

ပဝေသေတိ၊ ဝင်စေတတ်၏။ (သဒ္ဒတ္ထ)။ ဝါ။သွင်းတတ်၏။ (အဓိပ္ပါယတ္ထ) သောကသို့ဝင်စေခြင်းဟူသည် သောကလျင် အကြောင်းရင်းရှိသော ဒုက္ခသို့ ဝင်စေခြင်းတည်း။ ထို့ကြောင့် ပဒဘာဇနီပါဠိတော်၌ "ပရေသံ ဒုက္ခံ ဥပ္ပါဒေတိ"ဟု ဖွင့်တော်မူသတည်း။

အစောင့်စောင်ကုန်သော အဋ္ဌကထာ ပေစာတို့၌ က–၌ အ-ရဿ၊ -ဝ-၌လည်း အ-ရဿနှင့်လည်းကောင်း, ဿ-ဒ္ဒဘော်နှင့်လည်းကောင်း, သောက-ဝဿာ–ဟု ရှိသည်ကား သင့်မည်မထင်။ က၌လည်း အာဒီဃ, ဝ–၌လည်း အာဒီဃနှင့်လည်းကော်ငင်း ဿဒ္ဒဘော်ကင်း၍လည်းကော်ငင်း သောကာဝါသာ-ဟု နောက်၌ကွဲသို့ရှိမှ သင့်မည်ထင်သတည်း။ ထို့ကြောင့် ပဒဘာဇနီ ပါဠိတော်၌ သောကဝါသာ နာမ–ဟု သောကဝါသပုဒ်ကို တည်ပုဒ်ပြု၍ ပရေသံ ဒုက္ခံ ဥပ္ပါဒေတိ–အစရှိသည်ဖြင့် ဖွင့်တော်မူသတည်း။

နောက်နည်း၌။ "ယသ္မာ၊ ကြောင့်။ ယံ သောကံ၊သို့။ သိက္ခမာနာ၊သည်။ အာဝိသတိ၊ ဝင်တတ်၏။ တသ္မာ၊ ကြောင့်။ အဿာ သိက္ခမာနာယ၊ အား။ အာဝါသော၊ ဝင်အပ်သော။ သော သောကော၊သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊၏။ ဣတိ တသ္မာ၊ကြောင့်။ သာ သိက္ခမာနာ၊ သည်။ သောကာ-ဝါသာ၊ မည်၏"ဟု အနက်ပေးခက်။

ဤစကားရပ်၌ ယံ အာဝိသတိ–ဟူသော စကားဖြင့် "ရဿန္တိ တံ သတ္တာ အဿာဒေန္တိတိ ရသော"ဟူသော သာဓနကဲ့သို့ အာဝိသတိ တံ သိက္ခမာနာ ပဝိသတီတိ အာဝါသော–ဟူသော ၁အဝုတ္တ ကမ္မသာဓနကို ပြသတည်း။ ဤနောက်နည်း၌ အာ–ကား ဓာတ္ဝာတ္ထာနုဝတ္တကတည်း။

၁၁၆၇။ ပါရိဝါသိယ သိက္ခာပုဒ်၏ ဝတ္ထုနိဒါန်းစကားတွင် ထေရေ ဘိက္ခူ။ သန္ဒိပါတေတ္ဝာ–ဟူသောစကား၌ တစ်သိမ်တည်း၌ မထေရ်တို့သည် ဒေဝဒတ်

အစရှိကုန်သော လေးပါးကုန်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍ စည်းဝေးကုန်သတည်း။ ထိုလွန်ဒွဒၶဘိက္ခုနိမက "န တာဝဝိဟံ အယျာ သိက္ခာမာနံ ဝုဋ္ဌာပေဿာမိ"ဟု လျှောက်ထားသောအခါ ယခုနံနက်အခါ၌ ရဟန်းမခံကုန်သေးဟု ထသွားကုန်သတည်း။ ထို့ကြောင့် တစ်နေ့တည်း၌ပင် ယခုနံနက်အခါကဲ့မဆောင်လိုသေးဟု ထသွားမူ ဆန္ဒပါရိဝါသိယ ဖြစ်သစာည်းဟု ယူအပ်၏။ ထိုစကားဆိုသင့်စ့။ ဝတ္ထုနိဒါန်းစကား၌ နု အဇ္ဇာတံ-ဟူ၍ မလာမရှိ။ နု တာဝဝိဟံ-ဟူ၍သာ လာရှိသတည်း။ တာဝ အပါဒါန်ကိုလည်း ဒေဝဒတ္တာဒီနံ အာဂမနတော-ဟု ခံရသတည်း။ အရှင်ဒေဝဒတ်အစရှိကုန်သော ရဟန်းတို့ လာရောက်မူ အရှင်တို့ကို တဖန်ပင့်၍ ရဟန်းခံပါမည်ဟု အားနာဖက်သော အနေဖြင့် ရှုတ်ရှုတ်ပေ့ပေ့ ထုလွန်ဒွာရဟန်းမိန်းမယုတ်က လျှောက်ပုံရသတည်း။ ထို့ကြောင့် ယခုနံနက် ကဲ့မဆောင်လိုသေးဟု ဝန်ချခြင်းနှင့် ယနေ့ကဲ့ဆောင်လိုသေးဟု ဝန်ချခြင်းသည် မထူးမခြားဟု မှတ်အပ်၏။

အဋ္ဌကထာ၌ အဇ္ဇ နက္ခတ္တံ-ဟူသော စကားသည် ဥပလက္ခဏတည်း။ ပေးလိုက်သောဆန္ဒသည် ဆန္ဒမည်၏။ ကံပြုလိုသောအလိုသည် အဇ္ဈာသယမည်၏။ ကဲ့မပြုလိုက အဇ္ဈာသယပါရိဝါသိယ ဖြစ်သတည်း။

နိသိန္နာ၊ ကဲ့မပြုလိုဘဲ ထိုင်နေကုန်သည်။

အဋ္ဌကထာ၌ ဆန္ဒံ အဝိဿဇ္ဇိတ္ဝာဝ ဥဋ္ဌဟန္တိ-ဟူသော စကား၌ ဣဒါနိ ကမ္မံ နကရိဿာမ-ဟုဆိုကုန်၍ ဆန္ဒကိုမစွန့်ကုန်မူ၍သာ ထသွားကြကုန်သည် ဟူလိုသတည်း။

နှစ်တောင်ထွာဟတ္ထပါသ်စပ်၌ ထသည်ကို ဆန္ဒံ အဝိဿဇ္ဇိတ္ဝာဝ ဥဋ္ဌဟန္တိ ဟု ဝဇိရဗုဒ္ဓိဋီကာဆရာအလိုရှိ၏။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ ဥပေါသထက္ခန္ဓက အဖွင့်၌ "တသ္မာ ဆန္ဒဿ အဝိဿဇ္ဇနံ"အစရှိသောစကားကို မိန့်သတည်း။ ဤသို့ မိန့်လေငြားသော်လည်း အဋ္ဌကထာ၌ ဆန္ဒံ အဝိဿဇ္ဇိတ္ဝာဝ ဥဋ္ဌဟန္တိ ဟူ သာမညအားဖြင့်သာ လာရှိသောကြောင့် ဟတ္ထပါသ်ကိုစွန့်၍ ထလည်း ဆန္ဒမပျက်ဟု မှတ်ယူအပ်၏။ ယခု ကံမပြုသေးဟု ထသည်မဟုတ်။ နေရာရွှေ့ယိုမျှသာ ထသောကြောင့် ဆန္ဒမပျက်သတည်း။ ဝတ္ထုရင်းကိုထောက်။ ဝတ္ထုရင်းမှာ ကံမပြုသေးဟု ထသွားသတည်း။ နု ကာဝဝိဟံ·ကိုထောက်။ "ကာဝ၊ ဒေဝဒတ် စသည်တို့လာသည်မှ ရှေးဦးစွာ"ဟု အနက် ပေးရသတည်း။ ဃိုသို့ထသော

ကြောင့် ဆန္ဒပါရိဝါသိယ-ဖြစ်သတည်း။ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူသတည်း။ ထိုနေ့ရဟန်းခံသောအခါ၌မူကား မထေရ်တို့၏ဆန္ဒကိုဆောင်သတဲ့သည်း။ အရင်းခံ သိုးလေပြီးသောဆန္ဒဖြင့် ရဟန်းခံသောကြောင့် ပါစိတ်အာပတ်ကို ပညတ်တော်မူသတည်း။ ထို့ကြောင့် သိက္ခာမာန်မိန်းမသည် ရဟန်းမိန်းမဖြစ်၏ဟု မှတ်အပ်၏။

ဆန္ဒံ ဝိဿဇ္ဇေတွာ ကာယေန-အစရှိသော အဋ္ဌကထာစကား၌ ဆန္ဒံဝိဿဇ္ဇေတွာ-ဟူသောစကားကို ကာယေန ဝါ ဝါစာယ ဝါ ဥဋ္ဌိတာယ-ဟူ၍သာ ယှဉ်ရမည်။ ဆန္ဒဝိဿဇ္ဇနမတ္တေနေဝါ ဥဋ္ဌိတာယ-ဟူသော စကားနှင့် မယှဉ်လင့်။ ဣဒါနိ ကမ္မံ နကရိဿာမ-ဟုဆို၍ ထသော်လည်းကောင်း, ဣဒံ ကမ္မံ အဇ္ဇ နကာတဗ္ဗံ-ဟုဆို၍ ထသော်လည်းကောင်း, ဆန္ဒကိုစွန့်၍ ကိုယ်ဖြင့်ထသည်မည်၏။ ဣဒါနိ ကမ္မံ နကရိဿာမ ယထာသုခံ ဂစ္ဆထ-ဟုဆို၍ ထိုင်နေရင်းအတိုင်း ထိုင်နေသော်လည်းကောင်း, ဣဒံ ကမ္မံ အဇ္ဇ နကာတဗ္ဗံ ယထာသုခံ ဂစ္ဆထ-ဟုဆို၍ ထိုင်နေရင်းအတိုင်းထိုင်နေသော် လည်းကောင်း, ဆန္ဒကိုစွန့်၍ နှုတ်ဖြင့် ထသည်မည်၏။ဣဒါနိ ကမ္မံ နကရိဿာမ ဟူ၍ လည်းကောင်း, ဣဒံ ကမ္မံ အဇ္ဇ နကာတဗ္ဗံ-ဟူ၍ လည်းကောင်း ကိုယ်နှုတ်နှင့်မဖက် သက်သက်စိတ်ဖြင့်သာ ဝန်ချ၍ ထိုင်နေရင်း အတိုင်း ထိုင်နေသော်လည်း ဆန္ဒကို စွန့်ကာမျှဖြင့်သာ ထသည်မည်၏။

ပါဠိဠီယမူန အနာပတ္တိ-အစရှိသော ဝိမတိ ဝိနောဒနီဋီကာ စကားရပ်၌ နဝဋ္ဌတိတိ ဂဟဘဲဗ္ဗံ-ဟု နှ-အက္ခရာနှင့် စာအမျှားရှိ၏။အကြောင်း အကျိုးမတန်းသာကြောင့် နှ-အက္ခရာ ကင်းလျက် ဝဋ္ဌတိ-ဟူ၍သာ ရှိရမည်။တေသ်ံ ပါရိဝါသိယေ-အစရှိသော အဋ္ဌကထာ စကားနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သောကြောင့် ဝိမဘိဝိနောဒနီ ဋီကာစကားကို စဉ်းစားရန် ရှိသတည်း။ ဥပေါသထကဓန္ဓက အဋ္ဌကထာ စကားသည် သာမညတ္တည်း။ ဤ ပါရိဝါသိယသိက္ခာပုဒ် အဋ္ဌကထာ စကားသည် ဝိသေသတည်း။ အဋ္ဌကထာမှာ ခပ်သိမ်းကုန်သော အာဒဋ္ဌဝံန တို့၌ သာမည ဝိသေသ ရှိခဲ့မူ သာမညကို ဝိသေသနောက်သို့ လိုက်၍ ယူရရိုး ထုံးစံတည်း။

၁၁၇၅။ ဧဝရသမ သိက္ခာပုဒ် နိဒါန်း၌ သုန္ဒရော အယျာယ အနုဒရော ဟူ၍ လည်းကောင်း။ တနုဒရော-ဟူ၍ လည်းကောင်း နှစ်ထွေရှိ၏။ တနောဒ ဥဒရော စ တနုဒရော ဟု ဝဇီရ ဗုဒ္ဓိ ဋီကာ ဖွင့်ရကား တနုဒရောသာ အသင့်တည်း။

၁၁၀၇။ ဆတ္တာဝ၏ ပထမ သိက္ခာပုဒ်၌ ဘာအောင် နှိပ်သည်ကား ဥမ္မဒ္ဒ၊ ဆုတ်နယ်ခါ မတ္တာသည် ပရိမဒ္ဒ။ထို့ကြောင့် ပဒဘာဇနီ၌ ပရိမဒ္ဒါပေယျဝါတိ သမ္မါဟာပေတိ ဟု ဖွင့်တော် မူရကား သကိမို့ ဓါ ရေတိ-ဟု ရှိရမည်။

၁၂၀၈။ ဆတ္တာဝ၏ သတ္တမ သိက္ခာပုဒ်၌ နာအောင် နှိပ်သည်ကား ဥမ္မဒ္ဒ၊ ဆုတ်နယ်ခါ မတ္တာသည် ပရိမဒ္ဒ။ထို့ကြောင့် ပဒဘာဇနီ၌ ပရိမဒ္ဒါပေယျဝါတိ သမ္မါဟာပေတိ ဟု ဖွင့်တော် မူသတည်း။

၁၂၁၄။ ကောဒသမ သိက္ခာပုဒ် အာဒိုင်၌ ပုရတောတိအာဘိမုခ မေဝါတိ၊ အတ္ထောဌ်၌ ပုရ-သဒ္ဒါသည် တစ်ပါးသောအနက်၌ မထင်ရှား။အာဘိမုခ-အနက်၌ သာ ထင်ရှားသောကြောင့် အာဘိမုခမေဝဟု ဧဝ-သဒ္ဒါကို မိန့်သတည်း။ ဧဝ သဒ္ဒါဖြင့် အနက်တပါးကို ကန့်။ မကသာတ် မကသာဝ အဖွင့်ကဲ့သို့တည်း။ ဝဲယာ,နောက်၌ နေမူကား အပြစ်မရှိဟု မကန့်လင့်။

တနည်းကား ပုရတောတိဧတ္ထ၊ ဌ်။အာဘိမုခံ၊ ရှေးရှု။ ဣတိအဓိပ္ပာယဧဝ၊ ကို သာ။ ဒဋ္ဌဗ္ဗော၊ ၏။ ဧဝ-ကား အဋ္ဌာနပယုတ်တည်း။ သုပုပ်ဖ သကပတ္တသ ဃိရိကမိဝ(အာဘိ၊ဌ၊ခ၊ဖ)၌ ဣဝကဲ့သို့မှတ်။ဣဝကိုသတပတ်တ်၌ ယှဉ်ရသတည်း။ ပုရဓတော-စကားသည် နိဓတ်ထစကားဖြစ်၍ ရှေးရှုနေသော်သာ အာပတ်သင့် သတည်း။ ဝဲယာနောက်၌နေက အာပတ်မသင့်ဟု မှတ်ရမည်လော့ဟု မေးရန် ရှိသောကြောင့် ဣဒံပန အစရှိသောစကားကိုမိန့်သတည်း။ ထက်ဝန်းကျင်ဝဲယာ ရှေနောက် အရပ်၌ တဆဲ့နှစ်တောင် ဥပစာရကို ရည်၍ ဟောတော်မူအပ်သည် ဖြစ်၍ နေယျတ္ထဖြစ်သောကြောင့် ထက်ဝန်းကျင် ဝဲယာ,ရှေနောက် အရပ်၌ တဆယ့်နှစ်တောင်အတွင်း၌ နေမူအာပတ်သင့်၏ဟု မှတ်အပ်၏။

၁၂၂၇။ သံဂဟစ္ဆိကံ၊သည်။ မဟဂ္ဂံ၊ သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ။ ၏။ တသ္မာ စ၊လည်းကောင်း။ပါရုပိတ္ဝာ၍။ဂစ္ဆန္တိယာ၊အား၊ဥပဒ္ဒဝေါ၊သည်။ယသ္မာ၊ ကြောင့်။ ဥပဋ္ဌတိ၊၏။ တသ္မာစ။ လည်းကောင်း။ ဝေရူပါသု။ ကုန်သော။ အာပဒါသု၊ဘေးရန်တို့ကြောင့်။ အသံကစ္ဆိကာယ၊ တဘက်မပါမရှိဘဲ။ ဂါမံ၊သို့ ပဝိသန္တိယာ၊ သော။ဘိက္ခု။နိုယာ၊ အား။ အနာပတ္တိ၊ အာပတ်မသင့်။

ဘုရားရှင် ဟောရင်းက အနတိရိတ္တံအစရှိသော ဝါကျကို ဟောရင်းတည်း။ အဋ္ဌကထာဆရာသည်-ထိုဝါကျကို ပေါင်း၍ထားသတည်း။ ထို့ကြောင့် အနတိရိ တ္တောန အာဘိဟဋ္ဌုံပါ၊ါရဏာ-ပုဒ်သည် အလုတ္တာသမာသ်ပုဒ်တည်း၊ ထို့ကြောင့် အနတိ

ရိတ္ထောန အဘိဟဋ္ဌုံ ပဝါရဏံ။ အနတိရိတ္တောန အဘိဟဋ္ဌုံ ပဝါရဏာ သိက္ခာပုဒ်ကို ဟု" အနက်ပေး။

တတြ တေသု သိက္ခာပဒေသု။ ။တ္ထ ဧတေသု အစိတ္တကာနိ လောကဝဇ္ဇာနိ တိဝစနေသု။ ။အဝသေသာနိ အစိတ္တကာနိ ပဏ္ဏတ္တိဝဇ္ဇာနေဝ။

ပါစိတ္တိယကဏ္ဍေဒိပနီ နိဋ္ဌိတာ။

၅–ပါဋိဒေသနီယ ကဏ္ဍဝဏ္ဏနာ

ခုဒ္ဒကာနံ အနန္တရုပါဋိဒေသနီယာ နာမ အဋ္ဌ ယေ ဓမ္မာ သင်္ခေပေနေဝသင်္ဂဟံ သံဂီတိကာရေဟိ ယသ္မာ အာရုဠှာ။ တသ္မာ တေသံ အဋ္ဌန္နံပါဋိဒေသနီယာနာမကာနံ ဓမ္မာနံ သင်္ခေပေနေဝသောဝဏ္ဏနာ ပဝတ္တတေ ပတ္တိဿတိ။

၁၂၂၈။ ဟိ ဝိတ္ထာရေမိ။ တ္ထ ဧတေသု အဋ္ဌသု ပါဋိဒေသနီယ နာမိကေသု ဓမ္မေသု ယာနိ သပ္ပိတေလာဒီနိ ဘဂဝတာ ပဒဘာဇနီယေ သပ္ပိနာမ ဂေါသပ္ပိ-ဝါတိအာဒီနာ ဝစနေန နိဒ္ဒိဋ္ဌာနိ နိသေသေန ဒဿိတဗ္ဗာနိ ဝိတ္ထာရေတဗ္ဗာနိ။ ပန သဒ္ဒါ ပကာသနတ္ထရတ္ထဇောတကော။

တေသံ ပါဋိဒေသနီယာနံ အနန္တရာ သေခိယာ ပဉ္ဉတ္တာတိ ယေဝမ္မာ အဓိကရဏဝူပသာ သတ္တ ယေ စ ဓမ္မာ ဥဒ္ဒိဋ္ဌာ သင်္ခေပေန ဒိဋ္ဌာ တေသံ သေခိယ အဓိကရဏ သမထဓမ္မာနံ ယော အတ္ထ ဝိနိစ္ဆယော။ ယသ္မာ မဟာဝိ-ဘင်္ဂေ မယာ ဝုတ္တော။ တသ္မာ တာဒိသမေဝ တံ အတ္ထ ဝိနိစ္ဆယံ ဘိက္ခူနံ ဝိဘင်္ဂေ ပိ ဝိဒူ ယသ္မာ ဝဒန္တိ။ တသ္မာ တေသံ သေခိယအဓိကရဏသမထနာမိကာနံ ဓမ္မာနံ ယာ အတ္ထဝဏ္ဏနာ တတ္ထ မဟာဝိဘင်္ဂေ မယာ ဝုတ္တာ။ သာ အတ္ထဝဏ္ဏ-နာ ဣဓ ဘိက္ခူနံ ဝိဘင်္ဂေ မယာ နု ဝုတ္တာ။ ဟိ ယသ္မာ သာ အတ္ထဝဏ္ဏနာ ဣဓာပိ ဘိက္ခူနံ ဝိဘင်္ဂေ ဝုတ္တာယေဝ။ ဝတ္တဗ္ဗာယေဝ ဝတ္ထုံ အရဟာယေဝ။ ကသ္မာ အတ္ထဝဏ္ဏနာယ အဘိန္နတ္တာ။ တသ္မာ မယာ နု ဝုတ္တာ။

ဘိက္ခူနံ ဝိဘင်္ဂေပိ–အစရှိသောအကြောင်းသည် မူလအကြောင်းတည်း။ ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော ထိုအတ္ထဝိနိစ္ဆယ–ကို ဘိက္ခူနီဝိဘင်းဌ်လည်း ပညာရှိတို့အလိုရှိစေကာမူ ထိုအနက်အဖဲ့ကို ဝိဘင်းခြားလေသောကြောင့်ဘိက္ခူနီဝိဘင်းဌ်လည်းဆိုခြင်းငှါမထိုက်သည်ဖြစ်လေကထိုအနက်အဖဲ့ကို ဤဘိက္ခူနီဝိဘင်းဌ် ဆရာဆိုအပ်ရာသည်မဟုတ်လော့ဟု စောဒနာရန်ရှိသည်နှင့် ဝုတ္တာယေဝ အစရှိသောစကားကို မိန့်သောကြောင့် ဤစုတ္တာယေဝ အစရှိသော

စကားသည် ဘိက္ခုနှိုင်း ဝိဘင်္ဂပိ အစရှိသော မူလအကြောင်း၏ ဟိတ်ကို တည်း။ ကျမ်ခဲ့၌ အပိ-သဒ္ဒါကျသတည်း။ ကျတိ-ကား ပရိသမာပနတ္ထဝါစကတည်း။ "ကျတိ၊ ကျသည်လျှင် ဘိက္ခုနိဝိဘင်းအဖွင့် အပြီးသတ်တည်း"။ဟု အနက် ပေး။

ဘိက္ခုနိဝိဘင်္ဂဒီပနီ နိဋ္ဌိတာ။

ဥဘတောဝိဘင်္ဂဒီပနီ နိဋ္ဌိတာ။

ဥဘတောဝိဘင်းအဖွင့် မှတ်ရန် ပြီး၏။ ။

မဟာဝဂ္ဂပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-မဟာခန္ဓကပေါဓိကထာ

မဟန္တေန မဟာခန္ဓကေန ဥပလက္ခိတော ဝဂ္ဂေါ မဟာဝဂ္ဂေါ။ ဝိနည်းမဟာဝဂ္ဂဝိဠိဟ်။ မဟာပဓာနေန မဟာပဓာနသုတ္တေန ဥပလက္ခိတော ဝဂ္ဂေါ။ မဟာဝဂ္ဂေါ။သုတ်မဟာဝဂ္ဂဝိဠိဟ်။ပဓာနပုဒ်ကျေသတည်း။ပါထိယေန ဥပလက္ခိတော ဝဂ္ဂေါ ပါထိယဝဂ္ဂေါ၊ဟိတ်။ပါထိယဝဂ္ဂဝိဠိဟ်။

ကုသလတိက်သည် အာဒိလဒ္ဓနာမ။ ဝေဒနာတိက်သည် သမ္ပလဒ္ဓနာမ။ ဒေဝေန ဒတ္တော ဒတ္တောဘသည် အာန္တလဒ္ဓနာမ။

သန္ဓိအမည်သည် သဒ္ဒါရွှစ်ကျမ်း၏ အာဒိလဒ္ဓနာမ။ ဣမဟာဝဂ္ဂအမည်သည် ဆာဒိလဒ္ဓနာမ။

ဥဘိန္နံ၊ကုန်သော။ ပါတိမောက္ခာနံ၊ ပါတိမောက်တို့ကို။(ဝါ) ပါတိမောက်-၏ဝိဘင်းတို့ကို။ (ဝါ) ဥဘတောဝိဘင်းတို့ကို။ သဂ်ိတိသမနန္တရံ၊ သဂ်ါယနာတင်ခြင်း၏အခြားမဲ့၌။ ခန္ဓကာဝိဒါ၊ ပဗ္ဗဇ်ာ့ဥပသမ္ပဒံ အစရှိသော ဝိနည်းကဲဟုဆိုအပ်သော ပညတ်, စာရိတ္တ, ဝါရိတ္တသိက္ခာပုဒ်ဟု ဆိုအပ်သော ပညတ်အနက်, အဖို့အနက်, အစုအနက်တို့၏ အစွမ်းအားဖြင့် ခန္ဓသဒ္ဒါ၏ အနက်ဖြစ်သော ပဗ္ဗဇ်ာ-အစရှိသည်၌ လိမ္မာတော်မူကုန်သော။ မဟာထေရာ၊ အရှင်မဟာကဿပမဟာထေရ် အစရှိကုန်သောရဟန္တာငါးရာ မဟာထေရ်တို့သည်။ ယံခန္ဓကံ၊ အကြင်ပဗ္ဗဇ်ာ့ အစရှိကုန်သော ပညတ်တို့၏ အပေါင်းကို။ (ဝါ) ။ အကြင်ပဗ္ဗဇ်ာ့ အစရှိကုန်သော အဖို့တို့၏အပေါင်းကို ။ ဝါ။ ပဗ္ဗဇ်ာ့အစရှိကုန်သော အစုတို့၏ အပေါင်းကို။

ကဏ်-ပစ္စည်းကို သမူဟအနက်၌သက်။ပါဠိကိုသဂ်ါယနာတင်သော် ပဗ္ဗဇ်ာ့-ဆအစရှိကုန်သောအနက်တို့ကိုလည်း သဂ်ါယနာဇာင်အပ် ကုန်သည်မည်ကုန်ရကား ဤအနက်သည်သဂ်ါယိ ဣသု-ဟူသောကြိယာနှင့် မဆန့်ပေ။

တစ်နည်းကား၊ ယံခန္ဓံကံ၊ အကြင်ပဗ္ဗဇ္ဇာကံ အစရှိကုန်သော ပညတ်တို့ကို ဆိုကြောင်းပြကြောင်းဖြစ်သော မဟာဝဂ္ဂစူဠဝဂ္ဂကျမ်းကို။(ဝါ)။ပဗ္ဗဇ္ဇာကံ အစရှိကုန်သော အဖိုတို့ကို ဆိုကြောင်းပြကြောင်းဖြစ်သော မဟာဝဂ္ဂစူဠဝဂ္ဂကျမ်းကို (ဝါ) ပဗ္ဗဇ္ဇာကံအစရှိကုန်သော အစုတို့ကိုဆိုကြောင်းပြကြောင်းဖြစ်သော မဟာဝဂ္ဂစူဠဝဂ္ဂကျမ်းကို။ ဤအနက်ကို "ခန္ဓာနံ ဝါ ပကာသနတော ဒီပနတော ခန္ဓကော" ဟူသော တေရသကဏ်ဍီကာလာဒုတိယနည်းပြ စကားကို ထောက်၍ပေးသတည်း။ ဤစကားရပ်၌ 'ပကာသနတော ဟူသောစကား ရပ်ဖြင့် ခန္ဓပုဒ်နောင် ကေ–ခေတ်၏ အနက်ကိုပြသတည်း။ ထို့ကြောင့်တေရသကဏ်ဍီကာ ဆရာ၏ တပြည့်စီရင်အပ်သော ဝိနယဝိနစ္ဆယဋီကာကျမ်း၌-"ခန္ဓာနံ ဝါ ကာယနတော ဒီပနတော ခန္ဓကော" ဟုမိန့်အပ်၏။ ဤသို့မိန့်ခြင်းသည် ကုသဒ္ဓေ ကေ စ၊ ကောတိ ကဝတိ။ ကာယတိ။ ကုယ္ယတိ။ ကိယ္ယတိ။ ကာနနံ။ ကဗ္ဗံ။ ကာဝိယံ။ ကာဝေယ္ယံ။ ဇာတက် ဟူ၍လာသော မာတုမာလာ (၁၀-နှာ) စကားနှင့်ညီညွတ်၏။ အသံပြုခြင်းဟူသည် ပြဆိုပ်သောဝတ္ထုကို ပြခြင်းပင်တည်း။ ဇာတကံပုဒ်ကို "ဇာတဲ ကရောတီတိ ဇာတကံ" ဟု ဝစနတ္ထပြု။

ယသ္မာ၊ ကြောင့်။ သင်္ဂါယိ သု၊သင်္ဂါယနာတင်တော်မူကြလေကုန်ပြီ။ တသ္မာ၊ ကြောင့်။ (မူလဟိတ်တည်း။) တာဿ ခန္ဓကဿ၊ ကို။ ဒါနိ၊ ယခုနို၊ ဌာ။ သံဝဏ္ဏနာကာ့မော၊ ဖွင့်ခြင်း၏အစဉ်သည်။ ယသ္မာ၊ ကြောင့်။ သမ္မတ္တော၊ ရောက်ခဲ့ပြီး။ (ဝါ။) ဆိုက်ခဲ့ပြီး။ (ဝါ) ကြုံကြိုက်ခဲ့ပြီး။ တသ္မာ၊ ကြောင့် ။ (ဥပထမ္ဘကဟိတ်တည်း။) တနည်းကား သင်္ဂါဟီ သု-သည် သမ္မတ္တော၏ ဟိတ်တည်း။ သမ္မတ္တောသည် ဟောတိ၏ ဟိတ်တည်း။ တာဿ ဒါနိ သမ္မတ္တော အစရှိသော ဟိတ်သည် သင်္ဂါယိ သု-ဟူသောအကြောင်းကဲ့သို့ပင် အနုတ္တာနနှင့် မဟက် သက်သင်္ကအတ္ထဝဏ္ဏနာ၏ အကြောင်းတည်း။ ပဒဘာဇနီယေ စသော စကားသည်သာလျှင် အနုတ္တာနတ္တဝဏ္ဏနာ၏ အကြောင်းတည်း။

တာဿ ခန္ဓကဿ၊၏။ အယံ အနုတ္တာနတ္ထဝဏ္ဏနာ၊ ဤမပေါ်သော အနက်ရှိကုန်သော ပုဒ်တို့၏အဖွင့်သည်။ ဟောတိ၊ ဖြစ်၏ ။ဝါ။ ဖြစ်လတ္တံ့ ။ဝါ။ ဖြစ်လိမ့်မည်။ ဝါ၊ ဖြစ်လသေး။

အနုတ္တာနတ္ထဝဏ္ဏနာ-ဟူသော စကား၌ အနုတ္တာနတ္ထသည် ဟိတ်ကူတည်း။ ထို့ကြောင့် နောက်အာကျယ်စကား၌ အနုတ္တာနာ နှ တေ ယသ္မာ-ဟုမိန့်အပ်လတ္တံ့။ ဤစကားဖြင့် အနုပုဗ္ဗပဒဝဏ္ဏနာ-အပုဗ္ဗပဒဝဏ္ဏနာတို့ကို မြစ်ဆတည်း။

ဟောတိ အယံ တာဿ၊ အနုတ္တာနတ္တဝဏ္ဏနာ-ဟူသော စကားကို ခဲ့တော်မူလိုရကား ပဒဘာဇနီယေ-အစရှိသောစကားကိုမိန့်သတည်း။ ဟိ-ကို ဝိတ္ထာရေမိ-

ဟုအနက်ပေး။ တေ့ရသကဏ်ဋီကာ၌ ပဒပုဋရဏဟူ၏။ ဤသို့လျှင် ပဒဘာဇနိုယေ-အစရှိသော စကားသည် "ဟောတိ အယံ တာသ အနုတ္တာနုတ္တဝဏ္ဏနာ" ဟူသောစကား၏ ဝိတ္ထာရဖြစ်ခဲ့သော် ပရိယောသာနံ ကဒါ ဘဝေ တေသံ သံဝဏ္ဏနာယ ကိံ အနုတ္တာနာ နု တေ ယသ္မာ-ဟူကုန်သောဟိတ်သုံးခုတို့သည် သမ္ပတ္တောယသ္မာ။ တသ္မာ ဟူသော ဟိတ်၏ ဟိတ်ကုဖြစ်ကုန်သတည်း။ ဤဟိတ်သုံးခုတို့တွင် ပရိယောသာနံ ကဒါ ဘဝေ-ဟူသောဟိတ်၊ တေသံ သံဝဏ္ဏနာယ ကိံ-ဟူသောဟိတ်။ ဤဟိတ်နှစ်ခုတို့သည် သမ္ပတ္တောဟူသော ဟိတ်၊အနုတ္တာ-နာ-ဟူသောဟိတ် ဤဟိတ်နှစ်ခုတို့၏အလယ်အကြား၌ မိဂပဒဝံလဋ္ဌနနည်းဖြင့် သိအပ်ကုန်သော ဟိတ်တို့တည်း။ ဥတ္တာနာစေဝ၌ စ-ကို ဟိတ်နှစ်ခုနောင် ယှဉ်။

ဟိ ဝိတ္ထာရေမိ။ ပဒဘာဇနိယေ ယောဓနာတိ အာဒိနံ ယေသံ ပဒါနံ ယောပနာတိ ဇယော ယာဒိသောတိအာဒယော ယေ အတ္ထာ ယသ္မာ ဟေဋ္ဌာ ဘဂဝတာ ပကာသိတာ။ တသ္မာ တေသံ ပဒါနံ တေ အတ္ထေ ပုန စေ ဝဒေယျာမ။ ဇေဝံသန္တေသု ဇဝံ သန္တတ္တာ သံဝဏ္ဏနာယ ပရိယောသာနံ ယသ္မာ ကဒါ ဘဝေ။ နု ဘဝေယျ။ တသ္မာ စ ယေ အတ္ထာ ယသ္မာ ဥတ္တာနာ ဇေ။ တသ္မာ တေသံ အတ္ထာနံ သံဝဏ္ဏနာယ ယသ္မာ ကိံ ပယောဇနံ။ ကိဉ္စိပိ ပယောဇနံ နတ္ထိ။ တသ္မာ စ ယေ အတ္ထာ ယသ္မာ အနုတ္တာနာ။ တသ္မာ အဝတ္ထိတာ ဉာတုံ ယသ္မာ နု သက္ကာ၊ တသ္မာ ပဒဘာဇနိယေ အပကာသိတာနံ တေသံ ယေဝ အတ္ထာနံ အယံ သံဝဏ္ဏနာနယော ဟောတိ ဘဝိဿတိ။ ဣတိကရဏပကာရ ဝစနမရိသမာပနံ ဟောတိ။

ပဒဘာဇနိယေ အပကာသိတာနံ-ဟု ထည့်သည်ကား ပဒဘာဇနိယေ-စသော ဂါထာကိုထောက်၍ ထည့်သစ်ည်း။

တစ်နည်းကား ဟိ-ကို ဟိ ယသ္မာ ကဒါ ဘဝေယျ။ ဟိ ယသ္မာ ကိံ ပယောဇနံ။ ဟိ ယသ္မာ နု သက္ကာ-ဟုယှဉ်။

တစ်နည်းကား ပဒဘာဇနိယေ ယေသံ ပဒါနံ ယေ အတ္ထာ ယေဟိ အဋ္ဌကထာနယေဟိ ယသ္မာ ဘဂဝတာ ဖောဋ္ဌာ ပကာသိတာ။ တသ္မာ တေသံ ပဒါနံ တေ အတ္ထေ ဇေဟိ အဋ္ဌကထာနယေဟိ ပုန စေ ဝဒေယျာမ ဟု အနက်ပေး။

ဤနည်းဆိုလို ကဒါ ဘဝေ-စသော စကား၌ ဟိ-ကို ဟိ ယသ္မာ ဟု အနက်မပေးဘဲ ယသ္မာ-ထည့်၍ ယသ္မာ ကဒါ ဘဝေ-အစရှိသည်ဖြင့် အနက်ပေး။

တစ်နည်းကား တသ္မာ တေသံ ယေဝ အနုတ္တာနာနုံ အတ္ထာနုံ အယံ သံဝဏ္ဏနာ-နယော ယသ္မာ နု ဟောတိ။ ဣတိ တသ္မာ စ အနုပုဗ္ဗာနုဋ္ဌေဝ အပုဗ္ဗာနုဋ္ဌ ပဒါနုံ အယံ သံဝဏ္ဏနာနယော ယသ္မာ နု ဟောတိ။ ဣတိ တသ္မာ စ အနုတ္တာ-နုတ္ထဝဏ္ဏနာ ဟောတိ။ ဟု အနက်ပေး။

ဤနည်းအလို ဣတိသဒ္ဒါ ဟေတုအနက် ဟောတည်း။ ဤသို့ ဟေတုအနက် ဖြစ်သော်သည်း အကြောင်းအကျိုး ထပ်တူကျသည်ဟု မဟူသာဖူး။ သတ္တိရုပ် အကြောင်း ဗျဉ်္ဇိရုပ်အကျိုး၏ အဖြစ်အားဖြင့် ထူးသည်သာဟုမှတ်ကြလေ။

၁။ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဣစ္ဆာဒီသု၊ တို့၌။ ကရဏ-ဝစနေ၌၊ အာယသ္မာ တေဝ၊ သော။ သာရိပုတ္တာဿ၊ အား၊ ဝိနယပဉ္ဉတ္တိယာ စန-ဟေတုဘူတာဿ၊ သော။ ပရိဝိတက္ကာဿ၏။ ဥပပဇ္ဇနတ္ထေ၊ ကြောင့်။ ဘဂဝတော၊၏။ ဝေရဉ္ဇာယံ၊၌။ ဝိဟရဏတ္ထဿ၏။ အာယသ္မာ တေဝ၊ သော၊ သာရိပုတ္တာဿ၊ အား။ ပရိဝိ-တက္ကာဿ၏ ဥပပဇ္ဇနသဒ္ဒါတံ၊ သော။ ဝိသေသကာရဏံ၊ သည်။ အတ္ထိဝိယ၊ ရှိသကဲ့သို့။ တာဒိသံ၊ သော။ ဝိသေသကာရဏံ၊ သည်။ ကိဉ္စာပိနတ္ထိ၊ အာကယဝိကား မဒ္ဒ၏ ရှင့်။ ပန တထာပိ၊ ထိုသို့ ရှိလေငြား သော်လည်း။ ဝိနယံ၊ သို့။ ပတ္တာ။ ၍။ ကရ-ဏဝစနေနေဝ၊ ဖြင့်သာလျှင်။ အယံ အဘိလာပေါ၊ ဤတေနသမယေန- ဟူ သော သဒ္ဒါကို။ ယသ္မာ၊ ကြောင့်။ သံဂီတိကာရေဟိ၊ တို့သည်။ အာဒိမှိ၊ သံ၌ ယနာကင်စအခါ၌။ သံဂါယနုံ၊ သို့။ အာရောပိတော၊၏။ ဣတိ တသ္မာ၊ ကြောင့်။ အာဒိတော၊ မှ။ ပဋ္ဌာယ၊၍။ အာရဉ္ဇာဘိလာပဝသေန၊ ဖြင့်သာ လျှင်။ တေ ဝစနုံ၊ ဤတေနသမယေနဟူသော သဒ္ဒါကို။ ပုဗ္ဗပရဿမာပနတ္ထံ၊ ရှေး နောက်ညီမျှစေခြင်းအကျိုးငှာ။ သင်္ဂီတိကာရေဟိ၊ တို့သည်။ ပစ္ဆာပိ၊၌လည်း။ ဝုတ္တံ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဗဟုဝုစ် ဒေသနာသောတဋ္ဌကျ၍ အာသန်တာဟု ဟောသကဲ့သို့တည်း။

ကရိဿ်းဝိဘာဂ်ဖြင့်သာလျှင် ဤတေနသမယေန ဟူသော သဒ္ဒါကို ဟော တော်မူသောအကြောင်းကိုပြပြီး၍ ဤတေန သမယေန အစရှိသော စကားကို ဟောတော်မူသော၌ ရှေးဦးစွာ ပုစ္ဆာထုတ်၍ အကျိုးကိုပြလိုရကား ကိ ပန-တဿ အစရှိသော စကားကို မိန့်သတည်း။

တေရသကဏ်ဋီကာ၌ ကိုမ်ပနေတဿ ဝစနေ ပယောဇနန္တိ ယဒိ ဝိသေသ-ကာရဏံ နတ္ထိ၊ တေဿ ဝစနေ ကိမ္ပယောဇနန္တိ အဓိပ္ပါယော -ဟု မိန့် အပ်၏။ မိန့်သည်အလိုအားဖြင့် "တေဿ၊ ဤ တေနသမယေန-ဟူသော

သဒ္ဒါကို" ဟု အနက်ပေးရမည်။ ဇတန သမယေန သဒ္ဒါသာ နိဒါန်းပြစကား မဟုတ်။ ဗုဒ္ဓေါ ဘဂဝါ ဉရွဝေလာယံ ဝိဟရတိ-အစရှိကုန်သော စကားတို့ သည်လည်း နိဒါန်းပြစကား ဖြစ်ကုန်ရကား ဇေတဝနကဏ်ဋ်ကာလာ စကားကို သဘောရအောင် ကြံကြကုန်ရာသတည်း။

ယာဟိ-အစရှိသော စကားသည် ဝိတ္ထာရစကားတည်း။ ကိုစကားရပ်တွင် ဣဒဉ္စ ဣဒဉ္စဉာနံ-ဟူသောစကားကိုထောက်၍ သိက္ခာပုဒ်တော်ကို ပညတ်ရာ အရပ်သည် နိဒါန်းမည်သည်ကို သိအပ်၏။ ဣမသ္မိံ စ ဣမသ္မိံ စ ဝတ္ထုသ္မိံ-ဟူသောစကားကို ထောက်၍ အကြောင်းဝတ္ထု အမှုအခင်းလည်း နိဒါန်းမည် သည်ကို သိအပ်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီဋ္ဌီ နိဒါနန္တိ စေတ္ထ သိက္ခာပဒ-ပညတ္တိဟေတုဘူတံ ဝတ္ထုပုဂ္ဂလာဒိကာရဏံ အဓိပ္ပေတံ၊ န ပညတ္တိဋ္ဌာန မေဝ။ တေနာဟ ယာဟိတိအာဒိ-ဟုမိန့်အပ်၏။

ပညတ္တာနိတိ ဇေမေတေသံ-ဟူသော စကားမှာ ယာဟိ-ဋ္ဌ ဟိ-ကို ယသ္မာဟူ အနက်ပေးခဲ့မူ ဣတိ-ကို ဣတိ တသ္မာဟုအနက်ပေး(ပယောဇနံဋ္ဌစပ်) ဟိ-ကို ဝိတ္ထာရေမိ-ဟု .အနက်ပေးခဲ့မူ ဣတိဧဝံ-ဟု ရောဂ္ဂ အနက်ပေး (နိဒဿနံ-ဋ္ဌ သရုပ်ပြ၏ အဖြစ်ဖြင့်စပ်)။

ဉရွဝေလာယံ-ဟူသော ပုဒ်ဋ္ဌ ဉရွသဒ္ဒါသည် "မဟန္တဘာဝေန အရတိ ဂစ္ဆတိ ပဝတ္တတီတိ ဉရွ" ဝစနတ္ထပြု၍ မဟန္တ-အနက်ကို ဟောသတည်း ဟု သိစေခြင်းငှာ ဉရွဝဋ္ဋာယန္တိ မဟာဝေလာယံ-ဟူသောစကား မိန့်သတည်း။

အရဂမနေ၊ ဉ ၊ အာသု၊ ဉရွ၊ မဟန္တေပိ။ (အဘိဓာန်ဋီကာ ပါတာလဝဂ် အဖွင့် ၆၆၃။) အဘိဓာန် ဆရာအလိုအား ဖြင့်၊ ဒီစာနှင့် ဉီရွသဒ္ဒါသည် ပေါင်း ဟောတည်း။ ဉီရွ၊ သတ္တိ [အဘိဓာန် နဝဝဂ် (၂၇၆)] အရ ဂမနေ ဉ၊ အာသူကာရော။ [အဘိဓာန် ဋီကာ (၂၇၆)] ကဘဒိမောဂ္ဂလာန် ဆရာအလို အားဖြင့် ရဿနှင့် ဉရွသဒ္ဒါလည်း ပေါင်းဟောတည်း။[1] အရ ဂမနေ။ အာသ ဉတ္တမုတ္တဉ္ဆ။ အရတိ မဟန္တဘာဝံ ဂစ္ဆတီတိ ဉရွ။ မဟာ၊ အရန္တ ၂နေနာတိ ဉီရွ။ သတ္တိ။(ကဘဒိမောဂ္ဂလာန် ၆)။ဝေလာသဒ္ဒါသည် ကာလနက် ကုလအနက်တို့ကို ဤအရာဋ္ဌမဟော။ ရာသိ-အနက်ကိုဟောသတည်းဟု သိစေခြင်းငှာ။ မဟန္တေ ဝါလိကရာသိမ့်တိ အတ္ထော-ဟူသော စကားကို မိန့်သတည်း။

၁။ ရဿနှင့်ဉရွကား မဟန္တဝါစက။ ဒီဃနှင့် ဉီရွကားသတ္တိဝါစက ဟု ကဘဒိမောဂ် ၆-သုတ်ဋ္ဌ လာသည်။

ကာလေ တု ကူလေ သီမာယံ။ ဝေလာ ဆုသိမ့် ဘာသိတာ (အဘိဓာန် အနေကတ္ထဝဂ်ဂါထဒ္ဓ (၇၄၈)။ ဝါလုကနှင့် ဝါလိကသည် ပရိယာယ်တည်း။ ပုလိန် ဝါလုကာဝဏ္ဏ့ မရွှ်ရွသိကတာ ဘဝေ။(အဘိဓာန်ပါတာလဝဂ် (၆၆၃)။ ဝလ သံဝရဏေ။ ဏ့။ အဿု။ ဝါလုကာ။ ထိ။ (အဘိဓာန်ဋီကာ(၆၆၃)။

ဝေလာသဒ္ဒါ မရိယာဒဟော။ မရိယာဒနှင့် အဘိဓာန်လာ သီမာကား အာဏ္ဏတ္ဝင်တည်း ဝေလိဿတိ ခဏမုဟုတ္တာဒိဝေသန ဥပဒိသိယတိတိ ဝေလာ။ ကာလောတိ အာဟ တာယံ ဝေလာယံ။ပ။ အယံ ကာလဝေလာနာမာတိ။ ဝေသာယဘိ ပဒိစ္ဆေဒဒဝသေန တိဋ္ဌတိတိ ဝေလာ။ သီမာ။ဒေလယတိ သံကိ့-လေသပက္ခံ စာလယတိတိ ဝေလာ။သီလံ။(မူလပဏ္ဏာသဋီကာ တတိယဩပမ္မဝဂ် ပဌမ ကကစ္ဆပမသုတ်အဖွင့် (မဋီ ၂၊၇၁)။ ဤအရာမှာဝေလယတိ ပရိစ္ဆေဒ ဝသေနတိဋ္ဌတိတိ ဝေလာ၊ သီမာ-ဟူသောစကားနှင့် လျော်သတည်း။ တေရ-သကဏ်ဋီကာ(၃၊၁၃၂)ဌ်။ မဟာဝေလာ ဝိယ မဟာဝေလာ။ ဝိပုလဝါလုက ပုဒ္ဓကာယ မဟန္တာ ဝေလာ တဋ္ဌော ဝိယ:တိ အတ္ထော။ တေနာဟမဟန္တေ ဝါလိကဆာသိမ့်ဘိ . အတ္ထောဘိ- အတ္ထောတိ-ဟူသော စကား၌ " ဝေလာဝိယ ကမ်းကဲ့သို့။ဘဋ္ဌောဝိယ၊ ကမ်းကဲ့သို့"ဟု အနက်ပေး။ဝေလာပုဒ်ကို တဋ္ဌောပုဒ် ဖြင့်ပြသတည်း။ ဝေလဿကူလဒေသောဃ။ (အဘိဓာန်ပါတာလဝဂ်(၆၆၀)။ အဿ သမုဒ္ဒဿ ကူလဒေသော တိရဒေသော ဝေလာနာမ။ ဝိဂစ္ဆတ္တိ ဤရာယဿံ ဝေ ပဘာ။ (အဘိဓာန်ဋီကာ) "ယဿံ၊ အကြောင်းအရပ်၌။ ဤရာ၊ သွားလာခြင်းတို့သည်။ ဝိဂစ္ဆန္တိ ကင်းကုန်၏ "ဟုအနက်ပေး၏။ ဝေလယတိ ပရိစ္ဆေဒဝသေန တိဋ္ဌတိဘိ ဝေလာ။ သီမာ-ဟူသော မူလပဏ္ဏာသ ဋီကာ နည်းမှ အဘိဓာန်ဋီကာနည်းကို တစ်နည်းမှတ်။

ကာလေ တု ကူလေ သီမာယံ၊ ဝေလာဆုသိမ့် ဘာသိတာ။
အဘိဓာန် အနေကတ္ထဝဂ်ဂါထဒ္ဓ (၇၄၈)ဝေလာသဒ္ဒါ၏ အတ္ထုဒ္ဒါရပြု။

တီရံ တု ကူလံ ဆောဓ္ဆ၊ ပတိရဆ္ဆ တဋ္ဌံ တီသု။ (အဘိဓာန်ပါတာလဝဂ် (၆၆၄)တဋ္ဌ ဥဿယော။ အ။ ထိယံ၊ တဋ္ဌီ။ (အဘိဓာန်ဋီကာ) တဋ္ဌော။ တဋ္ဌီ။ တဋ္ဌံ။ (သဒ္ဒနီတိ ဓာတု ၅၃၊) ဤစကားတို့ကိုထောက်၍ တေရသကဏ် ဋီကာ၌ " ဝေလာ ဝါ ဟဋ္ဌော ဝိယ"ဟု ရှိသည်ကို ပါဋ္ဌပျက်။ ဝေလာတဋ္ဌော ဝိယ-သာ ပါဋ္ဌမှန်ဟုမှတ်။

ပတ္တာပုဋ္ဌေန၊ ထန်းရွက်စသော အရွက်တို့၏ အထုပ်ဖြင့်။ တံ၊ ထိုသဲပုံကို။ တမေဝ၊ ထိုသဲပုံကိုသာလျှင်။ ဤ တံ သန္ဓာယ-အစရှိသောစကား၊ တမေဝ

သန္ဒာယ-အစရှိသောစကား ဤစကား နှစ်ရပ်သည့် နိဂုံးစကားတည်း။ ထို့ကြောင့် ဝဇီရဗုဒ္ဓိ ဋီကာ(၃၉၂)၌ "တံ သန္ဓာယ ဝုတ္တံ။ပ။ ဒဋ္ဌဗ္ဗောတိ နိဂမနဝစနံ" ဟုမိန့်အပ်၏။ ဤစကားကို အစနှင့်အဆုံးကို ပြသောအားဖြင့် မိဂပဒဝလဉ္ဇန နည်းအားဖြင့် ဆိုသတည်း။

ရှင်္ကောပိ၊ သည်လည်း။ ဌာန၌။ပစာရေန၊ဖြင့်။ဇောဓိရှင်္ကောတွေဝ၊ ဟူ၍ သာလျှင်။ နာမ်၊ကို။ လဘတို့၊၏။

ရှင်္ကောပိ-ဟုရှိလေတပြီးကား ရဲကွသဒ္ဒါကင်း၍ ဗောဓိတွေဝ နာမ် လဘတိ ဟုရှိသော်သာ သင့်ရာသတည်း[၁]။ ပဌမံ အဘိသမ္ဘုဒ္ဓေါ-ဖြင့် ပဒစ္ဆေဒကိုသာ ပြသတည်း။ ပဌမံ-ကို အဘိသမ္ဘုဒ္ဓေါ-၌ မစပ်ရ။ ဝိဟရတိ၌သာ စပ်ရသောကြောင့် ဝိဂြိုဟ်ကိုမူကားမပြ။

သဗ္ဗပဌမံယေဝ၊ အလုံးစုံကုန်သော အဇပါလ နိဂြောဓ စသည်တို့၌ နေတော် မူခြင်း၏ ရှေးဦးစွာသာလျှင်။

ပါဠိတော်၌ သတ္တာဟံ-ပုဒ်သည် အစွန်သံယောဂပုဒ်တည်း။ အထက် တစ်ရက်နေ့ည၌ ဝိမုတ္တိသုခကို ခံစားတော်မမူဘဲ။ ပဋိစ္စသမုပ္ပါဒ်ကိုသာ နှလုံးထားတော်မူရကား သတ္တာဟံ-၌ အထက် တစ်ရက်နေ့ ည၌ယုတ်သတည်း။ ယုတ်သော်လည်း နေ့စေ့သည်သာလိုရင်းတည်း။ ထို့ကြောင့် အစွန်သံယောဂ၌ မပြတ်စပ်သည်ဟုမယူသာ။

အတ္ထနာ၊ မိမိဟူဆိုအပ်သော အဝိဇ္ဇာအစရှိသော အကြောင်းတရားသည်။ ကတ္တုဗ္ဗကံစွကရဏတော၊ ပြုအပ်ပြုသင့်ပြုထိုက်သော သခ်ါရအစရှိသော အကျိုးတရားကို ဖြစ်စေခြင်း ကိစ္စကိုပြုခြင်းကြောင့်။ အဝိဇ္ဇာဒိကော၊ သော။ သ့ဝ သောဧဝ ပစ္စယာကာရော၊ သည်သာလျှင်။ (ဝါ) ကိုသာလျှင်။ အနုပ္ပါဒနိရောဓေန၊ တစ်ဖန်ဖြစ်ခြင်းမရှိသောချုပ်ခြင်းဖြင့်။ နိရုဇ္ဈမာနော၊ သည်။သမာနော၊ ဖြစ်သည်ရှိသော်။ တစ်နည်းကား- သ့ဝ ပစ္စယာကာရော၊ သည်သာလျှင်။ (ဝါ) ကိုသာလျှင်။ တသ့ဝ ပစ္စယာကာရသ၊ ၏သာလျှင်။ အနုပ္ပါဒနိရောဓေန၊ဖြင့်။ နိရုဇ္ဈမာနော နိရုဇ္ဈမာနဘ္ဘာ၊ ကြောင့်။ တံ ကိစ္စံ၊ ထိုပြုအပ်ပြုသင့်ပြုထိုက်သော သခ်ါရအစရှိသော အကျိုးတရားကိုဖြစ်စေခြင်းကိုမူကို။ ယသ္မာ၊ ကြောင့်။ နကရောတိ၊ မပြုတတ်။ ဣတိ တသ္မာ။ တာဃ ကိစ္စဃ အကရဏတော၊ ကြောင့်။ ပဋိလောမောတိ၊၍။ ဝုစ္စတိ၊၏။

၁။ လဘ် (ဆဋ္ဌမ)

အန္တံ စ အန္တတော ပဋ္ဌာယ ယာဝအာဒိံ စ ပါပေတွာ။

ဤပေါဓိကထာဌ် အသေသဝိဇ္ဇာဂနိဇောဓာတိံ ဝိဇ္ဇာဂသဒ်ါတေန မဂ္ဂေန အသေသနိဇောဓာ–ဟု ဖွင့်သော်ကြောင့်လည်းကောင်း၊ အဇပါလ ကထာဌ် စာဂုမဂ္ဂဉာဏသဒ်ါတေဟိ ဝေဒဒဟိ ဝေဒန္တဂူ–ဟု ဖွင့်သောကြောင့်လည်းကောင်း ထိုထိုသို့သောအဇ္ဈာနတို့၌ ဝတ္တိစ္ဆာအလျောက် အဘိဓာနကို ဝိသေသန၊ အဘိဓေယျကို ဝိသေသျဿဝါရ်လည်းကောင်း၊ အဘိဓေယျကို ဝိသေသန၊အဘိဓာနကို ဝိသေသျဿဝါရ်လည်းကောင်း၊ ဖွင့်ကောင်းသည်ကို သိအပ်၏။ (နည်းပြုစကားတည်း။)

ဒယ်ဟေတုံ၊ ပေါင်းရ်ပြုတော်မူခြင်းငှာ။ ဝတ္ထုပိ၊ ဟောတော်မူပြီးရ်လည်း။

(၀၊) ဟောတော်မူပြီးဖြစ်ငြားသော်လည်း။

ကေဝလောတိ ကုသလဓမ္မေဟိ အသမ္မိဿော၊ တတော ဧဝ သကလော သုက္ကပက္ခော အနဝဇ္ဇတ္ထော။ (မဟာဝဂ္ဂသံယုတ် ဋ္ဌိကာပဏမဝဂ်အဖွင့် (သံဋ္ဌီ ၂၊၄၆၉)ဤသံယုတ်ဋ္ဌိကာကို ထောက်၍သုဒ္ဓဿ-ကို အကြောင်းထား၍ သကလဿ-ကို အကျိုးထားပြီးလျှင် သုဒ္ဓဿ သကလဿဟု တရောတည်း ဖွင့်သော်လည်း သင့်ချေသေး၏။ ဤသို့ဖွင့်ခဲ့မူ သတ္တဝိရဟိတ ဘာဝေန သုဒ္ဓဿ သုဒ္ဓတ္တာသကလဿ”ဟုအနက် ပေးသင့်ချ၏။

အဝိဇ္ဇာဒိဝသေန သခ်ါရာဒိကဿ ဒုက္ခက္ခန္ဓဿ သမုဒယော စ အဝိဇ္ဇာ နိရောဓာဒိဝသေန နိရောဓော စ ဟောတီတိ ယုဇ္ဇတိ ယော အယံ အတ္ထော ဘဂဝတာ ဝုတ္တော၊ သဗ္ဗာကာရေန ဧတ မတ္တံ ဝိဒိတ္ဝာ။

ဝိဒိတေ-ကိုထောက်၍ ဝိဒိတ္ဝာဌ် တ္ဝာပစ္စည်းကို အတိတ်ကာလ၌ သက်သည်ကို သိအပ်၏။ဆိုစကားမှန်၏။ ဝိဒိဂေ-သည် လကွဏ သတ္တမီတည်း။ လက္ခဏသတ္တမီ ဟူသမျှသည် အတိတ်ချည်းတည်း။

သောမနဿယုတ္တဉာဏသမ္ပယုတ္တောနံ၊ သောမနဿဝေဒနာနှင့် ယှဉ်သော ဉာဏ်ကြောင့်ဖြစ်သော၊ တစ်နည်းကား ဉဒါနဿ၏။ သောမနဿယုတ္တဉာဏ သမ္ပယုတ္တောနံ သောမနဿယုတ္တဉာဏသမ္ပယုတ္တာနံဟု ဆက်၊ ကြောင့်။ တစ်နည်းကား သောမနဿယုတ္တဉာဏသမ္ပယုတ္တောနံ၊ သောမနဿဝေဒနာနှင့် ယှဉ်သော ဉာဏ်ဟု ဆိုအပ်သောဖြစ်ကြောင်းရှိသော။ တစ်နည်းကား ဉဒါနဿ၏။ သောမနဿယုတ္တဉာဏသမ္ပယုတ္တောနံ၊ သောမနဿယုတ္တဉာဏသမ္ပယုတ္တာနံဟု ဆက်၊ ကြောင့်။ သောမနဿာ၊

သောမနဿဝေဒနာ၏။ ဝါစာနိစ္ဆာရဏော၊ယဒါဟဝေအစရှိသော စကားတော်ကို မြွက်တော်မူထု၌။ မူလကာရဏတ္တာ၊အကြောင်းရင်း၏အဖြစ်ကြောင့်။ ဥဒါနုံ၊ စမ်းမြောက်တော်မူသောအားဖြင့် မြွက်တော်မူအပ်သော စကားတော်ကို။ အဘ္ဘနော၊ကိုယ်တော်၏။ မုခတော၊ခံတွင်းတော်မှ။ ဗဟိ၊အပသို့။ ဥဒါနေသိ ဥအာနေသိ ဥဒ္ဓရိတ္ဝာ အာနေသိ ထုတ်တော်မူ၍ ဆောင်တော်မူပြီ။ အတ္တမန ဝါစံ၊ဝမ်းမြောက်တော် မူခြင်းကြောင့် ဖြစ်သော စကားတော်ကို။ အတ္တနော၊ကိုယ်တော်၏။မုခတော၊ခံတွင်းတော်မှ။ဗဟိ၊အပသို့၊နိစ္ဆာရေသိ၊ထုတ်စေတော်မူပြီ။ဝါ။ ထုတ်စေတော်မူပြီ။ဝါ၊မြွက်တော်မူပြီ။ဤတို အယံ အဓိပ္ပါယော၊ သည်။ ဝုတ္တံ စုံတွော၊ သည်။ဟောတော်၏။

မူလကာရဏတ္တာ-ဟူသော အကြောင်းသည် ဥဒါနုံ-၌ အကြောင်းတည်း။ ထိုဥဒါနုံ ပုဒ်ကို အတ္တမနဝါစံ-ဟု ဖွင့်ရကား "ဥဒိယတေ မောဒိယတေ ဥဒါနုံ" ဟု ဘာဝသာဓန ဝစနတ္ထပြုပြီးလျှင် "ဥဒါနေန စတ္တာပ္ပဝစနုံ ဥဒါနုံ"ဟု ဝတ္တုမ္မ တဒ္ဓိတ် ပြုရသည်ကို သိအပ်၏။

ဥဒမောဒေ ကီဠာယဉ္စ။ဥဒတိ၊ဥဒါနုံ။ဥဒဂ္ဂေါ။ဥဒါနေနဒ္ဓေန ဥဒါနုံ။ဥဒဂ္ဂေါတိ ဆဠ္ဘာတသောမနဿော (ဓာတုမာလာ-၉၃)။ ဤမှာ ကီဠာ-မဆုံင်။ မောဒ သာဆိုင် သတည်း။

အာဟောတု ကိံ ကိ မုဒါဟု၊ ဝိကပ္ပေ ကိုမုတောဒ စ။ ဂါထာနုစ်ပါဒ (အာဘိဓာန်အဗျဝဂ်။(၁၁၃၇)ကိမုတဥဒ။(အာဘိဓာန်ဋီကာ)။မုမောယမောဒကာ ပေါတံ။သမ္ဗဟတ္ထော ဏော၊ ဤမှာမဆိုင်(အာဘိဓာန် ဋီကာ၊၁၁၃၇)

နိစ္ဆာရေသိ-၌ နိရှေးရှိသော ထရဓာတ်သည် ထရ=သန္တရဏေ- ဟု လာရှိသော ဖြန့်ခြင်းဟူသော သန္တရဏ အနက်မှတစ်ပါး နိ-ဟူသော ဥပသာရ ပုဒ်၏ နိဂုမန အနက်ကို ထုန်းသည်၏ အဖြစ်ကြောင့် ဤအရာ၌ နိဂုမန အနက်ကိုဟောသတည်း။ဆမ္ဘိတတ္ထံ-ပုဒ်၌ ထ-ကိုဆ-ပြုရသကဲ့သို့ ထကို-ဆပြု တ-ကိုစပြု ဓာတ္ဟိ-စသော သုတ်ဖြင့် ဏောပစ္စည်းသက်၁။

၁။နိစ္ဆာရေသိ--ကို နိပုဗ္ဗ စရ=ဂတိယံ ဓာတ်တည်၊နိကား နိကွာမနတ္ထတည်း၊အဇ္ဈတ္တနိ၊ ဤ ပ်ဘတ်၊သ အာဂုံ၊ရ ဿပြု၊ကာရိုက် ဏောပစ္စည်း၊ ဒေါဓသ စ ဖြင့်၊စကို ဆပြု၊ ဝဂ္ဂေသုတ် အာသဒိသဒ္ဒေဘော်ပြု၊ဝုဒ္ဓိ ပြု၊ ပြီး၏။ ဤကား ရူပသိဒ္ဓိကျမ်းလာ ရှုပ်ပြီး ပုံတည်း နိတိသုတ္တ ၁၂၃—သုတ်ဖြင့်လည်း တစ်နည်းပြီးနိုင်သေး၏။

ပီတိဝစနန္တိ ပီတိသမင်္ဂဘာနံ ဝစနံ ယံ ဟိ ဝစနံ ပဋိဂ္ဂါဟက နိရပေက္ခံကေဝလံ ဥဋ္ဌာဏယ ပီတိယာဝသေန သရသတော သဟသာဝ မုခတော နိစ္ဆရတိ၊ တံ ဣမ ဥဒါနန္တိ အဓိပ္ပေတံ။တေနာဟ ယံ ပီတိဝစနံ ဟဒယံ ဂဟေတုံ နု သက္ကောတိတိအာဒိ၊သုတ်သီလက္ခန်ဒီကာဟောင်း သာမည ဖလသုတ် အဖွင့် (၂၁၂)။ ယသ္မိံ ဟဝေကာလေ၌ ဥဒါန်းအဋ္ဌကထာလာရှိတိုင်း တေရသကဏ်ဍီကာ၌ယဒါ ဟဝေတိ စ္ဆေ ဟဝေတိ ဗျတ္တန္တိဣမသ္မိံ အဿ နိပါတော-ဖွင့်သည်အားလျော်စွာ"ဟဝေ၊ထင်ရှားစွာ"ဟု အနက်ပေး။ ဤသို့ အနက်ပေးရသောကြောင့်ပါတုဘဝန္တိ-၌ ပါတု-သဒ္ဒါ အနက်မရှိသတည်း။ နောက်နည်း၌ ပါတုသဒ္ဒါသည် အာဝီအနက်ဟောတည်း။

သမ္မုခါ တုဝိ ပါတုစ၊ အဘိဓာန်အဗျယဝဂ် (၁၁၅၇)

ပါတုဘဝန္တိ၊ ထင်ရှားစွာဖြစ်ကုန်၏။ ထင်ရှားဖြစ်ခြင်းဟူသည် ထင်ရှားခြင်းပင်တည်း။ထို့ကြောင့် အဋ္ဌကထာ၌"ပါတုဘဝန္တိတိ ပကာသန္တိ"ဟု မိန့်သတည်း။ ပကာသန္တိ၊ ထင်ရှားကုန်၏။ ဤနောက်နည်း၌ ဟဝေသဒ္ဒါ အနက်မရှိဖြစ်သတည်း။ ဟဝေဤတိ ပဒပူရဏော။ ဟဝေ ကေ ဘောန္တော သမဏဗြဟ္မဏာ (၃၇၆-နှာ) ဟဝေ ဤတို့ ကဲ့သ့ထို့ပေ။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ။ (သဒ္ဒနီတိခကုပဒမာလာ (၃၇၈)။ အညဒတ္ထုတော။

တတ္ထေ ကလေ ကာ သက္ကုဏာ-ဒ္ဒါ ကာမံ ဇာတု ဝေ ဟဝေ။ (အဘိဓာန်အဗျယဝဂ် (၁၁၄၀)။ ဤသဒ္ဒနီတိနှင့် အဘိဓာန်၌ လာရှိသော စကားနှင့်အညီ "ဟဝေ ကော်သေန၊ စင်စစ်အားဖြင့်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏" ဟူ၍လည်း အနက်ပေးသင့်သေး၏။

တေရသကဏ်ဍီကာကေစိဝါဒ၌ "အာဟဝေ၊စစ်ထိုးခြင်းငှာ"ဟု အနက်ပေး။အာဇိတ္ထိ အာဟဝေါယုဒ္ဓ၊(အဘိဓာန်စတုဗ္ဗဏ္ဏဝဂ်) (၃၉၉) အာဟုယျဓန္တိ အသို့ ယောဓာတိ အာဟဝေါ။ဟု သဒ္ဒေါ။ အ။ (အဘိဓာန်ဋီကာ)။ ဤသို့အဓိကရဏသာဓနပြုပြီးလျှင် ဘာဝပွဓာန်ဖြစ်၍ စစ်ထိုးခြင်းကြိယာကို ယူရမည်။ ဤသို့ ယူမှ သာပဇ္ဇံ ယုဒ္ဓေ-ဟူသောစကားရင်း(အဘိဓာန်ဋီကာ ၃၉၉) နှင့်လည်းကောင်း၊ သင်္ဂီ မော သမွဟာဓောစ-ဟူသော အဘိဓာန် စကားနှင့်လည်းကောင်း၊ညီညွတ်အံ့သတည်း။

ဗြာဟ္မဏာ ဒါတုံ ဗာဟိတပါပါသာ-ဟူသောစကား၌ ဗြာဟ္မ-ကို ဗစဟိတ-ဖွင့်သတည်း။အားကို ပါပဖြင့် ဖွင့်သတည်း။ ဗာဟိတပုဒ်သည်လည်း ဗာဓ-

ဓာတ် တ-ပစ္စည်း၊ က္ခ-အာဂုမ်ဖြင့်ပြီးသတည်း။ သာဟုပုဒ်ကဲ့သို့ ဒန္တဇ ၎တုတ္ထ-ကဲ့ရာ ဓ-ကို ကဏ္ဍဇ ဟ-ပြု။ ဗာဓ· ဓာတ်သည် ဗာဓဝိလောင်္ဂနေ (နိတိဓာတု-၁၀၈)ဟူသည်နှင့်အညီ ဝိလောင်္ဂန· အနက်ဟောတည်း။ ဝိလောင်္ဂန-ဟူသည် မွေ့နှောက်ခြင်းတည်း။ မွေ့နှောက်ခြင်းဟူသည် ဖွက်ဆိုးခြင်းတည်း။ ဒုဏ-သဒ္ဒါသည် ဒုကမာတိကာ၌ လာရှိသော သရဏဟူသောပုဒ်၌ ရဏသဒ္ဒါကဲ့သို့ ဆုဂ-အစရှိသော ကိလေသာတို့ကိုဟောသတည်း။အဏ-ဓာတ်နှင့် ရဏဓာတ်သည် အဏ ရဏ ဝဏ ဘဏ မဏ ကဏ သဒ္ဒေဟု ဓာတုမာလာ(၁၉)၌ လာရှိသည်နှင့်အညီ သဒ္ဒဟောတည်း။ ထို့ကြောင့် အဏသဒ္ဒါကို အဋ္ဌသာလိနီဒုက မာတိကာ ပဋ္ဌိဒုက်တို့တွင် သရဏဒုက်အဖွင့်(အဘိ-ဋ္ဌ၊၁၊ ၉၃)လာ ရဏန္တိ ဧတေဟိတိ ရဏာ ယေ ဟိ အဘိဘူတာ သတ္ထာ နာနုပ္ပကာရေန ကဒ္ဒန်တိ ပရိဒေဝန္တိ၊ တေသံ ရာဂါဒီနံ ဧတံ အဓိဝစနံ ဟူသောစကားကိုမှီး၍ "အဏန္တိ ဧတေ-ဟိတိ အဏာ" ဟုဝိဂြိုဟ်ပြုပြီးလျှင် ရာဂ အစရှိကုန်သော ကိလေသာ တို့ကို ကောက်ယူအပ်ကုန်၏။ ဗာဓေတဗ္ဗာ ဝိလောဠေတဗ္ဗာ ဟိ သိတိတဗ္ဗာတိဗာဟိ တာ။ ဗာဟိတာအဏာရာဂါဒယောပါပါဓေတုခိဏာသဝေနာတိပြာဟွဏော-ဟု ဝိဂြိုဟ်ပြုအပ်၏။ဗာဟိတ-ပုဒ်ကို ပြာဟွ-ပြု။ တစ်နည်းကား ဤဗာဟ်တပါပသ-ဟူသောစကားဖြင့် ဆုဂါဒယော ပါ၊ပေ ဗာဓေတိ ဝိလောဠေတိ ဟိ သတိတိ ပြာဟွဏော"ဟူသော ဝိဂြိုဟ်ကိုပြသတည်း။ ဗာဓ-ကို ပြာဟွ-ပြု၊။ ယုပစ္စည်းကို အဏပြု။

အထ၊ ထိုသို့ ဗောဓိပက္ခိယတရား ထင်ရှားဖြစ်သောအခါ၌။ (ဝါ) အရိယသစ္စာတရားလေးပါးထင်ရှားဖြစ်သောအခါ၌။

ဝပယန္တိ-၌ ဝိရွေး အပရွေးရှိသော ဣဓာတ် ဓောတ် အယဓာတ်တည်း၊ ဝိ-ကား အနက်မရှိ။ တစ်နည်းကား ဝ-ကား အာဂုမ်။ အပဥ္ဉပသာရပုဒ်၏ အပ ဂမန အနက်ကို ထွန်းပြခြင်းကြောင့် အပဂမန- အနက်ဟောထည်းဟု သိစေ ခြင်းငှာ ဝပယန္တိ အပဂစ္ဆန္တိ-ဟု ဖွင့်သတည်း။

ကသ္မာ ယတော-အစရှိသော စကားဖြင့် ပါဠိတော်၌ ယတော အစရှိသော စကား၏ ဝပယန္တိ-ဟူသောစကား၏ အကြောင်း၏အဖြစ်ကို ထင်စေသတည်း။ ကသ္မာ ပဝယန္တိ အဟဂစ္ဆန္တိ နိရုဇ္ဈန္တိတိ ပုစ္ဆာယ သတိ ယတော။ပ။ ဧမ္မန္တိ အာဟ- ဟုဆိုလိုသတည်း။

ယသ္မာ ပဋိဝိဇ္ဈတိ။တသ္မာ၊ နိရုဇ္ဈန္တိ။ ဣတိ အယံ တာသာဒါနသာအတ္ထော။

၂။ တေမတ္ထံ ဝိဒိတ္ဝာတိ ယ္ဝာယံ အင်္ဂါဒိဝသေနာတိအာဒိနာ ဝုတ္တေ တသ္မိံ အတ္ထေ ဝိဒိတေ။ ။ယေဘုယ္ယေန ဝုတ္တပ္ပကာရံ။ စတုတ္ထ-ပဒကာရ ဝုတ္တပ္ပကာရ-မဟုတ်။ ဝိဒ=ဉာဏေ။ ဝိဒတိ(ဘူဝါဒိ။၁၀၃) ဝိဒ=လာဘေ။ ဝိန္ဒတိ၊ (ရုဓာဒိ၊၂၁၅)ဝိဒ=သတ္တာယံ။ ဝိဇ္ဇတိ။ ဒိဝါဒိ(၂၂၇)။ ဝိဒ=လာဘေ။ ဝေဒေတိ။ ဝေဒယတိ။ (စုရာဒိ။၃၁၂)ဝိဒစေဟ နဝချာနနံဝါသေသု။ စေတနာ သညာဏံ(စုရာဒိ-၃၁၂)ဤအရာ၌ ဝိဒဓာတ်သည် ဘူဝါဒိဂဏိက ဓာတ်ဖြစ်၍ ဉာဏအနက်ကို ဟောသတည်း ဟုသိစေခြင်းငှာ ဇာညာသိ-ဟု အဝေဒိ-ကို ဖွင့်သတည်း။ ဉ=အဝ ဗောဓနေ(၅၀)။ဉ=မာရဏ တောသန နိသာနေသု (၅၁) ဤအရာ၌ ဉဓာတ်သည် အဝဗောဓနအနက် ဟောတည်း။ အဝဗောဓန ဟူသည် ပဋိဝိဇ္ဈနတည်း ဟုသိစေခြင်းငှာ ပဋိဝိဇ္ဈ-ဟုအညာသိ-ကို ထပ်ဆင့်၍ ဖွင့်သတည်း။ ဝပယန္တိ ဣတိ အယံ သခေ်ပတ္ထော။

၃။ သမုဒယ နိရောဓ သခ်ါတော-ဒ္ဒ် သမုဒယ-ကို ကိစ္စဝသေနနှင့် နိရောဓကို အာရမ္မဏ ကိရိယာယနှင့် စပ်၍ အနက်ကိုယူ။ ထို့ကြောင့် ဝဇီရဗုဒ္ဓိဒ္ဒ် "သမုဒယော ကိစ္စဝသေန နိရောဓောအာရမ္မဏက်ရိယာယ"ဟု မိန့်အပ်၏။

ဝိဓူပယံဒ္ဒ် ဝိပူဗ္ဗ ဓူ-ဓာတ်။ဓူ-ဝိဓူနနေ။ဏာဝယယပစ္စည်းသက်။ ဏ အနုဗာန်ကို ချေ။ ဥိမ့နောက်ဖြစ်သော အာကိုချေ။ အန္တပစ္စည်းဖြင့်ပြီးသတည်း ဟုပြလို၍ ဝိဓူပယံကို ဝိဓူပယန္တော ဟုဖွင့်ဆိုတည်း။ ဓူဓာတ်သည် ဝိဓူနန အနက်ဟောတည်း။ ဝိဓူနန-ဟူသည် ဝိဓမနတည်းဟု သိစေခြင်းငှာ ဝိဓမေန္တော ဟု ဖွင့်သတည်း။ ဓမဓာတ်သည် ဓမ=သဒ္ဒဂို သံယောဂေသု(နိတိဓာတုဂဏ ၂) ဟု မိန့်အပ်သော သဒ္ဒအနက် အဂို သံယောဂအနက်တို့ကို ဤအရာ၌မဟော။ ဝိ-ရှေးရှိ၍ ဝိ-သည် ဝိယောဂအနက်ကိုထွန်းသောကြောင့် ဝိယောဂအနက်ကို ဟောသတည်း။ ဝိယောဂ-ဟူသည် ဤအရာ၌ကင်းစေခြင်းတည်း။ကင်းစေခြင်းဟူသည် ဤအရာ၌ဖျက်ဆီးခြင်းဟု သိစေခြင်းငှါ ဝိဒ္ဓံသေန္တော-ဟု ဖွင့်သတည်း။

ဗောဓိပက္ခိယသခ်ါတေဟိ တေဟိ ဓမ္မေဟိ ဝါ။ တိဋ္ဌတိ။ ဤတိ အယံ သခေ်ပတ္ထော။ ဤသို့အနက်ပေး။

တဿတ္ထော။ပ။ပဋိဝိဇ္ဈတီတိ။တတြာယံ သခေ်ပတ္ထော။ပ။ကခ်ါ ဝပယန္တီတိ။ တတြာပါယံ သခေ်ပတ္ထော။ပ။တိဋ္ဌတီတိ ဟူ၍ ဥဒါန်းသုံးဂါထာဒ္ဒ် အနက်အသီး အသီးဖြစ်ရာဒ္ဒ် လဒ္ဓဂုဏ်ကိုပြလိုရကား ဝေမေတ္တ-အစရှိသောစကားကို မိန့်သတည်း။

တံ ဝစနံ၊ကို။ သတ္တာဟာဿ၊ ဝိမုတ္တိသုခကို ခံစားတော်မူသည်ဖြစ်၍နေတော်မူရာ ပထမသတ္တာဟ–ကို။အစ္စယေန။ လွန်ခါနီးအခါ၌။ သမ်ိပူဇစာရတည်း။ ထို အစ္စယေနကိုဆင့်၍ သွေ့ အာသနာ ဝုဋ္ဌဟ်ဿာမိတိ–ဟု ဖွင့်သတည်း။

သွေ့၊နက်ဖြန်၌။အာသနာ၊မှ။ဝုဋ္ဌဟိဿာမိ၊ ထတော့အံ့။ကြွတိ၊ကျိသို့။ ဝတ္တ-ပ္ပကွဏ္ဍေ၊ဆိုသင့်ဆိုထိုက်သောခဏ၌။ ကျိသို့ အနက်ပေးရသည်ကို။ ကြွဒါနိ အပ္ပ-နာ ဥပ္ပဇ္ဇိဿတိတိ ကြွဒါနိ အပ္ပနာသခ်ိတော လောကုတ္တရမဂ္ဂေါ ဥပ္ပဇ္ဇိဿတိ တိ ဝတ္တပ္ပကွဏ္ဍေ ဟူသော အာဘိဓမ္မတ္ထဝိဘာဝနီဋီကာ (၂၇၂၃)လာ ကမ္မဋ္ဌာန သင်္ဂဟအဖွင့်စကား ယော သာမဏေရော သမ္ပုဏ္ဏဝိဿတိဝဿော သွေ့ ဥဒ္ဒေ-သံ လဘိဿတိတိ ဝတ္တပ္ပော အဇ္ဇ သော ဥပသမ္ပန္နော ဟောတိ–ဟူသော ဝိန-ယ ဝိနိစ္ဆယဋီကာ သေနာသနက္ခန္ဓက ကထာ ဝဏ္ဏနာ(၂၊၃၁၇)လာ ကျိစကား တို့ကို ထောက်ထား၍ သိဒ္ဓေ။ အာဘိဓမ္မတ္ထဝိဘာဝနီဋီကာ ဆရာနှင့် ဝိနိယ ဝိနိစ္ဆယဋီကာဆရာသည် သာရတ္ထဒီပနီဆရာ၏ တပည့်ချည်းတည်း။ ထို့ကြောင့် ကျမ်းဦးအစ၌ အသီးသီးသာရတ္ထဒီပနီဆရာကို ရှိခိုးကြသတည်း။ ထည့်ပုဒ် ဝတ္ထပ္ပကွဏေ–ကိုဆင့်၍ဝုတ်ဟု ဖွင့်သတည်း။

တစ်နည်းကား “သွေ့၊ ၌။ အာသနာ၊ မှ။ ဝုဋ္ဌဟိဿာမိ၊ အံ့။ ကြွတိ မနသိကရဏတော၊ ကျိသို့ နှလုံးသွင်းတော်မူခြင်းကြောင့်။ (ဝါ) ကျိသို့ နှလုံးသွင်းတော်မူခြင်း အရင်းခံရှိသောကြောင့်။ (ဥပ္ပါဒိတ၌စပ်) ဝုဋ္ဌဟိဿာမိတိ၊ အံ့ဟူ၍”ဟု အာကာရအနက်ပေး၍ ဥပ္ပါဒိတနှင့် မစပ်လင့်။ ဥပ္ပါဒိဘ၌ အာကာရကား “အဝိဇ္ဇာပစ္စယာ သင်္ခါရာ ။ပ။ သမုဒယော ဟောတိ။ အဝိဇ္ဇာယတ္တော အသေသဝိရာဂနိရောဓော ။ပ။ နိရောဓော ဟောတိတိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ။ပ။ သမုဒယော ဟောတိ။ အဝိဇ္ဇာ-ယတ္တော အသေသဝိရာဂနိရောဓော သင်္ခါရနိရောဓော။ပ။ နိရောဓော ဟောတိ တိ” ဟူသတည်း။ ဥဒါန်းပါဠိတော်ကို ထောက်သတည်း။

ဟိ သစ္စံ မှန်၏။ တစ်နည်းကား။ ဟိ ယသ္မာ၊ကြောင့်။တဒါ၊ ထိုဥဋ္ဌအခါ၌။ ဘဂဝါ၊သည်။ (ကျိတဒါနှင့် ဘဂဝါကို မနသာကာသိဒ္ဓ်စပ်)။ ယာ ပစ္စယာ-ကာရ ပဇာနနာ စ၊ အကြင်ပဋိစ္စသမုပ္ပါဒ်ကို သိတော်မူခြင်း၏လည်းကောင်း။ ပစ္စယကွယာဓိဂမာ စ၊ အကြောင်းဟရူးတို့၏ကုန်ရာ နိဗ္ဗာန်ကို ရခြင်း သိခြင်း၏ လည်းကောင်း။ နိဗ္ဗာနသင်္ခါတာ ပစ္စယက္ခယာ အဝေဗောဓနု-ဘဝဝဒီပကံ–ဟု မ်ိန့်အပ်ပြီးသော အဋ္ဌကထာစကားကို ထောက်၍ ကျိသို့ အနက်ပေးသတည်း။

ဤပစ္စယာကာရ ပဇာနနာဿ စ ပစ္စယက္ခယာဓိဂမဿ စ-ဟူသော စကားကို မိဂပဒဝလဉ္ဇန နည်းအားဖြင့် မိန့်တော်မူရကား အလယ်ဖြစ်သော အရိယမဂ်ကိုလည်း ယူအပ်၏။ ထို့ကြောင့် ဥဒါန်းအဋ္ဌကထာ၌ ဥဒါန်း-ပါဠိတော်လာတဲ့ဒေံ ဘဂဝတာ ပဌမံ ပစ္စယာကာရ ပဇာနနာဿ ဒုတိယံ ပစ္စယက္ခယာဓိဂမဿ တတိယံ အရိယမဂ္ဂဿ အာနုဘာဝ-ပကာသနာနိ-(ဥဒါန-၌၊ ၄၆)ဟု မိန့်အပ်၏။ ဤသို့ ဤအဋ္ဌကထာ၌ မိဂပဒ-ဝလဉ္ဇနနည်းအားဖြင့် မိန့်ဆော်မူအပ်သောကြောင့် အရိယမဂ္ဂဿ အာနုဘာဝ ဒီပိကာ ပစ္ဆိမာ ကော ဥဒါနဂါထာ-ဟူသော စကားကို လည်းကောင်း။ မဇ္ဈိမယာမဉ္ဇ-၏ နောက်၌ အနုလောမ ပဋိလောမကော ဋ္ဌသာ ပစ္ဆိမယာမဉ္ဇ-ဟူသောစကားကိုလည်းကောင်း သိအပ်၏။

ဝသေန-ပုဒ်ကို မနသာကာသိ-၌ စပ်ရမည်။ ဧကေကမေဝ ကော ဋ္ဌာသံ-အရကား အနုလုံနှင့် ပဋိလုံသာတည်း။ ပထမယာမ်၌ အနုလုံ၊ ပစ္ဆိမယာမ်၌ ပဋိလုံ ဤသို့နှလုံးသွင်းတော်မူသတည်း။ အနုလုံပဋ်လုံ အစုံမဟုတ်။ ထိုအနုလုံ ပဋိလုံအစုံကို ဧကေကမေဝ-၌ ဧဝ-သဒ္ဒါဖြင့် ကန့်သတည်း။

မနသိ-၌။ အကာသိ၊ ပြီ။ တသ္မာ၊ ကြောင့်။ ရတ္တိ၊ ၌။ ဥပ္ပါဒိတမနသိ-ကာရံ-ကို။ သန္ဓာယ၊ ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ။ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဣဓ မဟာဝဂ္ဂခန္ဓကေ၊ ၌။ ။ဟ်ာ ယသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်။ ဥဂ္ဂစ္ဆိဿတိတိ ဝတ္တာဗ္ဗကာလေ။ ။တတော ပရံ၊ ၌။(သမ္ပတ္တာယ၌စပ်) တံ ဒိဝသံ၊ ထိုကဆုန်လပြည့်ဓနုကို။ ဥဒါနေသိ၊ ၏။ တသ္မာ ပါဋိပဒရတ္တိယာ ဧဝံ မနသာ-ကာသိတိ ဉာယတိ။

ဣတိ ပါဋိပဒရတ္တိယာ-အစရှိသော စကားသည်။ ဣဓ ပန ပါဋိပဒရတ္တိယာ ဧဝံ မနသာ ကာသိ-၏ လဒ္ဓဝုဏ်စကားတည်း။ ဣတိ တသ္မာ ပါဋိပဒရတ္တိယာ ဧဝံ မနသိကရဏတော။ ။မနသိ၊ ၌။ ကတ္တာ၊ ပြုပြီး၍။(ဝိတိနာမေသိ၌စပ်)။ ဗောဓိရုက္ခမူလေ သတ္တာဟံ ကေပလ္လကေန နိသဇ္ဇိတိ၊ ၍။ ဧဝံ၊ ဤသို့။ သဒ္ဒိတိကာရေဟိ၊ တို့သည်။ တံဝုတ္တသတ္တာဟံ၊ ကို။ တတ္ထေဝ ဗောဓိရုက္ခမူလေ၊ ၌။ ဝိမုတ္တိသုခပဋိသံဝေဒနေန၊ ဖြင့်။ ဝိတိနာမေသိ၊ လွန်တော်မူစေပြီ။

ဣဓ ပန ပါဋိပဒရတ္တိယာ-ဟူသော အဋ္ဌကထာစကားကိုထောက်၍ ပါဋိတော် အထ ခေါ ဘဂဝါ ရတ္တိယာ ဟူသောစကား၌ အထုက်တစ်ရက်နေ့ ပါဋိပဒရတ္တိ-ကို ရတ္တိ-ဟု ယူရမည်ကဲ့ သိအင်၏။

ဗောဓိကထာနိဋ္ဌိတာ။

စလင်းဝိနည်းဂဏ္ဌိသစ်

၄။ နဘဂဝါ-၌ နှ-ကို ဥပသက်မိန့်ယူ၏။ အာနန္ဒရမေဝ-ကို နှ ဥပသက်-မိ-၌စပ်။ နှ ဟဘ္ဘော-၌ နှ-ကို ဟောတိန့်ယူ၏။ ။ထွေ ဘုတ္တာ သယတီတိ ဝစနေ။ ဣခါပိတိ ဣမသ္မိံ အထ ခေါ ဘဂဝါ သတ္တာဟာဿာတိအာဒိဝစနေပိ။ နှ-ကို နှ ဟောတိ-ဟု ယူ၏။

ပါရမီနှံ၊ တို့၏။ ဗလာဓိဂမနဋ္ဌာနှံ၊ အားအစွမ်းကြောင့် ရအပ်သောအရပ် ဖြစ်သော။

ရတနဘူတာနှံ သတ္တန္နှံ ပကရဏာနှံ တတ္ထ စ အနုတ္တရဿ ဓမ္မရတနဿ သမ္မဿနေန တံ ဋ္ဌာနံ ရတနဿရုစေတိယံနှာမ ဇာတန္တိပိ ဝဒန္တိ။ ဇေတနေဝ အဋ္ဌသာလိနိယံ ရတနဿရုံနှာမ နှ ရတနမယံ ဇေဟံ။ သတ္တန္နှံ ပန ပကရဏာနှံ သမ္မသိတဋ္ဌာနံ ရတနဿရုန္တိ ဝေဒိတဗ္ဗန္တိ ဝုတ္တံ။ ။ (တေရသကဏ်္ဍိကာ။ (၃၊ ၁၄၄)။ ဤစကားရပ်၌ ပိသဒ္ဒါဖြင့် ဤအဋ္ဌကထာလာသည်အား လျော်စွာ ရတနာဖြင့်ပြီးသောကြောင့် ရတနဿရုစေတိယ မည်သည်ဖြစ်၏ဟူ၍လည်း ဆိုကြကုန်၏-ဟူသောအနက်ကို ပေါင်းသတည်း။ အဋ္ဌသာလိနီစကား၌ "ရဘနဿရုံနှာမ၊ မည်သည်ကား။ သတ္တရတနမယံ၊ သော။ ဇေဟံ ဝေ၊ သည်သာလျှင်။ နှ၊ မဟုတ်။ (ဇေဟ်၌ဝေကျ) ပန၊ စင်စစ်သော်ကား။

သတ္တန္နှံ-၌ ပန-သဒ္ဒါကျသဘည်း။ ထို့ကြောင့် တေရသကဏ်္ဍိကာ၌ သတ္တန္နှံ ပန-ဟု ပန-သဒ္ဒါနှင့်တကွ ဆိုသတည်း။

ဓမ္မရာဇနဘူတာနှံ၊ ကုန်သော။ သတ္တန္နှံ၊ ကုန်သော။ ပကရဏာနှံ၊ တို့ကို။ သမ္မသိတဋ္ဌာနမို့၊ သုံးသပ်ရာအရပ်သည်လည်း။ (ပိသဒ္ဒါကျသတည်း)။ ရတနဿရုံ၊ မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏ ဟုအနက်ပေး။

ဤဝိနည်းအဋ္ဌကထာ၌ ရတနဿရုံ မာပယိ သုး၊ပ။ ဇာတ်-ဟူသောစကား ကို ဥပလက္ခဏနည်းအားဖြင့်သာလျှင် မိန့်သတည်း။ ထို့ကြောင့် ထိုစကားဖြင့် ဓမ္မရတနာဖြစ်၍ဖြစ်ကုန်သော အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို သုံးသပ်ရာ အပ်သည်လည်း ရတနာဿရုမည်၏ ဟူသော အနက်ကိုမှတ်သတည်း။ ဤသို့ ဝိနည်းအဋ္ဌကထာစကား ဥပလက္ခဏနည်း ဖြစ်သော်လည်းကောင်း၊ အဘိဓမ္မာ အဋ္ဌကထာ၌ ဆိုအပ်ပြီးသော အနက်ဖြစ်သော်လည်းကောင်း အချင်းချင်း မဆန့်ကျင်ပြီ။

တစ်နည်းကား ဤဝိနည်းအဋ္ဌကထာ၌ ရတနာဃရကို နတ်တို့ဖန်ဆင်းရသည်ဟု ဒေသကဖြစ်တော်မူသော ဘုရားရှင်ကို ချီးမွမ်းသောအားဖြင့် မိန့်သတည်း။ အဋ္ဌသာလိနီ၌ကား ဒေသေတဇဖြစ်သော တရားတော်ကို ချီးမွမ်းသောအားဖြင့် မိန့်သတည်း။ ဤသို့ ဆရာမြတ်တို့ မိန့်တော်မူကုန်သတည်း။ ဤနည်းအလိုအားဖြင့် အဋ္ဌသာလိနီမှာ ဂေဟံ-ဠှ ဧဝ-ကျေန်မရှိပြီ။သမ္မသိတဋ္ဌာနံ-ဠှလည်း ပိ-သဒ္ဒါ ကျေရန်မရှိပြီ။ဤနှစ်နည်းအလိုအားဖြင့် နှစ်ပါးသော ဝိနည်း အဘိဓမ္မာ အဋ္ဌကထာလာ စကားသည် အရှင်မဟာပုဒ္ဓဃောသ စကားချည်းတည်း။

တစ်နည်းကား ဝိနည်းအဋ္ဌကထာလာ စကားကို ဝိနယဓရ မထေရ်တို့၏ အလိုအားဖြင့် မိန့်သတည်း။ အဘိဓမ္မာအဋ္ဌကထာလာ စကားကို အာဘင်္ဓမ္မိက မထေရ်တို့၏ အလိုအားဖြင့် မိန့်သတည်း ။ ဤနည်း အလိုအားဖြင့်လည်း ဂေဟံ-ဠှ ဧဝ-ကျေရန် မရှိပြီ။သမ္မသိတဋ္ဌာနံ-ဠှလည်း ပိ-သဒ္ဒါ ကျေရန်မရှိပြီ။ ဤသည်ကား ငါ၏စကားတည်း။

ဤအဘိဓမ္မာအလိုကား ပဋ္ဌာန်းကျမ်းကို သုံးသပ်ရာသည် ရတနာဃရမည်၏။ ဝိဂြိဟ်ကိုလည်း "သတ္တာပကဲရဏသင်္ခါ တံ ရတနံ ဂယှတိ ဇော်ထာတိ ရုတနဃရံ" ပြုလို၏။ ဝိနည်းအလိုကား "သုဝဏ္ဏရဇတာဒိနာ ကတံ ဃရံ ရတနဃရံ"ပြုလို၏။ စတုတ္ထ ပန သတ္တာဟော ပေါဓိတော ပစ္ဆိမုတ္တရဒိသာဘာဂေ ဒေဝတာ ရတနဃရံ မာပယိံသု၊ တတ္ထ ဘဂဝါ ပလ္လင်္ကေန နိသီဒီတ္ထာ ။ပ။ ဂေဟံ၊ သတ္တန္နံ ပန ပကရဏာနံ သမ္မသိတဋ္ဌာနံ ရတနဃရန္တိ ဝုစ္စတိတိ။ ယသ္မာ ပနေတ္ထ ဥဘောပေတေ ပရိယာယေန ယဇ္ဇန္တိ၊ တသ္မာ ဥဘယမ္ပေတံ ဂဟေတဗ္ဗမေဝဟု အပဒါန် အဋ္ဌကထာ၌(၁၊၉၂) လာသောအတိုင်းမဆန့်ကျင်စေမူ၍ ဆုံးဖြတ်အင်၏။ (အဋ္ဌသာလိနီဂဏ္ဌိနိဒါန်းအဖွင့်။)

တတြာပိ အဇပါလနိဂြောဓော။ စမ္ဗံ အဘိမွေစမ္ဗံ။ ပေါဓိတော။ပ။ ဟောတ်-ကားသည် နာမံ ဥဒပါဒိ-၏ အခြားမဲ့၌ ရှိရမည်။ ပေါဓိတော။ပ။ ဟောတိ၏အခြားမဲ့၌ သတ္တာဟံ ဝိမုတ္တိသုခံ-အစရှိသောစကား ရှိရမည်၊ ထို စကား၏အခြားမဲ့၌ ဧဝံ နိသိန္နေ-စသောစကား ရှိရမည်။ ကားရှေ့နောက်ပြန်သတည်း။

ဟုံဟုန္တိ ကရောမန္တော ငိစရတိ--စကားဖြင့် "ဟုံဟုန္တိ ကရဏံ ဟုံဟုကော်။ ဟုံဟုကော် ဇာတိ သဘာဝေါ ယဿာဉ္စ ဟုံဟုက်ဇာတိရော--ဟူသောဝိဂြိုဟ်

ကို ပြသတည်း။ ဗဟုနဒိကော--ဠ်ကဲ့သို့ သမာသ်ပုဒ်၏အဆုံးဠ် ကပစ္စည်းသက် (ဒိဋ္ဌမင်္ဂလိကတာယ--ကို ပါပမ္မယုတ္တောဋ္ဌစပ်)။

နပဋိဇာနာတိ၊ ဝန်မခံသင့်။ မဂ္ဂဇြဟ္မစရိယဿ--အစဲရှိသော စကားဖြင့် အနုတ္ထကိုသာပြသည်၊ ဝစနတ္ထပြုသော် ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြုရမည်။ဟုံဟု-ကံ်ာရပ္ပဟာနေန--ဖြင့် နတ္ထိ ဟုံဟုက်ာရော ဣမဿာတိ နိဟုံဟုကေ်ာ--ဟူသော ဝစနတ္ထကိုပြသတည်း။ နိ--သည် ဝိယောဂအနက်ဟောတည်း။ ကသာဝေါ ဝိယာဘိ ကသာဝေါ ဏာဝေါ။ အဖန်ရေသည် အာတ်စသည်တို့ဠ် ကပ်ငြိသကဲ့သို့ ဏာဂသည်လည်း ရူပါရုံစသည်တို့ဠ် တပ်စွဲမ်းကပ်ငြိတတ်သတည်း။ ထို့ကြောင့် ဏာဂါဒိကသာဝါဘာဝေန--ဟု မိန့်သတည်း။

ဝေဒဟိ၊ မဂ်ဉာဏ်တို့ဖြင့်။ အန္တံဝါ၊ သင်္ခါရတို့၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း။ ဝေဒါနံ၊ မဂ်ဉာဏ်တို့၏။ အန္တံဝါ၊ အဆုံးဖြစ်သော အရဟတ္တ ဖိုလ်သို့ လည်းကောင်း။ ဂတတ္တာ၊ အာရုံပြုခြင်း မိမိသန္တာန်ဠ် ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ဆောက်တော်မူသည်၏ အဖြစ်ကြောင့်။

နိဗ္ဗာန်သို့အာရုံပြုခြင်း၏ အစွမ်းအားဖြင့် အရဟတ္တဖိုလ်သို့ မိမိသန္တာန်ဠ် ဖြစ်စေခြင်း၏ အစွမ်းအားဖြင့် ဆောက်တော်မူသတည်း။

အန္တိန် နိဗ္ဗာနံ။ ဝေဒါနံ ဝါ အန္တိန် မဂ္ဂဉာဏ် ဝါ အန္တဘူတံ အရဟတ္တ ဖလံ(ဝိမတိဝိနောဒနိဋီကာ)။ ခီဏာသဝဇြဟ္မဆေနာ၊သည်။ မဂ္ဂ_ဟ္မစရိယဿ ၏။ ဝုသိတတ္တာ၊ ကျင့်သုံးအပ်သည်၏ အဖြစ်ကြောင့်။

ဤစကားရပ်ဖြင့် "ဝုသိဘံ မဂ္ဂသခ်္ခါတံ ဗြဟ္မစရိယံ ဧတေနာတိ ဝုသိဘမဂ္ဂ ဗြဟ္မစရိယော" ဟူသော ဝစနတ္ထကိုပြသတည်း။

လောကသန္နိဝါသေ၊ ပေါင်းဆုံ အညီအညွတ်လာ၍ နေရာ ဩကာသ လောကဠ်။

လောကသန္နိဝါသေတိ လောကော ယေဝ သံဂမေ သမာဂမေ နိဝါသနဋ္ဌေန လောကသန္နိဝါသော သတ္တာကရော။ (အဋ္ဌက အင်္ဂုတ္တရဋီကာ ၃၊၂၁၅) သတ္တာကရော၊ သတ္တဝါတို့၏ တည်ရာ ဩကာသလောကကို။ လဗ္ဘတိ၊ ရအပ်၏။

အဇပါလကထာ နိဋ္ဌိတာ

၁။ သတ္တနိကာယော(ဆဋ္ဌမ္ပိ)

မူစလိန္ဒကထာ

ပါဠိတော်၌ မူဒ္ဓဇပဌမကွဆုဋ္ဌ ဝယ် ကဇ္ဇဇ အ ရဿနှင့် သတ္တာဟဝဋ္ဋလိကာ-ဟုရှိ၏။ အဋ္ဌကထာအချို့စာ၌ ဤအတူပင်ရှိ၏။ အချို့စာ၌ ဒန္တဇတတိယကွဆုဒ္ဒ-ဝယ် အရဿနှင့် သတ္တာဟဝဒ္ဒလိကာ ဟုရှိ၏။ ပါရာဇိကဏ် အဋ္ဌကထာနိဿဂ်ိယပါစိတ် တတိယဝဂ်လာဘေသဇ္ဇသိက္ခာပုဒ်အဖွင့်၌လည်း ထိုအတူပင် သတ္တာဟဝဋ္ဋလိ သမယေ-ဟူ၍ လည်းကောင်း သတ္တာဟဝဒ္ဒလိသမယေ-ဟူ၍ လည်းကောင်းရှိ၏။ နိတ္တလံ ဝဋ္ဋံ ဝဋ္ဋုလံ။ (အဘိဓာန် ဝိသေသျာဓိနဝဂ် ၇၀၇)။ တက် ဝဋ္ဋုလေ၊ နိဂ္ဂတံ တလမသ္မာတိ နိတ္တလံ။ ဝဋ္ဋ ဝဋ္ဋနေ၊ ဝဋ္ဋံ။ လတာဒိ။ ဥလပစ္စယေ ဝဋ္ဋုလံ။ (အဘိဓာန်ဋီကာ(၇၀၇)။ ဝဋ္ဋော ပရိဗ္ဗယေ ကမ္မာဒိကေ သော ဝဋ္ဋုလေ တိသု။ (အဘိဓာန်အနေကတ္ထဝဂ်ဂါထဒ္ဓ (၁၀၁၈)။ ဝဋ္ဋုလေ ပဗ္ဗဇ္ဇသဏ္ဌာနေ။ (အဘိဓာန်ဋီကာ)။ ကောဒဏ္ဍော တိ ဝဋ္ဋုလဒဏ္ဍော ဓနုဝိကတိ။ (တေရသကဏ်ဋီကာ သေခိယ သိက္ခာပုဒ် ဆဋ္ဌဝဂ် နဇာဝဓုဓ သိက္ခာပုဒ်အဖွင့်(၃၊၁၀၀၈)။ ကောဒဏ္ဍော၊ ဒူးလေး။ ဒူးလေးသည် လည်၍ လုံးသော အရိုးရှိ သတည်း။ ဤသို့ အဘိဓာန် စာကိုယ် ဋီကာ တေရသကဏ်ဋီကာလာ စကား တို့ကို ဆောက်တား အားကိုး၍ မူဒ္ဓဇ ပဌမကွဆု ဒု-ဝယ် မူဒ္ဓဇ ဥအက္ခရနှင့် သတ္တာဟဝဋ္ဋုလိကာ-ပုဒ်အမှန် ဖြစ်ရာသတည်း။ ဘေသဇ္ဇသိက္ခာပုဒ်အဖွင့်၌လည်း သတ္တာဟဝဋ္ဋုလိသမယေပုဒ်အမှန် ဖြစ်လေရာသတည်း။သတ္တာဟဝဋ္ဋုလိကာ၊ခုနစ်ရက်ပတ်လုံးလည်၍ ဖြစ်သောမိုး ရွာခြင်းသည်” ဟုအနက်ပေး။အဋ္ဌကထာ၌လည်း “ဇဝိစ္ဆိန္နဝဋ္ဋိကာ၊မပြတ်မိုးရွာခြင်းသည်” ဟုအနက်ပေး။ထို့ကြောင့်ဝိမတိဝိနောဒနီ(၂၊၇၆)၌ ဝဋ္ဋုလိကာတို့ဝဋ္ဋယာ ဝေ ဣတ္ထိလိင်္ဂသေန နာမံ။ ယာစသတ္တာဟံပဝတ္တတ္တာ သတ္တာဟဝဋ္ဋုလိကာ၂’တိ ဝုတ္တာတိ အာဟ သတ္တာဟံ ဇဝိစ္ဆိန္နဝဋ္ဋိကာ အဟောသီတိ။ သိတဝါတေန ဒူသိတံ ဒိနမေတိသာ ဝဋ္ဋုလိကာယာတိ သီတဝါတဲ့ ဒုဒ္ဒိနံတိ အာဟ ဥဒကံ ပုသိတသမ္မိဿေနာတိ အာဒိ-ဟုမိန့်အပ်၏ ဝုဋ္ဌိသဒ္ဒါ မိုးရွာခြင်း အနက်ဟာတည်း ထို့ကြောင့် အဘိဓာန်သဂ္ဂကဏ္ဍ(၄၈)၌ ဝဿဥ္စ ဝဿနံ ဝုဋ္ဌိနာရိယံ-ဟုမိန့်အပ်၏ အဘိဓာန်ဋီကာ၌ တိကံ ဝုဋ္ဌိယံ ဝဿတိ သိဉ္စတိတိ ဝဿံ ဝဿသေစနေ ဇဝံ ဝဿန ဝုဋ္ဌိယော-ဟုဖွင့်အပ်၏ ဝိမတိဝိနောဒနီလာ သတ္တာဟံပဝတ္တတ္တာ ဟူသောစကားဖြင့် သတ္တာဟံ ဝဋ္ဋတိပဝတ္တတိတိသတ္တာဟဝဋ္ဋုလိကာ-ဟူသော ဝစနတ္ထကိုပြသတည်း ပါဠိတော်၌ “သတ္တာဟဝဋ္ဋုလိကာ၊ ခုနစ်ရက်ပတ်လုံးလည်၍ဖြစ်သောမိုးလင်းရွာခြင်းသည်။သိတဝါတ ဒုဒ္ဒိန်၊

၁။ ဝဋ္ဋုလ(ဆဋ္ဌမူ)　　၂။ ဝဒ္ဒလိကာတို့(ဆဋ္ဌမူ)

ဖိုးပွဲလေကြမ်းဖြင့် ဖျက်ဆီးအပ်သောနေ့ရှိသည်။ ဟောတီ ၏။"ဟု ပက တိကတ္တား ဝိကတိကတ္တား အနက်ပေး ဘေသင့် သိက္ခာပုဒ် အဖွင့်၌လည်း သတ္တာဟဝန္ဒုလိယမယော၊ခုနစ်ရက်ပတ်လုံးလည်၍ ဖြစ်သောမိုးရွာသောအခါ၌' ဟု အနက်ပေးဏှာဒိုမောဂ္ဂလာန်၌ (၁၉၂-ရှ)ဝတ္တဝတ္တနေ ဂုလောဝတ္တဝတ္ထိတိ-ဝတ္တုလော။ ပရိမဏ္ဍလော ဟုမိန့်ရကား မောဂ္ဂလာန်ဆရာအလိုအားဖြင့် ဒန္တဇ-ပဋမကွဇ္ဇာ-တာနှင့်ဝတ္တုလောဟုရှိရမည်။

ဥ သံယုတ်နှင့် မုဥ္ဆလိန္ဒဟု ပါဠိ အဋ္ဌကထာ ဋီကာဘို၌၌၏။ နိစုလော မုစလိန္ဒော စ။ နိပေါ ထ။ ။အဘိဓာန် အရညဝဂ်(၅၆၃)။ ။မုစလ သဒ်ာ စေတ၊ ဂ္ဂန္ဒော။ (အဘိဓာန်ဋီကာ)။ ဤသို့ လာသောကြောင့် ဥသံယုတ် ကင်းလျက် မုစလိန္ဒဟု ရှိရမည်။

တဗဘာဝ မုစလိန္ဒ ရုက္ခဿ-အစရှိသော စကားဖြင့် သမီပူပစာရအားဖြင့် လေးထောင့်ကန်၏ မုစလိန္ဒမည်သည်၏ အဖြစ်ကို လည်းကောင်း နဂါးမင်း၏ "မုစလိန္ဒေ နိဗ္ဗတ္တော မုစလိန္ဒော" ဟူသော ဝစနဿကြောင့် မုစလိန္ဒမည် သည်၏အဖြစ်ကို လည်းကောင်း။ တစ်နည်းကား ဌာန္ဒပစာရအားဖြင့် နဂါး မင်း၏ မုစလိန္ဒမည်သည်၏ အဖြစ်ကိုလည်းကောင်း ပြသတည်း။

တတ္ထ၊ ထိုဘုရား၌ ကျည်းပင်ရင်း၌ သီတင်းသုံးတော်မူသော အခါ၌။ ပဝတ္တာယ၊ သော။ သတ္တာဟ ဝန္ဒုလိကာယ၊ ၌။ ဥာဏမေဝ၊ သည်သာလျှင်။ ကိုဋ္ဌာပိနတ္ထိ၊ ရှင့်။

တေန ခေါ ပန သမယေန မဟာအကာလ မေဃော ဥဒပါဒိ။ သတ္တာဟ ဝန္ဒုလိကာ ဟူသော ပါဋ္ဌိတော်စကားရင်းကို ထောက်၍ တတ္ထပုဒ်ကို ဤသို့ အနက်ပေးသတည်း။ ထိုစကားမှန်၏။ တေနခေါပနဿမယေန-၌ တ-ဖြင့် နိသီဒိ-ကြိယာကို သုံးသပ်ရသတည်း။ ပဝတ္တာယ-ဟု ထည့်သည်ကား ဥဒပါဒိ ကြိယာကိုထောက်၍ ထည့်သတ်သည်း။ ထိုစကားမှန်၏၊ သတ္တာဟဝန္ဒုလိကာ-ဟူသော ပုဒ်ကိုလည်း ဥဒပါဒိကြိယာ၌ စပ်ရသတည်း။

ဝိဒွံ-၌ ဝိဓ-ဓာတ်သည် ဝိဓ=ဝိဇ္ဈနေ။ ဝိဇ္ဈတိ။ ပဋိဝိဇ္ဈတိ။ ခဏ.ဝိဒ္ဓ ဟု မာတုမာလာ ဒီဝါဒီဂိုဏ်း (၂၃၁) ၌ လာသည်နှင့်အညီ ထိုးဖောက်ခြင်း.ဝိဇ္ဈန အနက်ဟောတည်း။ထိုးဖေါက်ခြင်းသည် အောက်ကို ထိုးဖောက်ခြင်း အုထက် ကို ထိုးဖေါက်ခြင်း အားဖြင့် နှစ်ပါ.အပြားရှိ၏။ ဤအရာ၌ အထက်ကို ထိုးဖေါက်ခြင်း အနက်ဟောတည်း။ အထက်ကို ထိုးဖေါက်ခြင်း ဟူသည်

အထက်ဖြစ်သော တိမ်တိုက်ဆိုးနှင်း အစရှိသော အညစ်အကြေး ကင်းခြင်းကြောင့် ထိုအထက်ဖြစ်သော အညစ်အကြေးကို ထိုးဖောက်သကဲ့သို့ ဖြစ်ခြင်းဓာည်း။ ဤသို့ဖြစ်သည်ရှိသော် အထက်သို့ တက်ခြင်းကြောင့် ဝေးသကဲ့သို့ ဖြစ်သတည်း။ ထို့ကြောင့် "ဝိဒ္ဒန္တိ ဥပ္ပိဒ္ဒံ။ မေဃဝိဂမေန ဒူရီဘူတန္တိ အတ္ထော" ဟုအဋ္ဌကာဒ္ဒ်ဖွင့်တော်မူသတဲ့ည်း။ "ဒူရီဘူတံ၊ ဝေးသကဲ့သို့ဖြစ်၏" ဟု အနက်ပေး။ ဤအဋ္ဌကထာစကားကိုထောက်၍ ပါဠိတော်၌ "ဝိဂတဝလာဟကံ ဝိဂတဝလာဟကတ္တာ၊ ကြောင့်။ ဥပ္ပိဒ္ဒံ၊သော။ ဒေဝံ၊ကို" ဟုအနက်ပေး။

မေဃနှင့်ဝလာဟကသည် မိုးတိမ်၏ပရိယာယ်ချည်းတည်း။ မေဃော ဝလာဟကော ဒေဝေါ [အာဘိဓာန်သဂ္ဂကဏ္ဍ(၄၇)]။ ဥပ္ပိဒ္ဒေတိ ဒူရေ။ အဇ္ဇမဟိကာဒိဥပက္ကိလေသဝိဂမေန ဟိ အာကာသံ ဥတ္တုဂ်ံဝိယ ဒူရံ ဝိယ စ ခါယတိ။ တေနာဟ ဒူရီဘူတေတိ။ "ဥတ္တုဂ်ံဝိယစ၊ မြင့်သကဲ့သို့လည်းကောင်း" ဟု အနက်ပေး။ [မူလပဏ္ဏာသဋီကာ၊ စတုတ္ထမဟာဝဂ်၊ မဟာဓမ္မသမာဒါနသုတ်၊ အဖွင့် (မ၊ဋီ၊၂၊၂၉၇)]။ ဥစ္စော တု ဥန္နတော တုဂ်ေါ။ ဥဒဂ္ဂေါစေဝ ဥစ္ဆိတော။ [အာဘိဓာန်အမြင့်ဟောပရိယာယ်-၇၀၈]။ တုဇိ ဟိ သာယံ ဖလနေစ၊ အ၊တုဂ်ေါ။ "ဟိ သာယံ၊ အထက်ဖြစ်သော အညစ်အကြေးစသည်ကို နှိပ်စက်ခြင်း၌။ (အာဘိဓာန်ဋီကာ)။ ဤအာဘိဓာန်ဋီကာတို့ကို ထောက်၍ မူလပဏ္ဏာသဋီကာ၌ "ဥတ္တုဂ်ံ ဝိယ စ၊ အထက်သို့မြင့်သကဲ့သို့လည်းကောင်းဟု အနက်ပေး။ မြတ်စွာဘုရား၏ ရှည်သောနှာခေါင်းတော်ရှိသည်၏ အဖြစ်အည် တုဂ်နာသိကာမည်သတည်း။ ဤကိုထောက်၍လည်း တုဂ်-သဒ္ဒါ အမြင့်ဟော၏ အဖြစ်ကိုသိအပ်၏။ မူလပဏ္ဏာသဋီကာ၌မူကား ဥ-ရှေးရှိ၍ ဥတ္တုဂ်ံ ဝိယ–ဟု ရှိသတည်း။ ဝိဓ၊ ဝေဓနေ။ ဇေတ္ထာဘာဝေါ။ ပဋိဝိဇ္ဈတီတိ ဝိဒ္ဓံ။ ဝိမလံ။ [ကဉ္စဒိမောဂ္ဂလာန် ၉၉]။ ပဋိဝိဇ္ဈတိ၊ ထိုးဖောက်တတ်၏။ တံ ဝိဝေကံ ဝါ ယံကိဉ္စိ ပဿိတမ္ဘံ နာမ အတ္ထိ။ တံ သမ္ဘံ ဝါ။ ။ မေတ္တာပုဗ္ဗဘာဂေါ၊ အနာဂါမိမဂ် အရဟတ္တမဂ်တို့၏ ရှေးအပိုဒ်ဖြစ်သော မေတ္တာကို။

ဟိ ယသ္မာ ဝုစ္စတိ။ တသ္မာစ ဣဓော အရဟတ္တဖလသုခတော ပရံ အတ္ထိရေကံ သုခံ နာမ ဟိ ယသ္မာ နတ္ထိ။ တသ္မာ စ အရဟတ္တံ ကထိတံ။

မုစလိန္ဒကထာ နိဋ္ဌိတာ။

စလင်းဝိနည်း (ဒု) ၁၈-ပ-မ-၈၈-စ

ရာဇာယတနကထာ

ပါစိနကောဏော၊ အရွှေတောင်ထောင့် အရပ်၌။

ရာဇာယတနံ ပါတလိ။ (ဝင်ဇုဒ္ဒိ)။ ပါဠလိကဏ္ဍဝန္တော စ [အဘိဓာန် အရညဝဂ် သံသတ်ပင်ပရိယာယ်-၅၅၉]။ပါဠလီ သိမ္မလိ ဇမ္ဗု။။(ဝိသုဒ္ဓိ၊၁၊၂၀၀)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ လောကဝိဒူအာဖွင့်၌ သခွတ်ပင်ဟော ပါဠလိ-သဒ္ဒါ လာ၌ သတည်း။ ဝင်ဇုဒ္ဒိဋီကာ ဆရာအလိုအားဖြင့် သံသတ်ပင်နှင့် သခွတ်ပင် တစ်ခုခုသည် ရာဇာယတန မည်လေရာသတည်း။ မဟာဝင်ကိုမှီး၍ ရေးအပ်သော သာရတ္ထဒီပနီ(၁၊၁၇၅)လာ သမိဒ္ဓသုမနေန နာမရက္ခဒေဝပုတ္တေန ဆတ္တံကတ္ဝာ ဓာရိတရာဇာယတနော-စကားဖြင့် ထိုးပြု၍ လင်းလွန်းပင်ဖြင့် ရက္ခစိုး နတ်သားသည် ဘုရားရှင်ကို မိုးကြောင်းကိုမိန့်သည်နှင့် သံသတ်ပင်နှင့်သခွတ်ပင် တစ်ခုခုသည် ထိုးပြု၍မိုးခြင်းငှာ မလျော်ရကား လင်းလွန်းပင်သည် သံသတ်ပင်နှင့်သခွတ်ပင်မှ အသိုးအခြား တစ်ပါးသစ်ပင်ဟု မှတ်ယူအပ်၏။ထို့ကြောင့် အဘိဓာန် အရညဝဂ် (၅၆၄)၌ ခိရိကာ ရာဇာယတနံ-ဟု ပါဠလိမှတစ်ပါး အသိုးအခြားမိန့်အပ်၏။

ရန်ကုန်မြို့ သိုက်တွင်းရကုန်း၌ ရွှေးမင်းတို့ လင်းလွန်းပင် စိုက်ပျိုးကြကုန်သတည်း။ ထိုလင်းလွန်းပင်သည် သံသတ်ပင်နှင့် သခွတ်ပင်မဟုတ်လေ။

ပရိဘုတ္တမတ္တဿေဝ သရီရကိစ္စံ အဟောသိ-စကား၌ သုံးဆောင်ကာမျှဖြင့် ကျင်ကြီးကျင်ငယ်သွားရခြင်းဖြင့် ကိုယ်တော်ကို သုတ်သင်ခြင်းကိစ္စဖြစ်ပြီးသည် ဟူလိုသတည်း။

တသ္မိံယေဝ ရုက္ခမူလေ၊ ထိုလင်းလွန်းပင်ရင်း၌သာလျှင်။

ဧဝံ ဥဂ္ဂတေ ။ပ။ ဘဂဝတိ-ဟူသောအခါပြု လက္ခဏာသတ္တမီ စကားဖြင့် ကတရေန သမယေန-ဟူသော ပုစ္ဆာစကားကို ဖြေသတည်း။ ဘဂဝတိ-၏ အခြားမဲ့၌ တေန ခေါ ပန သမယေန-စကားကို ဆိုသည်ကား ဧဝံ ဥဂ္ဂတေ။ပ။ ဘဂဝတိ-သည် တေန ခေါ ပန သမယေန-၏ အရ သမယ-ကိုပြသတဲ့သည်း ဟု ထင်ရှားပြခြင်းငှာ ဆိုသတည်း။

ဥက္ကလဇနပဒတော၊ ဥက္ကလဇနပုဒ်မှ (ထိုဇနပုဒ်သည် ယခုကာလ ရန်ကုန်မြို့ကြီးဖြစ်သတည်း)။ ဇတ္ထ ဇတဲ့သို့ တံ ဒေသံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောန္တိတိ

ဝစနေ။ ကိဉ္စာပိ အဟောသိ။ တထာပိ ယသ္မာ အန္တရဓာယိ။ တေန တသ္မာ အဿ ဘဂဝတော ဧတံ သေသော ပရိဝိတက္ကော အဒဟာသိ။

ယသ္မာ အဒ္ဒသ။ တသ္မာ ကိဉ္စာပိ ဇီဃစ္ဆာ နေဝ အဒဟာသိ ကာယဒုဗ္ဗလျံ နု အဟောသိ။ပန တထာပိ ဣဒါနိ အဿ ဘဂဝတော အာဟာရံ ပဋိဂ္ဂဟေတု-ကာမတာယ။

အတ္တနော၊ မိမိ မိမိဟုဆိုအပ်သော စာတုမဟာရာဇ်နတ်မင်း၏(အတ္တနော ပုဒ်တခုကျေ(ဝိစ္ဆာလောပတည်း)။တစ်နည်းကား အတ္တနော၊ မိမိဟုဆိုအပ်ကုန်သော စာတုမဟာရာဇ်နတ်မင်းတို့၏။ (ဗဟုဝုစ်၌ ကေဝုစ်ဆင့်ဝိဘတ်သ-သက်) တစ်နည်းကား အတ္တနော မိမိဟုဆိုအပ်သောစာတုမဟာရာဇ်နတ်မင်း၏(ဇာတ်ကို ငဲ့၍ ကေဝုစ်သ-ဝိဘတ်သက်သတည်း။)

ပစ္စဂ္ဃေ ကို ပစ္စဂ္ဃသ္မိံ-ဖွင့်သည်ကား ဒုတိယာ ယော-ဝိဘတ်ကို နစ်စေသတည်း။ ပါဠိင်္ဂေက်ဖြင့် ပစ္စဂ္ဃသ္မိံ ကို ပတိ+အဂ္ဃသ္မိံ ဟု ပုဒ်ဖြတ်ရသည်နှင့် ပတိသဒ္ဒါ၏ ဝိသုံအနက်ကို ပြသတည်း။ မဟဂ္ဃသ္မိံ-ဖြင့် အဂ္ဃ-သဒ္ဒါ၏ အဖိုးမူလအနက်ကိုပြသတည်း။ များသောအဖိုးကိုလည်းပြသတည်း။

ပစ္စဂ္ဃ နှိ အဘ္ဘာ့ကျံ သမ္ပဒါတံ၁ မစ္ဆမံသဝိကတိသုဝါ ပစ္စေကံ မဟဂ္ဃံ ဇာတ္တာတိ ပစ္စဂ္ဃံ။ တိကနိပါတ်သုပတ္တဇာတ် (ဇာတကဋ္ဌ။၂၊၃၉၂)အဖွင့်လည်း ဤအဖွင့်နှင့် အတူတူပင်တည်း။

ပစ္စဂ္ဃေတိ အာဘိနဝေ-ဟူသော နောက်နည်းစကားဖြင့် အဂ္ဃ-သဒ္ဒါ၏အရင်မူလအနက်ကို ပြသတည်း။ အရင်းမူလဟူသည် ပကတိတည်း။ ပကတိဟူသည် အသစ်တည်း။ ဤအဋ္ဌကထာ အဖွင့်စကားကို ထောက်၍ အဂ္ဃော မူလော စ ပဋေန-ဟူသော အဘိဓာန်၊ အနေကတ္ထဝဂ်၊ ဂါထဒ္ဓ(၁၀၄၈)လာ စကားဝယ် မူလော့ပုဒ်၌ ဏ-ပစ္စည်းအနက်မရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ မူလ-သဒ္ဒါ အဖိုးမူလနက်, အရင်းမူလနက်, ဤနှစ်နက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း သိအပ်၏။ မူလ-သဒ္ဒါ ဤနှစ်နက်ကို ဟောသည်ရှိသော် အဂ္ဃ-သဒ္ဒါလည်း ဤနှစ်နက်ကို ဟောသည်၏ အဖြစ်ကို သိအပ်၏။

---

* ၁။ အပါရိဝါသိကံ(ဇာဋ္ဌ၊၂၊၃၉၂)

ပစ္စယ်ဿ ပစ္စဂ္ဂံ အာဘိနဝံအာဒိတော တထာ လဒ္ဓဝေါဟာရေန အနုညပရိ-ဘောဂတာယ၊ တထာ ဝါ သတ္ထု အဓိဋ္ဌာနေန သော် ပတ္တော သမ္ဘကာလံ ပစ္စယ်ဿန္တေဝ ဝုစ္စတိ၊ သီလာဒိဝုတ္တရတန လက္ခဏုပ ပတ္တိယာ ဝါ သော ပတ္တော ဂစ္စယ်ဿ်ီ ဝုစ္စတိ [သုတ်သီလက္ခန် ဋီကာ ပေါဋ္ဌပါဒ-သုတ်အဖွင့် ဋီဟောင်း၊ ၃၆၁၊ ၂။] ပစ္စဂ္ဂံ–ဟု ကဏ္ဍ စတုတ္ထ ဂ်နှင့် ရှိသည်ကို ပစ္စဂ္ဂံ–ဟု ကဏ္ဍတတိယ ဂ္ဂနှင့် ဖွင့်သည်ကား ကဏ္ဍတတိယ ဂ္ဂ–ကို ကဏ္ဍ စတုတ္ထဂ်–ပြုသတည်းဟု ပြသတည်း။ အဂ္ဂသဒ္ဒါသည် ပူဇ-အနက်ဟောတည်း။ပတိကား အနက်မရှိ။ ရှေးဟူသည် အသစ်တည်း။ ထို့ကြောင့်ပစ္စဂ္ဂံ–ကို အာဘိနဝံ–ဟု ဖွင့်သတည်း။ ဤနည်းအလိုအား ဖြင့် အခါခပ်သိမ်းအသစ်မဟုတ်။ဒုတိယနည်း အလိုအား ဖြင့် အခါခပ်သိမ်း သစ်၏။ ပုဒ်နေကား ဤနည်း နှစ်ပါးမခြား။ တတိယနည်း အလိုအား ဖြင့် ကဏ္ဍ စတုတ္ထဂ်–သည်ပင် အရင်းတည်း။ ကာရိယမဟုတ်၊ အဖိုးအများ ထိုက်သောကြောင့် ပစ္စဂ်ဿမည် သတည်း။

ပတိတော အဂ္ဂေါ ယဿ ပစ္စဂ်ေါ။ဂဿ ဃော။ ဗဟုကော ဝါအဂ်ေ၊ ယဿ ပစ္စဂ်ေ။အနေကတ္ထတ္တာ ဟိ ဉဖသဂ္ဂနိပါတာနံ ဗဟုကတ္ထော ဇတ္ထ ပတိ သဒ္ဒေါ။[(အဘိဓာန်ဋီကာ ဝိသေသျာဓိန၀ဂ်အဖွင့် ၇၈၃–ဂါထာဖွင့်)] အလို အားဖြင့် တစ်နည်း ပစ္စဂ်ဿ ပုဒ်ပြီးသတည်း။ "ပတိတော၊ ရှေးဦးစွာကျလာဆော အဂ်ေါ၊အစသည်" ဟု အနက်ပေး။

တေ ဇေံ ဥပါသကဘာဝံ–စသော စကားဖြင့် အဟေသုံ ဒ္ဝေါစိကာ–စကား၏ အကြားနှင့် အထ ခေါ ဘဂဝါ–စသော စကား၏အကြားဌ် တဖုံသာ ဘလ္လိက ကုန်သည်တို့၏ ကိစ္စကို ပြသော စကား ပါဠိတော်ဌ် မလာမရှိသည် နှင့်ထိုကိစ္စကို ပြတော် မူသတည်း။

ရာဇာယတနကဏ္ဍ နိဒ္ဒိတာ

၇။ ဗြဟ္မယာစနကထာ

။ ။အမတေန အာဘိသိတ္တာ ဣဝ။

ပဋိဂ္ဂဟေသိတျာဒိနာ ဝုတ္တပ္ပကာရံ ပဋိဂ္ဂဟဏာဒိကံ ဇေတံ သတ္ထုံ ကိစ္စံ။ ပစ္စဝေက္ခဏာယ စ ဒေသေတုကာမတာယ စ။ ။အယံ ဓိတက္ကော ဥပ္ပဇ္ဇတိတိပရိဟာရော။ တတ္ထ ပရိဝိတက္ကော ဥဒပါဒိတျာဒိဝစနေန။

သတ္တာ ပဥ္စကာမဂုဏေ အလ္လိယန္တီ-စကားသည် ဝက်ဝုံစ်စကားတည်း။ သတ္တဝါတို့ ကပ်ငြိတတ်ကုန်သော ကာမဂုဏ်တို့သည် ကပ်ငြိအပ်ကုန်သည်။ ထို့ကြောင့် "အလ္လိယန္တီတိ အာလယာ" ဟု ကမ္မသာဓနဝစနတ္ထပြုအပ်၏။

သတ္တာ၊တို့သည်။ ပဥ္စကာမဂုဏေ၊ တို့ကို။ အလ္လိယန္တီ၊ ကပ်ငြိတတ်ကုန်၏" အာလယန္တီ အလ္လိယန္တီ အဘိရမဏဝသေန သေဝန္တီတို့ အာလယာ၊ တဏှာဝိဓရိတာနိ-ဟူသော မူလပဏ္ဏာသင်္ခေါကု ၁(၂၊၁၃၁)စကားကိုမှီးသတည်း။အလ္လိယန္တီ-ဍ် အတ္တနောပုဒ်ကို ကတ္တားဍ်သက်။

တမော ခန္ဓေန အာဝုဋာ-ဟူသောပါဒဍ် တမသဒ္ဒါသည် အမိုက်မှောင်နှင့် တူသော အဝိဇ္ဇာဟော ဟူ၍လည်းကောင်း, ခန္ဓသဒ္ဒါသည် ရူပက္ခန္ဓာစသော အနက်, ပခုံးဟူသောအနက်,ပင်စည်ဟူသောအနက်, အစုဟူသောအနက်,ဂုဏ်ကျေးဇူးဟူသောအနက်တို့တွင် အစုအနက်ဇောဟူ၍လည်းကောင်း,အာဝုဋာ-ဍ် အာ-ရှေးရှိသော ဝု-ဓာတ်၊ သံဝရဏ အနက်ဟော ဟူ၍လည်းကောင်း, ပိတ်ပင်ခြင်း သံဝရဏဟူသည် ဖုံးလွှမ်းခြင်း အဇ္ဈောတ္ထရဏဟူ၍လည်းကောင်း ပြခြင်းငှာတမောခန္ဓေနံဝတိ-အစရှိသောစကားကို မိန့်သတ်သည်း။

အပ-သဒ္ဒါသည် အပဟာရိတေ-ဍ် အဘာဝအနက် ဟောတည်း။အပေါ် သဂ္ဂါယ ဂစ္ဆတို့-ဍ် ခုဒ္ဓကအနက်ဟောတည်း။ဤဍ် အဘာဝအနက်ဟော်သည် ကို သိစေခြင်းငှာလည်းကောင်း, တာ-ပစ္စည်းအနက်ရှိသည်ကို သိစေခြင်းငှါ လည်းကောင်း, အပေါ် သုဂ္ဂတာယာတိ-အစရှိသော စကားကို မိန့်သတည်း။ ဂ။ ဧတေသံ သတ္တာနံ၊ တို့အား။ ဓမ္မဿ၊ တရားတော်ကို။ အညာတာရော၊ သိကုန်သောသူတို့သည်။ကိ်၊အဘယ်ကြောင့်။နဘဝိဿန္တိ၊မဖြစ်ကုန်လတ္တံ့နည်း။

အညာတာဝိန္ဒြိယံပုဒ်ဍ်ကဲ့သို့ အညာတာရောပုဒ်ဍ် အာ-ရှေးရှိသော ဉာ-ဓာတ်တည်း။ ထိုဉာဓာတ်နောင် တု ပစ္စည်းသက်။ အဍ်္ဂါစာဍ် ကိ် နှ ဓမ္မဿ ပဋိဝိဇ္ဈတာရော-ဟုရှိ၏။

ရာဂါဒီဟိ၊ တို့ဖြင့်။ ဆမလေဟိ၊ အညစ်အကြေးရှိကုန်သော။

၁။ တာပစ္စယော ဘာဝတ္ထော အာဟ နိရွဿုက္ကဘာဂေနာတိ၊(ယောဇနာ)

အပါပုရပုဒ်၌ အပ- ရွေး အာ- ရွေးရှိသော ပုရ-ဓာတ်။ ထိုပုရ-ဓာတ်သည် အပဂမနအနက်ကိုဟောသောအပ-ဟူသောဥသာရပုဒ်နှင့်ယှဉ်ရကားထိုဥပသာရပုဒ်က အဂ္ဂဂမနအနက်ကိုမြှင်သောကြောင့် အပဂမနအနက်ကို ဟောသတည်း။ အပဂမန-ဟူသည် ဤအရာ၌ဖွင့်ခြင်းတည်းဟု ပြခြင်းငှာ အပါပုရေတန္တိ ဝိဝရဏတံ-ဟူသောစကားကိုမိန့်သတည်း။ အပါပုရပုဒ်၌ကာပေ-ပစ္စည်းကျေသတည်း။

အပါပုရ၊ အရိယာမဂ် မဖြစ်သည်မှကင်းစေပါလော့။ (သဒ္ဒတ္ထ)မဖြစ်သည်မှကင်းစေခြင်းဟူသည် ဖြစ်စေခြင်းတည်း။ဖြစ်စေခြင်းဟူသည် ဖွင့်စေခြင်းတည်း။ ဖွင့်စေခြင်းဟူသည် ဖွင့်ခြင်းတည်း။ ဓာတုမာလာဋ္ဌမူကား ဒန္ဓောဌဇဖြစ်သော ဝ- အက္ခရာနှင့် အဝါပုရေတံ-ဟုရှိ၏။ ဤသို့ရှိသည်အလိုအား ဖြင့် ပုရ-ဓာတ်သည် ဝိယောဂအနက်ကိုဟော်သော အဝ-ဟူသောဥပသာရပုဒ်နှင့်ယှဉ်ရကား ထိုဥသာရပုဒ်က အဂ္ဂဂမနအနက်ကိုမြစ်သောကြောင့် ဝိယောဂအနက်ကိုဟောသတည်း။ ဝိယောဂဟူသည် ဤအရာ၌ ဖွင့်ခြင်းဟုပြခြင်းငှာ အဝ့ါပုရေတန္တိဝိဝရ ဇေတံ-ဟူသောစကားကို မိန့်သတည်းဟု မှတ်လော။

သောကာဝတိဏ္ဏာ ဇာတိဇရာဘိဘူတာ ဇနတံ။

၉။ မံသစက္ခု, ဉာဏစက္ခုနှစ်ပါးတို့တွင် မံသစက္ခုသည် ပသာဒစက္ခု, သသမ္ဘာရစက္ခုအားဖြင့် နှစ်ပါးအပြားရှိ၏။ဉာဏစက္ခုသည် ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ပညာစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခုအားဖြင့် ငါးပါးအပြားရှိ၏။ဤအရာ၌ ဗုဒ္ဓစက္ခုနာ-ဟု ဟောတော်မူသည်နှင့် ဉာဏ်နှစ်ပါးတို့ကိုသာ ပြတော်မူလိုသောကြောင့် ဗုဒ္ဓစက္ခုနာတိ စသောစကားကိုမိန့်သတည်း။ယခုကာလပါဠိတော်ပေစာတို့၌ "အပ္ပရဇက္ခေ မဟာရဇက္ခေ တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ သွာကာရေ ဒွါကာရေ သုဝိညာပယေ ဒုဝိညာပယေ အပ္ပေကစ္စေ ပရလောကဝဇ္ဇဘယဒဿာဝိနေ ဝိဟရန္တေ" ဟူ၍ သာရှိသတည်း။ နှ ပရလောကဝဇ္ဇဘယဒဿာဝိနေ-စကား မရှိ။ထိုသို့ရှိရာမှာလည်းအဋ္ဌကထာ၌ ဒွါကာရေပုဒ်ကို ဖွင့်သကဲ့သို့ ဒုဝိညာပယေပုဒ်ကိုမဖွင့် သောကြောင့် ဒုဝိညာပယေပုဒ်မရှိသင့်ဟု ရတနာပုံမင်းတရားကြီးလက်ထက် ခင်မကန်ဆရာတော်ကြီး မိန့်ဆိုတော်မူ၏။ သုတ်မဟာဝါဠိကာမဟာပဒါနသုတ်အဖွင့်(ဝိ၊ဋ္ဌ၊ ၂၊၂၆၄)၌လည်းကောင်း, သဂါထာဝဂ္ဂသံယုတ်အဖွင့်တွင် ဗြဟ္မသံယုတ်ပထမသုတ်အဖွင့်ဋီကာ(သံဋီ၊၁။ ၂၃၆)၌လည်းကောင်း, အပ္ပရဇက္ခဒုကာဒီသုပဋ္ဌသုဒုကေသု-ဟုမိန့်သောကြောင့် ဒုဝိညာပယေပုဒ်ပါရှိမှပဋ္ဌဒုက ဖြစ်သည်နှင့် ဒုဝိညာပယေပုဒ်ကနှိုးယပုဒ်မရှိရမည်သည်သာမဟုတ်သေး။သုတ်မဟာဝါအဋ္ဌကထာမဟာသမယသုတ် (ဒီ၊ဋ္ဌ၊ ၂၊ ၂၇၅၊သံ၊ဋ္ဌ၊၁၊၁၀၅) အဖွင့်၌ဘဗ္ဗာဘဗ္ဗဝသေန

ဒွေ ကောဋ္ဌာသေ အာကာသိ-ဟုမိန့်သောကြောင့် လည်းကောင်း။ တေ ကေ ဝိဟာရေ ဝသန္တေပိ ဗုဒ္ဓါန ဿြလောကေန္တိ-ဟု မိန့်သောကြောင့် လည်းကောင်း၊ ထိုနောက်စကားဌ် နှစ်ဖို့ပြုတော်မူလေငြားလည်း ထိုအာဘဗ္ဗပုဂ္ဂိုလ်တို့ကို ကြည့်၍ တရားဟောတော်မမူဟူသော အဓိပ္ပါယ် ဖြစ်သောကြောင့် လည်းကောင်း, ဒုဝိညာပယေပုဒ်ရှိသင့်သတည်းထို့ကြောင့် ခင်မကန်ဆရာတော် စကားမသင့်ဟု ငါတို့စံကျောင်းဆရာတော် မိန့်သတည်း။ ငါတို့ပြည်ဆရာတော်ကြီးက ဒုဝိညာပယေပုဒ်ရှိသင့်ကြောင်းကို မန္တလေးမြို့တည် ပဉ္စမသင်္ဃာယနာတင်မင်းတရားကြီး မျက်မှောက်ပင့်၍ ခင်မကန်ဆရာတော်ကြီးရှေ့ မင်းတရားကြီးလျှောက်ထားရာ အမိန့်ရှိပါလျက်နှင့် ခင်မကန်ဆရာတော်ကြီးက အနိုင်အထက် အမိန့်ရှိသည်နှင့် မန္တလေး လောကဲမာရဇိန် ကုသိုလ်တော် ကျောက်စာမှာ ဒုဝိညာပယေပုဒ် မပါရှိရသတည်း ဟူ၍လည်း ငါတို့ စံကျောင်းဆရာတော် အမိန့် ရှိသတည်း။

ပရလောကပဇ္ဇ ဘယဒဿာဝိနော ဝိဟာရန္တေ-ဟူသောစကား၏ အခြားမဲ့၌ လည်း အပ္ပေကစ္စေ နု ပရလောကဝဇ္ဇဘယဒဿာဝိနော ဝိဟာရန္တေ-ဟူသော စကားရှိရမည်ဟု ပြည်ဆရာတော်ကြီးက မိန့်ပါလျက်နှင့် ခင်မကန်ဆရာတော်ကြီး အလိုအားဖြင့်ပင် လောကမာရဇိန်ကျောက်စာမှာ ထိုစကားမပါမရှိသတည်း ဟု ငါတို့စံကျောင်းဆရာတော် အမိန့်ရှိသတည်း။ အဋ္ဌကထာဌ် မဖွင့်သည်ကား သုဝိညေယျဖြစ်သောကြောင့် မဖွင့်သည်ဟု ပြည်ဆရာတော်ကြီးနှင့် စံကျောင်းဆရာတော်နှစ်ပါးအယူတော် ရှိသတည်း။

ဥပ္ပလိနိယံ-ဟူသောပုဒ်၌ ဥပ္ပလ-ဟူသည်ကြာညိုတည်း။ ထို့ကြောင့် ဇာတ် အဋ္ဌကထာ အသီတိနိပါတ် ကုဏာလဇာတ်အဖွင့်(ဇာတက ဋ္ဌ၊၅၂၊၄၄၉) ၌ ဥပ္ပလန္တိ နီလုပ္ပလံ ဟု မိန့်အပ်၏။ ဥပ္ပလာနိ ဇေတိဿံ သန္တိတိ ဥပ္ပလိနိ-ဟု ဝစနတ္ထ ပြု၍ ကြာရုံကိုလည်းကောင်း, ကြာရုံ၏တည်ရာရေကို လည်းကောင်း, ရလေငြားသော်လည်း ဤအရာ၌ အရာဌာနအလျောက် ကြာရုံ၏တည်ရာရေကိုသာ လျှင် အလိုရှိအပ်သတည်း ဟု ပြတော်မူလိုသောကြောင့် ဥပ္ပလိနိယန္တိ ဥပ္ပလဝနေ ဟူသော စကားကို မိန့်သတည်း။

ဥပ္ပလ-ပုဒ်နောင် အဿတ္ထိအနက်၌ ဒဏ္ဍာဒိတော ဣကဣ်-ဟူသောသုတ် ဖြင့် ဣ-ပစ္စည်းသက်။ ထိုနောင်ပတိဘိက္ခုရာဇိကာရန္တေဟိဣနိ-ဟူသောသုတ် ဖြင့် ဣနိ-ပစ္စည်းသက်၍ ဒဏ္ဍိနိပုဒ်ကဲ့သို့ ဥပ္ပလိနိ-ပုဒ်ကိုပြီးစေအပ်၏။

သုတ်မဟာဝဂ် အကဋ္ဌထာ မဟာပဒါနသုတ်အဖွင့်(ဒီ ဋ္ဌ၊၂၊၅၉)၌ အန္တောနိမဂ္ဂ ပေါသိနိတိ ယာနိ အညာနိ ပိ ပဒုမာနိ အန္တော နိမဂ္ဂါနေဝ ပေါသယန္တိ-ဟု စာအများရှိ၏။ ဥပ္ပလိနိယံ ဝါ စသော အာဓာရသုံးချက် စကား ဥပ္ပလာနိ

* ၁။ ပရလောကာဇ္ဇဘယဒဿာဝိနော(သီ၊သျှ၊ကံ)

၀၀- စဓသာ ပကတိ ကတ္တားသုံးချက်စကား, (ဒီ ၂၊ ၃၃) တို့ကို ထောက်၍ အညာနိပိ ပဒုမာနိ–ဟူသော စကားမရှိသင့်။ ထို့ကြောင့် သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်လာအပိစကားကိုရှု၍ဤအဋ္ဌကထာ၌ အညာနိ ပဒုမာနိ-ဟူသော စကားကို မထည့်ကြလင့်။

ယာနိ၊ အကြင်ဥပဟလကြာ, ပဒုမ္မာကြာ, ပုဏ္ဍရိတ်ကြာတို့သည်။

ပေါသိသ၁ိန္တိ-ဟု မူလပဏ္ဏာသအဋ္ဌကထာ ပါသရာသိသုတ်အဖွင့်(မ ဋ္ဌ၂၊၀၅) ၌ စာအများရှိ၏။ သုတ်မဟာဝါအဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်၌ ပေါသ-ယန္တိ ဟုစာအများရှိ၏၊ ဤဝိနည်းမဟာဝါ အဋ္ဌကထာ၌ ပေါသိယန္တိ၂ဟုရှိ၏။ ဤသို့သုံးထွေရှိသည်တွင် မူလပဏ္ဏာသဋီကာ (မ၊ဋီ ၂၊၁၃၆) ၌ ပုဿန္တိ၀ဓုန္တိ-ဟု ဖွင့်သောကြောင့်လည်းကောင်း, တေရသကဏ်ဋီကာ၌ ထိုနည်းအတိုင်းဖွင့်သော ကြောင့်လည်းကောင်း, ပုသန္တိ-ပုဒ်သာအမှန်တည်း။ ပုသ=ဗုဒ္ဓိယုံ။ ပုသတိ။ ဓပါသေ။(ခာတုမာလာ(၁၇၃) ပေါသန္တိလည်းသင့်သေး၏။ ပုသ= ပေါသနေ။ ပေါသေတိ)စုရာဒိဂိဏ်းခာတုမာလာ (၃၄၅)ပေါသေတိ-ဟူ၍သာ ခာတုမာလာ၌ လာသည်ကား ဥပလက္ခဏမျှသာတည်း။ ပေါသယတိလည်း ရှိသင့်၏။ ထို့ကြောင့် သုတ်မဟာဝါအဋ္ဌကထာ ယခုကာလစာတို့၌ ပေါသယန္တိ-ဟုရှိသတည်း။

အပါရုတာ၌ အပ-ရေး အာ-ရွေးရှိသော ရု-ဓာတ်၊ တ-ပစ္စည်း၊ အပ-ဟူ သောဥပသာရပုဒ်သည် ရု·ဓာတ်၏ဂတိ-အနက်ကိုမြစ်သောကြောင့် အပ-ဟူ သော ဥပသာရပုဒ်သည်ဟောအပ်သော အပဂမန-အနက်ကို ရု-ဓာတ်သည် ဟောရသတည်း။ အပဂမန-ဟူသည် ဖွင့်ခြင်းတည်း။ ထို့ကြောင့် အပါရုတာတိ ဝိဝဋာ ဟုမိန့်သတည်း။

ဗြဟ္မယာစန ကထာ နိဋ္ဌိတာ။

၁၀။ ပဥ္စဝဂ္ဂိယ ကထာ

၈၀။ ဘဂဝတော ပိ ခေါ ဉာဏံ ဥဒပါဒိ-ဟူသော စကား၏အဖွင့် ဝိမတိဝိ နော ဒနိ(၂၊၈၈)စကားသည် သဗ္ဗညုတဉာဏ်သိပုံကိုဆိုရာ ပဋိသမ္ဘိဒါမဂ်-အဋ္ဌကထာ (ဉာဏကထာ) စကားနှင့်ဆန့်ကျင်လေသတည်း။

၁။ပေါသယန္တိ(ဆဋ္ဌမ္ပု)
၂။ပေါသယန္တိ(ဆဋ္ဌမ္ပု)

ဣတောဒျိန်လျှောက်ထားဆုနေ့မှ။ သတ္တမဒိဝသမတ္တကော၊ ပဋိလောမ အားဖြင့်ပြန်၍ ရေတွက်သည်ရှိသော် ခုနစ်ရက်မြောက်သောနေ့၏ အထက်၌။

ဒန္ဓဇာတပဌမနှင့် မတ္တက-ဟူ၍လည်းကောင်း ဒန္ဓဇာတုတိယနှင့် မတ္ထက-ဟူ၍လည်းကောင်း-ပုဒ်နှစ်မျိုးရှိသည်တွင် မတ္ထကာသိနန္တီ နိစ္စံ ပဗ္ဗတမတ္ထကေ နိသိန္နံ။ မတ္ထကာသိနန္တီ ပိ ပါဠော။ ကာမမဒမတ္တံ ဟုတ္ဝာ အာသီနန္တီ အတ္ထော ဟူသော ဝေဿန္တရာဇာတ် အဋ္ဌကထာ (ဇာတက ဋ္ဌ၊ ၇၊ ၂၆၃) လာ စကားကို ထောက်၍ ဤအရာ၌ အထက်ထိပ်ဟူသောအနက်ကို အလိုရှိအပ်ရကား ဒန္ဓဇာတုတိယတ္ထနှင့်မတ္ထကပုဒ်သာ သင့်သတည်း။ မသ-အာမသနေ။ သဏ္ဌာတ်။ မသိယတိ ဇပမေနာတိ မတ္ထကံ။ သီသံ-ဟူသော ဏ္ဍာဒိမော၀္ဂလာန်(၁၅) လာ စကား၌လည်း ဒန္ဓဇာပဌမ တ္ထာနှင့်တွင် ဟူ၍လည်းကောင်း မတ္တ-ကံ-ဟူ၍ လည်းကောင်း ဒန္ဓဇာဒုတိယ တ္ထာနှင့် တ္ထင်ဟူ၍လည်းကောင်း၊ မတ္ထကံ-ဟူ၍ လည်းကောင်း နှစ်မျိုးရှိသည်တွင် ဝေဿန္တရာဇာတ်အဋ္ဌကထာလာ စကားကို ထောက်၍ပင် ဒန္ဓဇာဒုတိယ တ္ထာ-နှင့် တ္ထင်-ဟူ၍ လည်းကောင်း၊ မတ္ထကံဟူ၍ လည်းကောင်းရှိသည်သာ သင့်သတဲ့သည်း။

ပရိဟီနတ္တာ-ဟူသော စကားကြောင့် မဟာဇာနိယော-ဟူသော ပုဒ်သည် ပုဗ္ဗော၀ါဝေသာ-ဟူသောသုတ်မှ အဗ္ဘာသ- ဆဒ္ဒါအလိုက်မခံမူ၍ ဟာဿဇော-ဟူသော ယောဂဝိဘာဂသုတ်ဖြင့် ဟာနိ-ဠ္ဒ ဟ-ကို ဇ-ပြု ဇာနိပြီးသတည်းဟု သိအပ်၏။ နဒိမှာစ-သုတ်ဖြင့် ဗဟုကန္တိကော ပြုရပ်ဠ္ဍကဲ့သို့ က-ပစ္စည်းသက်။ ထိုက-ကို ယ-ပြု၍ဇာနိက-ပုဒ်သည် ဇာနိယ-ဖြစ်သတည်း။ ပုဒ်ခက်တည်း။

အဿ အာဠာရဿ ကာလာမဿ၊ ထိုကာလာမအမျိုးဠ်ဖြစ်သော အာဠာရ ရသေ့အား။ သတ္တဒိဝံသဗ္ဘန္တရေ၊ ဠ်။ ပတ္တဗ္ဗမဂ္ဂဖလတော၊ မှ။ ပရိဟီနတ္တာ၊ယုတ် လျော့ဆုံးရှုံးသည်၏ အဖြစ်ကြောင့်။ မဟာဇာနိ၊ ကြီးစွာသော ယုတ်လျော့ ဆုံးရှုံးခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မဟာဇာနိယော၊ မဟာဇာနိယမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ မဟာဇာနိ၊သည်။ အတ္ထိ၊ နည်း။ အာဠာရော၊ ရပ်ပြစ်ရှစ်ပါးကိုထောက်၍ ကိုးခုမြောက်သော ဘုရားရှင်ပွင့်တော်မူရာ အခါတော်ကောင်းမရှိသော မြတ်သောအကျင့်ကို ကျင့်သုံးရာ အရပ်မဟုတ်သောအားကိုဥညာယတနပြဟ္မာဘုံ၌။ နိဗ္ဗတ္တတ္တာ၊ ဖြစ်ရရှာလေသည်၏အဖြစ်ကြောင့်။ မဟာဇာနိ၊ သည်။ အတ္ထိ၊၏။

အဋ္ဌ အာဠာရာ အသမယာ ဗြဟ္မစရိယ၀ါသာယ။ သုတ်ပါဠေယျပါဠိတော် ဒသုတ္တရသုတ် အဋ္ဌက (ဒီ၃၊ ၂၄၈။) ဤပါဠိတော်ကို ထောက်၍ ဤသို့

အသေအချာ အနက်ပေးသတည်း။မြင့်မိုရ်တောင်အောက်၌ နေကုန်သောနတ် အသူရာတို့ကိုလည်း ရပ်ပြစ်ရှစ်ပါးတို့တွင်ပေတ၌သင့်းရမည်။ ထို့ကြောင့် သုတ်ပါဠေယျ အဋ္ဌကထာဒသုတ္တရသုတ်အဋ္ဌကထာအဖွင့်(ဒီ၊ဋ္ဌ ၃၊ ၂၄၆)၌ အကွဲကောသုယသ္မာ ပေတာ အာသုရာနံ အာဝါဟနံ ဂစ္ဆန္တိ ဝိဝါဟနံ ဂစ္ဆန္တိ တသ္မာ ပေတ္တိဝိသယေနေဝ အာသုရကာယော ဂဟိတောတိ ဝေဒိတဗ္ဗော-ဟုမိန့်အပ်၏၊ သုတ်ပါဠေယျဋ္ဌိကာ (ဒီ၊ဋ္ဌိ၊၃၊ ၂၀၆)၌လည်း ပေတာတိ ပေတမဟိဒ္ဓိကာ။ အသုရာနန္တိ ဒေဝါသု-ရာနံ။ ပေတာသုရာ ပန ပေတာ ဧဝါတိ တေသံ ပေဧတဟိ သင်္ကော အဝုတ္တသိဒ္ဓေါ။ အာဝါဟနံ ဂစ္ဆန္တိတိ သမ္ဘောဂ သံသဂ်္ဂမုခေန ပေတေဟေဝ အာသုရာနံ သင်္ကာကော ကာရဏံ ဒဿေတိ-ဟု မိန့်အပ်၏။ ဤသို့ နတ်အသူရာတို့ကို ပေတ၌ သွင်းရသောကြောင့်ပင် ပြိတ္တာတို့ကဲ့သို့ နတ်အသုရာတို့တွင်တစ်စုံတစ်ယောက်သော နတ်သည်မျှ အာကျတ်တရားကိုရသည်မရှိလေ။

အကွဲဏ-ဟူသောပုဒ်၌ ခဏ-သဒ္ဒါသည် ခဏော ကာလ ဝိသေသေစ၊နိဗ္ဗာ ပါရဒ္ဒိတိမ်္ပိစ။ [အဘိဓာန် အနေကတ္ထဝဂ်ဂါထဒ္ဒ (၇၅)] ကာလဝိသေသော ဒဿစ္ဆရကာလော နိဗ္ဗာပါရဒ္ဒိတိအစိရဒ္ဒိတိ(အဘိဓာန်ဋီကာ) ဤသို့လာသော လက်ဖျစ်ဆယ်တွက်ခန့် ကြာမြင့်သော ကာလဝိသေသကိုမဟော။ အရာဠာန အလော်ကာ ဘုရားပွင့်တော်မူရာ အခါတော်ကောင်းကိုသာ ဟောသတည်း။ ထို့ကြောင့် သုတ်ပါဠေယျပါဠိတော် ဒသုတ္တရသုတ် အဋ္ဌကာ၌ အကွဲကာ အာသမယာ-ဟု လက်ဖျစ်ဆယ်တွက်ခန့် ကြာမြင့်သောကာလဝိသေသကိုမဟောမူ၍ ဤမှတစ်ပါးသော ကာလကိုဟောသော သမယသဒ္ဒါနှင့်တွဲစပ်၍ ဟောတော်မူသတည်း။

အဘိဒေါသကာလက််တော-ဟူသောပုဒ်၌အဘိဒေါသ-ပုဒ်သည် ဒေါသာယ ရတ္တိယာ အဘိအာရမ္ဘောဒ ၁ဒီတိ အဘိဒေါသောဟူ၍ လည်းကောင်း၊ အဘိဒုဿန္တိ ဇတ္ထ သဗ္ဗကမ္မာနိတိ အဘိဒေါသော-ဟူ၍ လည်းကောင်း ဝိဂြိုဟ်ပြု၍ လွှန်လေပြီးသော. ယမန်နေ့ည၌ဦးကို ရသတည်းဟု သိစေခြင်းငှာ အဘိဒေါသကာလက််တောတို့ ဟိယျော ကာလက််တော-ဟူသောစကားကို မိန့်သတည်း။

အဘိဒေါသော ပဒေါသောထ။ (အဘိဓာန်၊သဂ္ဂကဏ္ဍ(၆၈) ဟိယျော တု ဒိဝသေ ဂတေ။(အဘိဓာန်၊အဗျယဝဂ်(၁၁၅၅။) ဟိယျောတု၊ ဟိယျော-သဒ္ဒါသည်ကား။ ဂတေ၊ လွှန်လေပြီးသော။ ဒိဝသေ၊ နေ့ ၌။ ဘဝေ၊ ဖြစ်၏။

၁၁။ တဏှာကွဲယေ ဝိမုတ္တော–စကားဦးတဏှာကွဲယ-သဒ္ဒါသည် အာသဝက္ခယ ပုဒ်ကဲ့သို့ "တဏှံ ခယာပေတိ တဏှာကွဲယော" ဟု ဝစနတ္ထပြု၍ အရဟတ္တမဂ် ဟောမဟုတ်။ တဏှာ ခီယတိ ဇတ္ထောတိ တဏှာကွဲယော–ဟု ဝစနတ္ထပြုရ၍ နိဗ္ဗာန် ဟောဟု သိစေခြင်းငှါ တဏှာကွဲယေ-ပုဒ်ကို နိဗ္ဗာနေ-ဟု ဖွင့်သတည်း။

အာရမ္မဏတော၊ အာရုံပြုသောအားဖြင့်။ ဝိမုတ္တော၊ ညွတ်၏။

အဇ္ဈာသယော အဓိပ္ပါယော၊ အာသယောစာတိသန္ဓိစ။

ဘာဝေါ ဝိမုတ္တိဆန္ဒောထ၊ (အဘိဓာန်၊ သံဏိဇ္ဇဝဂ်၊ (၇၆၄)ဝိမုစ္စနံ စိတ္တေန အဓိဋ္ဌာနံ ဝိမုတ္တိ။ (အဘိဓာန်ဋီကာ)။ ဝိမုတ္တိ-သဒ္ဒါနှင့် ဝိမုတ္တသဒ္ဒါသည် စိပုဗ္ဗ မုစဓာတ်ဖြင့်ပြီးသတည်း။ တိ-ပစ္စည်း တ-ပစ္စည်းနှင့်ဘောအနက် ကတ္တားအနက် သာထူးသတည်း။ စိတ်၌ ဆောက်တည်ခြင်းဟူသည် အလိုရှိခြင်းတည်း။ အလို ရှိခြင်း ဟူသည် အာရုံပြုသောအားဖြင့် ညွတ်ခြင်းတည်း။

အာဟည်ံ အမတဒုန္ဒုဘိံ–ဟူသော စတုတ္ထပါဒတွင် အာဟည်ံ-ဟူသော ပုဒ်သည် များစွာကုန်သော ဝိနည်းပါဠိတော် အဋ္ဌကထာ ဝဇိရဗုဒ္ဓိ ဋီကာ တေရသကဏ်ဋီကာ မူလပဏ္ဏာသ အရိယပရိယေသနသုတ် ပါဠိတော်တို့၌ ဟ–၌ တာလုဇ ဣ–အက္ခရာ ဥ–၌ စ-သံယုတ် ထိုစ–အက္ခရာ၌ နိဂ္ဂဟိတ် နောက်ရှိသော တာလုဇ ဣ- အက္ခရာနှင့် အက္ခရာချတ်ယှင်း၍ အာဟိဉ်ံ-ဟု ရှိ၏။ ငါတို့ ဝိမတိဝိနောဒနီဋီကာ၌ ဟ–၌ ဂဏ္ဌိဇ အ–အက္ခရာ ည ဒွေဘော် ထိုည–၌ နိဂ္ဂဟိတ်နောက်ရှိသော တာလုဇ ဣ–အက္ခရာနှင့် အက္ခရာ မချတ် မယှင်း အမှန်အားဖြင့် အာဟည်ံ ဟု-ရှိ၏။ ထိုသို့ငါဆိုသောစကားသည် မှန်၏။ ထို့ကြောင့် မူလပဏ္ဏာသ အဋ္ဌကထာ တတိယဝဂ် ခုနှစ်ခု မြောက်သော အရိယပရိယေသနအမည် ပါသရာသိ–အမည်အားဖြင့် နှစ်မည်ရသော သုတ် အဖွင့် (မ၊ဋ္ဌ ၂။၉၄)၌။ အာဟည်ံ အမတဒုန္ဒုဘိန္တိ ဓမ္မစက္ခု ပဋိလာဘာဃ အမတဘေရိံ ပဟရိဿာ မီတိ ဂစ္ဆာမိ–ဟု မိန့်အပ်၏။ ၎င်းအဖွင့်မူလ ပဏ္ဏာ ဆဋီကာ (မ ဋီ ၂။ ၁၄၁) ၌ လည်း အာဟည်ိန္တိ အာဟနိဿာမိ ဟု- မိန့်အပ်၏။ ဒုဒ္ဒုဘိ–ဟူသောပုဒ်သည် ဤမဟာဝါ ပါဠိတော် ဤအဋ္ဌကထာတေရသကဟု ဋီကာဝိမတိဝိနောဒနီဋီကာ တို့၌ ဒန္တဇတတိယ ဒ– ကိုရရစ်နှင့်ဒုဒြဘိံ ဟု

၁။ ဒန္ဒုဂ္ဂတိသဒ္ဒေန ဥဘိယတြဿ ဒုန္ဒုဘိ။ အဘိဓာန်ဋီကာ(၁၄၃) ဂါထာဖွင့်။ ဒုံ ဒုန်တိ သဒ္ဒေန ဥဘိပူရကာ မေတ္တာတိ ဝုစ္စတိ။(ယောဇနာ) ယခုလက်ရှိ ပါဠိအဋ္ဌ ကထာ ဋီကာ အစောင်စောင်တို့၌ ဒုဒ္ဒုဘိဟုချည်းသာရှိကြသည်။

ရှိ၏။ ဝဇီရဗုဒ္ဓိ ဋီကာဋ္ဌလည်းကောင်း မူလပဏ္ဏာသ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဋ္ဌလည်းကောင်း ဒွ-ဒွဲဘော်နှင့် ဒုဒ္ဒဘီ ဟု-ရှိ၏။ အဘိဓာန်- သဂ္ဂကဏ္ဍ (၁၄၃)၌ ဘေရိ ဒုဒ္ဒုဘိ-ဟု လာရှိသောကြောင့် လည်းကောင်း, အဘိဓာန် ဋီကာ၌ ဒုဒ္ဒုန္တိ သဒ္ဒေ နော ဘိယတြတြသာ ဒုဒ္ဒုဘိ-ဟု ဖွင့်သောကြောင့် လည်းကောင်း, ဒွ-ဒွဲဘော်မုဒ္ဒဇ ဥ-အက္ခရာနှင့် ဒုဒ္ဒုဘိ-ပုဒ်သည် သာလျှင် အမှန်ဖြစ်ရာသတည်း။

အာဟည်-ပုဒ်၌ အာ-ပုဗ္ဗဟန-ဓာတ် အဇ္ဈတ္တနိဂ္ဂ-ဝိဘတ်။ဒီဝါဒိ တောယော သုတ်ဖြင့် ဟန-ဓာတ်နောင် ယ- ပစ္စည်းသက်။နု-ကိုယ-သို့ကပ်။ နျ-ကို ည-ပြု။ ည ဂ္ဂ-သို့ကပ်။ နျောညယုဂံ။(သဒ္ဒနီဘိသန္ဓိသုတ်၊(၁၁၇)။ဟန=ဟိ-သာယံ။ ဂ္ဂဓ ဟ်ံသာဝစနေန ဃဋ္ဋနံ ဂဓေဟတပ္ပံ။ သဒ္ဒေါ သော တမှိ ဟညတိ။ (ဓာတုမာလာ(၂၃၃။) ဤခာတုမာလာ-ပြယုဂ်၌ ဟန-ခာတ်၊ တိ-ဝိဘတ်၊ယ-ပစ္စည်း၊ နု-ကို ယ-သို့ကပ်၍ နျ-ကို ည-ပြုရသတည်း။ဟန-ဓာတ်သည် ဟိံသာအနက်ဟော။ ဟိံသဂ-ဟူသည် ဤအရာ၌ ဃဋ္ဋနတည်း။ ဃဋ္ဋန-ဟူသည် ပဟရဏတည်း။ ပဟရဏ-ဟူသည် ဓမ္မဒေသနာဟူ၏။ တို့ကြောင့် ပဟရိဿာမိ-ဟု ဖွင့်သတည်း။ ဤအရာ၌ အတိတ်ကာလ၌ဖြစ်နေကြ အဇ္ဈတနိ ဂ္ဂံ-ဝိဘတ် သည် အနာဂတ်ကာလ၌ ဖြစ်သတည်း။တစ်နည်းကား ဘဝိဿန္တိ၊ဿာမိ-ဝိဘတ်-ကို အဇ္ဈတ္တနိ ဂ္ဂံ-ပြုသတည်းဟု သိစေခြင်းငှာ အဇ္ဈတ္တနိ ဂ္ဂံ-ဝိဘတ်ကို ဘဝိဿန္တိ၊ဿာမိဝိဘတ်ဖြင့် ဖွင့်သတည်း။ အာဟည်-ပုဒ်နောင်ဂ္ဂတိသဒ္ဒါကျေသည်ထို့ကြောင့် အာဟည်နွှဲ-ပုဒ်ကို ဂစ္ဆာမိ ကာသိနံ ပုရံ-ဟူသော ဒုတိယ ပါဒဌ် ဂစ္ဆာမိ-ကြိယာသို့ပြန်၍စပ်ဟု သိစေခြင်းငှာ ပဟိဿာမိတို့ ဂစ္ဆာမိ-ဟုမိန့်သတည်း။

အမတဘေရိ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောတရား စည်ကြိုးကို။ ပဟရိဿာမိ၊ တရားဟောသောအားဖြင့် တီးခပ်တော့အံ့။ ဤတိ မနသိကတ္ဝာ၊ ၍။ ကာသိနံ၊တို့၏။ ပုရံ၊သို့။ ဂစ္ဆာမိ၊ကြွတော့အံ့။

ပါဠိတော် ဘုရားရှင်စကား၌ သမ္ဘဝိဒ္ဓ-ဟူသော စကားဖြင့် အနန္တဉာဏ်ကိုပြသတည်း။ သမ္ဘေသု ဓမ္မေသု အနုပလိတ္တော-ဟူသောစကားဖြင့် ဇိတကိလေသ-ကိုပြသတည်း။ ထို့ကြောင့် ဥပကာပရိဇိုဇ်သည် “အရဟသိ အနန္တဇိနော”ဟု ချီးမွမ်းလေသတည်း။ “ဟုပေယျ ပါဝုသော”စကားကို ဟုပေယျ ပိ အာဝုသော-ဟုပုဒ်ဖြတ်။ အာဝုသော၊ ငါ့ရှင်ဇိန။ ဓံဝိဓေနာမ၊ ဤသို့ကြည်လင်သော စက္ခုအစရှိသော ဣန္ဒြေထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သော ပြိုးပြိုးပြက် ဖြူစင်သော အရေအဆင်း အပြားရှိသည်မည်သော။ ရူပကာယ ရဟနေ၊

ရူပကာယရေတနာဒ်။ ဤဒိသံ၊ ဤသို့အဆုံးမရှိသော သဘောရှိသော။ ဉာဏမိုနာမ၊ ဃမ္မညုတဉာဏ်မည်သည်လည်း။ ဟုပေယျ၊ ဖြစ်ရာပါပေ၏။ ပိ-သဒ္ဒါဖြင့် သတ္တိရုပ်အားဖြင့် အနန္တဇိန-သာ ဘုရားရှင်ဖြစ်သည် မဟုတ်သေး၊ စင်စစ် မူကား သတ္တိရုပ်အားဖြင့် အနန္တဇိနဖြစ်သည်အလျောက် အနန္တဉာဏ်တည်းဟူသော သဗ္ဗညုတဉာဏ်မည်သည်လည်း အနန္တဇိနဘုရားရှင် သဏ္ဌာန်တော်၌ ဗျတ်-ရုပ်အားဖြင့် ဖြစ်ရပါပေသေး၏ဟု ပေါင်းသတည်း။ ထို့ကြောင့် တေရသကဏ်ဋီကာ(၃၊၁၆၅)၌ အရဟာသိ အနန္တဇိနောတိ အနန္တဇိနော ပိ ဘဝိတုံ ယုတ္တောဟု ရှေး၌ မိန့်အပ်သတည်း။ ထိုတေရသကဏ်ဋီကာစကားရပ်၌ ပိသဒ္ဒါဖြင့် သဗ္ဗညုတဉာဏ်မည်သည်လည်း ဖြစ်သည်ကို ပေါင်းသတည်း။ တေရသကဏ်ဋီကာလာ ဤဒိသေန ဉာဏေန စကား၌ ပိ-သဒ္ဒါကျေးဇူးတည်း။ ပိ-သဒ္ဒါကျေးကြောင်းကို ကား တေရသကဏ် ဋီကာလာ အနန္တဇိနောပိ-ဟူသောရှေ့စကားကိုထောက်၍ ပင် သိအပ်သတည်း။ဟုပေယျ ပိ အာဝုသောဟူသော-စကားဝယ် ပိ-သဒ္ဒါ၏ရှေး၌ ဝေံ-သဒ္ဒါကျေသည်ကိုလည်းကောင်း၊ပိ-သဒ္ဒါ၏နောက်၌ နာမ-သဒ္ဒါကျေသည်ကိုလည်းကောင်း သိစေခြင်းငှာ ဝေံပိနာမ-ဟူသောစကားကို အဋ္ဌကထာ၌ မိန့်သတည်း။

တစ်နည်းကား ဝေမို နာမ၊ဤသို့သဘောရှိသော အနန္တဉာဏ် မည်သည်သော်လည်း။ ဘဝေယျ၊ဖြစ်ရပါပေ၏။ပိ–သဒ္ဒါဖြင့် ဤသို့သဘောရှိသောအနန္တဉာဏ်မည်သည်သော်လည်း ဖြစ်ရာတုံ့သေးပေ၏။ အနန္တဉာဏ်မူတစ်ပါးသော ဉာဏ်ဖြစ်သင့်လေရာ၌ ဆိုဖွယ်မရှိဟု ချီးမွမ်းသတည်း။ဟုပေယျ-ပုဒ်၌ ဟု-ဓာတ်၊ ယျ-ဝိဘတ်၊ ပ-အာဂုံတည်း။ ဟု=သတ္တာဃံ။ ဟောတိ။ ပဟေဿတိ။ ပဟူတံ။ ပဟုတာ။ ကုတော ပဟူတာ ကလဟာဝိဝါဒါ။ဟုပေယျ ပါဝုသောတိ ဝတ္တာ။ ဟုပေယျာတိ ပိ ပါဌော။ (ဓာတုမာလာ၊၁၉၁။) ဤဟုပေယျ-ပုဒ်ကိုထောက်၍ လောကဉ်ပြောဆိုကြသော ဟုပ်၏ဟူသောစကား၌ ပသပ်၍ရေးရမည်ကိုသိအပ်၏။ဟုဝေယျာ၌ ဝ–ကားအာဂုံတည်း။ ဟုပေယျ၌ ဝ–အာဂုံကို ပ–ပြု။ဟုပေ-ယျာတိ ပိ ပါဌော ဒိဿတိ ယထာ ပစ္စပေက္ခနာ။တမ္ဘသေန ဟုပေယျ ဟုပေ-ယျုံ၊ဟုပေယျာသိတိ အာဒိနာ ဝ-ကာရဿ ပကာရုဒေသဘူတာနိ ရူပါနိပိ ဂဟေတမ္ဘာနိ။ ။(သဒ္ဒနီတိ၊ ဓာတုမာလာ၊ ၁၉၂။)ဟုဝေယျ-၌ ဝ-အာဂုံဖြစ်ကြောင်းကို ယံ ဗလံ အဟုဝမ္မဆေတိ ပါဠိယံ ပန အဟုဝံအမ္မသေ ဣတိ ဝါ ပဒစ္ဆေဒေါ ကာတဗ္ဗော။ အဟု အမ္မသေတိုဝါ။ ပစ္ဆိမနယေ ဇကာရောပေါ-ဟူသော သဒ္ဒနီတိဓာတုမာလာ(၁၉၂) စကားဖြင့် သိအပ်၏။

ဝကို ပ-ပြုသည်ကား ဟုပေယျ-ပြယုဂ်၌သာ မဟုတ်။ ပေစ္စပေက္ခနာ ပြယုဂ်၌လည်းပြုရသတည်း။ ထို့ကြောင့် သဒ္ဒနီတိသုတ္တမာလာသန္တိ (၁၀၀)၌

ပေါဝိဿဝဿစ။ ။ပစေဿတိ။ဝိစေဿတိဝါ။ ပစ္စပေက္ခနာ။ ပစ္စဝေက္ခနာဝါ–ဟုမိန့်အပ်၏။ကျွဿဒ္ဒနီတိစကားကိုရှု၍ ဟုပေယျဒ္ဒ် ဝ-အာဂုံကို ဒေါဓဿ-စသုတ်ဒ္ဒ် စ-သဒ္ဒါဖြင့် ပ–ပြုရသည်ကို သိအပ်၏။ထိုစကားမှန်၏။ ပေါဝိဿဝဿ စ–ဟူသော သဒ္ဒနီတိသုတ်သည် (၁၀၀) ဒေါဓဿစ-သုံတ်ဒ္ဒ် စ-သဒ္ဒါဖြင့် ရအပ်သော သုတ္တဝိဘာဂဖြစ်သတည်း။

တေရသကဏ်ဋီကာဒ္ဒ်“ကွတိ အယံ၊ ကျွဿည်ကား။ အဓိပ္ပါယော၊ ဥပက ပရိဗိုဇ်၏အလိုဆန္ဒတည်း” ဟူ၍သာ အနက်ပေး။ “ကွတိအယံ၊ ကျွဿည်ကား။ အဓိပ္ပါယော၊ ဧဝမ္မိ နာမ ဘဝေယျ–ဟူသောငြားကား၏ အဓိပ္ပါယ်တည်း” ဟူ၍ အနက်မပေးသင့်။

အယံ ဟိဿ–အစရှိသော ဒဋ္ဌိစကားနှင့်အညီ ဧဝမ္မိ နာမ ဘဝေယျ–ဟူသော စကား၏ အဓိပ္ပါယ်သည် ဥပကပရိဗိုဇ်၏ ရဟန်းပြုခြင်း၏ အကြောင်းဥပနိဿယမဖြစ်။ ဥပကပရိဗိုဇ်၏ ဧဝံ ဝိဓေ နာမ ရူပရတနေ ကျွဲဒိ-သေန ဉာဏေန ဘဝိတဗ္ဗံ-ဟူသော အလိုဆန္ဒသည်သာ ဥပကပရိဗိုဇ်ရဟန်းပြုခြင်း၏ အကြောင်းဥပနိဿယ ဖြစ်လေသတည်း။အယံ ဟိဿ–အစရှိသော ဒဋ္ဌိစကား (သာရတ္ထ ဒု၊၁၆၅)၌ “ဟိ သစ္စံ၊မှန်၏။ အဿ၊ ထိုဥပကပရိဗိုဇ်၏။ အယံအဓိပ္ပါယော၊ အလိုဆန္ဒသည်”ဟု အနက်ပေး။ တေရသကဏ်ဋီကာဒ္ဒ် ကျွဲ အယံ ဟိဿ-အစရှိသောစကားကို အနုဋီကာပြု အရှင်ဓမ္မပါလဆရာစီရင်အပ်သော မူလပဏ္ဏာသဋီကာ အရိယပရိယေသနသုတ် အဖွင့်လာရှိတိုင်း ရေးသတည်း။ ဝိမတိဝိနောဒနိဋီကာဒ္ဒ်မူကား ဧဝံ နာမ ကထနံ ဟိဿ-ဟုမိန့်၏။ ဧဝံ့ ဝိဓေ။ပ။ အဓိပ္ပါယော-ဟူသောစကားနှင့် ဒဋ္ဌိအဖြစ်ဖြင့်မလျော်ရကား မသင့်ဟု မှတ်ထင်သတည်း။ ဝိမတိဝိနောဒနိဋီကာဆရာသည် ဝဇိရဗုဒ္ဓိဋီကာဒ္ဒ် ကွဒံ ဟိ အတ္တနော သတ္ထုနာမံ-ဟူ၍လာသောစကားကိုကြည့်ရှု၍ ရေးသည်ဖြစ်ရာသည်။ ထိုစကားနှင့်မဆိုင်လေ။ တေရသကဏ်ဋီကာလာ အဓိပ္ပါယောပုဒ်ကို “အဓိပ္ပါ-ယော ဧဝမ္မိ နာမ ဘဝေယျ-ဟူသောစကား၏ အဓိပ္ပါယ်တည်း”ဟု အနက်ပေး ပြီးလျှင်နောက်ဝါကျ၌ အယံ-သဒ္ဒါဖြင့် အဓိပ္ပါယော-ကိုစွဲ၍ မလျော်ဟုနှုတ်လုံးပိုက်၍ ဧဝံ နာမ ကထနံ ဟိဿ-ဟုဆိုလေသတည်း ဟုမှတ်ထင်သတည်း။ ကျွဲ ပါဠိတော် ကျွဲအဋ္ဌကထာ များစွာကုန်သောပေတို့၌ သြဋ္ဌဇ ပဌမကွဲရာ ပွ-ဒွဲ ဘော်နှင့် သီသံ သြကပ္ပေတွာ-ဟူရှိ၏။ မူလပဏ္ဏာသပါဠိတော် အရိယပရိယေသနသုတ်၌ သြဋ္ဌဇ ပဌမကွဲရာ မ-ဆင့်၍ ပ-အက္ခရာနှင့် သီသံ သြကမွိတွာဟု-ရှိ၏။ ကပိ-ဓာတ်သာ စလန-အနက်ကိုဟောသတည်း။ကပ်ပ-ဓာတ်သည် စလန-အနက်ကို မဟော။ ထိုကြောင့် အရိယပရိယေသနသုတ်၌ကဲ့သို့ ပါဠိ အဋ္ဌကထာတို့၌လည်း

သီသံ သြကမ္မေတ္ဝာ-ဟုရှိသင့်သတည်း။ သြကမ္မိတ္ဝာ-၌ ဣမှု-နောက်ဖြစ်သော ကာရိုက်ဧ-ကြေသတည်း။ သြကမ္မေတ္ဝာ၌ကား ကာရိုက်ဧ-ကြောင့် အာဂုံ ဣ-ကျေသတည်း။ဤသို့ဖြစ်သော် သြကမ္မေတ္ဝာနှင့် သြကမ္မိတ္ဝာသည် ရုပ်အစိအရင် မျှသာ ထူးသတည်း။အနက်ကား မထူး။ သီသံ၊ ဦးခေါင်းကို။ သြကမ္မေတ္ဝာ၊လှုပ်စေ၍။ သြကမ္မိတ္ဝာ၊လှုပ်စေ၍-ဟူ၍သာ အနက်ပေး။

၁၂။ သဏ္ဌာပေသုံ၌ သံပုဗ္ဗ ဌပ-ဓာတ်၊ စုရာဒိဂိုဏ်း၊ ဌပနအနက်ဟော။ ကတိကံ ဌပေသုံသည်သာ အနက်ရင်းတည်း။ ကတိကံ အာကံသုံ-သည်ကား အဓိပ္ပါယ်နက်တည်း။

သြဒဟထ ပုဒ်သည် အဝပုဗ္ဗ ဓာ-ဓာတ် ထ-ဝိဘတ်။ ဓာကို ဓာဓာဟု ဒွေဘော်ပြု။ ရွေးခဲကို အာဇ္ဇာသမှည့်။ ရွေးအာကို အရဿပြု။ ဟစဟုတ္ထာန မန္တာနံ ဒေါ ဓေ-သုတ်ဖြင့် ရွေးဒန္တဇစတုတ္ထ ဓ-ကို ဒန္တဇတတိယ ဒပြု။ဒေါဓဿ စသုတ်၌ စသဒ္ဒါဖြင့် နောက်ဒန္တဇစတုတ္ထ ဓကို ကဇ္ဇဇ ဟ ပြု။ အ-ပစ္စည်းနှောင်း သောကြောင့် နောက် ဓာ-အစိတ်အာကို ချ။ဤအရာ၌ ဓာ-ဓာတ်သည်သကျာ ခေါ်ပန အမ္မဋ္ဌ ရာဇာနံ သြက္ကာကံ ပိတာမဟံ ဒဟန္တိဟူသော ပြရုပ်(ဒီဃ၊၈၇) ၌ ကဲ့သို့ နားစိုက်၍ထားခြင်း အနက်ဟောတည်း။ အဋ္ဌကထာ၌ကား အဓိပ္ပာယ်ကိုသာ ဖွင့်သတည်း။

၁၃။ မဇ္ဈိမဋ္ဌကထာယ၊မဇ္ဈိမနိကာယ်အဋ္ဌကထာ၌။ မူလပဏ္ဏာသအဋ္ဌကထာ အရိယပရိယေသနသုတ်အဖွင့်ကို ကေဒေသူပစာရအားဖြင့် မဇ္ဈိမဋ္ဌကထာဆို သတည်း။ ထိုစကားမှန်၏။ အရိယပရိယေသနသုတ်၌ ဆိုအပ်ပြီးသောနှည်းဖြင့် သိအပ်သတည်း။

ပတိဋ္ဌိတဿ အာယသ္မတော ကောဏ္ဍညဿ။

ပဉ္စဝဂ္ဂိယကထာ နိဋ္ဌိတာ။

ပဗ္ဗဇ္ဇာကထာ

၃၁။ စတ္ထ ကာလက်တ သဂဗ္ဘ ဣတ္ထိသရိရေ။ ဧတေသံ ယသ အာဒီနံ ကုလပုတ္တာနံ။

၃၄။ စ၊ ဆက်၍ ဆိုဦးအံ့။ သောပိ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို သော်လည်း။ ပိကား သမ္ဘာဝနတ္ထ။ မာတာပိတူဟိ၊ တို့သည်။ အနုညာတောယေဝ၊ အခွင့်ပြုအပ်သော ပုဂ္ဂိုလ်ကိုသာလျှင်။ ပဗ္ဗာဇေတဗ္ဗော၊ ရှင်ပြုအပ်၏။

သောပိဋ္ဌ ပိသဒ္ဒါဖြင့် ပဗ္ဗဇ္ဇဒေါသတို့မှာကင်းသော ပုဂ္ဂိုလ်ကိုသော်လည်း မိဘတို့အခွင့်ပြုမှသာလျှင် ရှင်ပြုရတုံသေး၏။ ပဗ္ဗဇ္ဇဒေါသတို့မှ မကင်းသော ပုဂ္ဂိုလ်ကို မိဘတို့အခွင့်မပြုဘဲ ရှင်မပြုအပ်ရာ၌ ဆိုရန်မရှိပြီဟု ချီးမွမ်းသတည်း။

ပဗ္ဗာဇေန္တေနာပိဋ္ဌ အပိ·သဒ္ဒါလည်း သမ္ဘာဝနတ္ထတည်း။ မိဘတို့အခွင့်ပြုအပ်သော ပုဂ္ဂိုလ်ကို ရှင်ပြုသော ရဟန်းသည်သော်လည်း ဦးပြိုးခြင်းအမှုကို ပန်ကြားရတုံသေး၏။ မိဘတို့အခွင့်မပြုအပ်သော သူကို ရှင်ပြုသောရဟန်းသည် ဦးပြိုးခြင်းအမှုကို ပန်ကြားအပ်ရာ၌ ဆိုရန်မရှိဟု ချီးမွမ်းသတည်း။ စ·သဒ္ဒါကား ဝါကျာ, ရမ္ဘာတ္ထဇောတကတည်း။

အစ္ဆိန္နကေသော–ဟူသည် ဆံလက်နှစ်သစ်ထက် မလွန်သော်လည်း နှစ်လထက်လွန်သောဆံရှိသောသူသည်လည်းကောင်း, နှစ်လထက် မလွန်ငြားသော်လည်း နှစ်လတွင်း၌ လက်နှစ်သစ် ထက်လွန်သောဆံရှိသော သူသည် လည်းကောင်း တည်း။ ထို့ကြောင့် စူဠဝါအဋ္ဌကထာ၊ ဥဒ္ဒကဝတ္ထုခန္ဓကအဖွင့် (ဝိ၊ဋ္ဌ၊၄၊၄၅) ၌ ဒုမာသိကံ ဝါ ဒုဝင်္ဂုလံ ဝါ တံ ဇတ္ထ သစေ ကေသာ အန္တော ဒ္ဝေ မာသေ ဒ္ဝင်္ဂုလံ ပါပုဏန္တိ၊ အန္တော ဒ္ဝေ မာသေဝ ဆိန္ဒိတဗ္ဗာ။ ဒ္ဝင်္ဂုလေ ဟိ အတိက္ကာမေတုံ နဝဋ္ဋတိ။ သစေ ပိ နဒီဃာ၊ ဒ္ဝေ မာသစောာ ကေဒိဝသံ ပိ အတိက္ကာမေတုံ နဝဋ္ဋတိယေဝ–ဟု မိန့်အပ်လတ္တံ့။

သစေ ဩကာသော ဟောတိ–ဟူသောစကားကို အလျော်အားဖြင့်သာ ဆိုသတည်း။ အားလပ်သောအခွင့်ရှိလျက်နှင့် သိတင်းငယ်ရဟန်းကိုစေသော်လည်း အပြစ်မထင်။

ဥပဇ္ဈာယဿ၊ အား။ ဩကာသော၊ အားလပ်သော အခွင့်သည်။ သစေ ဟောတိ၊ အံ့။ ။ကော ဒဟရဘိက္ခု–၌ ဤအရာမှာ နဝ မဇ္ဈိမ–ရဟန်းဿည် ဒဟရမည်၏။ ငါးဝါရသည်တိုင်အောင် နဝ။ခြောက်ဝါမှစ၍ကိုးဝါရသည်တိုင်အောင် မဇ္ဈိမ။

အဝုတ္ထောပိ စေး၊ပ။ ဝဋ္ဋတိ–ဟု မိန့်သောကြောင့် ဥပဇ္ဈာယ်ဆရာကို မရည်မည်နှန်းမူ၍ မိမိအလိုအလျောက် ရှင်ပြုသော သိတင်းငယ်ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု မှတ်အပ်၏။

တေံ ပဗ္ဗာဇေဟိတိ ကေသစ္ဆေဒနံ ကာသာယအာစ္ဆာဒနဉ္စ သန္ဓာယ ဝုတ္တံ။ ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတိတိ ဧသေဝနယော။(တေရသကဏ်ဍီကာ ၃၊၂၀၁၊)

ပဗ္ဗာဇေဟီတိ ဣဒံ တိဝိဓမ္မိ သန္ဓာယ ဝုတ္တံ။ (ဝိမတိဝိနောဒနီဋီကာ)။ တေရသကဏ်ဍီကာ ဆရာသည် သရဏာဂန် ပန သယံ ဒါတဗ္ဗာနိ-ဟူသော စကားသည် သီဘာဂတိက အဓိကာရနည်းအားဖြင့် ရှေးပဗ္ဗာဇေဟီတိ-ဟူသော စကား ပဗ္ဗာဇေတိ၊ ဝန္ဒတိ-ဟူသောစကားနှစ်ရပ်သို့ ပြန်၍လိုက်သည်ဟု နှလုံးပိုက်၍ ဆိုသတည်း။ ဝိမတိဝိနောဒနီဋီကာဆရာသည်ကား သာမဏေကို စေရာဋ္ဌကဲ့သို့ ဝိဒေသအားဖြင့်မဆိုမူ၍ ပဗ္ဗာဇေဟိ-ဟု သာမညအားဖြင့်သာ ဆိုသောကြောင့် သရဏာနိ ပန သယံ ဒါတဗ္ဗာနိ-ဟူသောစကားသည် ရှေးပဗ္ဗာဇေဟီတိ - ဟူသောစကား၊ ပဗ္ဗာဇေဟိ ဝန္ဒတိ - ဟူသောစကား ဤစကားနှစ်ရပ်သို့ ပြန်၍မလိုက်သင့်ဟု နှလုံးပိုက်၍ ဆိုသတည်း။ ထိုစကား နှစ်ရပ်ဘို့ ဘွင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာ (၂၄၄၆၊ ဂါထာ) ၌ ဤအဋ္ဌကထာ စကား၏ အဓိပ္ပာယ်ကို ဖော်ပြသောအားဖြင့် ဒဟရော အာဏာရေတဗ္ဗော၊ ပဗ္ဗာဇေတွာ နယာတိ စ၊ သာမဏေရော ပိ ဝတ္တာဗ္ဗော၊ ဒဟရော နတ္ထိ တဿ္ဘေ၊ ခဏ္ဍသိမ္မိမဒန္ဓဘွာ၊ ပဗ္ဗာဇေတွာ နယာတိစ-ဟု ပေခိုင်းသော အခြင်း အရာ မခြားသောအားဖြင့် မိန့်သောကြောင့် တေရသကဏ်ဍီကာဆရာ၏ စကားသာ သင့်လျော်အံ့ထင်သတည်း၊ ဝိနယဝိနိစ္ဆယစကားတွင် ပဗ္ဗာဇေတွာ ဟူသောစကားကို ဆံရိတ်ခြင်း သင်္ကန်းဝတ်ခြင်း နှစ်ပါးကိုရည်၍ ဆိုသတည်း။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ(၂၊၁၃၀)၌ "ပဗ္ဗာဇေတွာ အာနယဏ္ဍတိ" စာတိ ပဒစ္ဆေဒေါ။ တတ္ထ စ တိခာ ပဗ္ဗာဇနံ ဇေဒိတဗ္ဗံ ကေသစ္ဆေဒနံ ကာသာယ အစ္ဆာဒနံ သရဏာဒါနန္တိ၊ ဣမာနိ တီဏိ ဂဟေတွာ "ပဗ္ဗာဇေတဲ" တိ ဝုစ္စတိ။ တေသု ကေဉ္စိ ဒ္ဝေ ဝါ ပဗ္ဗာဇေန္တော ဟာထာ ဝေါဟာရံယတိယေဝ။ တသ္မာ ပဗ္ဗာဇေတွာ နယာတိဣမိနာ "ကေသေဆိန္ဒိတွာ ကာသာယာနိ အစ္ဆာဒေတွာ အာနေ ဟီတိအယမတ္ထော ဒီပိတောတိ ဒဋ္ဌဗ္ဗော။ အဝုတ္တောတိဉပဇ္ဈာယေန အနုယျောဇိတော သော ဒဟရော သဒေ တံ သယမေဝ ကေသစ္ဆေဒနကာသာယစ္ဆာဒနေဟိ ပဗ္ဗာဇေတိ၊ ဝန္ဒာတိ ယောဇနာ-ဟု မိန့်အပ်၏။

ပဗ္ဗာဇေတွာ၊ ဆံရိတ်သောအားဖြင့် ရှင်ပြု၍(ဝါ) ဆံရိတ်၍။ ကေသော ဒဟရဘိက္ခု ကိဉ္စာပိ ဝတ္တဗ္ဗော။ သာမဏေရော ပိ ကိဉ္စာပိ ဝတ္တဗ္ဗော။ ပန တထာပိ သရဏာနိ သယံ ဥပဇ္ဈာယေန ဒါတဗ္ဗာနိ-ဟူ၍ ယောဇနာလေ။

ဘေရသကဏ်ဍီကာဆရာသည်ကား သရဏာဂုံပေးခြင်းမည်သည် ဥပဇ္ဈာယ်ဆရာအား သာ လျော်သည်နှင့် အလျော်အားဖြင့်သာ ဆိုသတည်း။ သီဘင်းငယ်ရပ်နှင်း သရဏာဂုံပေးရာ မအပ်သောကြောင့် ဆိုသည်မဟုတ်။

ဝိမတိဝိနောဒနီဋီကာ ဆရာကား အလျော်ကိုမရေတွက်မူ၍ သီတင်းငယ်ရဟန်းလည်း သရဏဂုံပေးကောင်းသောကြောင့် ဆိုသတည်း။ သီတင်းငယ်ရဟန်းသည် ဗျတ္တပဋိဗလ ဖြစ်လေသော် ဥပသမ္ပဒကမ္မဝါစာကို သော်လည်း ရွတ်ဖတ်ကောင်းလေသတည်း။ အဘယ်မှာဆရဏာဂုမ် မပေးကောင်း ဘဲရှိလုညှ် အံ့နည်း။ ထိုစကားမှန်၏။ သီတင်းငယ်ရဟန်းသည် ဥပသမ္ပဒကမ္မဝါကို ရွတ်လေသော် ဥပသမ္ပဒကံ ပျက်သည်နှင့် ရဟန်းမဖြစ်ဟု ပါဠိအဋ္ဌကထာ ဋီကာဟူသမျှတို့၌ အမြစ်ရှိပေ၏။

ဧပံ ဒါနေန၊ ဤသို့သောသာမဏေကို "ဧဟံဘန္တေသိမံ။ ပ။ ပဗ္ဗာဇေဟိ" ဟုစေ၍ ပဗ္ဗာယ်ဆရာကိုပင်ဘိုင် သရဏဂုံမပေးခြင်း ၁ည်။ သတိ၊ ရှိဆည်ရှိသော်။ ဘိက္ခုနောဝ၊ ရဟန်းသည်သာလျှင်။ ပဗ္ဗာဇိတောဝ၊ ရှင်ပြုအပ်သည်။ ဟောတိ၊ ၏။ သာမဏေရေနာပိ၊ သာလည်း၊ ပဗ္ဗာဇိတောဝ၊ သည်။ နု ဟောတိ၊ မဖြစ်။ ကေသစ္ဆာဒနာ ကာသာယဒန္ဓစ္ဆာဒနာ သရဏဒါန- သုံးပါးတို့တွင် သာမဏေသည် ကေသစ္ဆာဒန ကာသာယဒန္ဓစ္ဆာဒနနှစ်ပါးကို ပြုပြောင်းသော်လည်း သရဏဒါနသည်သာလျှင် ပဓာနဖြစ်သောကြောင့် ဤ"ဧဝံ ဘိက္ခုနောဝ ပဗ္ဗာဇိတောဝ ဟောတိ" ဟူသောစကားကို မိန့်သတည်း။

ဘိက္ခုနောဝ-၌ ဧဝ-ဖြင့် သာမဏေသည်လည်း ရှေးနှစ်ပါးကိုပြုရလေသောကြောင့် ရှင်ပြုအပ်သည်ဖြစ်လေသဖြစ်လာဟူသော လျှောင်းပါးဖွယ် သာသက်-ကိုပြုသတည်း။ ဧဝံ ဥပဇ္ဈာယေနေဝ ပဗ္ဗာဇိတောဝ-ဟု မဆိုမူ၍ ဧဝံဘိက္ခုနောဝ ပဗ္ဗာဇိတောဟု သာမညအားဖြင့်သာ ဆိုသောကြောင့် ဥပဇ္ဈာယ်ဆရာမှ တစ်ပါးသော သီတင်းငယ် ရဟန်းသည်လည်း ဗျတ္တပဋိဗလဖြစ်၍ ဥပဇ္ဈာယ်ဆရာကို မရည်မည်နှုန်းမူ၍ မိမိအာလိုအလျောက် ရှင်ပြုလေလျှင်းမူလည်း ပွင့်မူကားဖြစ်၏။ ဤသို့ရှင်ဖြစ်သော်လည်း ဒုက္ကဋ်အာပတ်မှ မလွတ်ဖြစ်သတည်း။ အညော သာမဏေရာဒိကော။ အညော သာမဏေရိအာဒိကော။ သာမဏေရော ပန သာမဏေရီ ဝါ ဟူသော စကားသည် ဥက္ကဋ္ဌနည်းအားဖြင့်ဆိုအပ်သော စကားသာတည်း။ လူယောကျား လူမိန်းမတို့သည်လည်း ရဟန်းယောကျား ရဟန်းမိန်းမတို့၏စေခိုင်းခြင်းဖြင့် သင်္ကန်းပေးခြင်းငှာရသော်၏။ ဆံရိတ်ခြင်းကိုမူကား ရဟန်းယောကျား ရဟန်းမိန်းမတို့က မဖေမခိုင်းသော်လည်း အမှတ်မရှိသောသူသည် ပြုအပ်ပြုကောင်း၏။ ထို့ကြောင့် အဋ္ဌကထာကမ္မာရဘာဇ်္ဈဝတ္ထုဒေဝင့် (ဝိဋ္ဌ ၃၊ ၂၇၄) ၌။ယောပန နဝ မုဏ္ဍော ဝါ ဟောတိ ဝိဇ္ဇာန္တကော ဝါ နိဂ္ဂဟာဒီသု အညတရော ဝါ ဒဠှဂိလာနော ဝါ ဥဂ္ဂဟဏသမတ္ထော ဝါ ဒဠှဂိလာနော ဝါ ဥဂ္ဂဟဏသမတ္ထော ဝါ။ တဿ ကေသစ္ဆေဒနဒုက္ကဋံ နတ္ထိ-ဟု မိန့်အပ်သတ္တံ့။ ထိုစကားမှန်၏။ နဝမုဏ္ဍနှင့်နိဂ္ဂဟာဒီမညတရ-တို့ဆံရိတ်ရာ၌ အာဘယ်မူ၁ ရဟန်းယောကျား၏

စေခိုင်းခြင်းရှိလိမ့်မည်နည်း။ စေခိုင်းခြင်းမရှိသည်သာတည်း။ ဤသို့မစေမခိုင်းသော်လည်း ပြုကောင်းလေသောကြောင့် ရှေးဝါကျမှ အာဏတ္တိယာ-ဟူသော စကားသည် ကသောဏုပနံ-အစရှိသော နောက်ဝါကျသို့ မလိုက်သင့်ချေ။

သစေ ပန-ဌ်ပနသဒ္ဒါ ဝိသေသတ္ထဇောတက။ ဗလဝဉ္ဉာဟော ကိဉ္စာပိ ဟောတိ၊ ပန တံထာပိ၊ ဟိ ယသ္မာ ဥတြာန္တိ။ တသ္မာ စ ဟိ ယသ္မာ ဧတ္တာ ယေဝ ပလာယန္တိ။ တသ္မာ စ နဝိဿဇ္ဇေတဗ္ဗော။ တသ္မာ ဒေဝိဿဇ္ဇေတဗ္ဗတ္တာ သယမေဝ။ပ။ နဟာဟီတိ ဝတ္တဗ္ဗော။

ဂ စ္ဆ၊ဝါ၊ ပေ့းနာသည်လည်းကောင်း။ ဝိဇ္ဇကာဝဲါ၊ ထုတ်အိုင်းနဲသည်လည်းကောင်း။ သစေ ပိ ဟောန္တိ၊ အကယ်၍မူလည်း ဖြစ်ကုန်အံ့။ ဇ ထာပိ၊ တိုသို့ဖြစ်ကုန်သော်လည်း။ အာသ ဒဟရသ၊ ၏။ (ဟတ္ထပါဒသီသာနိဒ္ဒေပ်)။ ကစ္ဆံ၊ ဝါ ပိဋ္ဌကံ ဝါ အဇိဂုစ္ဆန္တေန။

အနိဝတ္တိမ္ဟာ ဟိ ယသ္မာ ဟောန္တိ။ တသ္မာ စ ဟိ ယသ္မာ ပါပုဏန္တိ။ တသ္မာ စ ဟိ ယသ္မာ ကတဝေဒိနော ဟောန္တိ။ တသ္မာ စ သာဓုကံ။ပ။ နဟာပေတဗ္ဗော။ ဤသို့ ဟိသဒ္ဒါကို ဟိ ယသ္မာ-ဟု အနက်ပေးသည်ကား "ဇ္ဈတ္ထ ဟိသဒ္ဒါ ယသ္မာ ပဒတ္ထေ ဝတ္တတိ"ဟူသော ဝိနယဝိနိစ္ဆယဋီကာ(၂၊၁၃၂)လာ စကားနှင့်အညီတည်း။

သစေ ဟောတိ၊ အထ ဧဝံ သတိ၊ အာသ ပဗ္ဗဇ္ဇာပေက္ခဿ။ပ။ စုဏ္ဏယမာနံ ယေဝ ဉာဏံ အရဟတ္တမဂ္ဂဉာဏံ ဟိ ယသ္မာ ပဝတ္တတိ။ ဣတိ တသ္မာ စ ဥရဂ္ဂေ ယေဝ အရဟတ္တံ ဟိ ယသ္မာ ပါပုဏာတိ။ ဣတိ တသ္မာ စ ယေကေစိ ပဗ္ဗဇ္ဇာပေက္ခာ။ပ။ နိဿာယ ဟိ ယသ္မာ ပတ္တာ။ အနိဿာဟ ဟိ ယသ္မာ နောပတ္တာ၊ တသ္မာ အရဟတ္တံ ပါပုဏာတီတိ ဉာယတိ။ တသ္မာ အရဟတ္တဿ ပါပုဏနတော ဧဝရူပီကထာ ဟိ ယသ္မာ ကထေတဗ္ဗာ ကထေတုံ ယုတ္တာ။ ဣတိ တသ္မာ စ အာစိက္ခိတဗ္ဗံ။

သုတ်မဟာဝါအဋ္ဌကထာ မဟာဿတိပဋ္ဌာနသုတ် (ဒီ၊ဋ္ဌ၊၂၊၃၇၇)အဖွင့်လာ သစေ ပန ဝိရိယိန္ဒြိယံ ဗလဝံ ဟောတိ။ အထ သဒ္ဓိန္ဒြိယံ အဓိမောက္ခကိစ္စံ ကာတုံ န သက္ကောတိ-ဟူသောစကား၌ အထသဒ္ဒါသည် ဧဝံသတိ-အနက်ကိုဟော သတည်း။ ဤကဲ့သို့ပင် အထဃ-၌အထသဒ္ဒါသည် ဧဝံသတိ-အနက်ကို ဟောသတည်း။ ဝိနယဝိနိစ္ဆယဋီကာဆရာ၏ အလိုအားဖြင့်ကား။ သစေဟိ-၌ ဟိ- ကို"ဟိ၊ အကျိုးကိုဆိုဦးအံ့"ဟုအနက်ပေး။ ထို့ကြောင့် ဝိနယဝိနိစ္ဆယ

ဋီကာ (၂၊ ၁၃၁။) ၌ ကိမတ္ထမေဝံ ကရိယတိတိ စေ? သစေ ဥပနိဿယ-သမ္ပန္နော ဟောတိ၊ တဿ ခုရဂ္ဂေ ယေဝ ဘေဒဟေတ္တပါပုဏာ နတ္ထိ ဟု မိန့်အပ်၏။ ဝိနယဝိနိစ္ဆယဋီကာဆရာ၏ အလိုအားဖြင့် "ဉာဏံ ပဝတ္တတိ။ ပါပုဏာတိ၊ကယေ တဗ္ဗာ။ ဣတိ ဝေဒိတဗ္ဗံ" ဟုအနက်ပေး။

တသ္မာဃ-စသည်ကား လဒ္ဓဂုဏ်ကည်း။ ဝေဠုပိကထာ ကထေတဗ္ဗာ-ဟူသော စကားနှင့် အရင်းခြေးဖြစ်သော အာစိဏ္ဏိကတ္ထံ-ဟူသော စကားသည် အတူတူဟည်း။ အရင်းခြေးဖြစ်သော စကားကိုယ်၌ ဆိုသတည်း၊ ဤသို့ မှတ်အပ်၏။ ဤကား ဝိနယဝိနိစ္ဆယဋီကာဆရာ၏ အလိုတည်း။

ကောသောဇော်ပနသ္သ အာဒိမ်ဟိတာဝ ဇောဠုပိကာ ဘစပဋ္ဌက ကမ္မဋ္ဌာန-ကထာ။

တိကွတ္တုံ ဝါ ဒ္ဝိက္ခတ္တုံ ဝါ သကိံ ဝါ ပဋိဂ္ဂါဟာပေတဗ္ဗော-ဟူသောစကား ဖြင့်သင်္ခန်းတောင်းအပ်သည်၏အဖြစ်ကိုပြသတည်း။ ထို့ကြောင့် ဝိနယဝိနိစ္ဆယ (၂၄၅၈) ၌။ ဒ္ဝိတ္တိက္ခတ္တုံ၊ သကိံ ပါပိ။ ဒါကဇ္ဇာနိဿ ဘိက္ခုနော-ဟု မိန့်အပ်၏။ ထိုစကားမှန်၏။ ဒါနနှင့်ပဋိဂ္ဂါဟာပန အတူတူပင်တည်း။ သင်္ခန်းတို့ကို ခံစေ၍ ရှင်လောင်းကိုယ်တိုင် ဝတ်ဆေးရမည်ဟူလိုသတည်း။ ဝိမတိဝိနောဒနီ(၂၊၉၅)၌ ဥပဇ္ဈာယေန ဝါ တိဇေတ္ထ ယဿ သန္တိကေ ဥပဇ္ဈံ ဂဏှာတိ-အစရှိသော စကားကို မိန့်အပ်လတ္တံ့။ အာဘိသမာစာရိက သိက္ခာပုဒ်တို့ ဘူကုန်သည်ကား သေခိယသိက္ခာပုဒ် အစရှိသည်တို့တည်း။ ထို့ကြောင့် အင်္ဂကထာ(ဝိ၊ဋ္ဌ၊၃။ ၂၅၂။)၌ နိဝါသနပါရုပနာဒိသု အာဘိသမာစာရိကေသု ဝိနေတဗ္ဗော-ဟုမိန့်အပ်လတ္တံ့။ တေရသကဏ်ဋီကာ(၃၊၂၀၃)၌လည်း အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ သေခိယ ဥပဇ္ဈာယဝတ္တာဒိ အာဘိသမာစာရိကံ သိလမနေန ပူရေတဗ္ဗ-ဟု ဖွင့်အပ်လတ္တံ့။

အာစရိယော ဝါ ဥပဇ္ဈာယော ဝါ-ဟူသောစကားရပ်၌ အာဘိသမာစာရိက သိက္ခာပုဒ်တို့၌ ဆုံးမခြင်းငှာ ဥပဇ္ဈာယ်ဆရာက ဆောင်နှင်းအပ်သည်ဖြစ်၍ အာဘိသမာစာရိက သိက္ခာပုဒ်တို့၌ ဆုံးမတတ်သော ဆရာသည် အာစရိယမည်၏။ ဥပဇ္ဈာယ်ယူရာ ဆရာသည် ဥပဇ္ဈာယမည်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီ(၂၊၉၅)၌ ဥပဇ္ဈာယေန ဝါ တိဇေတ္ထ ယဿ သန္တိကေ ဥပဇ္ဈံ ဂဏှာတိ-အစရှိသော စကားကို မိန့်အပ်လတ္တံ့။ အာဘိသမာစာရိက သိက္ခာပုဒ်တို့ ဘူကုန်သည်ကား သေခိယသိက္ခာပုဒ် အစရှိသည်တို့တည်း။ ထို့ကြောင့် အင်္ဂကထာ(ဝိ၊ဋ္ဌ၊၃။ ၂၅၂။)၌ နိဝါသနပါရုပနာဒိသု အာဘိသမာစာရိကေသု ဝိနေတဗ္ဗော-ဟုမိန့်အပ်လတ္တံ့။ တေရသကဏ်ဋီကာ(၃၊၂၀၃)၌လည်း အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ သေခိယ ဥပဇ္ဈာယဝတ္တာဒိ အာဘိသမာစာရိကံ သိလမနေန ပူရေတဗ္ဗ-ဟု ဖွင့်အပ်လတ္တံ့။

အာဘိသမာစာရော တိ ဥတ္တမသမာစာရော။ အာဘိသမာစာရော ဝေ အာဘိ
ထမာစာရိကံ။ အာဘိသမာစာရံ ဝါ အာရဗ္ဘ ပညတ္တံ အာဘိသမာစာရိကံ
ဟူသော ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ(၁၊၁၂)၌ လာသောစကားဖြင့် အာဘိသမာ
စာရိကပုဒ်၏ ဝစနတ္ထကို သိနယ်၏။

သင်္ကန်းတို့ကို လက်၌ပေးသဖြင့် ခံစေ၍ ရှင်လောင်းကိုယ်တိုင် ဝတ်စေမှသာ
အပ်သလောဟု မေးရန်ရှိသောကြောင့် အထာပိဿ-အစရှိသော စကားကို
မိန့်အပ်သည်နှင့်အညီ "အဿ ပဗ္ဗဇ္ဇာပေက္ခဿာ၊ ဇ်။ ဟတ္ထေ၊ ဒ္ဓြ။ အဒတ္ထာ၊ ဒ္ဓြ။
အာစရိယော ဝါ၊ သည်လည်းကောင်း။ ဥပဇ္ဈာယော ဝါ၊ သည်လည်းကောင်း။
သယမေဝ၊ ကိုယ်တိုင်သာလျှင်။ အထာပိ ယဒိပိ အစ္ဆာဒေတိ၊ အကယ်၍မူ
လည်း ဝတ်အံ့။ ပေသတိပိ၊ ကျွှဲသို့ဖြစ်သော်လည်း၊ ဝဋ္ဋတိ၊ အပ်သေး၏"။
ဤသည်ကား ယဒိပိဿရှိသင့်သောအရာ၌ အထာပိဿ-ရှိသည်နှင့် ငါကြုံစည်
အပ်သောနည်းတည်း။ထို့ကြောင့် ဝိနယဝိနိစ္ဆယ(၂၄၅၉)၌အထ ဟတ္ထေ ပိ ဝါ
တဿ ဟုမိန့်အပ်၏။ ကိုစကားရပ်၌ ဝါသဒ္ဒါသည် ပေထဝါ-အနက်ရှိသတည်း။
အာဇနှင့်ပါကိုရောစပ်၍ "အထပိ အစ္ဆာဒေတိ။ အကယ်၍မူလည်းဝတ်အံ့ ဟု
ဆနက်ပေး။ဝိနယဝိနိစ္ဆယဋီကာ (၂၊၂၄၅၅)၌မူကား။ အထာတိ အဓိကာရန္တရ
ရမ္ဘနိုဂါဒေသာ။ဘာ ဟတ္ထေ အဒတ္ထာပိ ဥပဇ္ဈာယော ဝါ အာစရိယော ဝါ ပိ
သယမေဝ ဟံ ပဗ္ဗဇ္ဇာဒယဟ္ဟံ အစ္ဆာဒေတိ၊ ဝဋ္ဋတီတိ ဒယောဇနာ-ဟု ဖွင့်
အပ်၏။ ဝိနယဝိနိစ္ဆယဋီကာ ဆရာသည် ဒါဠမ္ဘနိယ အဋ္ဌကထာ-ဟူသော
ဒုဿစေတန်ဖြင့် ဖော်ပြထားမှုကို ရှင်လောင်းကိုယ်တိုင်ဟုတ်မဟုတ်ကို အပ်
ရိုသားသည်။ "အထပစ္ဆာ၊ ထိုသို့သော်နှင်းပေးသည့်နောက်၌" ဟု အနက်ပေး
လိုသတည်း။ အပိသဒ္ဒါကိုလည်း အဒတ္ထာပဒ်နောင်ယှဉ်လိုသောကြောင့်၊ ဝါသဒ္ဒါ
ကိုလည်း ဥပဇ္ဈာယောပဒ်နောင်ယှဉ်လိုသောကြောင့်။

ဝိမတိဝိနောဒနီဋီကာ (၂၊၉၅)၌ အထာပိတိအာဒိ တိက္ခတ္တုံ ပဋိဂ္ဂါဟာ
ပနတော ပရံ ကတ္တုဇ္ဇဝိဓိဒဿနံ။ အထာပိတိ တတော ပရမ္မိတိ အတ္ထော-ဟု
ဖွင့်အပ်၏။ အထသဒ္ဒါ၏အနက်ကား ဝိနယဝိနိစ္ဆယဋီကာလာ အနက်အတိုင်း
ပင်တည်း။ အပိသဒ္ဒါကို အာသင်္ကာပုဒ်၌ ယှဉ်ဖက်သတည်း။ ဤဋီကာဆရာနှစ်ပါး
တို့အလိုအားဖြင့် အထသဒ္ဒါသည် အဓိကာရန္တရ အနက်ဟောတတ်း။ အဓိကာ
ရန္တရ ဟူသည် ဤအာဒ္ဓသင်္ကန်းတို့ကို လက်၌ပေးသဖြင့် ခံစေ၍ ရှင်လောင်း
ကိုယ်တိုင် ဝတ်ခစခြင်းအရာမှ တစ်ပါးသော အာစရိယ ဥပဇ္ဈာယတို့ကိုယ်တိုင်
သာ ဝတ်ခြင်းအရာတည်း။ ထို့ကြောင့် သဒ္ဒနီတိ(သုတ္တ၊၃၇၇-နှာ။) အဓိကာ
ရန္တရ အာဇ ပုဗ္ဗာသရလောပေါ၊ တတော ပရန္တိ အတ္ထော-ပိ ဟု မိန့်အပ်၏။
အနန္တရအနက်နှင့် အဓိကာရန္တရအနက် အထူးကွာခြား-အနန္တရမှာ ကာလ

အခြားမရှိရ။ အဓိကာရန္တ်ရမှာ ကာလအခြားရှိရ၏။ အနန္တရအနက်၌ ပြယုဂ်ကား အထ နံ အာဟ-တည်း။

တံ ယေဝ ဝါ အာဏာပေတိ ဇောနီ ဂဟေတွာ အစ္ဆာဒေဟီတိ-ဟူသော အဌကထာ စကားရပ်ဖြင့် သင်္ကန်းတို့ကို လက်ဆွဲပေးသဖြင့် ခံစေမှု၌ ရှင်လောင်းကိုယ်တိုင် ဝတ်စေသည်ကို ပြသတည်း။ ဤသို့ယူမှ ပဋိဂ္ဂါဟာပေတွော-ဟူသော ရှေးစကားနှင့် ထူးသတည်း။ သင်္ဃံ တေန ဘိက္ခုနာဝ ဒိန္နဟောတိ-ဟူသော စကား၌ အာစရိယနှင့် ဥပဇ္ဈာယ ဆရာနှစ်ပါး တို့သည် စေခိုင်းရင်း အာဏာပက ပဂ္ဂိုလ်ဖြစ်သည်နှင့် ဤဆရာနှစ်ပါးတို့တွင် တစ်ပါးပါးကို ဘိက္ခုနာ အရ မှတ်လေ ဘိက္ခုနာ ဟိ-အစရှိသော စကား၌မူကား အာစရိယ ဥပဇ္ဈာယ အညတရ ရဟန်းတို့တွင် မည်သည့်ရဟန်းမဟူ ရဟန်းဟူသမျှကိုပင် ဘိက္ခုနာ-အရ ယူလေ။

အဒိန္နံ နဝဋ္ဌတိတိ ဤ ပဗ္ဗဇ္ဇာ နှ ရုဟတိတိ ဝဒန္တိတိ လိခိတံ။ ပေါရာဏာ ဂဏ္ဌိပဒေပိ ကထေဝ လိခိတံ။ (ဝင်္ဂမဟဋ္ဌကထာ၊ ၄၁၂။) အဒိန္နံ နဝဋ္ဌတိတိ ဤ ပဗ္ဗဇ္ဇာ နှ ရုဟတိတိ ဝဒန္တိ။ (ဝိနယ ဝိနိစ္ဆယဋီကာ ၂၊ ၁၃၂။) ဤဋီကာ စကားနှစ်ရပ်သည် ယံ ပန နိဝါသနံ ဝါ ပါရုပနံ ဝါ အနာဏာတ္တိယာ နိဝါသေတိ ဝါ ပါရုပတိ ဝါ၊ ဘဲ အပနေတွာ ပုန ဒါတဗ္ဗံ-ဟုဖွင့်ကထာ၌ တင်းတင်းကြပ်ကြပ် မိန့်တော်မူသောကြောင့် သင့်လျော်လှ၏၊ အကယ်၍ မပေးမကမ်းမူ၍ ဝတ်ကောင်း ခံကောင်းဖလက အဘယ်မှာပင် ချတ်၍တဖန် ပေးဖွယ်ရှိလေအံ့နည်း။ ပယ်ချတ်၍ တဖန်ပေးကွယ် မရှိလေထာသတည်း။

ဥပဇ္ဈာယော စေ ကသမဿု သြဏောပနာဒီနိ အာကတွာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ။ နှ ရုဟတိ ပဋ္ဌဇ္ဇာ၊ ကမ္မဝါစံ သာဝေတွာ ဥပသမ္ပာဒေတိ၊ ရုဟတိ ဥပသမ္ပဒါ။ အပတ္တစီဝရုနံ ဥပသမ္ပဒါ သိဒ္ဓိဒဿနတော၊ ကမ္မဝိပတ္တိယာ အဘာဝတော၊ စေတံ ယုဇ္ဇတေ ဝံ၊ တိ ဇေကေ။ ။ ဟောတိ စေတ္ထ။

"သလိင်္ဂေသေဝပဗ္ဗဇ္ဇာ၊ ဝိလိင်္ဂံသောပိ စေတရော။
အပေတပုဗ္ဗဝေသဿ၊ ကံ ဒဋ္ဌယံ ဂ္ဂတိစောပရေ"တိ။ ။

ဘိက္ခုနာ ဟိ သဟတ္ထေန ဝါ အာဏာတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ နဝဋ္ဌတိတိ ပန သန္ဓေဿဝံ ကာသာဝေသုနာဿ ဇန္တသု အသမ္ဘဝတောတိ ဇေသံ အဓိပ္ပါယော။ ဝေဋ္ဌ ပန ဘိက္ခဝေ ပဗ္ဗာဇေတဗ္ဗော ဥပသမ္ပာဒေတဗ္ဗော။ ပဋ္ဌမံ။ပ။ အနုဇာနာမိ ဘိက္ခဝေ ဂ္ဂမေဟိ တိဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒဉ္စ ဤ ဂ္ဂမိနာ အနုဂ္ဂမေန ဒိန္နေဟိ တိဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ အနုဇာနာမိ ဇောဝလေဟိတိ အဓိပ္ပါယဒဿနတော။ "အာဒိန္နပုဗ္ဗလိင်္ဂဿာ၁နုဂ္ဂဟာပိ ဒဋ္ဌယံ ဘဝေ။ခနုတရဿာတိ ဇနာဝန္တိ။သမ္ဘပါပုဏနုလော-

၁။ အာစိဏ္ဏ ပုဗ္ဗလိင်္ဂဿ (က)

မတော”တိ အာစရိယော။ (ဝင်္ကရဗ္ဘဒ္ဒိဋီကာ ၄၁၁)။ပဗ္ဗဇင်္ဂတ္ထံ၊ ရှင်ပြုခြင်းအကျိုး ၄။ ဥပဇ္ဈာယော စေ ကေသမဿုံ ဩရောပနာဒီနိ အကတ္ဝာ ကမ္မဝါစံ သာဝေတ္ဝာ ဥပသမ္ပာဒေတိ ဟု ယောဇနာ။

သလိင်္ဂသော– အစရှိသောဂါထာသည်။ပ။ ကေသဆရုတ္ထိဂါထာတည်း။ ထိုဂါထာဝင်္ဂ် သလိင်္ဂသော်ဝ။ပ။ စေတရု–ဟူသောစကား သည် ကေသဆရုတို့သည် မိမိတို့အလိုရှိ၍ဆိုအပ်သော စကားတည်း။ အပေတပုဗ္ဗဝေဿ–အစ ရှိသောစကားသည် ကေသဆရုတို့ပြုအပ်သော အပရေဝါဒဖြစ်သတည်း။

သလိင်္ဂသော၊ ရှင်၏အသင်္ဂရှိသော သူအား သာလျှင်။ ပဗ္ဗဇ္ဇာ၊ ရှင်၏ ကဖြစ်သည်။ ရုဟတိ၊ ရောက်၏။ ဝိလိင်္ဂသောပါ၊ ရှင်၏အာသင်္ဂမရှိသောသူအား လည်း။ (ဝါ) ရောင်ဥတ်တုတ်နှင့် လူတို့၏အဂတ်ကိုဝတ်သော သူအားလည်း။ ဣတရော၊ ဤရှင်၏အဖြစ်မှတစ်ပါးသော ပဉ္စင်း၏အဖြစ်သည်။ ရုဟတိ။။ရောက်၏။ အပေကပုဗ္ဗဇဝဿ၊ ကင်းပြီးသော ရွေးဦဖြစ်ဖူးသော သာမဏေ၏ အသင်္ဂရှိသောသူအားလည်း။ (ဝါ) အရှည်းနှီးနေသော လိင်ကဲ့သော သာမဏေအားလည်း။ တံဒ္ဓယံ၊ ထိုရှင်၏အဖြစ်၊ ပဉ္စင်း၏အဖြစ်နှစ်ပါးစုံသည်။ ရုဟတိ၊ ရောက်၏။ ဣတရော၊ တည်း။ အာစိဏ္ဏော ပုဗ္ဗလိင်္ဂသော၊ ရွေးဦလေ့ကျက်အပ်သော သာမဏေး၏ အသင်္ဂရှိသော လိင်ကျသော သာမဏေအား။နဂ္ဂသောပါ၊အချည်း နှီး ငှင်ဖြစ်သော်လည်း။ ဒွယံ၊ရှင်၏အဖြစ် ပဉ္စင်း၏အဖြစ်နှစ်ပါးစုံသည်။ ဘဝေ၊ ဖြစ်၏။ (ဝင်္ကရဗ္ဘဒ္ဒိဋီကာ အနက်)

သာမဏေပဋိသဉ်္ဇီသောလူ ကမ္မဝါစာရွတ်ဖတ်မူ အပ်ကြောင်းကို ဥဒီနဝိသတိ သိက္ခာပုဒ်အဖွင့် တရသကဏ်ဋီကာ၌ မိန့်အပ်ပြီးဟူ၏။

ဤမျှ၊ ထိုရှင်ပြုရာ ရဟန်းခံရာအရပ်၌။

ပါဒေ ဝန္ဒာပေတ္ထာ–ဟူသော စကားဌ်ဝန္ဓာပန–ဟူသည်ကား ထိုခြင်းငါးပါး ဖြင့် ဝတ်ချခြင်းတည်း။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ (၂။ ၉၅)၌။ ပါဒေ ဝန္ဒာပေတ္ထာတိ ပါဒါဘိမုခံ နမာပေတ္ထာ။ ဒုရေ ဝန္ဒန္တော်ပိ ဟိ ပါဒေ ဝန္ဒ-တိတိ ဝုစ္စတိဟု မိန့်အပ်၏။ ပါဒါဘိမုခနမာပန–ကို ပါစိတ် ဘိက္ခုနောဝါဒ-ကဝဂ် သြဝါဒသိက္ခာပုဒ်အဖွင့်တေရသကဏ်ဋီကာ (၃၊ ၄၃) လာ။ အန္တောဂါ-မေဝါတိ အာဒီသု ယတ္ထ ပဋ္ဌအင်္ဂါနိ ဘူမိယံ ပတိဋ္ဌာပေတ္ထာ ဝန္ဒိတုံ နသက္ကာ ဟောတိ၊ တတ္ထဋ္ဌိတာယ ဧဝ ကာယံ ပုရတော နာမေတ္ထာ ဝန္ဒာမိ အယျာတိ အဉ္ဇလိ ပဂ္ဂယှ ဂန္တုံပိ ဝဋ္ဋတိ ဟူသော်စကားဖြင့် သိအပ်၏။

ထိုခြင်းငါးပါးတို့၏ သရုပ်ကိုကား သုတ်သီလက္ခန်ဓိကာဿစ် သာမညဖလ-သုတ်အဖွင့် (၂၊ ၁၈) လာ ပဋ္ဌပတိဋ္ဌိတနာတိ ဇတ္ထ ပဋ္ဌဟိ အင်္ဂေဟိ အာဂေ်ဟိ အာဘိ မုခံ ဌိတေနာတိ အတ္ထော၊ ဂါဒဓာဏုကပ္ပရဟတ္ထသီသဒ်ါတာနိ ပဋ္ဌ အင်္ဂါနိ သမံ ကတ္ဝာ သြနာမေတ္ထာ အာဘိမုခံ ဌိတေန ပထမံ ဝန္ဒိတ္ဝာတိ ဝုတ္တံ ဟောတိ ဟူသော်စကားနှင့်အညီ။ ခြေနှစ်ဖက် ပုဆစ်ဒူဝန်းနှစ်ဖက် တတောင်ဆစ် နှစ်ဖက် လက်နှစ်ဖက် ဦးခေါင်း–ဟူဆိုအပ်ကုန်သော ဆင်္ဂါငါးပါးတို့ကို အမျှ ပြု၍ ကိုင်းညွတ်သဖြင့် ရှေ့ရှုတည်ခြင်းဟု သိအပ်၏။ ဤသုတ်သီလက္ခန်ဓိကာ စကားဃာပါစိတ်သြဝါဒ သိက္ခာပုဒ်အဖွင့်မှာ လာသော တေရသကဏ်ဋီကာ လာတိုင်း မစ္ဆမ်းနိုင်ဇာမှသာ သင့်လျော်သကဲ့သို့၊ စွမ်းနိုင်မှုမှာမူကား မသင့် မလျော်ဟု မှတ်အပ်၏။[1] ဇင်ဝဒေဟိတိ ဝတ္တဗ္ဗော–ဟူသော သာမညစကား၏ ဝိသေသ အခိပ္ပာယ်ကို ပြလိုသောကြောင့် ဟမဟံ ဂဂါမိ–အစရှိသော စကား ကို မိန့်သတည်း။

ဗုဒ္ဓံ သရဏံယေဂ ဝါ–အစရှိသောစကား၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ကိုပေးပြီး လျှင် ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ–တို့ကို တစ်လျှောက်တည်း မပေးမူ၍ "ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု သုံးကြိမ်ပေးပြီးမှ ထို့အတူ "ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ–တို့ကို လည်း သုံးကြိမ်စီပေးသည် ဟူသိုသတည်း။

ဣမဉ္စ ပန သရဏဂမနူပသမ္ပဒံ ပဋိက္ခိပိတ္ဝာ–ဟူသောစကား၌ လားလတ္တံ. သော အညတြ ဗြာဟ္မဏဝဏ္ဏာ–၌ သရဏဂမနူပသမ္ပဒါကို ပယ်သတည်းဟု မတ်အပ်၏။

ဥပသမ္ပဒါယ သဗ္ဗေ အာစရိယော–ဟူသော စကား၌ နဝံ, မဇ္ဈိမ, ထေရ မဟူ။ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော–ဟူ၍ ဟောတော်

၁။ မစ္ဆမ်းနိုင်မှာ မသာင့်လျော်၊ စွမ်းနိုင်ဇာမှသာ သင့်လျော်သတည်း။

မူသည်နှင့် အညီ ဗျတ္တပဋိဗလဖြစ်၍ ကမ္မဝါစာ ရွတ်ဖတ်သော ရဟန်းသည် အာစရိယမည်၏။

ဌာနကရဏာသမ္ပဒံ အဟာပေန္တော နဝေ-ဟူသော အဋ္ဌကထာစကား၌ ဌာန-ဟူသည် ဥရ-အစရှိသော ဌာန်တည်း။ ကရဏဟူသည် သံဝုက အစရှိသော ကရိဏ်းတည်း။ ဆိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌ "ဥရာဒီနိ ဌာနာနိနာမ။ သံဝုတာဒီနိ ကရဏာနိနာမ' ဟု မိန့်အပ်၏။ တရာသကဏ် ဋီကာ၌လည်း ဌာနကရဏသမ္ပဒန္တိ တွေ့ ဥရအာဒီနိဌာနာနိ သံဝုတာဒီနိ ကရဏာနိတိ ဝေဒိတဗ္ဗာနိ ဟု မိန့်အပ်၏။ ဝိမတိဝိနောဒနီ ဋီကာ၌ကား မဖွင့်။ ဥရအာဒီနိ-ဟူသောစကား၌ အာဒိ သဒ္ဒါဖြင့် ကဏ္ဌ တာလု မုဒ္ဓ ဒန္တ သြဋ္ဌ ဂျိဌာန်းပါးတို့ကိုသာ ယူအပ်ကုန်၏။ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ-ဟု နာသိကဌာန်ကို အသိးအခြား အဋ္ဌကထာ၌ မိန့်တော်မူအပ်လတ္တံ့ဖြစ်သောကြောင့် နာသိကဌာန်ကိုမူကား မယူကြလင့်။ ဝိနယဝိနိစ္ဆယဋီကာ (၂၁၃၃)၌ကား ဌာနကရဏသမ္ပဒံ ကဏ္ဌ တာလု မုဒ္ဓ ဒန္တ သြဋ္ဌ နာသိကာဘေဒံ ဌာနသမ္ပဒဉ္စ-ဟု မိန့်အပ်၏။ ဥရဌာန်ကို ချန်သည်ကား ဆရာကုံ၌—

ဟာကာရံ ပဋ္ဌမေဟာ၊ အာန္တဋ္ဌာဟိစ သံယုတံ။
သြရသန္တိ ဝဒန္တေတ္ထ။ ကဏ္ဌေ တဒသံယုတံ—

ဟ၌ သန္ဓိ ရှုပသိဒ္ဓိကျမ်းဌီလာသော သြရသ-အက္ခရာ မလာမရှိသောကြောင့် ချန်သတည်း။အာန္တဋ္ဌအက္ခရာတို့ ဟူသည်ကား အန္တဋ္ဌာ ယ-ရ-လ-ဝါ-ဟု သန္ဓိကလာပ် ကျမ်းလာကုန်သော ယ-ရ-လ-စ ဤလေးလုံးကုန်သော အက္ခရာတို့ဘည်း။ဤလေးလုံးကုန်သော အက္ခရာတို့၏အန္တဋ္ဌမည်ခြင်း၏အကြောင်းကို—

ဟကာရံ ပဋ္ဌမေဟာ၊ အာန္တဋ္ဌာဟိစ သံယုတံ။
သြရသန္တိ ဝဒန္တေတ္ထ။ ကဏ္ဌေ တဒသံယုတံ—

ဟ၌ သန္ဓိ ရှုပသိဒ္ဓိကျမ်းဌီလာသော သြရသ-အက္ခရာ မလာမရှိသောကြောင့် ချန်သတည်း။အာန္တဋ္ဌအက္ခရာတို့ ဟူသည်ကား အန္တဋ္ဌာ ယ-ရ-လ-ဝါ-ဟု သန္ဓိကလာပ် ကျမ်းလာကုန်သော ယ-ရ-လ-စ ဤလေးလုံးကုန်သော အက္ခရာတို့ဘည်း။ဤလေးလုံးကုန်သော အက္ခရာတို့၏အန္တဋ္ဌမည်ခြင်း၏အကြောင်းကို—

ဟကာရံ ပနေတ္ထ ပြဟ္မစရိယန္တိအာဒိသု ဝိယ ဝဂ္ဂ ပဋ္ဌမေဟိစ ပဋ္ဌံ ဝဂ္ဂါနမန္တေ ဌိတတ္တာ အန္တဋ္ဌ နာမကေဘိ သံယုတံ သဟယုတ္တံ သဟကာရံ ဝါ သြရသံ ဥရသိ ဘဝတီတိ ဝဒန္တိ—

ဟူသော ရှုပသိဒ္ဓိကာ-စကားဖြင့် သိအပ်၏။ ဝဇိရဗုဒ္ဓိဋီကာ တရာသကဏ် ဋီကာတို့၌ ဥရဌာန်ကို ထည့်၍ဖွင့်သည်ကား သရဏကုမ်၌ သြရသအက္ခရာ မလာမရှိခြင်းသော်လည်း ဌာန်ချင်းညီ တူသောကြောင့် ထည့်၍ ဖွင့်သတည်း။ ဝိနယဝိနိစ္ဆယဋီကာ၌ နာသိကဌာန်ကို ထည့်၍ ဖွင့်သည်ကား ဤဟာဝါ အဋ္ဌကထာ၌ နာသိကဌာန် နောက်၌ အသိးအခြားလာရှိသကဲ့သို့ ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌ နာသိကဌာန် နောက်၌ အသိးအခြား မလာရှိ

သောကြောင့် နာသိကဌာန်ကို ကည့်၍ ဖွင့်သတည်း။ ဤသို့ အချင်းချင်း မဆန့်ကျင်အောင် ညှ၍ မှတ်အပ်၏။ ဝဇီရဗုဒ္ဓိဋီကာ တေရသကဏ်ဋီကာတို့၌ လာသော သံဝုတဒီနိ-ဟူသော စကားဌ အာဒိသဒ္ဒါဖြင့်ဝိဝဋ္ဋ ဖုဋ္ဌ ဤသံဖုဋ္ဌ ဤသုံးပါးတို့ကိုယူအပ်ကုန်၏။ ဤသို့လာကုန်သော သံဝုတ အစရှိသည်တို့သည် ပုဒ်စစ်ကျမ်းမှာလာရှိဘိုင်း နှုတ်ခမ်းတို့၏ ပွင့်ခြင်း အစရှိသည်တို့ မဟုတ်ကုန်။ အဘယ်မှာ အ-အက္ခရာကို နှုတ်ခမ်းကိုပ်တဲ့ဖြင့်ရွတ်ခြင်းငှာ တတ်ကောင်းလေကဲ့နည်း။ က-အစရှိသော အက္ခရာတို့ကို နှုတ်ခမ်းကိုထိ၍ ရွတ်ခြင်းငှာ တတ်ကောင်းလေအံ့နည်း၊မတတ်ကောင်းသည်သာတည်း။ထိုသန္နိဋ္ဌာပသဒ်ဒီဋီကာ၌ ပယတနံ ပန ယထာရဟံ ဌာနကရဏာနံ သံဝုတာဒီ၊ကောဟုလောရှိသောအတိုင်း ဇိဝှါမဋ္ဌသည် တာလုဇဗျည်းအက္ခရာခြောက်လုံးတို့၏ ကရိယာဖြစ်ရကား တာလုဇဗျည်းအက္ခရာခြောက်လုံးတို့ဝယ် ယ- အက္ခရာမှတစ်ပါးကုန်သော တာလုဇဗျည်းအက္ခရာငါးလုံးတို့ကိုရွတ်သောအခါ၌ဖုဋ္ဌသည့် ဝဂ်အက္ခရာနှစ်ဆယ့်ငါးလုံးတို့၏ ပယတနဖြစ်သည့်အလျောက် ဇိဝှါမဋ္ဌကရိယာဖြင့် ဗျဉ်ဇနာကိုအားကြိုးစွာထိစေ၍ ရွတ်ရမည်။ ဤသို့ဖုဋ္ဌသည့် အခါ၌ ဗျဉ်ဇနာကိုအားကြိုးစွာထိစေ၍ ရွတ်ရမည်။ ဤသို့ဖုဋ္ဌသည့်

အက္ခရာတို့သည်။ ထကဋ္ဌာနကရဏာ၊ မိမိတို့ဌဲ့ဝာန်လျှင်ကရိဏ်းရှိကုန်၏-ဟူ၍ သန္ဓိရူပသိဒ္ဓိမိန့်အပ်သည့်အားလျော်စွာဌာန်သာလျှင်ဖြစ်သောကရိဏ်းရှိရကား ကြွင်းကျန်ကုန်သောတစ်ဆယ့်ကိုးလုံး ကုန်သော အက္ခရာတို့တွင် ကဏ္ဌဇ က-ဝဂ် ငါးလုံးတို့ကို ရွတ်သောအခါဌဲ့ဖုဋ္ဌသည်ဝဂ်အက္ခရာနှင့်ဆယ့်ငါးလုံးတို့၏ပယတနဖြစ်သည့် အလျောက်ကဏ္ဌသာလျှင်ဖြစ်သော ကရိဏ်းကိုအချင်းချင်းအားကြိုးစွာထိစေ၍ ရွတ်ရမည်။ သြဋ္ဌဇ ပဝဂ်ငါးလုံးတို့ကို ရွတ်သောအခါဌဲ့လည်း သြဋ္ဌသာလျှင်ဖြစ်၍ ကရိဏ်းကိုအချင်းချင်း အားကြိုးစွာထိစေ၍ ရွတ်ရမည်။

သံဝုတ ဝိဝဋ္ဋ နှစ်ပါးတို့၏ အထူးကား သံဝုတတ္တမကာရဿ-ဟု သန္ဓိရူပသိဒ္ဓိ မိန့်အပ်သည့် နှင့်အညီ လည်းကောင်း၊ သံဝုတတ္တန္တိ အင်ဝဋ္ဋတ္တံ-ဟု ရူပသိဒ္ဓိကာဌ် မိန့်အပ်သည့်နှင့် အညီလည်းကောင်း၊ အ အက္ခရာ၏ကဏ္ဌဌာန် သာလျှင် ဖြစ်ဓသာ ကရိဏ်း၏ ပိတ်သည် မဖွင့်သည် စဉ်းငယ်ဖွင့်သည်၏ အဖြစ်သည်သံဝုတမည်၏။ ဝိဝဋ္ဋံ သေသာ သရာနံ-ဟု သန္ဓိရူပသိဒ္ဓိဌဲ့ မိန့်အပ်သည်နှင့်အညီအာ-သရ၏ ကဏ္ဌဌာန်သာလျှင် ဖြစ်သော ကရိဏ်း၏ဖွင့်ခြင်းသည် ဝိဝဋ္ဋမည်၏။ ဣ, ဤ-သရနှစ်လုံးတို့၏ တာလုဋ္ဌာန် ဇိဝှါမဇ္ဈကဂုဏ်း နှစ်ပါးတို့၏ ဖွင့်ခြင်းသည် ဝိဝဋ္ဋမည်၏။ ဥ, ဦသရနှစ်လုံးတို့၏ ဩဋ္ဌဌာန်လျှင်ဖြစ်သောကရိဏ်း၏ ဖွင့်ခြင်းသည် ဝိဝဋ္ဋမည်၏။ ဧ-သရ၏ ကဏ္ဌတာလုဋ္ဌာန် သာလျှင်ဖြစ်ကုန်သော ကရိဏ်းတို့၏ အသိုးသိုးဖွင့်ခြင်းသည် ဝိဝဋ္ဋမည်၏။ ဩ-သရ၏ ကဏ္ဌဩဋ္ဌဌာန်လျှင် ဖြစ်ကုန်သော ကရိဏ်းတို့၏ အသိုးသိုး ဖွင့်ခြင်းသည် ဝိဝဋ္ဋမည်၏။ ထို့ကြောင့် ရူပသိဒ္ဓိကာဌ် ပယတနံ ပန ယထာရဟံ ဌာနကရဏာနံသံဝုတာဒိဂုဏော-ဟုမိန့်အပ်၏။ "ဌာနကရဏာနံ၊ တို့၏။ သံဝုတာဒိဂုဏော၊ ပိတ်ခြင်းမဖွင့်ခြင်း၊စဉ်းငယ်ဖွင့်ခြင်း အစရှိသော အကျိုးတည်း" ဟုအနက်ယောဇနာ။ဝဇိရဗုဒ္ဓိဋီကာ တေရသကဏ်ဋီကာတို့၌ ရူပသိဒ္ဓိအစရှိသော သဒ္ဒါကျမ်းလာ သံဝုတအစသောရှိ ပယတနကိုသာလျှင် ကရဏဟုိ်နှ်သတည်း။ ရူပသိဒ္ဓိအစရှိသောသဒ္ဒါကျမ်းလာ ဇိဝှါမဇ္ဈ-အစရှိသော ကရိဏ်းကိုမူကားမမိန့်အပ်။ကြွိသို့မမိန့်အပ်လေသမျှလည်း မုဒ္ဓဇ ဒန္တဇ အက္ခရာတို့၏ အာသံတူသည်၏ အဖြစ်သည် ဖြစ်ဓလည်ငြားသော်လည်း ဇိဝှေါပဂ္ဂ ဇိဝှဂ္ဂကရိဏ်းပြားသည် ထူးခြားသည်နှင့် ဝိနယ ဝိနိစ္ဆယဋီကာ၌ ဇိဝှါမဇ္ဈာဒိကရဏာသမ္ဘဝဒ္ဒ-ဟု မိန့်အပ်သောကြောင့် ဇိဝှါမဇ္ဈ-အစရှိသော ကရိဏ်းကိုလည်း ဌာနကရဏ သမ္ဘဒံ-ဟူသော အဋ္ဌကထာစကားတွင် ကရဏသဒ္ဒါဖြင့်သာလျှင် သိမ်းယူရမည်ကို သိအပ်၏။တေရသကဏ်ဋီကာ၌ "သံဝုတာဒီနိ ကရဏာနိ" ဟု မိန့်အပ်ကုန်သော သံဝုဋ္ဌ, ဝိဝဋ္ဋ,ဖုဋ္ဌ,ကြွိသံဖုဋ္ဌ လေးပါးတို့တွင် သံဝုက ဝိဝဋ္ဋ နှစ်ပါးတို့ကို သိထိုလ အက္ခရာ အစရှိသည်တို့ကို ရွတ်ရာသောအခြင်းအရာကို ပရိဝါရ အဋ္ဌကထာ ကမ္မဝါစာအဖွင့်၌ မိန့်အပ်သကဲ့သို့ ပရိဝါရ အဋ္ဌကထာ ကမ္မဝါစာအဖွင့် မမိန့်လေသည်ကား ဒေသနာ အားထုတ်၍

မရွတ်ရသောကြောင့် မမိန့်လေသတည်း။ ဤမဟာဝါ အဋ္ဌကထာ မဟာခန္ဓက အဖွင့်၌ တေရသကဏ်ဋီကာ ဆရာသည် သံဝုတ ဝိဝဋ္ဋ-ဤနှစ်ပါးတို့ကို ကရဏ တွင်း၌ သွင်း၍ ဖွင့်သည်ကား အထူးအားထုတ်၍ မရွတ်ရငြားလည်း ကရဏ ချင်းရည်တူသောကြောင့် ဖွင့်သတည်း။ သိထိလံ အဖုဋ္ဌံ။ ဓနိတံ ဖုဋ္ဌံ-သဒ္ဒနီတိ၌ မိန့်သည်နှင့်အညီ ဓနိတနှင့် ဖုဋ္ဌသည်လည်းကောင်း သိထိလနှင့် ဤသံဖုဋ္ဌ သည်လည်းကောင်း အဘူးမရှိ။အဖုဋ္ဌ၌ အ-သည် အပွဂ္ဂ-အနက်ဟောတည်း။ အပွဂ်နှင့် ဤသံ-သည်အထူးမရှိ။ ထို့ကြောင့် အဘိဓာန် အဗျယော်ဂ်(၁၁၄)၌ ဤသံ ကို ဤ မနံ အပွေ-ဟု မိန့်အပ်၏။။ ဤမဟာဝါ အဋ္ဌကထာ မဟာခန္ဓက အဖွင့်၌ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ-ဟု ဌာနကရဏ သမ္ပဒ အဟာ ပနကို ဆိုသဖြင့် ဌာနကရဏာနိ သိထိလာနိ ကတ္ဝာ ဥစ္စာရေတဗ္ဗံ အက္ခရံ သိထိလံ၊ တာနိ ယေဝ ဓနိတာနိ အသိထိလာနိ ကတ္ဝာ ဥစ္စာရေတဗ္ဗံ အက္ခရံ ဓနိတံ-ဟု ပရိပါဋိကမ္မပဒ်အဖွင့် တေရသကဏ်ဋီကာ (၃၊၄၉၂)လာ စကားနှင့် အညီ သိထိပ ဓနိတ အက္ခရာတို့၏ ဌာန်ကရိုဏ်းနှင့် စပ်ခြင်းကြောင့် သိထိလ ဓနိတ နေရာကျ သရဏကို ရွတ်ရမည်ကို ဆိုလိုခြင်းကိစ္စ ပြီးသတည်း။ ဤသို့ ပြီးကလည်း ဒီဃရဿ ဂရုလဟု တို့ကိုလည်း ဗျဥ္ဇနဗုဒ္ဓိချင်းရည်တူသောကြောင့် ဆိုခြင်းကိစ္စပြီးသကည်း။ ဝိမတိ ဝိနောဒနီ ဋီကာ၌ အက္ခရုပ္ပတ္တိ သာဓကတမံ ဇိဝှါ မဇ္ဈာဒိ ဟရဏ သမ္ပဒံ-ဟု ဖွင့်ရကား ဗုဒ္ဓဇ ဒန္တဇ-အက္ခရာတို့၌ ဌာန် ကရိုဏ်း ပြားခြင်းခကြောင့် သရဿ-၌ မဒ္ဒဇ ဏ-ကို ဒန္တဇ န- အဖြစ်ဖြင့် ရွတ်သော် ရွှင်သာမဏေမဖြစ်ဟု မှတ်အပ်၏။ ဝိနည်းဒီပနီ ဘတ်လိမ္ဘာတော်မူ ကုန်သော ဆရာသခင် ဘုရွှင်မြတ်တို့သည် သိထိလ ဓနိတ -အစရှိသည် နေရာ ကျအောင် မိမိတို့သည်လည်း ရွတ်တော်မူကုန် ဘိသတည်း သာမဏေ လောင်းတို့ကိုလည်း ရွတ်စေတော်မူကုန် ဘိသတည်း။ သာမဏေတို့မှာ ဌာန-ကရဏသမ္ပဒံ အဟာပေန္တေနေဝ-ဟု အဋ္ဌကထာ၌ မိန့်တော်မူရကား ဌာန ကရဏသမ္ပဒ-သာလျှင် လိုရင်းဖြစ်သတည်း။သိထိလ ဓနိတ-အစရှိသည်တို့သည် ကား လိုရင်းမဟုတ်။ သိထိလ ဓနိတအစရှိသည်နေရာမကျသော်လည်း ရွှင်သာ-မဏေဖြစ်၏ မဆိုသာခြေ။ ဤအဋ္ဌကထာ၌ ဌာနကရဏသမ္ပဒံအဟာပေန္တေနေဝ ဟု မိန့်တော်မူသောကြောင့်လည်းကောင်း၊ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ(၂၄၄၉-ဂါထာ)၌။

“ ဌာနကရဏသမ္ပဒံ။ အဟာပေန္တေန ဝတ္တဗ္ဗာ။

“ပဗ္ဗဇ္ဇာ ဂုဏမိစ္ဆတာ ဧဟာဝတ္ထာ ဝိနာသေန။ပဗ္ဗဇ္ဇာ ဟိ နရွဟတိ-”ဟုမိန့်တော်မူသောကြောင့် လည်းကောင်း၊ ဝိနယဝိနိစ္ဆယဋီကာ (၂၊၁၃၄)၌ ယသ္မာ ကေသော ဝါ ဥဏ္ဏာသေ ဝါ နာသေန အနုစ္စာရကေန ဝါ ဒုရုစ္စာရဒေါသေန ဝါ ပဗ္ဗဇ္ဇာ န

၁။ ဝိနယ ဝိနိစ္ဆယ ဋီကာ၊ ၂။၁၃၄—နှာဘ်သာ တွေ့ရသည်။

ရှဟတိ။ တသ္မာ ဧဝံ ဝုတ္တမ္ပိ အဓိပ္ပါယော-ဟု ဆိုသောကြောင့် လည်းကောင်း၊ ဇိဝှေါပဂ်သည် ဋ္ဌဋ္ဌ ဝဏ္ဏရဋ္ဌ-ဟု ဆိုအပ်ကုန်သော မုဒ္ဓဇအက္ခရာ ခုနစ်လုံးတို့၏ ဂဠိဏ်းဖြစ်သည်နှင့် ဤအက္ခရာခုနစ်လုံးတို့ကို ရွတ်သော် ရ-အက္ခရာကို ရွတ်သကဲ့သို့ လျှာဖျားကိုလိပ်၍ရွတ်ရမည်။ ဤအက္ခရာခုနစ်လုံးတို့ကို ဤသို့မရွတ်မူ၍ ပကတိအားဖြင့်ရွတ်ခဲ့မူ ဇိဝှေါပဂ်ကရိဏ်းဖြင့် မုဒ္ဓဇအက္ခရာတို့ကို ရွတ်ဘ ည်မ မည်။ ဇိဝှဂ်ကရိဏ်းဖြင့် ဒန္တဇအက္ခရာတို့ကိုသာလျှင် ရွတ်သည်မည်ဘ ည် ဖြစ်၍ ရွတ်သင့်သောအက္ခရာတို့ကို မရွတ်လေသောကြောင့် ရှင်သာမဏေ မဖြစ်ဟု ဇကန်မှတ်အပ်၏။ ဤအဓိပ္ပာယ်ကို ငါတို့ရှင်သာမဏေ၏ အဖြစ်ဖြင့် ဝံသဒ္ဒိဂ်ဳိသာယသစ်အစရှိသော ကျမ်းဂန်တို့ကို ဆန်းဆန်းကြယ်ကြယ် အံ့သြဖွယ် စီရင်ရေးသားတော်မူသော ပြည်ဆရာတော်ဘုရားကြီး၏ အထံတော်မှာ ကုံယဲ့စာဝါနှင့် ပုဒ်စစ်ကျမ်းကို သင်ဖူးသောအခါ လက်ဆုပ်လက်ကိုင်ရအပ်သတည်း။ ဤသို့ သြဝါဒ ပေးတော်မူတိုင်းပင်လျှင် မန္ဒလေးနေပြည်တော် မန္တလာရာမတိုက်အတွင်း သိမ်သမုတ်ရာ ဤသို့ပင် ပြည်ဆရာတော်ဘုရားကြီး ရွတ်တော်မူသည်ကို နားစိုက်၍ ထောင်သည်နှင့် ငါတို့နားဆင်ဆင် ကြားအပ်သတည်း။

ကမ္မဝါစာအရောမှာလည်း "သုဏာတု, ပဋ္ဌိဆ္ဆန္နာနဋ္ဌ" ပုဒ်တို့ကို ရွတ်သော်အခါ ဏာ-အာဒ္ဓရာ ဋ္ဌိ-အာဒ္ဓရာတို့ကို ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ရွတ်မှသာလျှင် ကံမြောက်သတည်း။ ဤသို့မရွတ်က ကံမမြောက်ဟု မှတ်အပ်၏။ ဤကား သူတစ်ပါးတို့နှင့် ဆန့်ကျင်အံ့သည်ကိုလည်း မရေတွက်။ သူတပါးတို့ကို ကဲ့ရဲ့ခြင်း ဂရဟိတနှင့်လည်းမဟုတ်၊ သက်သက်အမှန်အကန် သိစေလိုသော် ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ဖြစ်သတည်း။ ဤသရဏကုမ်အရာ၌ ဌာနကရဏသမ္ပဒအဟာ-ပန-ကို အဋ္ဌကထာ၌ ဆိုသကဲ့သို့ ကမ္မဝါစာအရာ၌ ဌာနကရဏ သမ္ပဒ အဟာပန-ကို ပရိဝါရအဋ္ဌကထာ ကမ္မဝဂ်အဖွင့်၌ မဆိုသည်ကား ကမ္မဝါစာအောက်ပေါ်သော သရဏကုံအရာ၌ဆိုခဲ့သဖြင့် သရဏကုမ်သက်သေးသော ကမ္မဝါစာ၌ ဆိုခြင်းကိစ္စ ပြီးလေသောကြောင့် မဆိုသတည်းဟု မှတ်အပ်၏။

နိဂ္ဂဟိတ် အဆုံးရှိသည်ကိုပြု၍ သရဏကုမ်ပေးသောအခါ၌ ဗုဒ္ဓံ၏အကြားနှင့် သရဏံ၏အကြား။ သရဏံ၏အကြားနှင့် ဂစ္ဆာမိ၏အကြားတို့၌ စဉ်းငယ်ရပ်သောအားဖြင့် ဖြတ်သည်ကိုမပြုမူ၍ အသံစပ်သောအားဖြင့် ရွတ်ခြင်းသည် ကောသမ္မန္ဓမည်သတည်း။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ(၄၁၂)၌ အနုနာသိကန္တံ ကတ္တာ ကောသမ္မန္ဒံ ကာတ္ဗာ ဒါနကာလေ အန္တရာ အဋ္ဌတ္ဝာ ဝတ္တွာပဒံ ဟု မိန့်အပ်၏။ တေရသကဏ်ဋီကာ, ဝိမတိဝိနောဒနီဋီကာ, ဝိနယဝိနိစ္ဆယ ဋီကာ ဝိနယာလင်္ကာရ ဋီကာတို့၌လည်း ထို့အတူ မိန့်အပ်၏။ မ-အက္ခရာအဆုံးရှိ သည်ကိုပြု၍ သရဏကုမ် ပေးသောအခါ၌ ဗုဒ္ဓမ်၏အကြားနှင့် သရဏမ်၏အကြား။ သရဏမ်၏ အကြားနှင့်

ဂစ္ဆာမိ၏အကြားတို့၌ စဉ်းငယ်ရပ်သောအားဖြင့် ဖြတ်သည်ကိုပြု၍ အသံမစပ်ရအောင်ရွတ်ခြင်းသည် ဝိစ္ဆိန္နန-မည်သတည်း။ ဓမ္မံသရဏံ-အစရှိသည်တို့၌လည်း ဤနည်းကိုမှီး၍ နိဂ္ဂဟီတန္တ မကာရန္တပြု၍ သရဏဂုမ်ပေးရာသည်ကို သိအပ်၏။ ရွေးဦးဌာနကုရဏသမ္ပဒံ အဟာပေန္တေနဝ-ဟူသောစကားကို နိဂ္ဂဟီတန္တ မကာရန္တနှစ်ပါးစုံနှင့်ဆက်ဆုံသောအားဖြင့် အဋ္ဌကထာဆရာ မိန့်တော်မူသောကြောင့် နံဂ္ဂဟီတန္တ မကာရန္တနှစ်ပါးစုံကိုပြု၍ သရဏဂုမ်ပေးရာ နှစ်ပါးစုံ၌ဖြင့် ဌာနံကုရိဏီး သိဆိလဓနိတ အစရှိသည်နေရာကျအောင် သရဏဂုမ်ပေးရမည်ကို သိအပ်၏။ အခြို့ကုန်သော ဆရာတို့ကား ဌာနကုရဏသမ္ပဒံ အဟာပေန္တေနဝ-ဟူသောစကားကို နိဂ္ဂဟီတန္တ မကာရန္တနှစ်ပါးစုံနှင့် ဆက်ဆုံသောအားဖြင့် အဋ္ဌကထာဆရာ မိန့်တော်မူသည်ကို နှလုံးမထားမူ၍ လူတို့အား သရဏဂုမ်းပေးသကဲ့သို့ ဌာနံကုရိဏီး သိဆိလ ဓနိတအစရှိသည်တို့ကို ပမာဏမပြုကုန်မူ၍ သရဏဂုမ်ပေးကြကုန်၏။ ထိုသို့ပေးကြခြင်းသည်မသင့်လေ။ အခြို့ကုန်သော ဆရာတို့သည် "သုဇာလှုကမ်း၊ နွားနို့ဓမ်း၊ နတ်ဆုမ်းတကြိုင်ကြိုင်" ဟူရာ၌ကဲ့သို့ ဗုဒ္ဓမ်းသရဏမ်းဂစ္ဆာမိ-အစရှိသည်ဖြင့် ဝိသဇ္ဇနီပေါက်၍ ရွတ်ကြကုန်သေး၏။ ဤသို့ ရွတ်ကြသောအရာသည် ဗုဒ္ဓမ်သရဏမ်ဂစ္ဆာမိတို့ ဧဝံ ဝိစ္ဆိန္ဒိတွာ-ဟူ၍သာ အဋ္ဌကထာ၌လာသောကြောင့်လည်း၎ကျင်း၊ သဒ္ဒန်တိုဝယ် ငိမ့်တွအရာ၌ကုသလာဓမ္မာ-အစရှိသောပြဿဒ်ကိုဆုတ်သောကြောင့်လည်းကောင်း ပိဋကတ်သုံးပုံ၌ ဝိသဇ္ဇနီပေါက်၍ရေးရသော အရာမရှိသောကြောင့်လည်းကောင်း မသင့်ဟု ဆရာတော်ဦးဗုဒ္ဓိ သဒ္ဒနီတိ သုတ္တမာလာ သန္ဓိနိဿယ၌ မှာထား တော်မူ၏။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိဘိ ဟူသောစကားပျက်၍ ဗုဒ္ဓမာ သရဏမာ ဂစ္ဆာမိတိ ဟုအဋ္ဌကထာ စာအခြို့ရှိ၏။ ဤသို့ရှိခြင်းသည် ထိုထိုသို့သော အရာတို့၌ ရေးခဲ့ အာ-အက္ခရာကျ၍ မဆည့်သာသော် ဆရာအခြို့တို့ သတ်ရှုထားသည်ကို မြင်၍ ဤအရာ၌အသတ်မဟုတ် ရေးချဖြစ်သည်ဟု ထင်မှတ်သဖြင့်စာရေးတို့ ရေးသားအပ်သော ရေးချ အာ-အက္ခရာသာ ဖြစ်သတည်း။ ထို့ကြောင့် ရေးချအာ အက္ခရာနှင့် ဗုဒ္ဓမာ သရဏမာ ဂစ္ဆာမိတိ ဟု မရှိသင့် မသတ်နှင့် ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိဘိ ဟူ၍သာ ရှိသတည်း။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဝေဟူသောစကားသည် ဥပလက္ခဏနည်း မျှသာတည်း။ ထို့ကြောင့် ထိုစကားဖြင့် ဓမ္မမ် သရဏမ် ဂစ္ဆာမိ အစရှိသော စကားကို သင်္ဂြိဟ်အပ်၏။ သံဃမ် သရဏမ် စကားတွင် ဃမ်၌သာလျှင် မကာရန္တလာရှိသတည်း။ သံဃ်မလာမရှိ။ ထို့ကြောင့် မကာရန္တပြု၍ သရဏဂုမ် ပေးသောအခါ၌လည်း သံနှင့်ဃမ်သည် နှစ်ပုဒ်မဟုတ် တစ်ပုဒ်ဘည်းသာလျှင် ဖြစ်သည်နှင့် ဃဗျည်းနောင်းရာ သဃက်၌ နိဂ္ဂဟိတ်ကို မဒါသရေသုတ်ဖြင့် မစိုးငင်သင့်ရကား နိဂ္ဂဟိတ်နှင့်သာ ရှိရမည်၊ ထို့ကြောင့် မကာရန္တကို ပြု၍ သရဏဂုမ်ပေးသော

အခါ၌လည်း သံကိုနိဂ္ဂဟိတန္တ ပြု၍သာလျှင် သရဏာဂုမ် ပေးမှ သင့်သတည်း။ ဆရာအခ္ခါတို့ကား ဤသို့သရဏာဂုမ် မပေးကြလေ။

အနုနာသိကဒ္ဒေ ဒိယျမာနေ ခလ်တ္ဝာ ဗုဒ္ဓမ် သရဏမ်ဂစ္ဆာမိတိ မကာရေန မိဿီဘူတေ ခေတ္တေ သြတိဏ္ဏာတ္တာ ဝဋ္ဋတ်တိဉ္စပတိဿတ္တေရော့။ မိဿံကတ္ဝာ ဝတ္တုံ ဝဋ္ဋတိ၊ ပစနကာလေ ပန အနုနာသိကဋ္ဌာနေ ဝိဇ္ဇေဒံ အကတ္ဝာ ဝတ္တုဗ္ဗန္တိ ဒမ္မသ်ရိတ္ထေ ရော့။ "ပေံ ကမ္မဝါစာယ မ္မိတိ" ဝုတ္တံ။ ဥဘတော သုဒ္ဓိယာ ဝဋ္ဋတိတိ တ္ထေ မဟာ လေရော့ ပတိတဒန္တာ ဒိကာရဏတာယ အ စတုရသံ ကတ္ဝာ ဝဒတိ၊ ဗျတ္တသာမဏေရော့ သမီပေ ဌိတော ပဗ္ဗဇ္ဇာပေက္ခံ ဒိဗျတ္တံ ဝဒါပေတိ။ မဟာဇကရေန အဝုတ္တံ ဝဒါပေတိတိ နဒဋ္ဌတိတိ၊ ကမ္မဝါစာယ ဋ္ဌတရော ဘိက္ခု စေ ဝဒတိ၊ ဝဋ္ဋတိတိ။ သံဃော ဟိ ကမ္မံ ကရောတိ၊နု ပဂ္ဂလော်။ နှ နာနာသိမပ္ပဝတ္တာ ကမ္မဝါစာသာဝမညုနယေန ပဋိက္ခိပိတ ဗ္ဘတ္တာ။အထ ထေရေန စတုရဿံ ဝုတ္တံ ပဗ္ဗဇ္ဇာပေက္ခံ ဝဋ္ဋုံအာသင်္ကောန္တံ သာမဏေရော သယံ ဝတ္ဝာ ဝဒါပေတိ၊ ဥဘတော သုဒ္ဓိ ဧဝ ဟောတိ ထေရေန ဝုတ္တဿေဝ ဝုတ္တတ္တာ။ ဝဇိရဗုဒ္ဓိ ဋီကာ (၄၁၂)။

ဤဝဇိရဗုဒ္ဓိဋီကာ စကားရပ်တွင် ဧဝံ ကမ္မဝါစာယမ္မိတိ ဝုတ္တံ-ဟူသော စကားခပ်၌ ကမ္မဝါစာရွတ်ဖတ်သောအခါ၌လည်း ဇယံ နာဂေါ အစရှိသော နိဂ္ဂဟိတန္တကို အယမ်နာဂေါ-အစရှိသည်ဖြင့် မကာဓန္တပြု၍ ရွတ်သော်လည်းကောင်း၊ ဥပသမ္ပဒါပေက္ခော-အစရှိသော မကာရန္တကို ဥပသံပဒါပေက္ခော—အစရှိသည်ဖြင့် နိဂ္ဂဟိတန္တပြု၍ ရွတ်သော်လည်းကောင်း ခေတ်သို့သက်သောကြောင့် အပ်၏ဟူလိုသတည်း။

ဤသို့ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုအပ်ငြားသော်လည်း သရဏာဂုမ်အရာ၌ကဲ့သို့ နိဂ္ဂဟိတန္တအားဖြင့်ဟောဟော်မူရာ ကမ္မဝါစာအရာ၌ နိဂ္ဂဟိတန္တသာအပ်သည် မဟုတ်သေး။စင်စစ်မူကား မကာရန္တလည်းအပ်သေး၏၊ မကာရန္တအားဖြင့် ဟောတော်မူရာ ကမ္မဝါစာအရာ၌လည်း မကာရန္တသာအပ်သည်မဟုတ်သေး။ စင်စစ်မူကား နိဂ္ဂဟိတန္တလည်းအပ်သေး၏။ ဟု ဗုဒ္ဓမတညုဒ္ဒကထာ ဆရာခွင့်ပြုတော်မမူအပ်သောကြောင့် ထိုဝဇိရဗုဒ္ဓိဋီကာစကားမသင့်ဟု စံကျောင်းဆရာတော် မိန့်တော်မူအပ်သတည်း။

အ စတုဿံ၊ လေးထောင့် မဟုတ်သည်ကို။ဌာန်ကရိဏ်းစသည် နေရာကျအောင်မှတ်နိုင်သည်ကို အစတုရဿံ—ဆိုသတည်း။လောက၌ လေးဖက် လက်တံမစုံ=ဟူသော ဝေါဟာရ ရှိသည့်အလျောက် အစတုရဿံ-ဟူသောစကား

ကို ဝဇီရဗုဒ္ဓိဋီကာ ဆရာဆိုသတည်း။ဝဒါပေတိ၊ ဝင်၍နေရာကျအောင်ဆိုစေအံ့။ ကမ္မဝါစာယ ဣတရော ဘိက္ခု-အစရှိသော စကားဌ် တစ်ပါးသောရဟန်း ကမ္မဝါစာရွတ်ဖတ်ရာဌ် နေရာမကျသော အက္ခရာကို နေရာကျအောင် ထေးဖာသောအားဖြင့် တစ်ပါးသောရဟန်းက နေရာမကျရာမှာ ဝင်၍ ကမ္မဝါစာရွတ်ဖတ်လိုက်အံ့ အင်၏ ဟူလိုသည်း။ နာနာသိမပွဝတ္တ ကမ္မဝါစာ သာမညနယေန၊ အထူးထူးသော သိမ်ဌ်ဖြစ်သော ကမ္မဝါစာနှင့် တူသော နည်းဖြင့်။ န ပဋိက္ခိတဗ္ဗတ္တာ။ မပယ်သင့် မပယ်ထိုက်သည်၏ အပြစ်ကြောင့်တည်း။

ဝတ္ထုနှင့် ကမ္မဝါစာ သိမ်ခြားသော် မအပ်သည်ဖြစ်၍ ပယ်အပ်သကဲ့သို့ ဤအတူ ကမ္မဝါစာရွတ်ဖတ်သော ပုဂ္ဂိုလ်ခြားရုံမှ ဖြင့် မပယ်အင်ဟူလိုသတည်း။ ဝဇီရ ဗုဒ္ဓိဋီကာလာစကား၏ အနက်အဓိပ္ပာယ်တည်း။ မဟာထေရော ပတိတ-ဒန္တာဒိကာရကတာယ-အစရှိသော ဝဇီရဗုဒ္ဓိဋီကာလာစကားသည် ဤမဟာဝါအဋ္ဌကထာ ရာဓပြဟ္မဝဝတ္ထုဌ် လာလတ္တံ့။ သြဒဒန္တဇီဝ္ဟါဒီနံ ဝါ အသမ္ပတ္တိယာ (ဝိ၊ဋ္ဌ ၃၊၂၆၅)ဟူသောစကားနှင့် ညီညွတ်၏။ ဤဌာနဂရုက သမ္ပဒါဝိနိစ္ဆယသင့်မသင့် တော် မတော် လျော် မလျော်ကို ဖန်ခါခါ ကြည့်ရှုစဉ်းစားပြီးလျင် စစ်မိစပ်ထု ပညာဉာဏ်ရှိ ကဝိတစ်ဆူ ဟူပေစလောက် နာမည်ပေါက်သော ထေရ်မန်ပုဂ္ဂိုလ်မှန်တို့နှင့် တိုင်ပင်နှိုးနှော၍ သဘောကွဲလွဲ ကျကြောင်း ဘဲဘောဂကျွဲခဲ့လျင် မည်သည့်ယုတ်တို အာဂုမ်ကြောင့်သဘောမကျနိုင်ကြောင်း စာပြန်လိုက်စေခြင်းသည် မြစ်ကွေ့မြို့ လေးထပ်တိုက် ဂိုဏ်းအုပ်ဆရာတော် ဤအဆုံးအဖြတ်ကိုရေးသား၍ ပြီးဆုံးစအခါဌ် ဤ အဓိပ္ပာယ်ကိုဝိုရလေအောင် ယခုအခါ မိုးကုတ်ကုတ်ကို ဆန်ထု၍ သွားသော်လည်း မသိကြနိုင်လေထဟု အလွန်ပင် စိတ်မြောက်ခြင်း ဖြစ်မိသတည်း။

ပဗ္ဗဇ်ိတ္ဝာပိ အာပုစ္ဆိတပ္ပဘဝ·ဟုဇ္ဇ-နှစ်လုံး တာဒ္ဒိဝဆဲ့နှင့် စာအမျှားရှိ၏ ပဗ္ဗဇိတာပိစာအာပုစ္ဆိတပ္ပဘဝ·ဟုဇတစ်လုံး,တာဒ္ဒိဝဆဲ့းကင်းလျက်အချို့ရှိ၏။ထိုနှစ်ပါးတို့တွင် အတိဒုရဇ္ဇ ဟောတိအစရှိသည်ဖြင့်ရှင်ပြုပြီးမှပန်ကြားအပ်သည်၏အဖြစ်ကို အသိးအခြားနောက်၌ မိန့်အပ်လတ္တံ့ ဖြစ်သောကြောင့်ဇတလုံးတာဒ္ဒိ ဝဆဲ့ကင်းလျက်စာအချို့ရှိသော"ပဗ္ဗဇိတာပိအာပုစ္ဆိတပ္ပဘဝ"ပူသောပါဠိကိုသာအမှန်ဟုသိအပ်၏။ မိဘတို့ကို ပန်ကြားရမည်ဆိုသော် ပကတိလူဖြစ်ကုန်သော

၁။ အတ္တနော ပိယတရာ်တိ (ဝိမကီ၊ဋီ၊၂။၁၁၄။ဆဋ္ဌမ္ပ)

မိဘတို့ကိုသာပန်ကြားအပ်ကုန်သတည်း။ ရှင်ရဟန်းပြုပြီးကုန်သော မိဘတို့ကိုမူကား ပန်ကြားရမည် ရဟန်းနှင့် သာသနာထမ်းခြင်း ရည်တူလေသောကြောင့် မပန်ကြားအပ်ကုန်ဟု မှတ်ရမည်လောဟု မေးရန် ရှိသောကြောင့် ဤ "ဗွဇီတာပိ အာပုစ္ဆိတာဝ" ဟူသော စကားကို မိန့်သတည်း။ "ပဗ္ဗဇ်တာပိ၊ သာသနာတော်တွင်းသို့ ဝင်ကုန်၍ ရှင်ရဟန်းပြုကုန်ပြီးသော မိဘတို့ကိုလည်း။ အာပုစ္ဆိတဗ္ဗာဝ၊ ပန်ကြားအပ်ကုန်သာလျှင်တည်း။

ပဗ္ဗာဇေယျာထ၊ ကုန်လော့။ ဣတိဧဝံ၊ သို့။ သစေ ဝဒန္တိ၊ အံ့။ ဧဝံသန္တေသုသော်။ မယံ ဝိဇ္ဇမာတုံ တိ အာဒီနာ၊ ပြင့်။ မာတာပိတူဟိ၊ တို့သည်။ ဧဝံ၊ သို့။ နိဿဋ္ဌံ၊ စွန့်လွှတ်အပ်သော ရှင်လောင်း ပဉ္စင်းလောင်းကို။ ရှေး ဝဲဂဟး သစေရှိ၍ ထည့်သတည်း၊ နောက်ဝဲကား ရှိရင်းတိုင်းတည်း။

ဝဒတိ၊ ကြောက်မက်ဖွယ်သာ တဖွာဖွာဆိုအံ့။ တံ၊ ထိုသို့ ဆိုသော ရှင်လောင်း ပဉ္စင်းလောင်း လူဆိုးကို။ ဇီဝဿေဝ၊ မိမိအသက်, ရှင်လောင်း၏ အသက်ကိုသာလျှင်။ ရက္ခဏတ္ထာယ၊ စောင့်ရှောက်ခြင်း အကျိုးငှာ။ ပဗ္ဗဇေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

ဇီဝဿေဝကို ပဟာဏိ, မဏိ, ပဝိသာမိ စကားသုံးရပ်ကိုင့်၍ ဆိုသကည်း။ ထို့ကြောင့် ဧဝ-သဒ္ဒါဖြင့် ဝိဟာရ, အာဏာမ, ဒဿနဋ္ဌာန ဂမန သုံးပါးတို့ကို ကန့်သတည်း။

မုဉ္ဇန်၊ လှတ်ခါနီးဖြစ်သော ရှင်လောင်း, ပဉ္စင်းလောင်းကို (ဝါ)။ လှတ်လတ်သော ရှင်လောင်း, ပဉ္စင်းလောင်းကို။ ဂဟေတ္ဝာ၊ ရှင်ရဟန်းပြုတော့အံ့ လာခဲ့တော့ဟု ခေါ်ယူ၍။ ပဗ္ဗာဇေတုံ၊ ငှာ။ ဝဋ္ဋတိယေဝ၊ တည်း။

အဓိပ္ပာယ်ကား။ ရှင်မှဟန်း မပြုရသော် သေတော့အံ့ဟူ၍ နှလုံး ပိုက်ပြီးလျှင် မြင့်လှစ္စာသော သစ်ပင်ထိပ်ဖျားမှ လှတ်ချတော့အံ့ဟု တက်၍ လက်ခြေတို့ကို လှတ်ခါနီး ဖြစ်သော ရှင်လောင်း, ပဉ္စင်းလောင်းကို မိဘတို့ကို မပန်ကြားမူ၍ ရှင်ရဟန်းပြုခြင်းငှာ အပ်သည်သာတည်း။ သံသယမရှိလင့်ဟူလို သတည်း။

မုစ္စန်-၌ အန္တပစ္စည်း ဝတ္တမာနေမာနန္တာသုံတ်၌ မာနန္တာ-ဟူသော ယောဂ ဝိဘာဂသုတ်ဖြင့် အနာဂတ်ကာလ၌သက်။ ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ (၃၇၁-ဂါထာ)၌ မာနန္တံဝတ္တမာနေနာ၊ ဂတေ ကသော သကေန္တိတိ-ဟု မိန့်အပ်၏။ ကရဏသာမိ ဝိဘာဝဝယ်- ပြယုဂ်ကို ထုတ်သတည်း။

ဝဉ္ဇတိယေဝ-ဒ္ဒ ဧဝ-ဖြင့် မိဘတို့ကို မပန်မကြားရသောကြောင့် မအပ်လေထု ဟူသော လျဉ်းပါးခြင်းကို ပြသတည်း။ ထိုစကားမှန်၏။ယတ္ထ ယတ္ထ သာသက်၊ တတ္ထ တတ္ထ ပဋိသေဓော ကာတဗ္ဗော[၁] ဟူသည်နှင့်အညီ လျဉ်းပါးဖွယ်ရှိမှ ဧဝ-သဒ္ဒါဖြင့်မြစ်ရသတည်း။ ထို့ကြောင့်လျဉ်းပါးခြင်းကိုပြသတည်း။ထို့ကြောင့် အနုဋ္ဌီကာ ပဋိစ္စသမုပ္ပါဒဝိဘင်းအဖွင့် (အနုဋ္ဌီကာ၊ ၂၊၁၃၄)၌။ ပုနဝစနန္တိ ဣမိ-နာဝ ပုနရုတ္တိဒေါသာပတ္တိ ပဋိညာတိ ပရဿ အာသင်္ကာ ဒဿန္တော သာတ္ထ-ကမေဝိဒံ ပုနဝစနန္တိ ဧတံ အယုတ္တန္တိစေတိ အာဟာ-ဟု မိန့်အပ်၏။ ထိုစကား ဝယ် အာသင်္ကာ ဒဿန္တော ဟူသော စကားကို သာတ္ထကမေဝိဒံ ဟူသော အဋ္ဌကထာစကား၌ ဝေသဒ္ဒါဖြင့် စောဒကဆရာ၏ လျဉ်းပါးခြင်း အာသင်္ကာ-ကို အဋ္ဌကထာဆရာ ပြသောကြောင့် အနုဋ္ဌီကာဆရာ မိန့်တည်း။

အတိဒူရဉ္ဉေ ဟောတိ-အစရှိသော စကားသည်မူ မဟာအဋ္ဌကထာစကားတည်း။ ဤစကားတွင် အတိဒူရဉ္ဉေ ဟောတိ-ဟူသောစကားသည် သာမညဖြစ်သည်နှင့် ဝေးရုံသာမဟုတ်သေး၊ မဟာဂန္ထာရလည်း ဖြစ်ရမည်ဟူ၍ လည်းကောင်း၊ ပဗ္ဘာဇေတ္ဝာပိ- အစရှိသော စကားကို အလေးပြုသောအားဖြင့်သာ မဟာအဋ္ဌကထာ၌ မိန့်သတည်း။ သွား၍ ပန်ကြားအံ့ဟု နှလုံးပြု၍ ရှင်ပြုစေမူ ရှင်ပြုစေပြီးသည်မှ နောက်ကာလ၌သွား၍ ပန်ကြားသင့်ဖြစ်စေ၊ မပန်ကြား သည်ဖြစ်စေ အပ်၏ဟူ၍လည်းကောင်း။ ကုရုန္ဒီစကားဖြင့် ဖွင့်ပြသတည်း။

ယတ္ထက-ပုဒ်ကို ယံ ပရိမာဏံ ဧတေသံ သာမဏေရာနန္တိ ယတ္ထကာ-ဟု ဝစနတ္ထ ပြုရသကဲ့သို့ ယာဝတ္ထက-ပုဒ်ကိုလည်း ယာဝပရိမာဏံ ဧတေသံ သာမဏေရာနန္တိ ယာဝတ္ထကာ-ဟု ဝစနတ္ထပြုရသည်နှင့် ယာဝတ္ထက-ပုဒ်သည် ယတ္ထကပုဒ်၏ ဝေဝုစ်-ပရိယာယ်စကားလုယ်ဖြစ်သတည်းဟူ၍ ပြတော်မူခြင်းငှါလည်းကောင်း၊ ဥဿ-ဟတိ-၌ ဥ-ပုဗ္ဗ သဟ-ဓာတ်၊ ဥ-ဟူသော ဥပသာရပုဒ်သည် စွမ်းနိုင်ခြင်းသတ္တိ အနက်ကိုထွန်းသောကြောင့် ဘူဝါဒိဂဏိက၊သဟဓာတ်သည် သဟ ပရိသဟနေ။ ပရိသဟန် ခန္တီ-ဟူ၍လာသော သည်းခံခြင်း ပရိသဟနခန္တီအနက်မှ တစ်ပါး သော စွမ်းနိုင်ခြင်း သတ္တိအနက်ကို ဟောသတည်းဟု ပြတော်မူခြင်းငှာ လည်းကောင်း၊ ယာဝတ္ထကော၀ါ ပန ဥဿဟတိတိ-အစရှိသောစကားကို မိန့်သတည်း။

၁။ သမ္မန္ဓစိန္တာ ဂဏ္ဌိသစ်၊ ၃၅၄-နှာ၊ ဇူ။၁၁၃၈။ဇူ၊ ၂၊၄၅၁-တို့၌ ဤပရိဘာသာပါရှိသည်။ ကိဉ္စိဝိသဒိသံ။ ပဿိတဗ္ဗံ။

ယာဝံပုဒ်နောင် ပဒိမာဏအနက်၌ ယဒန္ဠပပန္နာ နိပါတနာသီဖွဲ့နိုသုံတ်ဖြင့် တွက်ပစ္စည်းသက်၊ ထို့ကြောင့် တဒ္ဓိတ်ရူပသိဒ္ဓိ (အာလုတမ္မဟုလေသုတ်) ၌ တတာကိုယတေတတော ပရိမာဏတွေတွက်ဝန်၊ ပစ္စယာက်ပရိမာဏ မဿတိကိတ္တာဝံ။ ဝေယတ္တကံ၊ တတ္တကံ၊ တွေက်-ဟု မိန့်အပ်၏။ ရူပသိဒ္ဓိ၌ ယာကံတွက်ပုဒ် မလာမရှိငြားလည်း ဤပါဠိတော်, ဤအဋ္ဌကထာကိုဆောက်၍ ရူပသိဒ္ဓိ၌ ကိုယတေတတော-စကားကို ဥပလက္ခဏနည်းအားဖြင့် ဆိုသတည်းဟုမှတ်အပ်၏။ ထို့ကြောင့် ရူပသိဒ္ဓိ၌ ယာဝသဒ္ဒါကိုလည်း ထည့်၍ သိသင့်၏။ ယာဝသဒ္ဒါ၏ ပရိမာဏ-ဟူသော ပရိစ္ဆေဒအနက်ကို ဟောသည်၏အဖြစ်ကို။

ယာဝတာ တာဝံတာ ယာဝ၊ တာဝ ကိတ္တာဝတာ-တထာ။
တွေက်ဝတာ စ ကိ ဝေတိ၊ ပရိစ္ဆေဒတ္ထဝါစကာ-

ဟူသော အဘိဓာန် အဗျယဝင်္(၁၁၄၁)လာ စကားဖြင့် သိအပ်၏။ သဟဓာတ်သည် ဘူဝါဒိဂိုဏ်း၌ ပရိသဟန အနက်ကို ဟောသတည်း။ ဒိဝါဒိဂိုဏ်း၌မူကား သဟ သုဟသတ္တိယံ။ သယ္ဟတိ။ သုယ္ဟတိ ဟု ဓာတုမာလာ (၂၃၀)၌ လာရှိသည် အားလျော်စွာ ဥဟူသော ဥပသာရပုဒ် နှင့်ကင်းလျှိ သတ္တိအနက်ကို ဟောသတည်း။

ဏဟုလဝတ္ထု၊ကထာ နိဋ္ဌိတာ။

သိက္ခာပဒ ဒဿကမ္မဝတ္ထု၊ကထာ

၁၀၇။ ပရိသက္ကတိ၌ သက္ကစာတ်သည် ဂတိအနက်ကိုဟောသတည်း။ ဤအရာ၌မူကား ပရိ-ဟူသော ဥပသာရပုဒ် သည် လုံလုပြုခြင်း ပဂ္ဂဟမအနက်ကို ထွန်းသောကြောင့် လုံလုပြုခြင်း ပရက္ကမ အနက်ကို ဟောသတည်း။ ထို့ကြောင့် ပရိသက္ကတိတိ-အစရှိသောစကားကို မိန့်သတည်း။

ဤဓ၊ ဤငါ၏ပရိဝုဏ် ငါ၏ကျောင်းသို့၊

ယတ္ထ ဝါ-စသည်၌ ပဌမယတ္ထဖြင့် ပရိဝုဏ်ကို စွဲသတည်း။ ဒုတိယယတ္ထ ဖြင့် ကျောင်းကို စွဲသတည်း။ ထို့ကြောင့် ယတ္ထသဒ္ဒါနှစ်ခုကို တစ်းပါင်းတည်း ပြုသဖြင့် မိန့်အပ်သော သံဝဏ္ဏနာစကားသာတတိယဟုတ္ထ-ဖြင့် ပရိဝုဏ်ကျောင်း အနက်နှစ်ခုကို စွဲအပ်၏။ ပရိဝုဏ်အနက်စွဲခိုက် ဝသတိ၌ စပ်။ ကျောင်းအနက်ကို စွဲခိုက် ပဝိသတ်၌ စပ်။

ပဋိက္ကမတိ-၌ ကမုခေါတ်သည် ပဒဝိကွေပအာနက်ကို ဟောသတည်း။ ဤအာနက်သည် ပဓာနအာနက်မျှသာတည်း။ ဤအာဏာ၌မူကား ပဝိသနအာနက်ကို ဟောသတည်း။ ထို့ကြောင့် ပဋိက္ကမတိ-ကို ပဝိသတိ-ဟု ဖွင့်သတည်း။ ဤအဓိပ္ပာယ်ကို ကမု-ပဒဝိကွေပေ။ပဒ ဝိကွေပေါ ပဒဿာ ဂမနံ။ ဣဒမ္မုန ဝေါဟာရ သိသမတ္တံ ဝစနံ၊ တဿာ နာဿ ကာယေ အဂ္ဂိဝါ၊ ဝိသံဝါ သတ္ထံဝါ ကမတိတိ အာဒိသု အပဒဝိကွေပတ္ထောပိ ဂဟေတဗ္ဗော-ဟူသော ခေတုမာလာ (၁၃၁)၌ မိန့်အပ်သောစကားကို ထောက်ထား၍ သိအပ်၏။ ခေတုမာလာ ဆရာသည် ထိုအနက်ကို "သတ္တံဝါ နကမတိ နံ ပဝိသသိ"ဟူသော ဝိသုဒ္ဓိမဂ် မေတ္တာဘာဝနာ ဝိတ္ထာရကထာ(၁၊၃၀၇) စကားအစရှိသည်ကို ထောက်ထား၍ သိသတည်း။

အဘိက္ကမန္တိ၊ နောပဋိက္ကမန္တိ၊ ပဋိက္ကမန္တေ-ပြုရပ်တို့၌ ပဋိသဒ္ဒါသည် နိဝတ္တိ အနက်ကို ထုန်းသော်ကြောင့် "နောပဋိက္ကမန္တိ၊ နောက်သို့မဆုတ်ကုန်။ ပဋိက္ကမန္တေ၊ နောက်သို့ဆုတ်ခြင်း၌"ဟု အနက်ပေးရသတည်း။

အတ္တနော၊ မိမိဟုဆိုအပ်သော နိဿရည်းဆရာ, ဥပဇ္ဈာယ်ဆရာ၏။ပရိဝေဏ၌၊ ကိုလည်းကောင်းဟု အနက်ပေး။ ထို့ကြောင့် တေရသကဏ်ဋီကာ (၃၊၂၅၅)၌ ယတ္ထာဝါ ပဋိက္ကမတိတိဣမိနာ ပန ယံ အာစရိယဿ ဥပဇ္ဈာယဿဝါ ဝသနဋ္ဌာနံ ဥပဋ္ဌာနာဒိနိမိတ္တံ နိဗဒ္ဓံ ပဝိသတိ၊တံအာစရိယုပဇ္ဈာယာနံ ဝသနဋ္ဌာနံ ဝုတ္တံ-ဟုမိန့်အပ်၏။ ဝိမတိဝိနောဒနီ(၂၊၁၁၆)၌လည်း အတ္တနောတိ ဟိဿယံ အာစရိယဿ ဥပဇ္ဈာယဿဝါတိအတ္ထော-ဟုမိန့်အပ်၏။ ဝိနယဝိနိစ္ဆယဋီကာ(၂၊၃၆၂)၌လည်း အတ္တနောတိဝစနံ ဇေယ္ယ အာဝရဏံ ကဲ့ရော်၏၊ တေ အာစရိယုပဇ္ဈာယေ သန္ဓာယ ဝုတ္တန္တိ ဝိညာယတိ။ ကေစိ ပနေတ္ထ အတ္တနောတိ ဣဒံ ယဿ အာဝရဏံ ကရော်၏၊တံ သန္ဓာယ ဝုတ္တန္တိ ဂဟေတ္ဝာ တတ္ထ ဝိနိစ္ဆယံ ဝဒန္တိ။ ကေစိ ဥဘယထာပိ အတ္ထံ ဂဟေတ္ဝာ ဥဘယထာပိ အာဝရဏံ ကာဟပဏန္တိ ဝဒန္တိ။ ဝီမံသိတ္ဝာ ယဒေမတ္ထ ယုတ္တတရံ တံ ဂဟေတဗ္ဗံ-ဟုမိန့်အပ်၏။ ကေနစိဝါဒ,ကေစိဝါဒနှစ်ပါးသည် သဒ္ဒိဝိဟာရိကတပည့်, အန္တေဝါသိကတပည့် တို့နေစရာနေရာမရှိရာ သောကြောင့်လည်းကောင်း ကရဏာကင်းဆုတ်ကျသောကြောင့်လည်းကောင်း၊ သင့်မည်မထင်။

ဝဏ္ဏဂွန ဝါ၊ အဖို့အစုအားဖြင့် (ဝါ) ဝါအပိုင်းအခြားအားဖြင့် (ဝါ) ဝါ အစဉ်အားဖြင့်။

အဂ္ဂသဒ္ဒါသည် အာဒိကောဋ္ဌာသကောဋ္ဌိသု၊ ပုရတောဂုံ ဝရေ တိသု-ဟု အဘိဓာန် အနေကတ္ထဝဂ်ဂါထာ (၈၄၃)၌ မိန့်အပ်ကုန်သော အနက်တို့တွင် ကောဋ္ဌာသအနက်ကို ဟောသတည်း။ အဖို့အစုဟူသည် အပိုင်းအခြားတည်း။ ထို့ကြောင့် စုဋ္ဌဝါအဋ္ဌကထာ သေနာသနက္ခန္ဓက အဖွင့် (ဝိ၊၆၊၄၊၆၅) ၌ "သေယျဂ္ဂေနာတိ သေယျာပရိစ္ဆေဒေန" ဟုမိန့်အပ်၏။ တတိယအနက်သည် အဓိပ္ပာယ်နက်တည်း။

"ပတ္တာသေနာသနဉ္စ၊ သာမဏေတို့အား ရောက်သောကျောင်းကို လည်းကောင်း"ဟုအနက်ပေး။ ထို့ကြောင့် ဇေတရဿကဏ်ဋီကာ (၃၊၂၅၅)၌ ယတ္ထ ဝါ ဝသတိတိ ဣမိနာ သံဃိကံ ဝါ ဟောတု ပုဂ္ဂလိကံ ဝါ၊ တာဿ နိ-ဗန္ဓ ဝသနကသေနာသနံ ဝုတ္တံ-ဟု မိန့်အပ်၏။

သာမဏေရဿ၊ ၏။ ပတ္တစီဝရံ၊ ကို။ အန္တော၊ တိုက်ခန်းအစရှိသည်တို့၏ အတွင်း၌။ နိက္ခိပတော်ပေါ်၊ ဆွမ်းမခံရအောင် သွင်းထားသော ရဟန်းအား လည်းကောင်း။ သဗ္ဗပယောဂေသုပေါ်၊ သပိတ်သင်္ကန်းကို သုံးသပ်ခြင်း အစရှိကုန်သော အလုံးစုံကုန်သော လုံ့လတို့ကြောင့်လည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏ ဟုအနက်ပေး။ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယဋ္ဌကထာ (၂၊၁၆၀)၌ ပတ္တစီဝရန္တိ ဇေတ္ထ သာမဏေရဿာတိ အဓိကာရတော လဗ္ဘတိ။ အန္တော နိက္ခိပတော ဩဝရကာဒီနံ အန္တော နိက္ခိပန္တဿ။ သဗ္ဗပယောဂေသူတိ ပတ္တစီဝရဿ အာ-မသနာဒိ သဗ္ဗပယောဂေသု-ဟု မိန့်အပ်၏။ သဗ္ဗပယောဂေသု-၌ ပိသဒ္ဒါ ကျေသတည်း။ ထို့ကြောင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာ (၂၅၁၊၈ဂါထာ)၌ သဗ္ဗ ပယောဂေသုပိ-ဟူ၍ ပိသဒ္ဒါနှင့်တကွ မိန့်အပ်၏။ အနာစာရဿပန-၌ ပန သဒ္ဒါ ဝိသေသတ္ထ ဇောတက။

ဒဏ္ဍကမ္မံ၊ ဤပရဝိုင်း၌ မနေလင့်' ဤကျောင်းသို့ မဝင်လင့်ဟု ပိတ်ပင် တားမြစ်ခြင်း အစရှိသည်ဟု ဆိုအပ်သော ဒဏ်အမှုကို။

ဒဏ္ဍေန္တိ ဝိနေန္တိ ဇေတေနာတိ ဒဏ္ဍော၊ သော ယေဝ ကာတမ္ဗတ္တာ ကမ္မန္တိ ဒဏ္ဍကမ္မံ။ အာဝရဏာဒိ။ ။ ဇေတရဿကဏ်ဋီကာ(၃၊၂၅၅)။ ။ ပါဠိထောင်၌ "အနုဇာနာမိ ဘိက္ခဝေ အာဝရဏံ ကာတုံ"ဟု ဟောတော်မူသည် အားလျော်စွာ ဇေတရဿကဏ်ဋီကာ၌ အာဝရဏ်ဟု အာဒိသဒ္ဒါမပါဘဲ အဘိဓေ-ယျ ကြားသင့်လျက် ဤသို့ အဘိဓေယျ မကြားမူ၍ အာဝရဏာဒိ-ဟု အာဒိ သဒ္ဒါနှင့်တကွ အဘိဓေယျ ကြားသည်ကား သင်္ကိယနာတင် အရှင်မြတ် တို့သည် ဗုဒ္ဓမတညူ ဖြစ်တော်မူကုန်သည် အလျောက် ဥဒကဒါရုဝါလိကာ ဒီနံ-အစရှိသောစကားကို မိန့်တော်မူလတ္တံ့ ဖြစ်သောကြောင့် ထိုစကားကို မြော်ထောက်၍ အာဒိသဒ္ဒါနှင့်တကွ အဘိဓေယျ ကြားသတည်း။

ဘဂဝတာ၊ သည်။ အာဝဂ္ဂမေဝ၊ ကိုသာလျှင်။ 'ဒဏ္ဍကမ္မန္တိ၊ ၍။ ကိုဥာပိ ဝုတ္တံ၊ ရှင့်။ ပန တထာပိ၊ လည်း။ ဓမ္မသင်္ဂါဟကတ္ထေရေဟိ၊ သုတ်အဘိမ္မာ ဝိနည်းကို သင်္ဂါယနာတင်တော်မူကုန်သော အရှင်မဟာကဿပ အစရှိကုန် သော ဗုဒ္ဓမတညူမထေရ်တို့သည်။ အပရဏာနုရူပံ၊ အကြီးအငယ်ဖြစ်သော အပြစ်အားလျော်စွာ။ ဥဒကဒါရွဝါလိကာဒီနံ၊ တို့ကို။ အာဟာရူပနမ်ပို၊ ဆောင် စေခြင်းကိုလည်း။ (ပိဖြင့်အာဝဂ္ဂကိုပေါင်း) ကာတဗ္ဗန္တိ၊ ၍။ ဟိ ယသ္မာ၊ ကြောင့်။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ ဝတ္ထုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ တသ္မာ ဝဋ္ဋနတော၊ ကြောင့်။ တံ အာဟာရူပနမ်ပို၊ ကိုလည်း။ ကာတဗ္ဗံ၊ ၏။

စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓကအဖွင့် သလာကဘာဇကထာ (ဝိ၊ဋ္ဌ၊၄၊ ၁၀၀)၌ ဒဏ္ဍကမ္မံ ပန ဂါဠှံ ကာတဗ္ဗံ၊ သဋ္ဌိတော ပါ ပဏ္ဏာသတော ဝါ နပရိဟာပေတဗ္ဗံ-ဟု ဒဏ်အမှုအရေအတွက်နှင့် လာရှိသတည်း။ဤအရာ၌မူကား အပရာဓာနုရူပံ-ဟု ဓမ္မသင်္ဂါဟကမထေရ်မြတ်တို့ မိန့်တော်မူရကား အလာဘာ ယပရိသက္ကန-အစရှိသည်တို့ကို အလွန်အမင်းပြုသော် အပြစ်ကြီးသတည်း။ အတော်အသင့်သာပြုသော် အပြုစ်ငယ်သတည်း။ အပြစ်ကြီးက ခြောက်ဆယ် ငါးဆယ်အောက်ဒဏ် အမှုယုတ်စေသင့်၊ အပြစ်ငယ်က ခြောက်ဆယ်ငါးဆယ် အောက်ဒဏ် အမှုယုတ်စေရမည်။

သိက္ခာပဒ ဒဏ္ဍကမ္မဝတ္ထုကထာ နိဋ္ဌိတာ။

အနာပုစ္ဆာ ဝရဏဝတ္ထုအာဒီကထာ

၁၀၈။ အဋ္ဌကထာ၌ နု ဘိက္ခဝေ ဥပဇ္ဈာယံ အနာပုစ္ဆာ-ဟု ဥပဇ္ဈာယ-၌ နိဂ္ဂဟီတန္တနှင့် စာအများရှိသည်ကား ပါဠိတော်လာ ဥပဇ္ဈာယာ ဂဝေသန္တိ။ ဥပဇ္ဈာယာ ဥဇ္ဈာယန္တိ။ နု ဘိက္ခဝေ ဥပဇ္ဈာယေဟူသော စကားတို့ကို မမြော်မထောက်ပဲ အဋ္ဌကထာလာ သစေ ဥပဇ္ဈယော ဒဏ္ဍကမ္မံ နု ကရောတိ-ဟူသောစကားကိုသာ မြော်ထောက်၍ စာပြင်ဆရာတို့ အလဲ့ပြင်ထားသော ကြောင့် ရှိသည်ဖြစ်လေရာသတည်း။ အဋ္ဌကထာ၌ကား ဇာတျာပေက္ခ—အား ဖြင့်သာ သစေ ဥဇ္ဈာယော ဒဏ္ဍကမ္မံ နု ကရောတိ—ဟူသောစကားကို မိန့် တော်မူသတည်း။ ဥပဇ္ဈာယော ဂဝေသတိ— အစရှိသည်ဖြင့်ပါဠိတော်၌ရှိသော ကြောင့် မိန့်တော်မူသည်မဟုတ်။ ထို့ကြောင့် အဋ္ဌကထာလာစကားကိုသာ မြော်ထောက်၍ အလဲ့မပြင်သင့်။

အပဋ္ဌာလေန္တိ—၌ အပဟုဗ္ဗ လဋ္ဌ ဓာတ်စုရာဒိဂိဏ်း။ အပ—သည် ပုဇာ—အနှိက် ဟောတည်း။

နိဒ္ဒေသေ ဝဇ္ဇနေ ပဋိဘာ၊ ပဂတေ ဝါရကေပိ ဇ။
ပဒုဿနေစ ဂရဟာ။ စောရိကာ,ဒေါ သိယာ အပ။
(အဘိဓာန်အဗျယဝဂ်။ ၁၁၈၄)

ပဋိဘာ–ဟူသည် မိမိဟု ဆိုအပ်ကုန်သော ဆဗ္ဗဂ္ဂိယ ရဟန်းတို့ကို လုပ်ကျွေးခြင်းကို ပြုစေသောအားဖြင့် ပူဇော်ခြင်းတည်း။ ထိုကြောင့် အပသဒ္ဒါ၏ အနက်ကို "ဥပဋ္ဌာနံကရကထ္ထိ" ဟု အဋ္ဌကထာ၌ ဖွင့်သတည်း။ "ဥပဋ္ဌာနကရကထ္ထိ၊ လုပ်ကျွေးခြင်းကို ပြုစေခြင်းအကျိုးငှာ" ဟု အနက်ပေး။ လဋ္ဌဓာတ်သည် လဋ္ဌ "ဥပသေဝါယံ" ဟူသည်နှင့်အညီ မှီဝဲခြင်း ဥပသေဝါအနက် ဟောတည်း။ မှီဝဲခြင်းဟူသည် "ပတ္တံ ဒဿာမ စိဝရံဒဿာမ" ဟု နှုတ်ဖြင့် ချီးမြှောက်သောအားဖြင့် မှီဝဲခြင်းတည်း။ ထို့ကြောင့် သံဂဟ္ဘန္တိ-ဟု မိန့်သတည်း။ ပါဠိတော်၌ "အပလာဠေန္တိ၊ လုပ်ကျွေးခြင်းကို ပြုစေခြင်းဟုဆိုအပ်သော ပူဇော်ခြင်းကို ပြုစေခြင်းအကျိုးငှာ ချီးမြှောက်သောအားဖြင့် မှီဝဲကုန်၏" ဟု အနက်ပေး။ ဝိမတိဝိနောဒနီဋီကာ၌မူကား "ဥပလာဠနဝသေန သင်္ဂဟန္တိ" ဟု ဖွင့်၏။ "ဥပလာဠနဝသေန၊ ဖြားယောင်းသည်၏ အစွမ်းအားဖြင့်" ဟု အနက်ပေး။ ဥပလာဠနသဒ္ဒါသည် မှီဝဲခြင်းအနက်ကိုသာ ဟောသတည်း။ ဖြားယောင်းခြင်း အနက်ကိုမူကား မဟော။ ဥပလာပန သဒ္ဒါသည်သာ ဖြားယောင်းခြင်းအနက်ကို ဟောသတည်း။ ဥပလာဠနဝသေန–သည် အမှန်မဟုတ်။ ဥပလာပနဝသေနသည်သာ အမှန်ဟုဆိုရမည်လည်း အပလာဠေန္တိ–ဟူသော သံဝဏ္ဏေတဗ္ဗစကားနှင့် ဆန့်ကျင်လေရာသတည်း။ ထိုစကားမှန်၏။ သံဝဏ္ဏေတဗ္ဗ၌ အပပုဗ္ဗ လဋ္ဌဓာတ်တည်း။ အပပုဗ္ဗ လပဓာတ်မဟုတ်။ ထို့ကြောင့် ဝိမတိဝိနောဒနီစကားသင့်အံ့မထင်ပေ။

ပရိသဘူတော၊ ပရိသတ်ဖြစ်၍ ဖြစ်ကုန်သော သာမဏေရဟန်းတို့ကို။ ဒုဿီလံ၊ကို။ နိဿယ၊ ၍။ ဝိဟရန္တေန၊သော။ တယာ၊ သည်။ နှာယိတုံ၊၍။ အာဂတေန၊သည်။ ဂုဏမက္ခနံ၊ကို။ ကတံဝိယ၊သို့။ ဒုဿီလဘာဝမက္ခနံ၊ သီလမရှိသည်၏ အဖြစ်ဖြင့် လိမ်းကြံခြင်းကို။ ကတံ၊၏။ ဣတိ၊သို့။ ဝတ္ထုံ၊၍။ ဝဋ္ဋတိ၊၏။

သစေသော သယမေဝ–အစရှိသောစကား၌ သာမဏေဖြစ်အံ့၊ ဥပဇ္ဈာယ်ကိုတောင်းသည်။ ရဟန်းဖြစ်အံ့ နိဿယည်းကိုတောင်းသည်ဟုမူတ်လေ။ တာ အာပတ္တိယော–၌ တာ–သည် ဝိစ္ဆာလောပတည်း။ တာ တာ အာပတ္တိယော။ ဟုအနက်ပေး[၁]။ ထိုစကားမှန်၏။ ဝိနည်းသင်္ဂြိဟ်၌ တာ တာ အာပတ္တိယော (၁၆၁)ဟု ဝိစ္ဆာနှင့်ရှိသတည်း။

၁။ နာနာအာပတ္တိ ယော။ (ဆဋ္ဌမူ)

တာဝဒေဝ၊ ထိုသတ်သောအခါ ခဲ့သောအခါ၌သာလျှင်။ သေနာသနဂ္ဂါဟော၀၊ ဝါစဉ်အားဖြင့်ရောက်ပြီးသော ကျောင်းကို ယူခြင်းသည်လည်းကောင်း။

ဝါစဉ်အားဖြင့် ယူအပ်ပြီးသော ကျောင်းနှင့်မဆိုင်ဟူလိုသတည်း။တေရသကဏ်ဋီကာ(၃၊၂၅၆)၌ သစေ ယာဝ တတိယံ ဝုစ္စမာနော နဿရမတိ။ သံဃံ အပလောကေတွာ နာသေတဗ္ဗော။ ပုန ပဗ္ဗဇ်ံ ယာစမာနောပိ အပလောကေတွာ ပဗ္ဗာဇေတဗ္ဗောတိ ဝဒန္တိ–ဟု ဆိုသောကြောင့် ပါဏာတိပါတ အစရှိသော အမှုကို အကြိမ်ကြိမ်အခါခံပြု၍ လျှို၀ှက်သောအားဖြင့် စာရှည်လေးမြင့်သရဏကုံမယူမူ၍နေသည်ပင်ဖြစ်စေ ပါဏာတိပါစာ အစရှိသော အမှုကို တစ်ကြိမ်တစ်ခါပြု၍ လျှို၀ှက်သောအားဖြင့် တာရှည်လေးမြင့်သရဏကုံ မယူမူ၍နေသည်ပင်ဖြစ်စေ ဆရာဥပဇ္ဈာယ်တို့သိ၍ သုံးကြိမ်တိုင်တိုင် မဆုံးမမီ ဝတ်မြဲရုံမြဲတိုင်းပင် သရဏကုံပေးရမည်။ သုံးကြိမ်တိုင်တိုင် ဆုံးမပါလျက်နှင့် မကြဉ်မရှောင်နေမှသာလျှင် အသင့်ကိုဖျက်ဆီး၍ သရဏကုံပေးရမည်ဟု မူတ်အပ်၏။ တေရသကဏ် ဋီကာလာစကားကိုထောက်၍ အသင့်ကိုဖျက်ဆီးသည်ကို ရည်၍ နိဂ္ဂဟိုတဗ္ဗော-ဟု မိန့်သည်ကိုသိအပ်၏။ တေရသကဏ်ဋီကာလာ စကားသည် "ပုန သံဝရေ ဌာတုကာမော ဟောတိ။ လိင်္ဂနာသနာကိစ္စံ နတ္ထိ"ဟု မိန့်အပ်လတ္တံ့သော အဋ္ဌကထာလာစကားနှင့် ညီမျှ၏။ သဟသာ-ကို သံဝရေ၌စပ်။

ရဟန်းခံဏာ၌ ရဟန်းခံကမ္မဝါစာ မရွတ်ဖတ်မီ ဥပဇ္ဈာယ်ပေးရသကဲ့သို့ ရှင်ပြုရာ၌လည်း သရဏကုံမပေးမီ ဥပဇ္ဈာယ်ပေးရမည်ဟုဆို၏။ သရဏာနံ ဒါတဗ္ဗာနိ။ ဥပဇ္ဈာယော ဒါတဗ္ဗော ဟု အဋ္ဌကထာ၌ မိန့်သောကြောင့် သရဏကုံပေးပြီးမှသာ ဥပဇ္ဈာယ်ပေးရမည်ဟု အမှန်မှတ်လေ။ ဟိ ယသ္မာ ဥပသမ္ပဒ ကမ္မဝါစာ သဒိသံ။ တသ္မာ ဣဒ္ဓိန္တိ။ တသ္မာ ဣဒ္ဓိနတော ဘိက္ခုနံ ဝိယ စတုပါရိသုဒ္ဓိသီလံ ဣမိနာပိ ဒသသီလာနိ သမာဒိန္နာနေ၀ ကိဉ္စာပိ ဟောန္တိ။ဧ၀ံ သဇ္ဈတိပိ။

သမာဒိန္နာနေ၀၊ ဆောက်တည်အပ်ကုန်ပြီးသည်သာလျှင် ။(၀ါ)။ ဆောက်တည်အပ်ကုန်ရာကြကုန်သည်သာလျှင်။

ဟောန္တိ-ဟု ဗဟုဝုစ်နှင့် မိန့်သောကြောင့် ဧ၀ံသေန္တပိဋ္ဌ သို့ ဝိဘတ်ကို ဗဟုဝုစ်၌ သက်အပ်သည်ကိုသိအပ်၏။ သစေ ပုရိမိကာယ-အစရှိသော စကား၌ လိင်ထိုက်၍ ဝါပြတ်ပြီးသော သာမဏေသည် ဝါဆိုလပြည့်ကျော် နှစ်ရက်နေမှစ၍ ဝါခေါင်လပြည့်ကျော် တစ်ရက်နေတိုင်အောင်ကုန်သော နေ့တို့တွင်

အမှတ်မရှိ တံခေနှေ့၌ သရဏာကုံယူ၍ ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့၌ ပစ္စိမဝါသို့ ကပ်သည်ရှိသော် ပစ္စိမဝါ၌ဖြစ်သော ဝါဆိုသင်္ကန်းကို ရလတ္တံ့ဟူလို သတည်း။ထို့ကြောင့် တေရသကဏ်ဍိကာ(၃၊၂၅၆)၌ ပစ္ဆိမိကဲဃ ဝဿာဝါသိကံ လစ္ဆတိတိ ပစ္ဆိမိကာဃ–အစရှိသောစကားကို ဆိုသတဲ့သည်း။ဝိမတိဝိနောဒနီ (၂၊ ၁၁၇)၌မူကား သရဏာဂုဟဏေန သဟ တဒဟေဝဿ ဝဿုပဂမနံမို့ ဒသေတိ–အစရှိသောစကားကို ဆို၏။ "တဒဟေ့ဝ၊ ထိုဝါဆိုလပြည့်ကျော် တစ်ရက်နေ့ဟူသော ပုရိမဝါဆိုနေ့၌သာလျှင်" ဟု အနက်ပေး။ ဤမဟာဝါ အဋ္ဌကထာဥပေါသထက္ခန္ဓကအဖွင့်တွင် ပါတိမောက္ခုဒ္ဒေသက ရဟန်းမရှိသော် ဝါမဆိုသင့်ကြောင်းကို ဖွင့်ရာ(ဝိ၊ဋ္ဌ၊၃၊၃၄၂)၌ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့တိုင်အောင်သောနေ့ကို ပုရိမိက–ဟု မိန့်တော်မူသည့်အထူရှိသောကြောင့် တေရသကဏ်ဍိကာလာစကဲ့သာသင့်သတည်း။

ပစ္ဆိမိကဲဃ၊၌။ဥပ္ပန္နံ၊သော။ဝဿာဝါသိကံ၊ကို။လစ္ဆတို့၊ရလတ္တံ့။

သစေ ပစ္ဆိမိကာယ–အစရှိသော စကား၌ လိုင်ထိုက်၍ ဝါပြတ်ပြီးသော သာမဏေသည့် ဝါခေါင်လပြည့်ကျော် နှစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ကုန်သောနေ့တို့တွင် အမှတ်မရှိတ်နေ့နေ့၌ သရဏာကုံယူအံ့။ဝါပြတ်လေသောကြောင့် ဝါဆိုသင်္ကန်းလာဘ်ကို ပန်ကြား၍ ပေးရမည်ဟူလို သတည်း။တေရသကဏ်ဍိကာကိုမှီးသဘည်း။ ဝိ၊တိဝိနောဒနီစကားသည် အဆိုမဖြောင့်စကားကောက်သတည်း။ ဝိမတိဝိမနောဒနီ(၂၊၁၁၇)၌ ပါဏာတိပါတံ၁ ဝေရမဏိအာဒိ၂သဗ္ဗသိလဘေဒဥ္စ။ပါဏာတိပါတံ၁ဝေရမဏိ–အစရှိသောအလုံးစုံသော သိလ၏ ပျက်စီးခြင်းသို့လည်းကောင်း။အဓိပ္ပါယ်ကား၊ ပါဏာတိပါတံ အမှုကိုပြုမိခဲ့သော် ပါဏာဘိပါတံ၁ဝေရမဏိသိလသာ ပျက်သည်မဟုတ်။စင်စစ်မူကား အလုံးစုံသော သိလပျက်သကဲ့သို့ သေဟုမသိမူ၍ သောက်သော သာမဏေအား အလုံးစုံသောသိလမပျက်ဟူလိုသတဲ့သည်း။

အကုသလံ ပန-အစရှိသော စကားကို သေမှန်းမသိ၍ သောက်ထု၌ ကုသိုလ် အကုသိုလ် အဗျာကတ သုံးပါးလုံးနှင့် ဆက်ဆံလေသောကြောင့် ဆင်ခြင်ရန်ရှိသတည်း။ "အကုသလဉ္စ၊ သည်လည်းကောင်း။ သုဏာပါနဝေရမဏိသိလဘေဒေါစ၊ သည်လည်းကောင်း။ ဟောတိ၊ ၏။ ဟု အနက်ပေး။

သာမဏေဆုနံ ။ပ။ ဝိသေသော-စကားသည် အဇာနိတ္ဝာ စကား၏ အခြားမဲ့၌ ရှိရမည်ထင်သတည်း။

သာမဏေသည် သေရည်သေရက်ဟု မသိမူ၍ သောက်လေသော် အာဘယ့်ကြောင့် သိလပျက်စီးခြင်းသို့ မရောက်သနည်း။ မသိမူ၍ သောက်လေသောကြောင့်ပင် သိလပျက်စီးခြင်းသို့ မရောက်ရာသည် မဟုတ်လော့ဟု စောဒနာရန်ရှိသောကြောင့် သာမဏေထုနံ အစရှိသော စကားကို မိန့်သတည်း။ (သာမဏေထုနံ-၌။ ဟိသဒ္ဒါကား လုတ္တနိဒ္ဒိဋ္ဌ ဂမျမာန ပါဠိသေသတည်း။)

ဟိ ယသ္မာ သာမဏေထုနံ မဇ္ဇပါနံ သစိတ္တက် ပါထုဇ်ကဝတ္ထု ဟောတိ။ တသ္မာ အဇာနန်တ္ဝာ ပိဝ့န္တော သီလဘေဒံ န အာပဇ္ဇတိတိ ယောဇနာ။

ဤသာမဏေထုနံ အစရှိသော စကားကို ဧကပဿဒဿန နယ-တစ်ဖက်ပြုနည်းအားဖြင့် အဋ္ဌကထာဆရာ မိန့်သတည်း။ ထို့ကြောင့် ရှေးပိဝန္တော်သာ ပါစိတ္တိယံ-ဟူသော စကား၏ အခြားမဲ့၌ ဘိက္ခုံနှင့် မဇ္ဇပါနံ အစိတ္တက် ပါစိတ္တိယဝတ္ထု-ဟူသော အကြောင်းစကားကို သိအပ်၏။ ဤသို့ သိအပ်လျက်နှင့် ထို အကြောင်း စကားကို အဋ္ဌကထာဆရာသည် မိန့်တော်မမူဘဲ ဧကပဿဒဿန နည်းဖြင့် ဤအရာ၌ ပြတော်မူသည်ကား ပါစိတ်အဋ္ဌကထာသုရာပါန သိက္ခာပုဒ် အဖွင့်၌ အစိတ္တက်-ဟု တိုက်ရိုက်မိန့်တော်မူခဲ့ပြီး ဖြစ်သောကြောင့် ပြတော်မူသတည်း။

တစ်နည်းကဲ့သ ဘိက္ခုံနှံ။ပ။ ပါစိတ္တိယံ-ဟူသော စကားကို မိန့်တော်မမူသည်ကား သုရာပါနသိက္ခာပုဒ် အဖွင့်၌ အစိတ္တက်-ဟု မိန့်တော်မူခဲ့ပြီးဖြစ်သောကြောင့် မိန့်တော်မမူသတည်း။ကေပဿဒဿန-နည်းဖြင့်ပြသောကြောင့် မိန့်တော်မမူသည်မဟုတ်။

ပါဏာတိပါတာ ဝေရမဏိ-အစရှိကုန်သော သိက္ခာပုဒ်ငါးပါးတို့ ပျက်စီးကုန်သော် ဖျက်ဆီးအပ်သည်၏ အဖြစ်သို့ရောက်သော်ဟုမိန့်၏။ဤမှတစ်ပါးကုန်သော ဝိကာလဘောဇနာ ဝေရမဏိ- -အစရှိကုန်သော သိက္ခာပုဒ်ငါးပါးတို့ ပျက်စီးကုန်သော် အသို့နည်း။ ထို့အတူပင်လော့ဟု မေးရန်ရှိသောကြောင့် ယာနိ-ပန အစရှိသောစကားကို မိန့်သတည်း။

ပန-သဒ္ဒါသည် ဝိသေသတ္ထဇောတကတည်း။ ဤယာနိ ပန- အစရှိသော စကားသည် အယံ ဝိဓသသော-စကား၏အခြားမဲ့၌ ရှိရမည်ထင်သတည်း။ ဒဏ္ဍကမ္မနာသနာ-ကို ကဏ္ဍကနာသနာယ-ဟုမိန့်သတည်း။

ဒဏ္ဍကမ္မံ ကာရေတ္ဝာ အစွယံ ဒေသာပေတဗ္ဗော-၌ အပြစ်ကိုကြားစေပြီးလျှင် သရဏကုံပေးအပ်သည်ဟူလိုသတည်း။ အကြောင်းကား လိင်ကျပြီး

ဖြစ်သောကြောင့်တည်း။ လိင်ကျပြီးဖြစ်သောကြောင့်ကိုကား လိင်္ဂနာသနာယ နာသေတဗ္ဗော·ဟူသော နောက်စကားကိုသောက်ဆ၍ သိသတည်း။ ထိုစကား မှန်၏။ လိင်ကျပြီး မဟုတ်သော် အဘယ်မှာ လိင်္ဂနာသနာဖြင့် ဖျက်ဆီးရန် ရှိလေအံ့နည်း။လိင်ကျပြီးဖြစ်သောကြောင့်သာလျှင် လိင်္ဂနာသနာဖြင့် ဖျက်ဆီး ရသတည်း။ အဘယ်ကြောင့် မိစ္ဆာဒိဋ္ဌိကဋ္ဌသည်း ဤနည်းကိုသာလျှင် သိအပ် သနည်း အကယ်၍ မိစ္ဆာဒိဋ္ဌိက သာမဏေသည် သက္ကာယဒိဋ္ဌိက သာမဏေ ဖြစ်ခဲ့လေသော် ထိုသာမဏေကို လိင်္ဂနာသနာဖြင့် မဖျက်ဆီးထိုက်လေသော ကြောင့် ဤနည်းကိုသာလျှင် မသိအပ်သည်မဟုတ်လော့၊ သို့မသိအပ်လေက လည်း မိစ္ဆာဒိဋ္ဌိကော ဟောဘိ·ဟူသောစကားကို မြတ်စွာဘုရား မဟောကြား တော်မူရာသည်မဟုတ်လော့ဟု စောဒနာရန်ရှိသော်ကြောင့် သဿတုစ္ဆေဒါ နဉ္စိ အစရှိသောစကားကို မိန့်သတည်း။

သုတ်သီလကွာန် ဗြဟ္မဇာလသုတ်လာ ခြောက်ဆယ့်နှစ်ပါး ကုန်သော ဒိဋ္ဌိ တို့တွင် ခုနစ်ပါးကုန်သော ဒိဋ္ဌိတို့သည်သာလျှင် ဥစ္ဆေဒ ဒိဋ္ဌိတည်း။ ကြွင်းငါး ဆယ့်ငါးပါးကုန်သော သဿတဒိဋ္ဌိတို့တည်း။ ထို့ကြောင့် သုတ်သီလကွန်အဋ္ဌ ကထာဗြဟ္မဇာလသုတ်အဖွင့်(ဒီ ဋ္ဌ ၁၊၁၁၂)၌ တွေ့ဝေတာ သဗ္ဗာပိ ဒ္ဒါသဋ္ဌိဒိ ဋ္ဌိယောကထိတာဟောန္တိ ၊ယာသံသတ္တော့ဥစ္ဆေဒိဋ္ဌိယော၊ သေသာသဿတဒိဋ္ဌိ ယော·ဟုမိန့်အပ်၏။ သုတ်သီလကွန်ပါဠိတော် သာမညဖလသုတ်လာအကိရိယဒိဋ္ဌ-အဟေတုကဒိဋ္ဌိ နတ္ထိကဒိဋ္ဌတို့သည် အစဉ်အတိုင်း သဿတဝါဒ အဓိစ္စသမုပ္ပတ္တိက ဝါဒ ဥစ္ဆေဒဝါဒတို့၌ အတွင်းဝင်ကုန်သည်ကို သုတ်သီလကွန်ဋီကာ ဗြဟ္မဇာလ သုတ်(ဒီဋ္ဌ၁၊၁၇၇)အဖွင့်လာ အကိရိယဝါဒေါ တာဝ ဝဇ္ဈော ကူဋဋ္ဌောတိ အာဒိနာ ကိရိယာကာဝဒိပနတော သဿတဝါဒေ အန္တောဂတေ တထာသတ္တိ မေကဲ့သယာတိ အာဒိနယပ္ပဝတ္တာ ပကုဒ္ဓဝါဒေါနဲ့ထို့ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယာတိ အာဒိဝစနတော အဟေတုကဝါဒေါ အဓိစ္စသ မုပ္ပန္နိကဝါဒေ အန္တောဂဓေါနတ္ထိ ပဋိသေဓလောကော်တိ အာဒိဝစနတော နတ္ထိကာဒေါဝါဒေါဥစ္ဆေဒဝါဒေ အန္တောဂတော-ဟူသောစကားဖြင့် သိအပ်၏။

ဧသေဝ နံယော-ကိုခွဲလိုရကား သဒစ အာစရိယာဒိဟိ-အစရှိသောစကားကို မိန့်သတည်း။

ဒေသာပေတဗ္ဗော-၌ ရှေးဒေသာပေတဗ္ဗော၌ကဲ့သို့ အဓိပ္ပာယ်ကို မှတ်အပ် ၏။ဒေသနာပတဗ္ဗောတိ-၌ ဣတိ-ကား ပရိသမာပန အနုက်ရှိသတည်း။စ-ကား ဆော ဝါကျာရမ္ဘဇောတကော။တွေ့ ဇေသု ပါဏာတိပါတီဂဟာဒီသု။ ဘိက္ခူ နိ ဒုသကောစေတ္ထ-အစရှိသည်ဖြင့် အဋ္ဌကထာဆရာ မိန့်တော်မူတိုင်း ဘိက္ခူနိမကို

သွားလာဖျက်စီးသောသူကို အပြစ်မှုစာရိသဒ္ဒါဖြင့် ယူအပ်လေခြင်းဓသင်္ဘ်လည်း ကာမေသုမိစ္ဆာစာရ ကံမူကားမထိုက်ပေ။ ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ တတိယသြပမ္မဝဂ် ဒုတိယအလဂဒ္ဒူပမသုတ်အဖွင့် (မ၊ ဋ္ဌ၊ ၂၊ ၉)၌ တတ္ထ ပဋ္ဌာနန္တိရိယခမ္မာ ကမ္မန္တိဆုယိကာနာမ။ တထာ ဘိက္ခုနိဒ္ဒသက ကမ်ံ၊ တံ ပန မောက္ခဿာ အန္တရာယံ ကဆော်တိ၊ နု သဂ္ဂဿ-ဟု မိန့်အပ်၏။ မူလ-ပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၂၊ ဂ၂)၌လည်း မောက္ခဿာ အန္တရာယံကရောတိ။ နု သဂ္ဂဿ မိစ္ဆာစာရလက္ခဏာဘာဝတော။ နု ဟိ ဘိက္ခုနိယာ ဓမ္မချက္ခိတာဘာဝေါ အတ္ထိ၊ ပါကဘိက ဘိက္ခုနိဝ်ဿနစေတံ ဝုတ္တံ။ အရိယာယ ပနပဝတ္တံ အပါယ သံဝတ္တနိယဓမဝ။ နန္ဒ မာဏာဓကာ ဓဝတ္ထ နိဒဿနံ။ ဥာဘိန္နံ သမာ-နစ္ဆန္ဒတာဝဓသန ဝါ အသဂ္ဂန္တရာယိကာဘာ။ မောဂ်ခ္ခန္တရာယိကတာ ပန မောက္ခတ္ထ ပဋိပတ္တိယာ ဝိဒူသနတော၊ အဘိဘဝိတ္ဘာ ပန ပဝတ္တိယံ သဂ္ဂန္တရာယိကတာပိ နသက္ကာ နိဝါရေတုမ်ိ-ဟု မိန့်အပ်၏။

အနာပုဏ္ဏဝဝရဏဝတ္ထုအာဒိကထာ နိဋ္ဌိတာ။

ပဏ္ဍကဝတ္ထုကထာ

၁၀၉။မောဋ္ဌိဂလ္လပုဒ်ကို အဝလဂ်ိန်ယသို့မို့ သြဋ္ဌိဂလ္လော-ဟု ဝစနတ္ထပြုအပ်၏။ (တံစီးအိုင်ရ၏) စန္ဒနိကာတု။ ဇဗ္ဗာဋ္ဌိသြဋ္ဌိဂဒ္ဒလ္လာစ။ ဂါမဒ္ဒါရမ်ိုကာသုယံ (အဘိဓာန်ပါဘာလင်္ဂ် (၆ဂ၄) အဝလဂ္ဂန်တို့ အသို့ သြဋ္ဌိဂလ္လော၊ လဂ္ဂသင်္ခေ။ အလော၊ ဋ္ဌတ်၊ အသီ၊ ဂလောပေါ၊ ဒ္ဒိတ္တာဒ္ဒ။ (အဘိဓာန်ဋီကာ) သြဋ္ဌိဂလ္လော-ဝိဃာတိ မောဋ္ဌိဂလ္လော-ဟု ဝစနတ္ထပြု၍ ဆူဖြိုးသောကိုယ်ရှိကုန်သော သာမဏေတို့ကို ရကုန်၏။ အစ မ-ကား အာဂုံတည်း။ တံစီးအိုင်သည် အမြုပ်တို့ဖြင့် ကျိုက်ကျိုက်ဆူသကဲ့သို့ သာမဏေတို့သည်လည်း အသားအသွေးတို့ဖြင့် ဆူဖြိုးကုန်သာတည်း။ ထို့ကြောင့်အဋ္ဌကထာ၌ မောဋ္ဌိဂလ္လေတိ ထူလသရီရေ-ဟု ဖွင့်သတည်း။

တစ်နည်းကား မောဋ္ဌိဝိယ ဂလန္တိတိ မောဋ္ဌိဂလ္လော-ဟုဝစနတ္ထပြု၍ ဥသျှောင်သည် ဦးခေါင်းကိုဖားသကဲ့သို့ဖြစ်သလို ခဲဖွယ်ဘောဇဉ်တို့ကို အလွန်ခဲဘတ်စားတတ်ကုန်သော ဆူဖြိုးသောကိုယ်ရှိကုန်သော သာမဏေတို့ကို ရကုန်သတည်း။ ထို့ကြောင့် အဋ္ဌကထာ၌ မောဋ္ဌိဂလ္လေတိ ထူလသရီရေ-ဟုဖွင့်သတည်း။ လ-ကိုဒဒွဘော်ပြု။ ဝိနည်းပါဠိ အဋ္ဌကထာများစွာကုန်သောပေတို့၌ သြဋ္ဌဇ စတုတ္ထကွရော-ဘန္ဒုံ ဟတ္ထိ ဘရွှေ အသ ဘရွှေ-ဟုရှိ၏၊ ရှိသည်အလို အားဖြင့်"ဟတ္ထိသဒ္ဒါ ဘံဘက္ခံဇေသန္တိဟတ္ထိဘက္ခာ"ဟုဝစနတ္တပြုရန်ရှိသတည်း။

အဘိဓာန်စတုပ္ပဒဏ္ဍဝဂ် (၃၆၇)၌လည်းကောင်း သမ္မောဟဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်။(အဘိ၊ဋ္ဌ၊၂၊၄၂၁)၌ကောင်း ဩဋ္ဌဗ ပဥ္စမက္ခရာ မသဝေတို့နှင့် ဟတ္ထိမေဏ္ဍ- ဟုရှိသတည်း။ အဘိဓာန်ဋီကာ၌-မဋိဘူသာယံဟတ္ထိ ။ မဏ္ဍယတိ ရက္ခတိတိ ဟတ္ထိမဏ္ဍော။ သော၀ဟတ္ထိမေဏ္ဍော။မိ-ဟိ သာယံ၀ါ၊ဥော။ ၂နိဂ္ဂဟိ- တာဂမောဟု ဖွင့်သတည်း။ ထို့ကြောင့် ဤမှာလည်း ဟတ္ထိမေဏ္ဍော အာဿ မေဏ္ဍော-ပုဒ်သာ-အမှန်ဖြစ်လေသတည်း။ ဟတ္ထိ မေဏ္ဍော အာဿမေဏ္ဍောပုဒ် အနက် အသိခက်သည်နှင့်ဟတ္ထိ ဘဏ္ဍော အာဿဘဏ္ဍော-ပုဒ်အမှန်ဖြစ်ရာသတည်းဟု နှစ်လုံးပြု၍ နောက်သားတို့အမှား ပြင်ထားသည့်နှင့် ဤဝိနည်းပါဠို အဋ္ဌကထာပေတို့၌ ဟတ္ထိ ဘဏ္ဍော အာဿ ဘဏ္ဍော-ဟုယခုကာလအမှားရှိသည် ဖြစ်ရာသတည်း။

ပရေသံ၊ သူတစ်ပါးဟုဆိုအပ်ကုန်သော ယောကျ်ားတို့၏။ အင်္ဂဓာတံ၊ကို ။မုခေန၊ မိမိ၏ ခံတွင်းဖြင့်။ဂဟေတွာ၊ယူ၍။ ပရေသံ၊ သူတပါးတို့၏။ အသုစိ နာ၊သုဘ်ဖြင့်။မုခ၊ မိမိ၏ခံတွင်း၌။ အာသိတ္တာဿ။ သွန်းလောင်းတတ်သော

ဤနည်းအလိုအားဖြင့် အာသိတ္တာဿ၌ ကာရိုက်ပစ္စည်းမသက်ရ။ ဒုတိယ။ ထတိယအနက်တို့၌လည်း ထိုအတူပင်ကာရိုက် ပစ္စည်းမသက်ရ၊

ယဿ ပဏ္ဍကဿ၏။၀ါ။အား။ ပရိဋ္ဌာဟော၊ရာဂမီးဖြင့်ပူလောင်ခြင်းသည်။ ဝုပသမ္မတိ၊ငြိမ်း၏(ဝိမတိဝိနောဒနီ ဋီကာဆရာ၏အလိုတည်း)

ထိုစကားမှန်၏၊ဝိမတိဝိနောဒနီ(၂၊၁၁၈)"အာသိတ္တာဿာတိ မုခေ အာသိတ္တာဿ"ဟု မိန့်အပ်၏။ အာသိတ္တ၌ တပစ္စည်းကို ကတ္တားအနက်၌ သက်အပ်၏။ အကြောင်းကား၀ဟေတွာနှင့်အာသိတ္တာဿ၏ကတ္တားမကဲ့ ပဏ္ဍုတ်တည်းဟူသော ကတ္တားတူရှိသည်၏ အဖြစ်ကြောင့်တည်း ဤနည်းအလိုအားဖြင့် အသုစိနာ-သည်ကရိုက်းဖြစ်လေသောကြောင့် လသ်းကောင်း မုခသည် အာခရ ဖြစ်လေသောကြောင့် လည်းကောင်း အာသိတ္တာဿ၌ ကံ-ဆိတ်သတည်း။

တစ်နည်းကား "ပရေသံ၊ တို့၏၊ အသုစိနာ၊ ဖြင့်။ မုခံ၊ မိမိ၏ခံတွင်းကို အာသိတ္တာဿ၊ သော"ဟုအနက်ပေး။ ထို့ကြောင့်ပါစိတ်အဋ္ဌကထာ သေနာသန ၀ဂ် သပါဏကသိက္ခာပုဒ်အဖွင့်၌ သိဠ္ဍေယျ ၀ါ သိဉ္စာပေယျ ၀ါတိတေနဥဒ ကေန သယံ ၀ါ သိဠ္ဍေယျ အညံ ၀ါ အာဏာပေတွာ သိဉ္စာပေယျ-ဟု မိန့်အပ်၏။ ဤစကားကို ရှုတော်မူ၍ "ဥဒကံ၊ ဥဒကေန၊ ဖြင့်။ တိဏ်၀ါ၊ ကို လည်းကောင်း။ မတ္တိကံ၀ါ၊ ကိုလည်းကောင်း။ သိဠ္ဍေယျ၀ါ၊ မိမိမူလည်း

သွန်းငြားအံ့”ဟု ဆရာတော်ဦးဗုဒ်ပါတိမောက်နိသယဒ္ဒ အနက်ပေး တော်မူသတည်း။

တစ်နည်းကား “အသုစိနာ၊ ကို။ မုခေ၊ မိမိ၏ခံတွင်းဌ်။ အာသိတ္တာဃ၊ သော။” ထို့ကြောင့် ဆိုအပ်ပြီးသော သိက္ခာပုဒ်အဖွင့်ဌ် သကဋဘာရမတ္တံ ဓေပိတိကံ ကေပယောဂေန ဥဒကေ ပက္ခိပတိ–ဟုမိန့်အပ်၏။ ဤစကားကို ရှုတော်မူ၍ “ထပါကကံ၊ သော။ ဥဒကံ၊ ကို။ တိကံဝါ၊ ဌ်လည်းကောင်း။ မတ္တိကံဝါ၊ ဌ် လည်းကောင်း”–ဟု ဆရာတော် ဦးဗုဒ် ပါတိမောက် နိသဃဒ္ဒ အနက် ပေးတော်မူ၏။

တစ်နည်းကား “အသုစိနာ၊ ကို။ ပရေသံ၊ တို့ကို။ အာသိတ္တာဃ၊ သွန်း လောင်းစေတတ်သော” အာသိတ္တဃဌ် ကာရိုက်ပစ္စည်းကျေသတည်း။ အသုစိ နာကား ဓာတ်ကံတည်း။ ကံအနက်ဌ် တတိယာဝိဘတ်သက်။ ပရေသံကား ကဲ့ရိုက်ကံတည်း။ ကာရိုက်ကံကို ဒုတိယာ, တတိယာ, ဆဋ္ဌီဝိဘတ်တို့တွင် တစ်ခုခုသော ဝိဘတ်အဆုံးရှိသည်ကို ပြု၍ထားရိုးတည်း။ ပုရိသော ပုရိသံ ဂါမံ ဂါမယတိ။ ပုရိဒသော ပုရိသေနဝါ။ ပုရိသော ပုရိသဿဝါ (ကာရက)။ ဤ စတုတ္ထအနက်သည် အတ္တနောမတိ အနက်တည်း။

ဝိမတိဝိနောဒနိဌ် ပဏ္ဏကဝတ္ထုသို့ အာသိတ္တဉသူယပက္ခပဏ္ဏကာ တယောပိ ပုရိသာ ပုရိသဘာဝ လိင်္ဂါဒိ ဝိမုတ္တာ–ဟု စာအများ ရှိ၏။ တယောပိ ပုရိသာ ပုရိသဘာဝ လိင်္ဂါဒိ အဝိ မုတ္တာ–ဟု ရှိရမည်။

တစ်နည်းကား ပုရိသဘာဝလိင်္ဂါဒိဝိမုတ္တာ–ရှိသည်ကို ပုရိသဘာဝ လိင်္ဂါဒိ အဝိမုတ္တာ–ဟု ပုဒ်ဖြတ်ရမည်။ အသို့စာဌ် ပုရိသဘာဝ လိင်္ဂါဒိ ယုတ္တာ ဟုရှိသတည်း။ ဤသို့ရှိသည်ကား ယုတ္တတရတည်း။ ထို့ကြောင့် ဝဇီရဗုဒ္ဓိ (၄၂၉)ဌ် ပဉ္စသု နပုံသကပဏ္ဍကောပ အဘာဝကော။ ဣတရေ စတ္တာရော သဘာဝကာတိ ဝေဒိတဗ္ဗာ။ ဘာဝေါ ပန တေသံ ပဏ္ဍကော ဟောတိ။ ဧတေ စတ္တာရောပိ ကိရ ပုရိသာဝါတိ ဧကေ။ ဣတ္ထိပိ ပက္ခပဏ္ဍကိ ဟောတိတိ ဧကေ။ ဥပက္ကမေ ဂ်တေ ပဏ္ဍကဘာဝေါ အစသံ ဟောတိ; တသ္မာ ပဗ္ဗဇ်ံ န လဘတိ ယဒိ ပန ကဿစိ န ဟောတိ၊ ပဗ္ဗဇ်ာ နံ ဝါရိတာတိ ဝိနိစ္ဆယံ ဝဒန္တိ–ဟုသော ဝဇီရဗုဒ္ဓိ စကားတွင် သဘာဝကာ ဟူသောစကားကို မိန့်အပ်၏။ ဤဝဇီရ ဗုဒ္ဓိ စကားတွင် ဥပက္ကမေ ကတေ–အစရှိသောစကားဌ် ကိလေသာ ပူလောင်သော ကြောင့် ဝေးစေကို ပယ်ထုတ်ခြင်း လုံ့လပယောဂကို ပြုအပ်ပြီးသည် ရှိသော် ကိလေသာအားကြီးမူ ပဏ္ဍက်၏ အဖြစ်သည်ဖြစ်၏။ ကိလေသာ အားမကြီးမူ အချို့သောသူ၏ ပဏ္ဍက်၏ အဖြစ်သည် မဖြစ်ဟု အဓိပ္ပာယ်ကို မှတ်အပ်၏၊

ထို့ဥပက္ကမေ အစရှိသော စကားနှစ်ရပ်ကို ကိလေသာ ပူလောင်၍ ဝေးစေကို ထုတ်ရလေသည်နှင့် ကေန္တအားဖြင့် ပဏ္ဍုတ် ဖြစ်လေသောကြောင့် ပညာရှိတို့ မှုတ်ဖွယ်မရှိ။

ဝိမတိဝိနောဒနီ (၂။၁၁၉)၌ ဗိဇေသု ပန အပနီတေသု အင်္ဂါတမ်ပို ဆုဂေန ကမ်မနိယံ နု ဟောတိ၊ ပုမဘာဝေါ ဝိဂစ္ဆတိ–ဟု မိန့်အပ်သောစကားသည် စတ္တာရော သဘာဝကာ–ဟူသော ဝဇီရဗုဒ္ဓိလာ စကားနှင့် ဆန့်ကျင်သတည်း။ ဝဇီရဗုဒ္ဓိလာစကားသင့်မည်ထင်သတည်း။ ထို့ကြောင့် မူလဋီကာသုမေဓာကထာအဖွင့်(မူလဋီ၊၁၊၂၆)၌ "ပဏ္ဍကာတိ ဉာယလိင်္ဂံ ဝိရဟိတာ" ဟု မိန့်အပ်၏။ ထိုစကားကို နပုံး ပဏ္ဍုတ်ကို ရည်၍ မိန့်သတည်း။ နပုံးပဏ္ဍုတ်တို့သည် လိင်နှစ်ပါး ကင်းကုန်သည်ဟု ဆိုသဖြင့် ကြွင်းပဏ္ဍုတ် လေးပါးတို့သည် လိင်နှင့်တကွ ဖြစ်ကုန် သတည်း ဟုစကားကျ သတည်း။ စကားကျသော အတိုင်းပင် ပစ္စက္ခသိဒ္ဓတည်း။ ဤသို့ လိင်နှင့်တကွ ဖြစ်ကုန်သည်ရှိသော် လိင်၏ အကြောင်းဖြစ်သော ပုမ္ဘောနှင့်လည်း တကွ ဖြစ်ကုန်သတည်း။ အဒဟာဘုက ပဋိသန္ဓိကဆာယံ ဟိ။ပ။ဝုတ္တာဟူသော တေရသကံဏ္ဍိကာ(၃၂၅၆)သာ စကားကိုရ၍ ဝိမတိ ဝိနောဒနီ (၂၊၁၁၉)၌ အယဉ္စ ကိဉ္စာပိ သဟေတုကော-အစရှိသော စကားမသင့်သည်ကို သိအပ်၏။

အင်္ဂကထာ၌ ယဿ ဥပက္ကမေန ဗီဇာနိ အပနီတာနိ-ဟု မိန့်သောကြောင့် ကိလေသာ ပူလောင်သောကြောင့် ဝေးစေကို ထုတ်ခြင်း လုံ့လနှင့် ကင်း၍ အနာဇရောဂါကြောင့် ဝေးစေကို ထုတ်ခဲသော်လည်းကောင်း အနာရောဂါရောက်သဖြင့် ဝေးစေ အိမ်ပြတ်၍ ကြေကျသော်လည်းကောင်း၊ ဩပက္ကမိက ပဏ္ဍုတ်မဟုတ်ဟု မှတ်ချန်ရှိသတည်း။ ပဗ္ဗဇ္ဇာမတ္တမေဝ လဘတိ။ ဥပသမ္ပဒါ ပန တဒါပိ နဝဋ္ဌတိ ဟု ဝိမာဝိဇနဒီ (၂၊၁၁၉)၌ဖွင့်၏။ အင်္ဂကထာ ရိပ်လည်းမထင် ဝဇီရဗုဒ္ဓိ,တရသကဏ် ဋီကာတို့၌လည်းမဖွင့်။ ရဟန်းခံခြင်းကိုလည်း ရမည်ထင် သတည်း။ တရသကံဏ်ဋီကာ၌ အာသိတ္တဥသူယပက္ခ ပဏ္ဍကာနဥ္စ၌ စဖြင့် ဩပက္ကမိက ပဏ္ဍုတ် နပုံးဆက ပဏ္ဍုတ် တို့ကိုဆည်းသဘည်း။ တနေဝ အဟေတုကပဋိသန္ဓိ နိဒ္ဒေသ(၃၊၂၅၆)စသည်၌ ကန်းသောသူနားပင်းသောသူ အစရှိသည်တို့သည်ပဋိသန္ဓေကန်း ပဋိသန္ဓေပင်းစသောသူ၊ပဝတ္တိကန်းပဝတ္တိပင်း စသောသူ နှစ်ပါးအပြား ရှိကုန် သကဲ့သို့ ပဏ္ဍုတ်၏ပဋိသန္ဓေအားဖြင့်ပဏ္ဍုက် ဖြစ်သောသူ ပဝတ္တိအားဖြင့် ပဏ္ဍုတ်ဖြစ်သောသူဟု နှစ်ပါးအပြား မရှိသည်၏ အဖြစ်ကြောင့် ဇာတိသဒ္ဒါဖြင့် အထူးပြု၍ မည်သွန်း ပြအပ်ဟူလိုသတည်း။

ပဏ္ဍကဝတ္ထုကထာ နိဋ္ဌိတာ။

ထေယျသံဝါသက ဝတ္ထုကထာ

၁၁၀။ ထေယျသံဝါသက်ပုဒ်၌ အကျုံးဝင်သော သံဝါသပုဒ်တစိတ်ကို သံဝါ၊သော စ လိုက်ဖြ ဥဘယဖြသံဝါသောဟု ကေသိသ်ပြုပြီးမှ ထေယျသံဝါသကပုဒ်လုံးကို "ထေယျနသံဝါသော တေဿ ပုဂ္ဂလဿတိ ထေယျသံဝါသကော" ဟုဝစနတ္ထပြု။ ထို့ကြောင့် တယော ထေယျသံဝါသကာ-ဟု အဋ္ဌကထာ၌ မိန့်သတည်း။

တစ်နည်းကား ထေယျသံဝါသကပုဒ်၌ သံဝါသသဒ္ဒါသည် ဥပလက္ခဏနည်းမျှသာတည်း။ ထို့ကြောင့်သံဝါသသဒ္ဒါဖြင့် လိင်္ဂနှင့် ဥဘယကိုလည်း ယူအပ်သတည်း။ ထို့ကြောင့် တယော ထေယျသံဝါသကာ-ဟု အဋ္ဌကထာ၌ မိန့်သတည်း။

ဤနည်းနှစ်ပါးတို့ အလိုအားဖြင့် ဥဘယထေနကသာ ဝတ္ထုလာရင်း ဖြစ်သော်လည်း ထေနကချင်းတူသောကြောင့် လိင်္ဂထေနက, သံဝါသထေနကနှစ်ပါးကိုလည်း ထည့်၍ဘုရားဟောသတည်းဟု ယူရန်ရှိသတည်း။

တစ်နည်းကား ပါဠိတော်၌ သာမံ ပတ္တစီဝရံ ပဋိယာဒေတ္ဝာ ကေသမမဿုံ ဩဟာရေတ္ဝာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတ္ဝာ အာရုမံ ဂန္ဒွာ ဘိက္ခူ။ အဘိဝါဒေတိ-ဟု လာရှိသတည်း။ ထိုစကားရပ်၌ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတ္ဝာ-ဖြင့် လိင်္ဂထေနက-ကို ပြတော်မူသတည်း။ ဘိက္ခူ။ အဘိဝါဒေတိ ဖြင့် သံဝါသထေနကို ပြတော်မူသတည်း။ ထိုစကားမှန်၏။ အဋ္ဌကထာနောက်၌ "ပဗ္ဗဇိတာလယံ ဒဿေတိ" ဟု မိန့်တော်မူအပ်ဇလတ္တံ့ သည်းအားလျော်စွာ ဤဘိက္ခူ။ အဘိ ဝါဒေတိ၌ ပဗ္ဗဇိတာလယံ ဒဿေတ္ဝာဘိက္ခူ။ အဘိဝါဒေတိ-ဟူသော အနက်ကို သိအပ်သတည်း။ "ပဗ္ဗဇိတာလယံ၊ ရဟန်းဖောင်ကို" ဟု အနက်ပေး။ ဤသို့ လိင်္ဂထေနက, သံဝါသထေနကကို ပြတော်မူသည် ရှိသော် ထေယျသံဝါသကော-ပုဒ်၌ လိင်္ဂသဒ္ဒါ ကျေသည်ကို သိအပ်သတည်း။ ထို့ကြောင့် ထေယျသံဝါသကော-ပုဒ်ဖြင့် ဥဘယထေနကကို ဘုရားရှင် ဟောတော်မူရင်းတည်း။ လိင်္ဂထေနကနှင့် သံဝါသထေနကသည် ဥဘယထေနက၌ အတွင်းဝင်လေသောကြောင့် တယောထေယျသံဝါသကာ-အစရှိသော စကားကို ဗုဒ္ဓမတည္ ဖြစ်တော်မူကုန်သည်နှင့် သင်္ဂါယနာတင် အရှင်မြတ်တို့ မိန့်တော်မူကုန်သတည်း။

ပဗ္ဗဇိတ္ဝာ၊ ရှင်ပြု၍။ ဝါ။ ဦးပြည်းပြီးလျှင် သင်္ကန်းဝတ်၍။

ဤသယံ ပဗ္ဗဇိတ္ဘာ-အစရှိသော စကား၌ ဤသို့အလိုအလျောက် သက်နှံးဝတ်သော် လိင်္ဂဆေနက ဖြစ်သတည်းဟု သိလျက်နှင့် အလိုအလျောက် သက်နှံးဝတ်သောကြောင့်သာလျှင် လိင်္ဂထေနကဖြစ်သတည်း။ မသိ၍ဝတ်က လိင်္ဂထေနကမဖြစ်။ ထို့ကြောင့် "နာပိ သယံ ဇာနာတိ"(၃၀၁)ဟု မိန့်အပ်လတ္တံ့ ဤသို့ သိအပ်၏။ ယော ပန ဘိက္ခု၂ဟိ အစရှိသော အဋ္ဌကထာ စကားကို ထောက်၍ ဤသို့ အနက်ပေးသတည်း။

ဂဏ္ဌေတိဝါ သာဒိယတိ ဝါ ပဋိဗာဟတိ ဝါ သန္ဒိဿတိ ဝါ-ဟုအနက်ပေး။ ဝါ သဒ္ဒါကား လုတ္တာနိဒ္ဒိဋ္ဌတည်း။ ယော ပန သယံ ပဗ္ဗဇိတ္ဘာ-အစရှိသော စကား၌ သိလျက်နှင့် အလိုအလျောက် သက်နှံးဝတ်၍ ဝဿဂဏန စသည်ကို ပြုသောကြောင့်သာလျှင် ဥသယထေနက ဖြစ်သတည်း။ မသိ၍ သက်နှံးဝတ်ပြီးလျှင် ဝဿဂဏန စသည်ကိုပြုသော် လိင်္ဂထေနကမဖြစ်။ သံဝါသထေနကသာဖြစ်ရာသတည်း။ ထို့ကြောင့် "နာပိ သယံ ဇာနာတိ"ဟု မိန့်လတ္တံ့။ ဥဘယထေနကကိုပြရာ အဋ္ဌကထာ စကားရပ်တွင် ဘိက္ခုဝဿနိ ဂဏ္ဌေတိ-ဟူသော စကားကို သာမဏေစစ်သည်သာလျှင် သံဝါသထေနက ဖြစ်သည် အလျောက် သံဝါသထေနက အရာ၌ မိန့်ဆိုအပ်ပြီးသော အတိုင်းသာလျှင် မိန့်ဆိုလိုက်သတည်း။ အလိုအလျောက် ရှင်ပြု၍ သာမဏေဝါကို ရေတွက်သော်လည်း ဥဘယ ထေနက-ဖြစ်သည်သာတည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီ(၂၊၁၂၂၀)၌ ဘိက္ခုဝဿာနိတိ ဣဒံ သံဝါသထေနကေ ဝုတ္တပါဌဝသေနဝုတ္တံ သဃမေဝ ပန ပဗ္ဗဇိတ္ဘာ သာမဏေရဝဿာနိ ဂဏှေန္တောပိ ဥဘယထေနကော-ဇေဟုမိန့်အပ်၏။ တေရသကဏ်ဍိကာ(၃၊၂၅၇)၌လည်းနှယထာဝုဏ်ဆုံဝန္ဒနံ သာယဒိတိတိ ယထာဝုဏ်ဘိက္ခူနံ ဝါသာမဏေရာနံဝါ ဝန္ဒနံ နသာဒိယတိ-ဟုမိန့်အပ်၏။ဝဇိရဗုဒ္ဓိ(၄၃၁)၌လည်းတိသု ပနထေယျသံဝါသကေသု သာမဏေရာလယံ ကရောန္တော လိင်္ဂထေနကော, ဥပသမ္ပန္နာလယံ ကရောန္တော သံဝါသထေနကော ဥဘယထေနကော-စ နှံ ဟိသာမဏေရသံဝါသော ဣဓ သံဝါသောနာမ။ တေနေဝအဋ္ဌကထာယံ ဘိက္ခုဝဿဂဏနာဒိကော ဟိသဒ္ဒေါပိ ကိရိယာဘေဒေါ ဣမသ္မိံ အတ္ထေ သံဝါသောတိဝုတ္တန္တိ။ ယထာ ဝုဏ်ဆုံ ဝန္ဒနသာဒိယနာသန ပဋိဗာဟနာနံ သာမဏေရသံဝါသာမညတောနေဝါတိ အာစရိယော-ဟု မိန့်အပ်၏။

သာမဏေရသံဝါသောသည်။ ဣဓ-၌။ သံဝါသောနာမ၊မည်သည်။နှ ဟောတိ၊ သည်ကား။ နေဝ နှ ဒေ၊ မဟုတ်သည်သာတည်း။ဟောတိ ဒေ၊ဖြစ်သည်သာတည်း။ ဤဝဇိရဗုဒ္ဓိလာဝါဒ နှစ်ပါးတို့တွင် နောက်ဝါဒကိုငဲ့၍ ဝဇိရဗုဒ္ဓိ

စကားကို သာဓကဆောင်သတည်း။ ဤဋီကာသုံးဆောင်လာစကားသည်တံဒူရ ထောဝ အာဂစ္ဆန္ထံ ဒိသွာ သာမဏေရုစဒဟရာ စ အဗ္ဘဉ်္ဂစ္ဆန္တိ၊ဝတ္ထုံ ဒသေန္တိ·ဟု မိန့်အပ်လတ္တံ့သော အဋ္ဌကထာစကား၌ ညီညွတ်၏။ ထိုစကားမှန်၏အကယ်၍ သာမဏေရသံဝါသသည် သံဝါသမဟုတ်ခဲ့သော် သာမဏေရာဟူသော စကားကို အဋ္ဌကထာဆရာမမိန့်တန်လေရာ။မိန့်လည်းမိန့်ခဲ့၏။ ထို့ကြောင့် ညီညွတ်သတည်း သယံ သာမဏေရော၀ သာမဏေရပဋိပါဋိယာ ကူဋ္ဌ၀ဿာနိ ၂ဂဏော်တွာ ဂဏ္ဍန္တော ထေယျသံဝါသကော နု ဟောတိဟူသော အဋ္ဌကထာစကား (၃၀၂)နှင့်လည်း ညီညွတ်၏။ ထိုစကားမှန်၏ ဤအဋ္ဌကထာစကဲ့သားဖြင့် သယံ အသာမဏေရောပိ သာမဏေရ ပဋိပါဋိယာ ဝဿာနိ ဂဏေတွာ ဂဏ္ဍန္တော ထေယျသံဝါသကော ဟောတိ ဟူသော ပြန်ဖက် အဓိပ္ပာယ်ကို ပြတော်မူသတည်း။ ထိုကြောင့် ညီညွတ်သတည်း။

ယသ္မာ အနုပသမ္ပန္နော တသ္မာ, ယသ္မာ နု ဥပသမ္ပာဒေတဗ္ဗော။ တသ္မာ ဥပသမ္ပန္နော ယသ္မာ နာသေတဗ္ဗော၊ တသ္မာ ပုန ပဗ္ဗဇ်ံ ယာစန္တော ပိ နံ ပဗ္ဗာဇေတဗ္ဗော။ ယသ္မာ အာဒိယတ္တိ တသ္မာ, ယသ္မာ နာဓိ၀ါသေတဗ္ဗံ။ တသ္မာ, နု ၀ုစ္စတိ ဤသို့ ယသ္မာ အာဒိယတိ–စသည်ဖြင့် အနက်ပေးရမည်ကိုကား "ယာ၀ သော သုဒ္ဓမာနသော တိ ရာဇာယာဒိဟိ ဂဟိတလိင်္ဂတာယ သော သုဒ္ဓမာနသော ယာ၀ သံဝါသံ နဒဓိ၀ါသေတိတိ အတ္ထော"ဟူသော တေရသကဏ်ဏ် (၃၊ ၂၅၇) ဋီကာလာစကားကို မှီး၍သိအပ်သတည်း။

သစေ ပန သော ဘိက္ခုနံ သန္တိကံ–အာစရိယော ၀ိမတိ၀ိနောဒနီစကား (၂၊ ၁၂၀)၌ ရာဇာယ အစရိုသော အကြောင်းကြောင့် စင်ကြယ်သောစိတ်ရှိသည်ဖြစ်၍ သာမဏေအသွင်ကို ယူလေငြား သော်လည်း သာမဏေ၀ါကို ရေတွက်ခြင်း အစရှိသည်ကို ပြုသည်ရှိသော် ရှေးဦးစွာက ရဟန်းတို့ထံမှာရှင်ပြုခဲ့ရသည်မဟုတ် လေသောကြောင့် သံဝါသထေနက–သာဆိုသင့်သည် မဟုတ်။ ဥာဿထေနက ဆိုလိုလျှင် ဆိုရသေး၏–ဟု ပြခြင်းငှာ ဥာဿထေနကေ၁၀ါ–ဟူသောစကားကို ဆိုသတည်းဟု မှတ်လေ။

ဤသို့ဆိုလေ ငြားသော်လည်း အဋ္ဌကထာ၌ "သံဝါသံ နာဓိ၀ါသေတိ။ ယာ၀"ဟု မိန့်တော်မူသော်ကြောင့် ဤအရာ၌ သံဝါသထေနကဲသာ လိုရင်းဖြစ်သတည်း။ ထိုကြောင့် ထိုစကားကို ဆိုသင့်မည်မထင်။ ယံ ပန ပရတော၁–အစရှိသော ၀ိမတိ၀ိနောဒနီ စကား၌ "ဘိက္ခုဟိ သံဂမ္မ သံဝါသာဓိ၀ါသန ၀သေန ဓုရနိက္ခေပံ သန္ဓာယ၀ုတ္တံ–ဟူသောစကားကိုလည်း"သဟ ဓုရနိက္ခေပေန အယ မွိထေယျသံဝါသကော၁"ဟူသော အဋ္ဌကထာ စကားရပ်၌ ကျော်ငြားသို့

ရောက်သည်ရှိသော်ကြားအံ့ဟု နှလုံးပိုက်သဖြင့် မိမိအလိုအလျောက် ရှင်ပြုပြီးလျှင် ကျောင်းသို့ သွားသောသူသည် ဝန်ချကာမျှ၌ သံဝါသထေနက မဖြစ်။ လိင်္ဂထေနကသာ ဖြစ်၍ လိင်္ဂထေနကကိုသာ လိုအပ်သောကြောင့် ဆိုသင့်မည် မထင်။ ဤအဏ္ဍ၌ ထုဇဘယ-အစရှိသော အကြောင်းကြောင့် စင်ကြယ်သောစိတ်ရှိသည်ဖြစ်၍ အသင့်ကိုယူသောအရာ ဖြစ်လေသောကြောင့် မကြားလိုပြီဟု ဝန်ချခါမျှ၌ လိင်္ဂထေနကမဖြစ်။ သာမဏေဝါကို ရေတွက်ခြင်း အစရှိသော အမှုကိုပြုမှ သံဝါသထေနက ဖြစ်သတည်း။သဟ ဓုရနိက္ခေပေန အယမ္ပိထေယျသံဝါသကော၀-ဟူသော အဋ္ဌကထာစကား၌ မူကား ထုဇဘယ-အစရှိသော အကြောင်းမရှိဘဲ ကျောင်းသို့ ရောက်သော်ကြားအံ့ဟု နှလုံးပိုက်၍ အသင့်ကိုယူသောအရာ ဖြစ်လေသောကြောင့် ဝန်ချခါမျှ၌ လိင်္ဂထေနကဖြစ်သတည်း။ ဤသို့နှစ်ပါးကုန်သောအရာတို့၌ အထူးကိုမှတ်အပ်၏။

အထာပိ သာဒိယတိ။ အထာပိ ယာစတိ။ ဧဝံ သန္တေသုပိ လိင်္ဂံ အပ နေတ္ဘာ၀ ပဗ္ဗာဇေတဗ္ဗော-ဟု အနက်ပေး။ အပနေတ္ဘာ-၌ ဧ၀-ကား လုတ္တာနိဒ္ဒိဋ္ဌတည်း။ အဋ္ဌကထာ၌ "သစေ ပန ဝတ္တုံ သာဒိယတိ။ ပဗ္ဗဇိတာလယံ ဒယ်ိတိဟု မိန့်သောကြောင့် အာဂန္တုကဝတ်ကို သာယာသော် လည်းကောင်း၊ ရဟန်းယောင်ဆောင်၍ ရဟန်းတို့၏ အနီးအပါး၌ နေသော် လည်းကောင်း ဇါရဟန်းဖြစ်သည်ဟု ရဟန်းတို့အား ပြောကြားသော် လည်းကောင်း သံဝါသထေနကဖြစ်၏ ဟူလိုသတည်း။ ဤ သစေ ပန ဝတ္တုံ သာဒိယတိ- အစရှိသော စကားကို ဆောက်၍လည်းကောင်း နောက်၌ မိန့်လတ္တံ့သော သာမဏေရာစ ဒဟရာစ အဋ္ဌာဂုဏ်ဆန်တိ ဝတ္တုံ ဒယေ်ဿန္တိ-ဟူသော စကားကိုဆောက်၍ လည်းကောင်း ရှေးဦးလာရှိသော ဘိက္ခု၀ဿ ဂဏနာ ဒိကော-ဟူသော စကားဖြင့် ဝန္ဒန, သာဒ်ယန, အာသန ပဋိဗာဟန ဥပေါသထ ပဝါရဏာဒိသန္နိဿန-တို့ကိုသာ ယူအပ်သည်မဟုတ်သေး၊ စင်စစ်မူကား ဘိက္ခု၀ဿာနိ ဂဏောတိ- အစရှိသောစကားကို ဥပလက္ခဏနည်းအားဖြင့်သာလျှင် မိန့်အပ်သည်နှင့်အညီ ဤဘိက္ခု၀ဿ ဂဏနာဒိကော- ဟူသော စကားကိုလည်း ဥပလက္ခဏနည်းအားဖြင့်သာလျှင် မိန့်တော်မူသောကြောင့် ဝတ္တာသာဒိယန, ပဗ္ဗဇိတာလယဒယ်ိန, အဋ္ဌာဂုဏသာဒိယနတို့ကိုလည်း ယူအပ်သည်၏ အဖြစ်ကို သိအပ်၏။ ပါဠိယမှိ အဋ္ဌတ္ဘာ- စကားကိုဆောက်၍ သံဃာအစဉ်၌ တည်သည်ကို လည်းယူအပ်သည်၏ အဖြစ်ကို သိအပ်၏။

သဗ္ဗံ၊သော။ ပုဗ္ဗေ၌။ ဝုတ္တံ၊ တိုက်ရိုက်ဆိုအပ်ပြီးသော။ ဝဿဂဏနာဒိဘေဒံ၊သော။ ဝိမိ်၊ကို။ ပဋိပဇ္ဇတိ၊ကျင့်အံ့။ ဤသို့အနက်ပေးက သစေ ပန ဝတ္တုံ။

။ပ။ ဒဿေတိ·စကားကို ဆိုကျိုးရှိသတည်း။ ဤသို့မဟုတ်က ပုနရွတ္တိဒေါသ ရောက်လေရာသတည်း။

ဤခ ပနေကစ္စော ဒုဿီကမ္မေ-အစရှိသောစကားကို ထောက်သဖြင့် မျှးသယံ ပဗ္ဗဇိတ္ဝာ ဝိဟာရံဂန္ဆာ-ဟူသောစကား၌ ရဟန်းသာမဏေတို့ကို လှည့်စားလို၍ အလိုအလျောက် ရှင်ပြုသောကြောင့်သာလျှင် လိင်္ဂဿေနက ဖြစ်သတည်း။ လူတို့ကိုလှည့်စားလို၍ ရှင်ပြုက လိင်္ဂဿေနက မဖြစ်ဟု မှတ်အပ်၏။ ဂိဟီ ဟုတ္ဝာ-ဟု မိန့်ခဲ့သည်နှင့်အညီ သင်္ကန်းကိုခွတ်၍ လူထွက်ပြီးမှ အလိုအလျောက်သင်္ကန်း ဝတ်၍ လာလေသောကြောင့် ကာသာယာနိ အပနေတ္ဝာ-ဟူသော စကားကို မိန့်သတည်း။ ဘိက္ခုဘာဝံ ပဋိဇာနိတ္ဝာ-ဖြင့် မကြားအံ့ဟု ဝန်ချခြင်းကို နေယျတ္ထအား ဖြင့် ပြသောကြောင့် လိင်္ဂဿေနကဖြစ်သည်ကို သိအပ်၏။ ထို့ကြောင့် နာစိကို့ဿာမီတိ သဟ ခုဂနိုက္ခေပေန အယမ္ပိ ဆေယျသံဝါသကော-ဟု မိန့်အပ်လတ္တံ့၊ ထိုစကားမှန်၏၊ ထိုစကားဖြင့် လိင်္ဂဿေနက ဖြစ်သည်ကို ပြသတည်း။

ဤဘိက္ခုဘာဝံ ပဋိဇာနိတ္ဝာ-ဖြင့်သံဝါသဆေနက-ဖြစ်သည်ကိုကား တိုက်ရိုက် ပြသတည်း။ ဘိက္ခုဘာဝပဋိဇာနန-သည်လည်း သံဝါသဆေနကတည်း။ထိုစကား မှန်၏၊ ပဗ္ဗဇိတာလယဒဿန အာယောင်ပင် သံဝါသလေနက ဖြစ်ကုန်သေး၏။ ဘိက္ခုဘာဝပဋိဇာနနသည်ကား အဘာဝ်မှာသံဝါသဆေနက ဖြစ်လှည့်ဘဲ ဒိုလေ အံ့နည်း။ထိုသို့နှစ်ပါးသော ဆေနကကို ပြလေသောကြောင့် အဋ္ဌကထာဌ်ဘိက္ခု ဘာဝံ ပဋိဇာနိတ္ဝာ။ပ။သစေ ပဋိပဇ္ဇတိ။ ဧဝံ သတိ ယသ္မာ ဥဘယဆေနကော ဟောတိ။တသ္မာ အယံ ဇနော၁ န ပဗ္ဗာဇေတဗ္ဗော-ဟု အနက်ယောဇနာ။

အပရော မဟာသာမဏေရော-စကားဖြင့် အပရော ဒဟရသာမဏေရော-အစရှိသောမိန့်အပ်လတ္တံ့ သောစကားကိုမျှော်ထောက်၍ မိမိအလိုလိုရှင်ပြုခြင်း ဌာ မအပ်ဟု သိသော ဗျတ္တဖြစ်သော သာမဏေကြီးကိုယူအပ်၏။။ဇ.ဒေဝ ပတ္တ စီဝရံ ပတ္တသမံသေ လဂ္ဂနဝသေန် စီဝရသမံ နိဝါသနပါရုပနဝသေန အာဒါယ သာမဏေရ လိင်္ဂေန ဝိဟာရံအာဂစ္ဆတိ-ဟုအနက်ပေး။ ဤ တဒေဝ ပတ္တစီဝရံ အစရှိသောဗျဉ်းဝါကျဖြင့် လိင်္ဂဿေနကဖြစ်သည်ကိုပြသတည်း။ နာပိ တဇ္ဇေတ္ဝာ-အစရှိသော နောက်ဝါကျဖြင့် သံဝါသဆေနက ဖြစ်သည်ကို ပြသတည်း။ ထို့ကြောင့် ထေယျသံဝါသကောယေဝ-၌ ဥဘယဆေနက-ကို မှတ်အပ်၏။

တစ်စုံတစ်ယောက်ယောက်သော ရဟန်းအား မကြားအံ့ဟု ကြံစည်တိုင်း မကြားရာ၌ အဆိုးအဖြတ်ကို ပြသောကြောင့် သိရပေပြီ။ တစ်စုံတစ်ယောက် ဆရာရဟန်းအားမကြားအံ့ဟု ကြံစည်လျက်နှင့် ကြားရာ၌ အဆိုးအဖြတ်ကို

အသို့သိရအံ့နည်းဟု မေးရန်ရှိသောကြောင့် သစ္စေ ပိဿ-အစရှိသော စကားကို မိန့်သတည်း။

ဝိမတိဝိနောဒနီ (၂၊၁၂၁)၌ ပတ္တစိဝမှမာဒါယာတိ ဘိက္ခုလိင်္ဂဝသေန သရီရရန မာရေတ္ဝာ-ဟုဆို၏။ အဋ္ဌကထာ၌ သာမဏေရဘာဝံ ပဋိဇာနာတိ ဟု မိန့်အပ်လတ္တံ့ ဖြစ်သော စကားနှင့် ဆန့်ကျင်သဟည်း။ အဃ မဟာသာမဏေရဿ။ အထာပိ ဟောတိ။ဧဝံ သတိပိ။ ဒဟရသာမဏေ, အဗျတ္တဖြစ်သော သာမဏေကြီး ဤနှစ်ဒယာက်တို့ကိုဆိုသာ စကားနှစ်ရပ်တို့၌ လိင်္ဂတ္ထနကကို ထေယျသံဝါသက ဆိုသည်ဟုမှတ်။ထို့ကြောင့်ဤဒဟရသာမဏေနဝ-ဟူ၍ လည်းကောင်း သဟဓုရနိကျွေပေန- ဟူ၍လည်းကောင်း မိန့်အပ်သကဲ့သို့ ဓုရံနိက္ခိတ္တမတ္တေ"ဟုမိန့်အပ်လတ္တံ့။ ထိုစကားမှန်၏ ဝန်ချခါမျှ၌ သံဝါသထေနကလက္ခဏာမရှိလေ။ဒဟရသာမဏေဆော့၌- အဗျတ္တသမဓာကိုမှတ်။ ထိုစကားမှန်၏၊ ငယ်သေးမျှားသောအားဖြင့် အဗျတ္တ ဖြစ်လေတော်သတည်း။

နာပိ သယံ ဇာနာတိ-အစရှိသောစကား၌ ပကတိက ရှင်၏အဖြစ်အရင်းခံရှိသည် ပမာဏမဟုတ်။ မသိခြင်းသည်သာ ပမာဏ။ ထို့ကြောင့် ရှင်၏အဖြစ်အရင်းခံမရှိသော်လည်း မသိမူ လိင်္ဂတ္ထနက ဟူသော ထေယျသံဝါသက မဖြစ်ဟု မှတ်အပ်၏။ပုရာဏကုလပုတ္တ-မှာမူကား မသိသော်လည်း သံဝါသထေနက ဟူသော ထေယျသံဝါသက ဖြစ်လေသတည်း။ သိသော်ကား ဆိုရန်မရှိ။

အိဂ္ဂါသိကံ့ ပစ္စက္ခာယ- အစရှိသောစကား၌ နာပိ သယံ ဇာနာတိ အစရှိသော စကားကိုနှတ်၍ ပကတိရဟန်း၏အဖြစ် အရင်းခံ ရှိခဲ့လေသည်နှင့် သိသောကြောင့် ဥဘယတ္ထနက-ဟူသောထေယျသံဝါသကဖြစ်သတည်း။မသိက လိင်္ဂတ္ထနက-ဟူသော ထေယျသံဝါသကမဖြစ်။ သံဝါသထေနက ဟူသော ထေယျသံဝါသကသာဖြစ်သတည်းဟု ယူရန်ရှိသတည်း။သာမဏေသည် ရဟန်းနှင့် ပေါင်းဖော်သင့်ရှိသော် ရဟန်း၏အဖြစ် အရင်းခံမရှိသောကြောင့်သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ သံဝါသထေနကဟူသော ထေယျသံဝါသက ဖြစ်သတည်း။ အဘယ်ကြောင့်နည်းဟူမူကား သံဝါသထေနကဟူသောထေယျသံဝါသက လာလာသမျှနေရာ၌ သိ မသိဟု အဋ္ဌကထာ၌ အထူးမလာမရှိသောကြောင့်တည်း။ ဌီကာသုံ့စောင်လာ ဥဘယတ္ထနကဖြစ်ရာမှာလည်းမသိ၍အလို အလျောက်သင်္ကန်းဝတ်ပြီးလျှင် သာမဏေရဝတ္ထုကဲ့သို့ ပြုသော် လိင်္ဂတ္ထနက-ဟူသော ထေယျသံဝါသကမဖြစ်။ သံဝါသထေနက ဟူသော ထေယျသံဝါသကသာဖြစ်သတည်း ဟုယူရန် ရှိသတည်း။

ဝိမတိဝိနောဒနီဋ္ဌ ယော ပန ပဌမံ ပဗ္ဗဇ္ဇာ ဧဝံ မေ ဂဟိတာတိ သည်း-အစရှိသောစကားဌ ရှေးဦး စွာဂရှင်၏အဖြစ်ကို ယူပြီးဖြစ်သောကြောင့် အဝတ်ဖြူဝတ်ပြီးမှ မိမိအလိုအလျောက် သက်နှံးဝတ်သော် ရှင်ပြုစ်သေး၏ဟု အမှတ်ရှိ၍ မကြားသောကြောင့် ထေယျသံဝါသက မဖြင်ဟူသော အဓိပ္ပာယ်ကို မှတ်အပ်၏။

လဇ္ဇန္တော-ဟူသော စကားကား ပဗ္ဗဇ္ဇာ ဝေါပ။ သည် ဟူသော ဟိတ်၏ ဥပတ္ထမ္ဘကဟိတ်ကို ပြခြင်းငှာသာဆိုသတည်း။ ထိုစကား ပမာဏ မဟုတ်။ ကောဝေါ၊ လုည်စားလိုခြင်းနှင့် မရောမယှက် သက်သက်။ ဤ ယောပန အစရှိသော ဝိမတိဝိနောဒနီ စကားကို "ပဗ္ဗဇိတာလယံ ဒဿေတိ" ဟုအဋ္ဌကထာဋ္ဌ် လာသည်အားလျော်စွာ ရဟန်း၏အယူင်ကိုပြသော် သံဝါသထေနက ဖြစ်သကဲ့သို့ ဝဇီရဗုဒ္ဓိဋီကာ နှစ်ဝါဒတို့တွင် အာစရိယဝါဒနှင့်အညီ သာမဏေ ယောင်ဟူသော သာမဏေရလယကို ပြသောသူသည်လည်း သံဝါသထေနက ဖြစ်သောကြောင့် ငါတို့ ကျေးဇူးရှင် စုံကျောင်းဆရာတော် ဘုရားကြီး နှစ်သက်တော်မမူ။ ထို့ကြောင့် ဒီပဝံသေ ဇောတမည်သော ရှင်သာမဏေ ပဌမ ပြန်ခါနီးအခါ လိင်ပြန်၍ ထမင်းစားစဉ် စုံကျောင်းဆရာတော်ဘုရား ကြီးက ကိစ္စရှိ၍ လူငယ်စေလွှတ်၍ ခေါ်ဟော်မူသည်နှင့် လိင်ပြန်မှန်းသိတော် မူအံ့သည်ကို ရှေ့ကြောင်း၌ အလုံးအလျောက် သက်နှံးဝတ် ပြီးလျှင် ဆရာတော်ထံသို့ ရှင်သာမဏေအသွင်နှင့် လာသည်ကို ဆရာတော်နောက်မှ သိရာ။ "ထေယျသံဝါသကဖြစ်သည်"ဟု မိန့်တော်မူသောကြောင့် လူထွက်ရသတည်း။

ယောပိ အဒါတုကာမော စိတ္တေန ပန အဓိဝါသေတိ၊ နကိဋ္ဌိ ဝဒတိ၊ သောပိ ပုန ပစ္စာဟရာပေတုံ န လဘတိ။ ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိက သိက္ခာပုဒ်(ဝိဿာသဂ္ဂါဟအဖွင့် ဝိ၊ဋ္ဌ၊၁၄၂)။ ယော ပန ပရိသမဇ္ဈေလဇ္ဇာယ အဓိဝါသေတိ၊နကိဋ္ဌိ ဝဒတိတိ အတ္ထော။ပုန် ဝတ္ထုကာမတာဝိပ္ပါယေ ပန် သောပိ ပစ္စာဟရာပေတုံ လဘတိတိ ဝုတ္တံ၊ (ဝဇီရဗုဒ္ဓိဋီကာ-၁၃၉) ဤဝဇီရဗုဒ္ဓိဋီကာ အဿင်္စကားကို ထောက်၍ ယောပိ-အစရှိသော အဋ္ဌကထာရေးဝါကျ၌ ပရိဆက်အလယ်၌ရှက်သောကြောင့် သည်းခံသတည်း။တစ်စုံတစ်ခုသောစကား ကို မဆိုသတည်း။ မဉ္ဆစေတနာ ဖြစ်သောကြောင့် သည်းခံသည်မဟုတ်၊ တစ်စုံ တစ်ခုတားမြစ်သောစကား ကိုမဆိုသည်မဟုတ်ဟု သိအပ်၏။ ထို့ကြောင့် ဆဋ္ဌ ကထာ၌ သောပိ ပုန ပစ္စာဟရာပေတုံ လဘတိ-ဟူသောနောက်စကားကို မိန့်သတည်း။ ဤအဋ္ဌကထာလာ ဋီကာလာ စကားတို့နှင့် ယော ပန ပဗ္ဗဇ္ဇာ ဧဝံ မေ-အစရှိသော ဝိမတိဝိနောဒနီဋီကာလာ စကားသည် ညီညွတ်သတည်း။

ဟု ဆိုရန် ရှိလေငြားသော်လည်း ဤမဟာဝါပါဠိတော်, အဋ္ဌကထာလာထေယျသံပါသက အရာ၌ ဤသို့အမှတ်ရှိသော အကြောင်းကြောင့် လည်းကောင်း ရှက်သောကြောင့်လည်းကောင်း မကြားဘဲနေအံ့၊ ထေယျသံဝါသက မဖြစ်ဟု အာရိပ်ဒီပနီ မြွက်မျှမလာမရှိသောကြောင့်လည်းကောင်း ဝိနယ သင်္ဂဟ ယုတ္တိ မဂ္ဂနာနု ယုတ္တာ-ဟူသည်နှင့်အညီ ဝိနည်း၌ အလုံးစုံကုန်သောအရာတို့၌ ယုတ္တိကို ရှာမှီးခြင်းငှာ, မသင့်သောကြောင့်လည်းကောင်း ဝိမတိဝိနောဒနီဋီကာလာစကား လဟုဖြစ်သောကြောင့်လည်းကောင်း ဂရုကနှင့်သာလျှင်တည်သင့်သောကြောင့်လည်းကောင်း စံကျောင်းဆရာတော်ဘုရားကြီး မိန့်တော်မူသည်ကိုသာ ငါတို့ နှစ်သက် ကုန်သတည်း။ ဝိမတိဝိနောဒနီဋီကာပင်လျှင် အနုပသမ္ပန္နော ပန လိင်္ဂဿနကော နု ဟောတိ။ သံဝါသာ နု ရဟာသ လိင်္ဂသ ဂဟိတ်တ္တာ သံဝါသ သာဒိယန မတ္တေန သံဝါသဿ နုကော ဟောတိ-ဟု စာအခ့ါရှိ၏။ အနုပသမ္ပန္နော ပန လိင်္ဂဿနကော နု ဟောတိ။ သံဝါသာရဟာသ လိင်္ဂသ ဂဟိတ်တ္တာ သံဝါသ သာဒိယန မတ္တေန သံဝါသဿ နုကော ဟောတိ-ဟု စာအခ့ါရှိ၏။ ဤသို့ နှစ်ဘေရှိရာတွင် ရှေးပါဠိဋီကာလာ လိင်္ဂဿနကော နု ဟောတိ၌ နု-အက္ခရာပို့သတည်း။ နောက်ပါဠိဋီကာ သံဝါသာရဟာသ-မဟုတ်၊ သံဝါသာ နု ရဟာသ-ဟုတ်သတည်း။ ထို့ကြောင့် သံဝါသာ ရဟာသ-၌ နု-အက္ခရာလို့သတည်း။ "အနုပသမ္ပန္နော၊ လူသည် "ဟူ၍သာလျှင်အနက်ပေး။ "အနုပသမ္ပန္နော၊ လူသာမဏေသည်"ဟူ၍ အနက်မပေးလင့်။ ဤဝိမတိဝိနောဒနီစကား ရပ်၌ အဓိပ္ပာယ်ကား မအပ်သည်၏ အဖြစ်ကို မသိ၍ မိမိအလိုအလျောက် ရှင်ပြုပြီးသောလူသည် နောက်မှ မအပ်သည်၏အဖြစ်ကိုသိသော်လည်း ထေနက မဖြစ်။ သာမဏေကောင်းတို့နှင့် ပေါင်းဖော်ခြင်းငှာ မထိုက်သောအသွင်ကို မိမိအလိုအလျောက် ယူဆပ်သည်၏ အဖြစ်ကြောင့် သာမဏေရသံဝါသ-ကို ပြုခြင်းငှာ မအပ်သည်၏အဖြစ်ကို သိသိ မသိသိ သာမဏေရသံဝါသကိုသာယာသော် သံဝါသတ္ထေနက ဖြစ်သည် ဟူလိုသတည်း။ ထို့ကြောင့် "သစေ တံ ပရိပုဏ္ဏဝဿံ ဥပသမ္ပာဒေန္တိ" ဟူသော အဋ္ဌကထာစကားရပ်၌ သာမဏေရသံဝါသကို ပြုခြင်းငှာမအပ်သည်၏ အဖြစ်ကို သိ၍လည်းကောင်း မသိ၍လည်းကောင်း သာမဏေရသံဝါသ-ကို မသာယာမိ အလျင်အမြန် ရဟန်းခံလေသောကြောင့် သာလျှင် သုပသမ္ပန္နဖြစ်သတည်း။ သာမဏေရသံဝါသကို ပြုခြင်းငှာ မအပ်သည်၏အဖြစ်ကို သိ၍လည်းကောင်း မသိ၍လည်းကောင်း သာမဏေရသံဝါသကို သာယာပြီး၍ ဖြေးဖြေးသာသာ ကာလမြင့်ကြာမှ ရဟန်းခံသူကား သုပသမ္ပန္နမဖြစ်၊ ဒုပသမ္ပန္နသာလျှင်ဖြစ်သတည်း။

တစ်နည်းကား သာမဏေရသံဝါသ-သည် ဘိက္ခုသံဝါသကဲ့သို့ သိသို့မသိသိ သံဝါသဖြစ်သည်မဟုတ်။ "နာပိ သယံ ဇာနာတိ" ဟု ဗုဒ္ဓကထာဌ် မိန့်အပ် သည်နှင့်အညီ မသိက-လိုက်ထွေနကမဖြစ်သကဲ့သို့ မသိက-သာမဏေရသံဝါသ— လည်းမဖြစ်သင့်။ ထို့ကြောင့် မသိ၍ ဗလိုအလျောက် သင်္ကန်းဝတ်သကဲ့သို့ မသိ၍သာလျှင် သာမဏေရသံဝါသ-ကို ပြုပြီး၍ ဖြေးဖြေးသာသာ ကာလမြင့် ကြာမှ ရဟန်းခံသော်လည်း သုပသမ္ပန္နဖြစ်သတည်း။ဒုပသမ္ပန္နမဖြစ်။

အဂၤယ်၌ သုပသမ္ပန္နမဖြစ်မူ၌ ဒုပသမ္ပန္နဖြစ်ခဲ့လေသော် အလေးဂရုပြု၍ အဖူးဝိဒၶသအားဖြင့် မိန့်တော်မူသင့်သောအရာဖြစ်၍ အဋ္ဌကထာဌ် ယာဝ သာမဏေရသံဝါသံ နသာဓေတိ။ တာဝ သစေ တံ ပရိပုဏ္ဏဝဿံ သီလံ ဥပ သမ္ပာဒေန္တိ။ ဒေံ သန္ဓေသုသာမဏေရသံဝါသသာ သာဓနံ နသမ္ဘဝတိ။ တသ္မာ သုပသမ္ပန္နော။ သစေပန သီလံ နဥပသမ္ပာဒေန္တိ။ ဝေံ သန္ဓေသု သာမဏေရ သံဝါသသာ သာဓနံ သမ္ဘဝတိ။ တသ္မာ ဒုပသမ္ပန္နော-ဟု အလေးဂရုပြု၍ အကူးဝိဒၶသအားဖြင့် မိန့်တော်မူလေထာသတည်း။ ဤသို့လည်းမိန့်တော် မမူခဲ့။ ဤကဲ့နည်းတို့ပင် ရှေးနည်းသည် ဂရုဖြစ်သတည်း။ နောက်နည်း ဘည်ကား ပေါ့ဖြစ်သတည်း။ ဤသို့ဖြစ်၍ ဤရှေးနည်း၌ တည်သင့်လေဟု သော်လည်း အဋ္ဌကထာဌ်အလေးဂရုပြု၍ အထူးဝိဒၶသအားဖြင့် မိန့်တော် မူသင့်လျက်နှင့် မိန့်တော်မမူသောကြောင့် ဤအကဲ့မှာ ဂရုကဖြစ်သော်လည်း ရှေးနည်းဖြစ်မည်သင့်။ ပေါ့ကဖြစ်သော်လည်း နောက်နည်းဖြစ်သာလျှင် ကည့်သင့်ဟု တည်း-ဟူ၍ကား ဤအောက်ဖက်၌ နက်နဲလှစွာ သုံးသပ်ရာ၏။ ဤသို့နောက် နည်းသာလျှင်ဟုတည်သင့်လေသော် ဝိမတိဝိနောဒနီဋီကာလာ ၁ကားကိုစဉ်းစား ရန်သာလျှင် ရှိလေထာသတည်း။

ဓုရံကို။ နိက္ခိတ္တမေဿ ဘဒ္ဒံ။ ထေယျသံဝါသကော၊ လိင်္ဂတ္ထေနကော ဟေယျသံဝါ သကော်သည်။ ဟောတိ၏။

ဘိက္ခု သိက္ခံပစ္စက္ခာယ-အစရှိသောစကား၌ သိက္ခာချသော်လူဖြစ်သတည်း။ လူဖြစ်လျက်နှင့် အသင်္ကိုမပယ်ဒသာကြောင့် လိင်္ဂတ္ထေနကဖြစ်သတည်း။ ဝတ္ထာ ကာနံ-အစရှိသည် အပြားရှိသော အစိရဉ်ဘို့ထောက်ခံလေသောကြောင့် သံဝါသ တ္ထေနကဖြစ်သတည်း။ ထို့ကြောင့် "ထေယျသံဝါသကော၊ ဥဘယတ္ထေနကဟု ဆော တေ ဘုသံဝါသကာ်သည်။ဟေး တိ၏။ ပရေဝ၊အာဘယ်ဆိုဖွယ်ရာရှိ၏ နည်း။ ဝတ္ထာပဗွမေဝ၊ဆိုရန်သည်ပင်လျှင်။ နတ္ထိမဒ္ဓိ" ဟုအနက်ဖေး။ ထို့ကြောင့်နောက် ၌ ပဗ္ဗဇ္ဇ မတ္တံ လာဘတိ-ဟု မိန့်ဖွယ်လတ္တံ့။လိင်္ဂံ အနုပဓေနတ္ထာနှင့် သလိင်္ဂေ ဌိတော ဟူ၍သာ ၁ကားနှစ်ရပ်သည် အဆိုသာပြားသတည်း.. အဓိပ္ပာယ်ကဝေးမခြား။

သက်ိန်းတည်းဟူသော အာဠင်ကို ဝတ်မြဲတိုင်းပင်တည်း။ ဤစကားနှစ်ရပ်ကို ဝဿဂဏနာဒီဒေဒဝိမိသို့ ရောက်ရန်ဖို့မိန့်သတည်း။ ထိုစကားမှန်၏၊ အသွင်ကို ပယ်လေသော် ထိုဝဿဂဏနာဒီဝိမိဘေဒသို့ ရောက်ရုန်မရှိလေ။

"ဒုဿီလကမ္မံ၊ မေထုန်မိုဝဲခြင်းဟူသော သီလမရှိသောသူတို့၏ အမှုကို" ဟု အနက်ပေး။ ထို့ကြောင့် မေထုန် ပဋိသေဝိတ္တာ ဟုမိန့်လတ္တံ့။ ထေယျသံဝါသကော၊ ဥဘယတ္ထေနက-ဟူသော ထေယျသံဝါသကသည်။ နှ ဟောတိ၊ မဖြစ်။

သိက္ခံ အပစ္စက္ခာယ-အစရှိသော စကားကို ဖွင့်ဆုံ၌ တရသကက်ဋီကာ ဒီကာနှင့် ဝိမတ်ဝိနောဒနီဋီကာ ဝါဒကဲ့ပြားသည်တွင် ရဟန်းအသွင်နှင့် သာမဏေအသွင်သည် ရဟန်းတို့ပေးအပ်သော အသွင်ချင်းရည်တူခြား သော်လည်း ရှင်သာမဏေပြုခါနီး အခါပေးအပ်သော အသွင်သည် သာမဏေ၏ အသွင်ဖြစ်သတည်း။ ထိုအသွင်သည်ပင် ရပ်နှံခံသောအခါ ရဟန်း၏ အသွင်ဖြစ်သကဲ့သို့ သိက္ခာပုဒ်ကို အသွင်ခြားသတည်း။ ထို့ကြောင့် လည်းကောင်း ဤအရာ၌ ရဟန်း၏အသွင်ကိုသာ အလိုရှိအပ်သောကြောင့် လည်းကောင်း တရသကက်ဋီကာ ဖွင့်တိုင်းသာလျှင် သင့်အံ့ဝင်သတည်း။

သဒ္ဓေ ပန ကာသာဒယော-အစရှိသော စကားကို သိက္ခံ အပစ္စက္ခာယ-ဟု မိန့်ကော်မူခဲ့တိုင်းပင် သိကြာမချလောသူကို ငဲ့ကျွေ မိန့်သတည်း။

ထေယျသံဝါသကော၊ ဥဘယတ္ထေနကဟူသော ထေယျသံဝါသကသည်။ ဟောတိ၊ ဆိ။ သလိင်္ဂေါ၊ ဒ္ဒိ။ ဒ္ဒိတော၊ သည်။ ဟုတ္တာ၊ ၍။ သလိင်္ဂေါ၊ ဒ္ဒိ။ ဒ္ဒိတောဒ္ဒိတတ္တာ၊ ကြောင့်။ပ။ အာပဇ္ဇိတ္တာပိ၊ ရောက်၍သော်လည်း။ ထေယျသံဝါသကော၊ ဥဘယတ္ထေနက ဟူသော ထေယျသံဝါသကသည်။ နှ ဟောတိ၊ မဖြစ်။ ထေယျသံဝါသကော၊ လိင်္ဂပ္ထေနက ဟူသော ထေယျသံဝါသကသည်။ ဟောတိ၊ ဆိ။

သြဝဒ်ဆိုက်-ပုဒ်ကို ဝစ္စမဂ္ဂဿ အဓော ဂဠုံတိတိ သြဝဒ်ဆိုက်-ဟု ဝစနတ္ထပြု။ အဝဏကာရိယ သြ-တည်း။ အဝသည် အဓောအနက်ဟောတည်း။ ဤပုဒ်သည် စူဠဝါပါဠိတော် ခုဒ္ဒကဝတ္ထု ခန္ဓကအစဉ် လက်ကောက်ဟော၏ အဖြစ်ဖြင့်လာ၏။ ဝိဂြိုဟ်တစ်မျိုးပြုလတ္တံ့။ ဤအရာ၌။ "သြာဒ်ဆိုက်၊ အောက်ပိုးကျိုက်သည်ကဲ့" ဟု အနက်ပေး။ ခုဒ္ဒကဝတ္ထုခန္ဓက အဆုံးနှာဒ်၌လည်း သြဝဒ်ဆိုကသဒ္ဒါသည် အောက်ပိုးကျိုက်အနက်ဟော၏ အဖြစ်ဖြင့်လာလတ္တံ့။

သမ္ဗဒ္ဓိဆ်ံဘ္ဂာ သဘဒိယနတော တာဝ။ ထေယျသံဝါသကော၊ လိင်္ဂတ္ထေနက ဟူသော ထေယျသံဝါသကသည်း ဟေ့တိ၊ ၏။

ဝုစ္စဲ ပဗ္ဗဇိတော၊ အရွယ်လွန်ပြီးသားသို့မဟုတ် ရွှင်ပြသော တောထွက် သာမဏေကြီးသည်။

သာမဏေရော-ဟု မမိန့်မူ၍ ဝုစ္စဲပဗ္ဗဇိတော-ဟု မိန့်သည်ကား တောထွက် သာမဏေကြီးမှ ဘိက္ခုဝဿာနို ပန ဂဏေတွာ-ဟု မိန့်တော်မူလတ္တံ့ ဖြည်အတိုင်း ဘိက္ခုဝဿဂဏနကို ပြုနိုင်သောကြောင့် မိန့်သတည်း။ ဤသို့ ဖြစ်သော် "မဟာသာမဏေရော-ဟု မမိန့်မူ၍ ဝုစ္စဲပဗ္ဗဇိတော-ဟု မိန့်သည်ကား တောထွက် သာမဏေကြီးမှ အမှန်မသိ ဘိက္ခုဝဿဂဏနကို ပြုတတ်သောကြောင့် မိန့်သတည်း။ ပဗ္ဗဇိတာလယံ ဒဿေတိ-ဟု အဋ္ဌကထာ၌ မိန့်ခဲ့ပြီးသော စကားနှင့်အညီ ရဟန်းယောင်ဆောင်၍ ရဟန်းတို့၏ အစည်းဝေးကို တည်ခဲ့သော် သံဝါသဏ္ဌနက-ဟူသော ထေယျသံဝါသက ဖြစ်သောကြောင့် ပါဋိယမိုဇ္ဈာ-ဟူသော စကားကို မိန့်သတည်း။ ရဟန်းတို့၏ အစည်းဝေးကို တည်လေငြားသော်လည်း ရဟန်းယောင်ဆောင်လိုသော စိတ်မရှိမူ သံဝါသဏ္ဌနက ဟူသော ထေယျသံဝါသက မဖြစ်သင့်။

ဘိက္ခုဝဿာနို ဂဏေတွာ ဂဏ္ဌန္တော ဝုစ္စဲပဗ္ဗဇိတော သာမဏေရော သံဝါသဏ္ဌနက သဒ္ဓိဒ်တာ ထေယျသံဝါသကော ဟောတိ-ဟု အနက် အသေ အချာပေး။ ပါဠိတော်က ဟုန အာပဇ္ဇတိ-ဟူသော ရဟသကော်ဋ္ဌိကာစကားကို လိင်ထိုက်သည်ကို ရည်၍ မိန့်သတည်း။ ဘိက္ခု ဘိက္ခုပဋိပါဋိယာ-အစရှိသော အဋ္ဌကထာစကားရပ်၌ အာလှုံရှက်နှင့် အာလှုံရှင်က စေခိုင်းအပ်သော သူမှ တစ်ပါး အခြားသောသူသည် အလှုံရှင်၏ ကိုယ်စားပြုသဖြင့် ဝင်၍လှုံသည် ကိုခံလေသော် မိမိ၏အဖို့ မရောက်မီ တစ်ပါးသော ရဟန်း၏အဖို့ကို ခံယူလေသောကြောင့် ဘဏ္ဍာကို အဖိုးဖြတ်သဖြင့် အာပတ်ဖြင့် ဆုံးဖြတ်ရမည်ဟူလို သတည်း။ အလှုံရှင်နှင့် အလှုံရှင်က စေခိုင်းအပ်သောသူ လှုံသည်ကို ခံမူကား သာမိကဒိန္နဖြစ်သောကြောင့် ဘဏ္ဍာကို အဖိုးပြတ်သဖြင့် အာပတ်ဖြင့် ဆုံးဖြတ်ဖွယ်မရှိပြီး ဤသို့ မရှိသည်ကို ပါဋိဇက်ပါဠိဟော် အဒိန္နာဒါန် ဝုတ္တဝါဒက ဝတ္ထုကို လည်းကောင်း ဤဝတ္ထုအဖွင့် အဋ္ဌကထာလာ စကားကို လည်းကောင်း သြဒနိယဝတ္ထု အစရှိသော ဝတ္ထုအဖွင့် သာမိကေန ပန-အစ ရှိသော အဋ္ဌကထာ စကားကို လည်းကောင်း၊ ထောက်၍ သိအပ်၏။

ထေယျသံဝါသက ဝတ္ထုကထာ နိဋ္ဌိတာ

တိတ္ထိယပက္ကန္တကကထာ

တိတ္ထိယပက္ကန္တကော ဘိက္ခဝေဘိအာဒိအတ္တနော နိဒါနဘူတေ ပဿုရာဇ္ဇာ
သ္မိံ ဝေ ဝတ္ထုံ သမာနေံပိ တတ္ထ ဝါရိကအခိကာဆဘာဝါအာဘဋ္ဌာ။လ္ဂုဓေဝဝေထယျ
သံဝါသကေနဋ္ဌာန အာသမ္ဘဝကာ ဝုတ္တာ ။ကတ္ထ အာသ ဇေါ နဂရေတ
ဗြေပပိဘိက္ခုဓေဝ ဝစနံ ပဿုရဿာဥပသမ္ဘဒါယ ဇေဝ ယာစ နိစ္ဆာယ ဒဿနေန
သော အာ ဇေဟာနံ ဥပသမ္ဘာဒေကဗြေဟာတိ ဘဂဝတော ဥပသမ္ဘဒါမတ္တပဋိသေ
ဓနေန စ ပဗ္ဗဇ္ဇာနုမတိဒေါသပသင်္ဂါဘယာကိ ဝေဒိတဗ္ဗံ။ ။ (ပဇိမုဗ္ဗိ။၄-၃၁)
ပဿုရဝဇ္ဇုသည် ဤမဟာဝါဋ္ဌေကာ် မဟာခန္ဓကအဖွင့် ရှေးသဟ္ဂမဘာဏဝါရ
ကုန်ခါနီးဦး လာရှိသတည်း။

ဤဓေဝ ဆေယျသံဝါသကေ၊ ဦသာလျင်။ နဋ္ဌာနံ၊ ရဟန်းခံခြင်းငှာ မ
ထိုက်၍ပျက်စီးကုန်သော အာဘဗ္ဗပုဂ္ဂိုလ်တို့၏။ အသမ္ဘဝတော၊ရဟန်းမဖြစ်ခြင်း
ရှည်တူသောကြောင့်။ဝုတ္တော၊တစ်ပါးကုန်သော အာဘဗ္ဗပုဂ္ဂိုလ်တို့နှင့် ပေါင်းယှက်
ဆော်စပ်၍ ဟောတော်မူအပ်၏။ ဤဝဇိရဗုဒ္ဓိစကားကိုရှု၍ ပါဠိတော်၌ တိတ္ထိယ
ပက္ကန္တက-မလာမရှိမူ၍သိက္ခာပုဒ်သာ လာရှိရာ၌ အကြောင်းကိုလည်းကောင်း
အဋ္ဌကထာ၌ နဲ့ ပဗ္ဗာဇေတဇဗြေပပိ-ဟုမိန့်ခြင်း၏ အကြောင်းကိုလည်းကောင်း
သိအပ်၏၊ဤ၌သာမိန့်၍ ဆေယျသံဝါသကဒ္ဌမမိန့်သောကြောင့် ဆေယျသံဝါ
သကကိုကားရှင်ပြုကောင်းသေး၏ ရဟန်း သာမခံကောင်းသည်ဟု မယူကြရာ။
ဆေယျသံဝါကကိုရဟန်းသာမခံကောင်းသည်။ရှင်မူကားပြုကောင်း၏ဟုပါဠိအဋ္ဌ
ကထာ ဋီကာတို့၌အရိပ်အမြွက်မျှမလာရှိ။

တေသံ၊ ထိုတိတ္ထိတို့၏၊လိင်္ဂ်သမန်းကျစ်သက်နှံးအစရှိသည်တို့ကို ဝတ်ခြင်း
တည်းဟူသောအသွင်ကို။အာဒိန္နမတ္တော၊ ယူအပ်ခါမျှသည်။သတိ၊သော့။ တိတ္ထိ
ယပက္ကန္တကော၊သည်။ ဟောတိ။၏။

ယော ပန နဂ္ဂါ- အစရှိသော အဋ္ဌကထာစကားရပ်၌ အချည်းနှီးသော
ကိုယ်ရှိသည်ဖြစ်၍ ရေချိုးစဉ် မိမိ ကိုယ် ကိုကြည့်ရှု၍ ငါ့အား အာဝဇ္ဇိကအဖြစ်
သည်တင့်တယ်လှ၏။အာဇီဝကတို့၏ ကျောင်းသို့သွား၍ အာဇီဝက်တို့၏ ရှင်ပြု
သောအစီအရင်ဖြင့်အာဇီဝကလုပ်တော့အံ့ဟုကြံစည်၍ သွားလေသောကြောင့်
သာလျှင်တ်ထိယပက္ကန္တကမဖြစ်သေးသတည်း။ အကယ်၍အချည်းနှီးသောကိုယ်
ရှိ၍ ရေချိုးစဉ် မိမိကိုယ်ကိုကြည့်ရှု၍ သြေ့ ငါ့အား အာဇီဝက အဖြစ်သည်
တင့်တယ်လှ၏။ အာဇီဝကတို့၏ ကျောင်းသို့မသွားဘဲ ဤအသွင်ဖြင့်ပင် မိမိ

၁။ ဆေယျသံဝါ၊ ဖကနဝိနာဃမ္ဘဝတော ဟုဆာဋ္ဌမူ၌ရှိ၏။

အလိုလို အာဇီဝကလုပ်၍နေတော့မည်ဟုဆိုးဖြတ်သည် ဖြစ်အံ့၊ဆိုးဖြတ်ဆဲကာလ၌ တိတ္ထိယပက္ကန္တကဖြစ်လေသတည်း။ ထိုကြောင့် ဝိမတိဝိနောဒနီ (၂၊၁၂၂)၌ အာဇီဝကော ဘဝိဿာမိ။ပ။ ဂစ္ဆတိတိ အာဇီဝကာနံသန္တိကေ တေသံပဗ္ဗဇနံ ဝိဓိနာအာဇီဝကောဘဝိဿာမိတိ။ဂစ္ဆတိ။တဿဟိတိတ္ထိယဘာဝူပဂမနံ ပတိဿဒ္ဓဘာနေဝိဇ္ဇမာနေပိ ဂန္ဆောဘဝိဿာမိတိပရိကပ္ပိတတ္တာ ပဒဝါရေဒုက္ကဋမေဝဝုတ္တံ-ဟုမိန့်အပ်၏။ကျဝိမတိဝိနောဒနီဋီကာလာ စကားသည် ယောပိ သယာမော-အစရှိသော အဋ္ဌကထာစကားနှင့် ညီညွတ်ပေ၏။“ တဓော ပုရိမ ယောဂေ ထုလ္လစ္စ ယဋ္ဌ ဝတ္တဗ္ဗမေဝ”ဟု ဝိမတိဝိနောဒနီ မိန့်ဘိုင်း ထုလ္လစ္စဉ်းအာပတ်သင့်ရာအခါကို နှလုံးထားပါသော်လည်း မည်သည့်အခါ၌ ထုလ္လစ္စဉ်း အာပတ်သင့်သတည်းဟု အသိခက်၏။ အဋ္ဌကထာ၌ “တေဟိ၊ ထိုတိဿိတို့သည်။ ဩဝဒိတေဝါ၊ ၍ လည်းကောင်း။ အတ္တနာ၊ သည်။ ဒိဿဝါ၊ ၍ လည်းကောင်း’ ဟု အနက်ပေး၊

မောရပိဉ္ဆဝဒီနိဝါ နိဝါသေတိ။ တေသံ လိင်္ဂံ ဂဏှာတီ—ဟု အဋ္ဌကထာစာအမျှားတို့၌ရှိ၏။ ဝိနယဝိနိစ္ဆယ (၂၅၃၃-ဂါထာ)၌ မောရပိဉ္ဆဝဒိကံ တေသံ လိင်္ဂံ ဂဏှာ တံ ဝါ သစေ-ဟူရှိသောကြောင့် “မောရပိဉ္ဆဝဒိနိဝါ နိဝါသေတွာ တေသံ လိင်္ဂံ ဂဏှာတိ”ဟု ရှိရမည် ထင်သကဲ့သို့။ တစ်နည်းကား စာအမျှား ရှိတိုင်းပင် အဓိပ္ပာယ်ဖြစ်လေရာသတည်း။

နိဝါသေတိ၊ ဝတ်၏။ နိဝါသနေန၊ ဝတ်သောအားဖြင့်။ တေသံ တိတ္ထိယာနံ တို့၏။ လိင်္ဂံ၊ ကို။ သစေ ဂဏှာတိပါ၊ အကယ်၍ ယူမူလည်း ယူအံ့ မောရပိဉ္ဆဝဒိနိ နိဝါသေကိ-ကိုဆိုင့်၍ တေသံ လိင်္ဂံ ဂဏှာတိ-ဟုဖွင့်သတည်း။

အယံ ပဗ္ဗဇ္ဇာ-အစရှိသောစကား၌ အချည်းနှီးဓာတ် ကိုယ်ရှိသည်ဖြစ်၍ အာဇီဝကကို၏ ကျောင်း သို့ ထောက်သောအခါ၌ ဆံ ကိုနှုတ် စေခြင်း အစရှိသောအမှုကို မပြုမူ၍ ဤအချည်းနှီးသောတိတ္ထိတို့၏အဖြစ်သည် မြတ်၏ဟု မြတ်သည်၏အဖြစ်သို့ ကပ်မူသည်းကပ်အံ့။ တိတ္ထိယပက္ကန္တက ဖြစ်၏ဟူလို သတည်း။

ဆနုပယမ္ပဒေန၊ ရဟန်းမဟုတ်သော လူသာမဏေဖြင့်။

အဋ္ဌကထာစာအမျှားတို့၌ လည်းကောင်း၊ ဝိနယဝိနိစ္ဆယဋီကာစာအမျှားတို့၌ လည်းကောင်း၊ ဘိက္ခုဝဿာဒီနိ-ဟု အာဒိသဒ္ဒါနှင့်ရှိ၏။ ထိုယုဝံဝါ သကကာရကုန်ခါနိုး၌ ဘိက္ခုဝဿာနိ ပန်-ဟု အာဒိသဒ္ဒါမပါမရှိသောကြောင့်

တတော ဩဂုံ ဝဋ္ဋတိပုဿော လက္ခဏာကို ဇာတဿရသိမ်၌ မမှတ်အပ် ဇာတဿရသိမ်မှကား တစ်ပါးတည်း ထိုင်နေလောက်သော် လည်းကောင်း မထိုင်နေလောက်၍ ငုံးကဲ့သို့ ခြေတစ်ချောင်းသာ ထားလောက်သော် လည်းကောင်း အဓိဋ္ဌာန်ဥပုသ်အား လျော်သည်နှင့် အပ်ရာသာတည်း။ ထိုစကားမှန်၏။ ဇာတဿရသိမ်၌ အကျဉ်းအကျယ်ပမာဏ မလာမရှိလေ။ ဤသို့အပ်ရာ ငြားသော်လည်း ဤ ကတော ဩဂုံ နဝင်္ဂတိ ဟူသောစကားကို ဤဗဒ္ဓသိမ်၌ မိန့်သည်အလျောက် ထိုကိုသိမ်တို့၌လည်း သိသင့်ရကား နှစ်ကျိပ် တစ်ယောက် စည်းဝေးလောက်သော ဇာတဿရ အိုင်သည်သာလျှင် ဇာတဿရသိမ်မည်၏။ နှစ်ကျိပ်တစ်ယောက် မစည်းဝေးလောက်၍ ယုက်မှကား ဇာတဿရအိုင်မည်သော်လည်း ဇာတဿရသိမ်မမည်ဟု ဂရုပြုသဖြင့် မှတ်ယူကြရာသတည်းဟု ဆိုကြရန်ရှိ၏။ ဤသို့ဆိုကြရန် ရှိလေငြားသော်လည်း ဤသို့ သဘောရှိသော ဇာတဿရအိုင်သည် ဇာတဿရသိမ် မမည်လောက အလေးဂရုပြု၍ဆိုသင့်သော အရာဖြစ်သည်နှင့် မအပ်ဟု အလေးဂရုပြု၍ အဋ္ဌကထာဆရာ မိန့်တော်မူရာ လေသတည်း။ မိန့်လည်း မိန့်တော်မမူခဲ့ပါ။ ထို့ကြောင့် အပ်၏ဟု မှတ်လေ။ ထို့ကြောင့် ငါတို့ကျေးဇူးရှင် ယိပ်ခါင်ဘင် ဖြစ်တော်မူသော စံကျောင်းဆရာတော်ဘုရားကြီးသည် မျှားစွာသော စာသင်သား အလယ်၌ "သာ ဟော-ဋ္ဌိမ ပရိနိဗ္ဗာနေန သဒ္ဓိ ကောဂိသတိ ဘိက္ခူ။ ဂဏ္ဍာကိ။ ဝဋ္ဋတိ"။ ဟူ၍ ဗဒ္ဓသိမ်အာရုဉ်သာလျှင် မိန့်တော်မူရကား နဂိ အရည ဇာဂဿရ တို့သည် နှစ်ကျိပ်တစ်ယောက် မစည်းဝေးလောက်ကုန်သော်လည်း နဒီအရည ဇာတဿရသိမ်တို့မည်ကုန်၏။ သမုဒ္ဒသည်ကား နှစ်ကျိပ်တစ်ဒယောက် မစည်းဝေးလောက်ဟု ဆိုဖွယ်မရှိဟူ၍ နက်နဲ ခဲခက် ပြက်ပြက် ထင်ထင် အလွန်လျှင် ထူးဆန်းစွာဘိ အမိန့်တော်ရှိသတည်း။

ပရံ ဘိက္ခုသဟာသံဂဏ္ဌိတ္တာဒိဝဋ္ဋတိဟူသောစကားကို တစ်ထောင်ထက်အလွန်ဆန့်က မဟာသိမ်မည်သောကြောင့် မိန့်သည်မဟုတ်။ အလျော်အားဖြင့်သာလျှင် မိန့်သတည်း။ တစ်ထောင်ထက် အလွန်ဆန့်စေကာမူ မဟာသိမ်၏အတွင်းကသောကြောင့် ခဏ္ဍသိမ်မည်သည်သာတည်း။

တံ ခဏ္ဍသိမံ၊ ကို။ ဗဒ္ဓန္တေဟိ၊ တို့သည်။ သိမာမဗ္ဘန္တရဿ။ ခဏ္ဍသိမ်အပြင်၏။ သိမာ၊ သမာန သံဝါသက ခဏ္ဍသိမံကို။ သိမံ၊ ခဏ္ဍသိမ်ကို။

ဧကေ ရတနပွမာဏာ ဝဋ္ဋတိဟူသောစကားသည် မဟာအဋ္ဌကထာစကားဟူ၏။

သီမန္တရိက ပါသာဏာ၊ ခဏ္ဍသိမ်၏ သီမန္တရိကကျောက်တို့ကို။ ။သီမန္တရိက ပါသာဏာဟုမိန့်သောကြောင့် မဟာသိမ်၏ နိမိတ်ကိုကြားသော် ဒုတ္ထင်း နိမိတ်မှစ၍ ကြားရမည်ကို သိအပ်၏။ အဝသေသ နိမိတ္တာနိဿရကား မဟာသိမ်၏ အပနိမိတ်တို့တည်း။

တတော ပစ္ဆာ၊ ဥဒ္ဓံ။ အဝသေသ နိမိတ္တဉ္စနှင့်၊ ဤသိမ်၏ သီမန္တရိကကျောက်တို့မှ ကြွင်းကျန်ကုန်သော မဟာသိမ်၏ပြင်ပဥဒ္ဓံ ထားအပ်ကုန်သော ကျောက်နိမိတ်တို့ကို။ ခဏ္ဍသီမာယာ၏။ နိမိတ္တာနိ၊ တို့ကို။ ကိုတွေ့တဲ့၊ ကြားပြီး၍။ တတောပရံ၊ ဥဒ္ဓံ။ သီမန္တရိကာယ၊ ခဏ္ဍသိမ်၏သီမန္တရိကဉ်။ နိမိတ္တာနိ၊ မဟာသိမ်၏နိမိတ်တို့ကို။ ကိုတွေ့တဲ့၊ ကြားပြီးရဲ့။ မဟာသီမာယာ၏။ နိမိတ္တာနိ၊ အပ နိမိတ်တို့ကို။ သစေ ကိုတွေ့ရှိ၊ အုံ့။ ဟု အနက်ပေး။ ထို့ကြောင့် တေရသကဏ်ဋီကာဉ် "အဝသေသ နိမိတ္တာနိတိ မဟာသီမာယ ဗာဟိရပဿေ နိမိတ္တာနိ" ဟု မိန့်အပ်၏။

သမန္တကော၊ သိမ်၏ထက်ဝန်းကျင်အရပ်မှ။ ရုဇိဝါ၊ ဆောက်ဖြင့်ထွင်းအပ်သော အရေးအသားအကြောင်းကိုလည်း။ ဥဒ္ဓပေတဗ္ဗာ၊ သိမ်အပိုင်းအခြားကို မှတ်သားခြင်းငှာပြုသဖြင့် ထားအပ်၏။ (ဝါ)။ထင်စေအပ်၏။ (ဝါ)။ ထုအပ်၏။ ဥ-ဟူသော် ဥပသာရပုဒ်သည်။ "ပဗ္ဗတေတွေ ပကာသနေ" ဟု အဘိဓာန် အဗျယဝဏ်ဋ္ဌီကာ၌လာရှိသည်နှင့်အညီ ပကာသနအနက် ဟောတည်း။ ပမုခသဂ္ဂပ်ကိုပါစိတ်အဋ္ဌကထာဒုတိယ သဟသေယျသိက္ခာပုဒ်အဖွင့်ဖြင့် သိအပ်၏။

ဥပရိပါသာဒေပိ ဘိတ္တိံ အာကိတ္တေတွာအစရှိသောစကား၌ အောက်အပြင်၏ နံရံနှင့် အထက်အောက်အညီအမျှ ဆက်စပ်သော အထက်နံရံရှိသော အထက်ပြဿာဒ်၏အထက်နံရံအတွင်း နိမိတ်ကျောက်တို့ကိုထား၍ သိမ်သမုတ်ခဲ့သော် နံရံအတွင်း၌ နိမိတ်ကျောက်တို့ကိုထား၍ နိမိတ် ကြားလေသောကြောင့် အောက်ဟင်းလင်းအပြင်သို့ သိမ်မသက် ဟူလိုသတည်း။ ထို့ကြောင့် တေရသကဏ်ဋီကာ၌ ဟေဋ္ဌာ နဿတရတိတိ ဘိတ္တိတော ဿရနိမိတ္တာနိ ဥပေတ္တာ ကိတ္တိတတ္တာ ဟေဋ္ဌာ အာကာသပပ္ပဒေသံ နဿတရတိ-ဟု မိန့်အပ်၏။ တေရသကဏ်ဋီကာ ဆရာသည် ဥပရိပါသာဒေပိ အစရှိကုန်သော နှစ်ကြောင်းတို့တွင် ဥပရိပါသာဒေပိအစရှိသော ရှေးဝါကျကိုငဲ့၍ ဖွင့်သတည်း။ သစေ နပပ္ပဟောတိ အစရှိသော နောက်ဝါကျကိုငဲ့၍ မဖွင့်။ ဝိမတိဝိနောဒနီဋီကာ ဆရာသည်ကား သစေနပပ္ပဟောတိ အစရှိသောနောက်ဝါကျကိုငဲ့၍ ဖွင့်သတည်း။ ဝိမတိဝိနောဒနီဋီကာ၌ "တတ္ထ။ထိုနံရံနှင့်တကွဖြစ်သော အောက်အရပ်၌"ဟု အနက်ပေး။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌ ဟောင်္ဂာပိ သြဝါရတိတိ စတုန္နမ္ပိ အစရှိသော စကားကို မိန့်အပ်လတ္တံ့။

သြတရမာနာစ-အစရှိသော ဝိမတိဝိနောဒနီဋီကာစကား၌။ "သြတရမာန၊ သော်။ ဥပရိ သိမပွမဇ္ဈေန၊အထက် သိမ်ပမာဏဖြင့်။ နသြတရတိ။ မသက်။" ဟုအနက်ပေး။ တရသကက်ဋီကာ၌။ "သြတရမာနာ စ ဥပရိ သိမပွမာဏေန် သြတရတိ"ဟု ဥပရိပုဒ်၏ရှေး၌ နအက္ခရာကင်းလျက် စာအများရှိ၏။ သြတမာနာစ နဥပရိ သိမပွမာဏေန သြတရတိ·ဟု ဥပရိပုဒ်၏ ရှေး၌ နအက္ခရာနှင့် တကွ စာအချို ရှိ၏။ သမန္တာ ဘိတ္တိပမာ ဏေန သြတရတိ ဟူသော တရသကက်ဋီကာ နောက်စကားကို ထောက်၍ စာအချို့ရှိသည် သာလျှင် သင့်မြတ်သတည်း။

တုလာရုက္ခေဟိ။ ခေါင်လျှောက်သစ်တို့နှင့်။ပါသာဒ ဘိတ္တိတော။ အထက်ပြာ သာဒ်နံရံမှ။နိဂ္ဂတေသု၊ထွက်ကုန်သော။နိယျူဟကာဒီသု။မုခ်ထွတ်အစရှိသည်တို့၌။

ပါသာဒဘိတ္တိတော ဗဟိ နိယျူဟန္တိ နိဂ္ဂစ္ဆန္တီတိ နိယျူဟကာဟု ဝစနတ္ထပြု။ နိပုဗ္ဗ ဥဟ္ဘ ဓာတ်။ကျုပစ္စည်း။နိ ဥပသဂ်ရ ပုဒ်၏ နိက္ခမနအနက်ကို ထွန်းသည်၏ အဖြစ်ကြောင့် ဥဟ ဓာတ်သည် ဝိတက္က အနက်မှတစ်ပါးသော နိက္ခမ နအနက်ကို ဟောသတည်း။အာယူဟတိ၌ အာ ရှေးရှိ၍ ဥဟမာတ်သည် ဝိတက္က အနက်မှ တစ်ပါးသောဝဟိယမ အနက်ကို ဟောသကဲ့သို့တည်း။ ဥ-နှောင်း သောကြောင့် ယလောအကွဇ္ဇာ။ နိ ရှေးရှိ၍ ဒ္ဒဘော်ပြု။ ဤသို့ ဝိဂြိုဟ်ပြုရသည်ကို ကား နိဂ္ဂတေသု-ဟူသော ဝိသေသနကို ထောက်၍ သိအပ်၏။

ကိဥ္စာပေတ္ထ နိယျူဟကာ ဒယော အစရှိသော ဝိမတိဝိနောဒနီ ဋီကာလာ စကားကို မုတ်ထွတ် အစရှိသည် တို့၏ နိမိတ်၏ အတွင်း အဖို့သာ သိမ်ဖြစ်သော ကြောင့် လည်းကောင်း၊ နိမိတ်၏ အောက်အဖို့ သိမ်သမုတ် ပြီးသော်လည်း သိမ်မဖြစ် သင့်သောကြောင့် လည်းကောင်း ဆင်ခြင်ရန် ရှိသတည်း။ သစေ ထမ္ဘ မတ္တာကတိ အာဒီနာ၊ ဖြင့်။ဝုတ္တ နယေနေစ၊ ဖြင့်သာလျှင်။ ဘိတ္တိလဂ္ဂေ၊ ပတ်ပတ်လည် အဆုံးစွန် ဖြစ်သော တိုင်၏အတွင်းရှိ အထက်အပြင်နှင့် မစပ်သော နံရံအပ၌ နံရံနှင့်စပ်၍ ထားအပ်သည်ဖြစ်၍ နံရံ၌ ငြိတွယ်ကုန်သော သစေ ဟောင်း ပါသာဒဿ အစရှိသော အင်္ဂကထာ နောက်စကားကို ရှု၍

မဲ့စံ (၂)


နိမိတ်
သိမ်
ဘဆာသဝေ စသည်ပြင့်မိန့်
တိုင်းမသက်ထု အာကာသ
ပမ္ဘာဝ
ပထမသိမ်
သိမ်တွင်း
တောင်
ဆယ်ရိုက်
နိမိတ်
သိမ်
နိမိတ်
သိမ်တွင်း
တောင်ခြေ
ဆယ်ရိုက်
မသက်
ထု
အရှေ့သိမ်
ဒုတိယသိမ်

ဤသို့ ဝိသေသအနက်ပေးသတည်း။အောက်နံရံနှင့်အထက်အပြင်စပ်သော်လည်း နံရံအပဋ္ဌ နိမိတ်ထား၍ သိမ်သမုတ်သည် ဖြစ်မှုအထက်သို့တက်သတည်း။ ဘိတ္တိနှင့် ကုန်ကား အထူးမရှိ။ ထို့ကြောင့် ရှေးဦး ကုန်-ဟုမိန့်ပြီး၍ ဤဥဒ္ဒေသတို့ဟု မိန့်သတည်း။

တာလ မူလက ပဗ္ဗတေပိ၊ ထန်းပင်တည်းဟူသော အမြစ်ငယ်နှင့်တူသော တောင်ထိပ်ဒေသလည်း။

တာလ မူလက ပဗ္ဗတေတိ တာလမူလသဒိသ ပဗ္ဗတေ (တေရသကဏ်ဋ်ကာ)ယခုကာလ၌ ပြုတ်ရှိလည်းကောင်း၊ ဖုတ်ရှိလည်းကောင်း၊ သုံးဆောင်အပ်သော ထန်းပင်ပေါက်ငယ်သည် တာလမူလက မည်သတည်း။ ထိုထန်းပင်ပေါက်ငယ်သည် ထန်းမြစ်စစ်မဟုတ်သော်လည်း ထန်းမြစ်နှင့်တူသည်နှင့် သဒိသူပစာရအား ဖြင့် တာလမူလကမည်သတည်း။ တာလမူလကဒ္ဒက-သည် အပ္ပကအနက်ဟောတည်း။ဝိမတိဝိနောဒနီဋီကာ၌မူကား။တာလမူလက ပဗ္ဗတေ တာလကန္ဒမူလသဒိသေ-ဟု ကန္ဒသဒ္ဒါနှင့်တကွမိန့်၏။ ယခုကာလ အဋ္ဌကထာ, တိတေရသကဏ်ဋီကာ, ဝဇိရဗုဒ္ဓိဋီကာတို့၌ ခန္ဓသဒ္ဒါမပါ မရှိလေ။ တာလကန္ဒမူလဟူသည် ထန်းပင်အည်းဟူသော အမြစ်သာတည်း။ ထန်းပင်စည်ကြီး၏အမြစ်ကား မဟုတ်၍ အဝိပ္ပါယ်မှု ဋီကာနှစ်စောင်နှင့် မထူးမခြား။

ယဿ ပဗ္ဗတဿ၊ ၏။ကေဿပိ ကူဋဿ၊တစ်ခုတစ်ခုသော တောင်ထွတ်၏လည်း။ တဿ ပဗ္ဗတဿ။၏။

သေ၀စ ပါသာဏော သိမဋ္ဌောယေ၀-ဟူသောစကားကို အခေါင်းရှိသော ကျောက်၌အခေါင်းကိုလွှတ်၍ ကျောက်သက်သက်၌ နှစ်ကျိပ်တစ်ယောက်မည်း ဝေးလောက်သည်ကိုရည်၍ မိန့်သတည်း။ အကယ်၍ ကျောက်သက်သက်၌ နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်မူကား ကေန္တအား ဖြင့် သိမ်ဖြစ်၏ဟု စံကျောင်းဆရာတော်ဘုရားကြီးအမိန့်တော်ရှိသတည်း။

ပထမသိမ်သည် သစေ ပန ဟေဋ္ဌာ ဥပရိမဿ- အစရှိသော စကားဖြင့် ပြအပ်သောသိမ်တည်း။ ဤစကား၌ "အန္တော၊ တောင်ခြေ၏အတွင်း၌။ ဗဟိ၊ လိုဏ်မှအပဖြစ်သော အထက်သိမ်အပိုင်းအခြား၏ အောက်ဖြစ်သော မြေအဖို့သို့။ လေဏာဘာဝေန၊ လိုဏ်မရှိခြင်းကြောင့်။ သီမာ၊ သည်။န ဩတရတိ၊ မသက်၊ဟုအနက်ပေး။သိမ်မှအားအောက်ဟောင်းခြေ၌သာ ဖျင်လိုဏ်ရှိသတည်း။ သိမ်အောက်တည့်တည့်၌ လိုဏ်မရှိမသောကြောင့်မသက် ဟုလိုသတည်း၊

ဒုတိယ သိမ်သည်ကား အထာပိ ဥပရိမဿ-အစရှိသော စကားဖြင့်ပြအပ်သောသိမ်တည်း။ ဤစကား၌။ "သီမာပရိစ္ဆေဒဿ၏။ သြရတော၊ အောက်အာဖို့ဟုဆိုအပ်သောအတွင်းအရပ်၌။ ဗဟိလေဏံ၊ တောင်ခြေအပ လိုက်သည်။ အထာပိ ဟောတိ၊ ဒဲ့။ ဝေဏတိ၊လည်း။ အန္တော၊ လိုက်ခြေတို့၏အကြားဟုဆိုအပ်သောအတွင်းအရပ်သို့။ လေဏာဘာဝေန၊ ကြောင့်။ သီမာ၊ သည်းနသြကရတိ၊မသက်။ သိမ်တခြမ်းအောက်၌ သာသျှင် လိုက်ရှိသောကြောင့် လိုက်နှင့်တောင်ခြေတို့၏ အကြားဖြစ်သော သိမ်အပိုင်းအခြား၏ အောက်ဖြစ်သော မြေအဖို့သို့မသက်။ လိုက်၌ နှစ်ကျိပ်ကစ်ယောက်စည်းဝေးလောက်မူ လိုက်ရှိသောတစ်စိတ်သော သိမ်အောက်မြေအဖို့သို့သက်၏ဟုမှတ်အပ်၏။ ဝိမတိဝိနောဒနီ ဋီကာ၌ လေဏ ဘာဝေန–ဟု အာများရှိ၏။ လေဏာဘာဝေနဟု အာ၌ရှိ၏။ ကာ ၌ အာနှင့် လေဏာဘာဝေနသော သင့်သတည်း။

မှတ်ချက်။ ။ပုံစံ (၂-၃-၄)ကို ကြည့်ပါ။

တတော၊ ထိုအလွန်ငယ်သော လိုက်ရှိ၍ သိမ်အောက်သို့ မသက်သော တောင်ထိပ်စွန်းမှ။ ဥပဓုံ၊ ထက်ဝက်သော တောင်ထိပ်စွန်းသည်။ ကျန်ရစ်သော တောင်ထိပ်ဘစ်ခြမ်းသည် သိမ်ပမာဏမရှိမူ သိမာ ဥပရိယေဝ–ဟု အဋ္ဌကထာလာသည်အားလျော်စွာ အောက်သို့မသက်သော သိမ်ဖြစ်သည်နှင့် သိမ်မဟုတ်ဟု ဗျတိရေက အားဖြင့် မှတ်အပ်၏။

အဋ္ဌကထာ၌ ဟောဋ္ဌာလေဏံ မဟန္တံဟုဆိုသော ဝါကျကို။ သိမပရိစ္ဆေဒ မဘိက္ကမိတ္ဝာဌိတံ။ ဟူသော ဝါကျဖြင့် ထင်စွာပြသဘည်း။

ယသ္မာ ဌိတံ။ တသ္မာ သီမာဝ ဥပရိယေဝ ယသ္မာဟောတိ။တသ္မာ ဟောဋ္ဌာန သြတရတိသီမပပမာဏံ ယသ္မာ နဟောတိ၊ တသ္မာ သီမာဥပရိယေဝ ယသ္မာ ဟောတိ။တသ္မာ ဟောဋ္ဌာ နသြတရတိ။တတော၊ ထိုအလွန်ငယ်သော လိုက်မူ သိမ်အောက်သို့မသက်ရာ၊တောင်၏ထိပ်အရပ်မှ။ ဥပဓုံ၊ ထက်ဝက်သည်။ ဘိဇ္ဇိတွာ၍။

အပဘိဘံ ပန စသော စကား၌ မကျရစ်သော တောင်ထိပ်တခြမ်းသည် သိမ်ပမာဏ မရှိမူ သိမ်ပျက်၏ဟူသော ဗျတိရေက အဓိပ္ပာယ်ကို သိအပ်၏။

တဉ္စ၊ ဆိုဥပမင်မြစ်ရေအပြင်၌။ ဣဒ္ဓိမာ၊ သည်းကမ်း၊ အထက်သိမ်၌ ရွက်သောင်ကုန်သောရဟန်းဟို၏ ကံ ကို၊ ဟောဋ္ဌာ၊ စီးသွားသောဥမင်မြစ်မှ

ပုံစံ (၇)

ဘင်္ဂလားပင်လယ်ကွေ့
အရှေ့ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အရှေ့ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အထူးပဉ္စမဒေသ
ပဒေသာတောင်တန်းကြီး
ပဒေသာတောင်တန်းကြီး
အလယ်ပိုင်းမြစ်ဝှမ်းဒေသ
အလယ်ပိုင်းမြစ်ဝှမ်းဒေသ
အနောက်ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အနောက်ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အနောက်ဘက်ကမ်းရိုးတန်းတောင်ပိုင်း
အနောက်ဘက်ကမ်းရိုးတန်းတောင်ပိုင်း

ပုံစံ (၈)


ဘင်္ဂလားပင်လယ်ကွေ့
အရှေ့ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အရှေ့ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အထူးပဉ္စမဒေသ
ပဒေသာတောင်တန်းကြီး
ပဒေသာတောင်တန်းကြီး
အလယ်ပိုင်းမြစ်ဝှမ်းဒေသ
အလယ်ပိုင်းမြစ်ဝှမ်းဒေသ
အနောက်ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အနောက်ဘက်ကမ်းရိုးတန်းမြောက်ပိုင်း
အနောက်ဘက်ကမ်းရိုးတန်းတောင်ပိုင်း
အနောက်ဘက်ကမ်းရိုးတန်းတောင်ပိုင်း

ဤ ဟေဋ္ဌာပထဝီယာအစရှိသောစကား၌ သိမ် မသမုတ်မီ ရှေးဦးစွာ စီးသွားသော အထက်သိမ်အောက်ငယ်သောမြစ်။ သိမ်သမုတ်ပြီးသည်မှ နောက်ကာလ၌စီးသွားသော အထက်သိမ်အောက် ငယ်သော အထက်သိမ်ထက် ကြီးသောမြစ်တို့၏ အောက်မြေအပြင်၌တည်သော ရဟန်းသည် ပုဂ္ဂိုလ်ဆီးနှိုင်းသည်ဟူလိုသတည်း။ ဤ အဓိပ္ပာယ်ကို ဖြဆိုသည်ကား ယဒိ ပန လေးစားခန္ဓကံ အစရှိသော အဋ္ဌကထာ ရှေးစကားကိုမှီး၍ ဝါဆိုသတည်း။သိမ် မသမုတ်မီ ရှေးဦးစွာ စီးသွားသော မြစ်သည်ကား အထက်သိမ်ထက် ကျယ်မှုအောက် မြေအပြင်သို့ သိမ်မသက်သောကြောင့် ဤသို့သဘောရှိသောမြစ်၏ အောက် မြေအပြင်၌တည်သောရဟန်းသည် မဖျက်ဆီးနိုင်။ ဤသို့ မှတ်အပ်၏။

သီမာမာဠကော၊ ခဏ္ဍသိမ်အပြင်၌။ တတ္ထ ဇာတ ရုက္ခာဒီနိဝ။။ ထိုမဟာသိမ်၌ပေါက်သော သစ်ပင်အစရှိသည်တို့ကိုလည်းကောင်း။

ဝိမတိဝိနောဒနီဋီကာ၌။မဟာသိမံ ဝါ သောဓေတွာတိမဟာသိမာ ဂတာဒီနံ သဗ္ဗေသံ ဘိက္ခုနံ ဟတ္ထပါသာနယန ဆန္ဒဟရဏာဒိဂသေန-ဟု စာအစောင်စောင်ရှိ၏။ မဟာသိမံ ဝါ သောဓေတွာတိ မဟာသိမာ ဂတာနံ သဗ္ဗေသံ ဘိက္ခုနံ ဟတ္ထပါသာနယန ဗဟိသိမာ ကရဏဝသေန။ ဟူ၍သာလျှင် ရှိရမည်။ ထို့ကြောင့် ဝိမတိဝိနော ဒနီဋီကာ (၂၊၁၅၂)၌ပင်လျှင် အထက်၌ ဟတ္ထပါသာနယန ဗဟိသိမာကရဏဝသေနဝ ပဒေနတ္ထ သောဓေနံ ဂဟဏန္တိ၊ ဟု မိန့်အပ်လတ္တံ့။ ထိုစကား၌ ဝေသဒ္ဒါဖြင့် ဆန္ဒဟရဏာကိုမြစ်သတည်း။ ဝိမတိ (ဝိနောဒနီဋီကာ ၂၁၄၃)၌။ယထာစာ ယံပဗ္ဗာ နဝဋ္ဌကံ။ ဧဝံ ဗဒ္ဓမာနကွဲကဲ့သို့ ဟာသံရုက္ခာဒိသမ္ဘဒ္ဓေ သတိ တာ ဗန္ဓိတုံ နဝဋ္ဌတိတိ ဒဋ္ဌဗ္ဗံ။ ပဉ္စသေစကားကို သစ်ပင်အစရှိသည် တို့ဖြင့် ဂါမသိမ်နှင့် သမုတ်ပြီး ဗဒ္ဓသိမ်စပ်ဟူ၌ အပြစ်မရှိသောကြောင့်အဝိပ္ပဝါသသိမ်ဖြစ်ခြင်းဟူသမအပ်သည်ကိုသာလျှင်ရည်၍မိန့်သတည်း အဝိပ္ပဝါသသိမ်, သမာနသံဝါသကသိမ် နှစ်ပါးတို့နှင့် ဆက်ဆံသော အားဖြင့် မိန့်သည်မဟုတ်။ ထို့ကြောင့် သမုတ်ပြီး ဗဒ္ဓသိမ်နှင့် ဖွဲ့ဆဲ သမာန သံဝါသကသိမ် စပ်လဲ့ဖြားသော်လည်း ဖွဲ့ခြင်းဟု အပ်၏ဟု မှတ်အပ်၏။

ဗဟိဋ္ဌကဝါ၊ မဟာသိမ်မှ အပဋ္ဌိတည်သည်တို့ကို။ ဋ္ဌိတ သာခါဒီသု၊ ခဏ္ဍသိမ်၌ပေါက်၍ မဟာသိမ်၏ အထက်ကောင်းကင်၌ တည်ကုန်သော သစ်ခက်အစရှိသည်တို့၌။ ဧဝံ၊ ဤအတူ။ သီမာ မာဠကော၊ ခဏ္ဍသိမ်အပြင်၌။ သီမံ၊ ခဏ္ဍသိမ်ကို။ ဗဟိဋ္ဌကော၊ ခဏ္ဍသိမ်မှ အပဋ္ဌိတည်သည်တို့ကို။မာဠကော၊ ခဏ္ဍသိမ်

အပြင်၌။ မာဠကဿ၊ ခဏ္ဍသိမ်အပြင်၏။ ဝေဟာသံ၊ ခဏ္ဍသိမ်၏ အထက် ကောင်းကင်၌။ဤတ သာခါယ၊ မဟာသိမ်၌ပေါက်ရှိတည်လာသော့ သစ်ခက်၌။[၁]

ဤဒဠ္ဍ လက္ခဏ် ပုဂ္ဂိုလ်မနယေပိ အစရှိသော အဒ္ဒကထာစကား၌ ခဏ္ဍသိမ်၌ ပေါက်၍ မဟာသိမ်သို့ သစ်ပင်ညွတ်ကိုင်းထု၌ မဟာသိမ်၌ ကံပြုသည် ရှိသော် တစ်စုံတစ်ယောက်သော ရဟန်းသည် မဟာသိမ်၏အတွင်းသို့ဝင်ပြီးလျှင် မဟာသိမ်၏ အထက်ကောင်းကင်၌ခဏ္ဍသိမ်၌ပေါက်၍ တည်သောသစ်ခက်၌ထိုင်သည်ဖြစ်၍ ထိုရဟန်း၏ခြေ အဝတ် အရုံတို့သည်မြေကိုထိကုန်အံ့။ကံ ပြုခြင်းငှါမအပ်။ ကံ ပြုလိုသော် ခြေအဝ အရုံတို့ကို ပင့်မြှောက်၍ ဤကံပြုရမည်ဟူလိုသတည်း။

တတြ ဥက္ခိပါပေတွာ အစရှိသော အဒ္ဒကထာစကား၌ မဟာသိမ်၏ အထက် ကောင်းကင်ပြင်၌ ခဏ္ဍသိမ်၌ ပေါက်၍ဟုတည်သော သစ်ပင်၌ ထိုင်နေသောရဟန်း၏ ခြေအဝတ် အရုံတို့ကို ပင့်မြှောက်၍ ကံ ပြုခြင်းငှာသင့်သကဲ့သို့ လည်း ကောင်း ခဏ္ဍသိမ်၏ အထက်ကောင်းကင်ပြင်၌ မဟာသိမ်၌ ပေါက်၍တည်သော သစ်ပင်၌ ထိုင်နေသောရဟန်း၏ ခြေအဝတ်အရုံတို့ကိုပင့်မြှောက်၍ ကံ ပြုခြင်းငှာသင့်သကဲ့သို့လည်းကောင်း ခဏ္ဍသိမ်၏အထက်ကောင်းကင်၌ ခဏ္ဍသိမ်၌ပင် ပေါက်၍ဟုတည်သော သစ်ခက်၏အထက်၌တည်သော ရဟန်း၏ ခြေအဝတ် အရုံတို့ကိုပင့်မြှောက်၍ ကံ ပြုခြင်းငှာမသင့် ဟူလိုသတည်း။

ပဒေသံ ကိစ္စာပိ နသြတရတိ။ တထာပိ ယသ္မာ ဗဒ္ဓသီမာယ ဇာတံ။ပ။ ဟိယသ္မာ ဂစ္ဆတိ။ ဣတိတသ္မာ အာနေတဗ္ဗော ဧသေဝနယော။

၁၄၀။ အနုဇာနာမိ ဘိက္ခဝေ တိယောဇနေ ပရမံ သိမံ သမ္မန္နိတုံ-ဟု ဘုရား သဗ္ဗညု အာဠင်ပြုတော်မူတိုင်း အရှင်သာရိပုတြာသည် ရာဇဂြိုဟ်ပြည်ကို ဝန်းရံ၍ ကြည်ကုန်သော တဆယ့်ရှစ်ရပ်ကုန်သော ကျောင်းကြီးတို့ကို တစ်သိမ်တည်း ဖြစ်လေအောင် တိယောဇနပရမသိမ်တော်ကြီးကို သမုတ်တော်မူသတည်း။ ထို့ကြောင့် "မမွသေနာပတိနာ နေသံသိမာ ဗဒ္ဓါ" ဟု အဒ္ဒကထာ (ဝိ၊ဋ္ဌ၊၃၊

၁။ ဝေဟာသင်္ဂီတ သာခါယ ဟုသမာသ်ရှိ၏။(ဆဋ္ဌ)၊နိဿယနှင့်ဂဏ္ဌိဘို့၌ ဝေဟာသံ ဋ္ဌိတ သာခါယဟုဝေါ်ကြ၏။ ၎င်းဝေဟာသံကား နိဿီဒတိ ကြီယာကိုထောက်၍ သတ်တဲ့မျှတ္တာ ဒုကိယာဖြစ်သည်။မဠ္ဠဝါဟိဋ္ဌံ ဝါကဲ့သို့တည်။

၃၃၁) မိန့်အပ်လတ္တံ့။ အဋ္ဌကထာ၌ သမ္မုန္နန္တေန ပနမဇ္ဈ ဌတ္ဝာ-အစရှိသော စကားကို သိမ်ဝန်းသိမ်ဝိုင်းကိုရည်၍ မိန့်သဘည်း။ ထို့ကြောင့် စတုရဿံ ဝါ အစရှိသောစကားကို မိန့်အပ်လတ္တံ့။

ပါရယတိ၊ မြစ်ကိုလွန်ခြင်းအမှုနှင့် ပြည့်စုံ၏။ [ပါရတီရကမ္မ သမ္ပတ္တိယံ။ ကမ္မသမ္ပတ္တိနာမကမ္မဿပရိသမာပနံ။နိဋ္ဌာပနံ ဓာတုမာလဝစုရာဒိဂဏ်း(၃၃၆)] (ဝါ)မြစ်ကိုလွန်ခြင်း အမှုကို ပြီးဂေတတ်၏။ (အဓိပ္ပါယတ္ထ)

ခုဝနာဝါပုဒ်၌ ခု-မာဒ်သည် ဒု ဂတိ ဃေရိယေသု-ဟု မိန့်အပ်သော ဂဟိ ဃေရိယ အနက် နှစ်ချက်တွင် ဤအရာ၌ ဃေရိယအနက်ဟောတည်း။ ဃေရိယဟူသည် မြဲမြံခြင်းတည်း။ ထို့ကြောင့် ခုဝက်ို နိစ္စဟု ဖွင့်သတည်း။

ယတ္ထ နဒီယာပုဒ်၌ ဂင်္ဂါယံ ဃောသော တိဋ္ဌတိ-၌ကဲ့သို့ သာမီပ်ကာ ဓာရတည်း။ ထိုလှေသည် သိမ်သမုတ်သောအခါ သိမ်သမုတ်ရာဆိပ်ကမ်း၌ ရှိမှသာ ခုဝနာဝါမည်လေသလော့ဟု မေးရန်ရှိသောကြောင့် သစေ ပန သာ နာဂါ အစရှိသော စကားကို မိန့်သတည်း။ (သစေ၌ ပိသဒ္ဒါကျေသတည်း)။

နီဘာဝါ သစေ သစေပိ ဟောတိ။ ဟဋ္ဌာဝါ သစေ သစေပိ ဟောတိ။ ပန တဿာပိ အဝဿံ လဇ္ဇနေယျာ နာဝါ ဝါ အဝဿံ လဇ္ဇနေယျဟ္ဟာ ဝါ တေနဆိန္နဗန္ဓနာ ဆိန္နဗန္ဓနတ္တာ ဝိစိဟိ နဒီမဇ္ဈံ နီတာ နီတတ္တာ အဝဿံ အာဟရိတဗ္ဗာ နာဝါ ဝါ အဝဿံ အာဟရိတဗ္ဗတ္တာ ခုဝနာဝါဝ ဟောတိ။

ဘိန္နာဝါ၊ ထက်ခြမ်းကဲ့အက်သော လှေသည်လည်း ကောင်း။ ဝိသခ်္ဓတ ပဒဆာဝါ၊ လှေကိုယ်မှ ကင်းသဖြင့် ပြုအပ်သော ပျဉ်ချပ်ရှိသော ပျဉ်စပ်လှေသည် လည်း ကောင်း။ သစေ ဟောတိ၊ အံ့။

ဝိ ဟူသော ဥပသာရပုဒ်သည်ကား ပါစိတ်အဋ္ဌကထာ သေခိယ သိက္ခာပုဒ် သတ္တမဝဂ်ိ နှ ယာနဂတ သိက္ခာပုဒ်အဖွင့် (ဝိ၊ ဂ၊ ၁၆၉) ၌ ဝိသခ်္ဓရိတ္ဝာ ဝါ ဌပိဓက စက္ကမတ္တောပိ ဟူသောစကားဝယ် ဝိသခ်္ဓရိတ္ဝာပုဒ်၌ ဝိ ဟူသော ဥပ-သာရပုဒ်ကဲ့သို့ ဝိယောဂ အနက်ဟောတဲ့သည်း။ ထိုစကားမှန်၏။ ထို သခ်္ဓရိတ္ဝာပုဒ်၌ "လှည်းမှကင်းသဖြင့် ပြု၍။(ဝါ)။ ဝင်ရိုးမှချတ်၍"ဟု အနက်ယောဇနာ-ရသတည်း။

အထ္ထိ သာ သေတု ခုဝ သေတုနာမ။ ရုက္ခံ ဆိန္ဒိတ္ဝာ ကမ္မဝါ မနုဿာနံ သန္တကဓနယောဂ်ေါ ကေပဒိကယေတုပိ။ သေတု၌ ပိ သဒ္ဒါကျေသတည်း။

သစေ ပန ဥပရိဗဒ္ဓါနိ– အစရှိသော စကား၌ တံတားရိုးငြားသော်လည်း တံတား၏အထက်၌ ဖွဲတည်းရှိထားအပ်သော ကြိမ်နွယ်အစရှိသည်တို့ကိုကိုင်ဆွဲ၍ လှည့်လည်သွားလာခြင်းငှာ မတတ်ကောင်းရာသော တံတားဖြစ်လေမူ မအပ်ဟူလို့သတည်း။

ယတ္ထ နဒီယံ။ အဋ္ဌကထာ၌ အထသဗ္ဗနိမိတ္တာနံ – အစရှိသောစကားကို အဝိပ္ပဝါသသီမ်ကိုငဲ့၍ မိန့်သတည်း။ သမာနသံဝါသက သီမ်ကိုသမုတ်သော အရာဖြစ်မူကား တစ်ခုသော ဂါမခေတ်ဖြစ်အံ့။ ဂါမခေတ်အလုံးစုံကို သုတ်သင်ရမည်။ အထူးထူးသော ဂါမခေတ်ဖြစ်အံ့ ကျွဲမှာဖက်ကမ်း၌၄နေ၍ သမုတ်မူ ထိုမှာဖက်ကမ်းရွာ၌ နေကုန်သောရဟန်းတို့၏ လာခြင်း,မလာခြင်း နှစ်ပါးစုံကိုပင်အပ်သတည်း။ ကျွဲမှာဖက်ကမ်း၌ နေကုန်သောရဟန်းတို့မူကား ရွာနယ်တွင်းရှိ ရဟန်းအလုံးစုံလာမှ သင့်သတည်း။ ထိုမှာဖက်ကမ်း၌နေ၍ သမုတ်ဆာ၌လည်း ကျွေးနည်းတူဘည်း။ တရားကထိကာ၌မူကား အဋ္ဌကထာ လာသည်အားလျော်စွာသာလျှင် ဖွင့်သကည်း။

အထပစ္ဆာ။ အထ ပရ တီရေကို နိမိတ္တံ ကိတ္တေတွာ၌စပ်။ ဩရိမတီရေ ကို ဌိတာယ ထည့်၍စပ်။

သီမာ၊ သမာနသံဝါသကသီမ်ကို(ဥဒ္ဓံ ဝါ အဓော ဝါ ဌိ ဝါ သဒ္ဓါသည် ဝိကပ်အနက်ရှိသတည်း။ ထို့ကြောင့် တစ်စွန်းစွန်း၌သာလျှင် လွန်သတည်းဟု သိအပ်၏) အထ၊ ထိသို့ဖြစ်သည်ရှိသော်။

ဒီပကာသီခဏ်းစရှိသော စကား၌ ကျွန်းစွန်းကိုလှည့်လည်၍ ကျွန်းစွန်း၌ ကျွဲမှာဘက် ထိုမှာဘက်၁ နိမိတ်တို့ကိုကြားပြီးလျှင် ဝိဟာရသိမ်နိမိတ်၏ ပြောင့်ပြောင့်ရှေရှုဖြစ်သော ကျွန်း၏ ကျွဲမှာဘက်စွန်း၌ ကြားအပ်ပြီးသောနိမိတ်၏ ရှေးရှုဖြစ်သော ထိုမှာဘက်ကျွန်းစွန်း၌ နိမိတ်ကြားရမည်ဟူလိုသတည်း။

ပရိက္ခိပန္တေန၊ လှည့်၍နိမိတ်ကြားသဖြင့်။

ဥဒ္ဓံပိ အဓောပိ၌ ပိသဒ္ဒါသည် သမုစ္စည်းအနက်ရှိသတည်း။ ထို့ကြောင့် နှစ်စွန်းလုံး၌ လွန်သတည်းဟု သိအပ်၏။ ပုရိမ နယေနေဝ အထ ဝိဟာရသီမာ

၁။ ကျွဲမှာဘက်ထိုမှာဘက် ဟူသော ကားရပ်နှစ်
ထိုမှာဘက် ဟူသော ကားရပ်မလို။

ပုံခ (၅)


ကျွန်မှာဘက်
ပထမသိမ်
ဒုတိယသိမ်
တတိယသိမ်
ဝိဟာရ
ဝိဟာရနှင့်မျှသောကျွန်း
ဝိဟာရမှအထက်သို့လွှန်သောကျွန်း၊
ထိုမှာဘက်
ဝိဟာရ
ဝိဟာရ
စကုတ္တာသိမ်
ပဥ္စမသိမ်
ဝိဟာရ
ဝိဟာရမှ အောက်သို့
လွှန်သော ကျွန်း
ဝိဟာရ
ဝိဟာရထက် အထက်အောက်လွှန်သောကျွန်း
ဂိဟာရ
ဆဋ္ဌသိမ်
ဝိဟာရ
ဝိဟာရအောက်ငယ်သောကျွန်း
မရိုးစည်သဏ္ဌာန်
ထက်စည်သဏ္ဌာန်

ပရိစ္ဆေဒ နိမိတ္တာဿ အစရှိသည်ဖြင့် ဆိုအပ်ပြီးသော ရှေးနည်းဖြင့်သာလျှင်။ သဗ္ဗပထမေန။ တံ အန္တော သိမာယ ကာတုကာမေန အစရှိသည်ဖြင့်ဆိုအပ်ပြီးသော အလုံးစုံကုန်သော နည်းတို့၏ ရှေးဖြစ်သော။ နယေန၊ ဖြင့်။ ဤသိမ်ခြောက်လုံးတို့သည် အဋ္ဌကထာ၌။ "ဣမဉ္စ ပန နဒီ ပါရသီမံသမ္ဘေဒေန" အစရှိကုန်သော စကားတို့ဖြင့် အစဉ်အတိုင်း ပြအပ်ကုန်သောသိမ်ခြောက်လုံးတို့ဖြစ်ကုန်သတည်း။

မှတ်ချက်။ ။ပုံစံ (၅) ကိုကြည့်ပါ။

သီမာနုဇာနနကထာ နိဋ္ဌိတာ။

ဥပေါသထာဂါရာဒိကထာ

၁၄၁။ အနုပရိဝေဏယန္တိ တသ္မိံ တသ္မိံ ပရိဝေဏေဒ္ဒ် တစ်ခုတည်းသော ကျောင်းတိုက်၌ အသီးသီးသောကျောင်းအာရာမ်ကို ပရိဝေဏဟုဆိုသတည်း။ အနုပရိဝေဏံဝေ အနုပရိဝေဏိယံ။ ကိုကပစ္စည်း အနက်မရှိ။ အန္တဒ္ဓ မာသံပုဒ်၌ကဲ့သို့ အနုသဒ္ဒါသည် ဝိစ္ဆာဇောတကတည်း။ ထို့ကြောင့်တသို့ တသို့ ပရိဝေဏေစကားကိုမိန့်သတည်း။

၁၄၂။ ပါဠိတော်၌ မဟာသိမ်တွင်း၌ ဥပုသ်ပြုခြင်းအကျိုးငှာ အမှတ်အသားထားသောအားဖြင့် သမုတ်ရာဖြစ်ကုန်သော ဝိဟာရ အစုယောဂ အစရှိသည်တို့သည် ဥပေါသထာဂါရမည်ကုန်၏။ ဥပုသ်အိမ်ကျဉ်းသည်ဖြစ်၍ မစည်းဝေးလောက်ပြီနှင့်သောကြောင့် အတန်ခဲ့၍ သမုတ်ရာဖြစ်ကုန်သော ဥပေါသထာဂါရမည်ကုန်သော ဝိဟာရ အစုယောဂ အစရှိသည်တို့၏ ရှေးရှုဖြစ်သောမြေအရပ်သည် ဥပေါသထာပမုခ မည်သတည်း။ ထို့ကြောင့် တောရသကင်္ခိကာ(၃၊၂၇၃)၌ ဥပေါသထပမုခံနာမ ဥပေါသထာဂါရာ သမ္မုခဋ္ဌာနံဟုမိန့်အပ်၏။ ပါဠိတော်လာပုံကို စေ့စေ့စပ်စပ်ရှုလေ။

အထဝါ နိမိတ္တာ ကိတ္တေတဗ္ဗာတိ နိမိတ္တုပဂါ ဝါ အနိမိတ္တုပဂါ ဝါ-ဟု နှစ်ချက်မိန့်သောကြောင့် ရှေးနည်း၌ နိမိတ်မလောက်သည်ကိုသိအပ်၏။ ထိုစကားမှန်၏၊ ရှေးနည်း၌ ပါသာဏလာရှိခြင်းလည်း နိမိတ်မလောက်သော ကွင်းက, ဒါရုခဏ္ဍ, ဒဏ္ဍကတို့နှင့် ငင်ဖက်ရောစပ် ပဋိယောဂ်အဖြစ်ဖြင့် မိန့်ရကား နိမိတ်မလောက်သော ပါသာဏသာဟု သိအပ်၏။ ပါဠိတော်၌ ဥပုသ်အိမ်ကို ခွင့်ပြုတော်မူသည့်အခါ တစ်ခုသောကျောင်းတိုက်တွင် တစ်ခုသောကျောင်း၌ ဥပုသ်အိမ်နှစ်လုံး သမုတ်သည်ကိုပြုတော်မူလိုသောကြောင့် တေန ခေါ ပန သမယေန အညတြသို့ ဘဝါသေ ဒွေ ဥပေါသထာဂါရာနိ သမ္မတာနိ ဟောန္တိ-ဟူသော

စကားကို ဟောတော်မူသတည်း။ "အာဝါသေ၊ ကျောင်းဌ်။" ဟူ၍သာ အနက်ပေး။ "အာဝါသေ၊ ကျောင်းဘိုက်ဌ်။" ဟူ၍ကား အနက်မပေးလင့်။ တစ်ခုသောကျောင်းဌ် ဥပုသ်အိမ်နှစ်လုံး သမုတ်သည်ကို ပယ်တော်မူသော ကြောင့် တစ်ခုတည်းသောကျောင်းတိုက်တွင် အသီးသီးသောကျောင်းဌ် ဥပုသ်အိမ်တစ်လုံးစီသမုတ်ကြသည်နှင့် ဟူ၍သော သိမ်ရှိသောကြောင့်ငြင်းခုံကြသော အရာကို ပြန်တော်မူလို၍ကား တန ခဲပန သမာယန ရာဇဂဟေ သမ္မဟုလာ အာဝါသာ သမာနသီမာ ဟောန္တိ အစရှိသောစကားကို ဟောတော်မူသတည်း။

"အာဝါသာ၊ ကျောင်းတ္ဍိသည်" ဟုအနက်ပေး။ "အာဝါသာ၊ ကျောင်းတိုက်ဘ္ဍိသည်"ဟု အနက်မပေးလင့်။ ထို့ကြောင့် အဋ္ဌကထာဌ် "သစေ ပေါရာဏကော အာဝါသော မဇ္ဈေ ဝိဟာရသ္မ"ဟု မိန့်အပ်၏။

ဥပေါသထာဂါရာဒိကထာ နိဋ္ဌိတာ။

အဝိပ္ပဝါသသီမာနုဇာနနကထာ

၁၄၃။ ရာဇဂဟံ ဟိ ပရိက္ခိပိတ္တာဌ် ရာဇဂြိုဟ်မြို့မှ ပတ်ပတ်လည် ထိုထို သို့သော မြို့ရွာတို့ဌ် တက်ဆယ့်ရှစ်ရပ်ကုန်သော ကျောင်းတို့ ကည်သည်ကို ရာဇဂြိုဟ်မြို့ကို ငန်းရံကုန်၍ ကည်ကုန်သတည်း ဟူလိုသတည်း။ ထို့ကြောင့် ဂါဝု. တတ္တဓေယ-ဟု မိန့်အပ်ပြီး

သိမ်ဗဒ္ဓနီ မြစ်ဟူသည် အလွန်လျင်မြန်စွာစီးသွားသော ရေအဟုန်ရှိသည်နှင့် မြစ်အတွင်းသို့ ဆင်း၍ ကူးသွားသောသူတို့ကို အပ်ချည်သည် အဝတ်စထိုးထိုး ထောင်ထောင် မရှိနှင့်လေအောင် အဝတ်စတို့ကို လဲစေသောအားဖြင့် အဝတ်စ ချင်း ချုပ်စပ်တတ်သကဲ့သို့ မတ်တတ်မရပ်နိုင်ရလောက်အောင် လဲစေသော အားဖြင့် "လူအချင်းချင်း ချုပ်စပ်တတ်သော သဘောရှိသော မြစ်တည်း။ ထို့ကြောင့် "အန္တော နဒီ သြတာရန္တေ မနုဿေ ပါတေနဘာဝေန ကာမမည် သိမ္မတိတိ သိမ္မဒီ"ဟု ဝစနတ္ထပြုအပ်၏။

မနံ ဝုဒ္ဓဘဌ် နိဂ္ဂဟိတန္တဖြစ်သော မနံသဒ္ဒါသည် ဤသံ ကိဋ္ဌိ မနံ အဝပွ. ဟု အဘိဓာန်အဗျယဝဏ်ဌ်လာသည်နှင့်အညီ ဤသံ အနက်ကိုဟောသော နိပါတ် ပုဒ်တည်း။ ထို့ကြောင့် "မနံ။ စဉ်းငယ်"ဟု အနက်ပေး။ ဥဒကဿာဟတာနိတိ

၁။ သပ္ပိနံယံနုဘဝတိ ကုမိနာ နဒီံ ဟရန္တောကိဉ္စာ နဒိယာ နာမံ ဒေဿာတိ။
(ယောဇနာ၊ ၂၉၄)

ဇွတ္ထေ ဥဒက အဘိ အာဟတာနိတိ ပဒစ္ဆေဒေါ။ အဘိသဒ္ဒေါ အဘိမုခတ္ထော အာသဒ္ဒေါ ဘုသတ္ထော ဟနဓာတု ဟ်ံသဂတျတ္ထသု ဟိ်ံသတ္ထာ ဟိ်ံသစ နာမ ပဟာရဏမေဝ တသ္မာဥဒကေန အဘိမုခံ ဘုသံ ဟတာနိ ပဟာရိတာနိတိ အတ္ထော ဝေဒိတဗ္ဗော။

ဟိ ယသ္မာ ဘိက္ခူနိသံဃော အန္တောဂါမေ ဝသတိ၊ ဗဟိဂါမေ နဝသတိ။ တသ္မာ အယံ ပစ္ဆိမာ ကမ္မဝါစာ နဝဋ္ဋတိ။ ပုရိမာယေဝ ကမ္မဝါစာ ဝဋ္ဋတိ။

ဘိက္ခူနိသံဃာသည် ရွာတွင်းဦးသာလျှင် နေရသည် ဖြစ်ပါစေဦးတော့။ ဤသို့ဖြစ်လျှင်ပင် အာဘယ်ကြောင့်နောက် ကမ္မဝါစာမအပ်။ ရှေကမ္မဝါစာသာလျှင် အပ်ရလေသနည်း။ ဘိက္ခူနိမ သံဃာသည် ရွာတွင်းဦးသာလျှင် နေရငြားသော်လည်း နောက်ကမ္မဝါစာဖြင့် တိစီဝရိတ်အစောင့်အရှောက်ကိုရ၍ အပ်သည်ဖြစ်လေက ရှေးကမ္မဝါစာသည် မအပ်သည် မဟုတ်လော့။ နောက် ကမ္မဝါစာသည်သာ အပ်ထုသည်မဟုတ်လော့ ဟူမေးရန်ရှိသောကြောင့် ယဒိ ဧဝံ သိယာဟူသော စကားကို မိန့်သတည်း။

တိစီဝရိတ် အစောင့်အရှောက်ကို မရသည်ပင်ဖြစ်ပါစေဦးတော့ ပကတိကပင် တိစီဝရိတ် အစောင့်အရှောက်သည် ဘိက္ခူနိမ သံဃာအား မရှိသည်ဖြစ်ခဲ့မူ ရှေးကမ္မဝါစာသည် မအပ်လေရာ။ နောက်ကမ္မဝါစာသည်သာ အပ်ထုသည်မဟုတ်လော့ဟု မေးရန်ရှိသောကြောင့် "အတ္ထိ စဿပရိဟာရော" ဟူသော နောက်စကားကို မိန့်သတည်း။ (ဤဟိတ်သည် သောတောယျ-စသော ဟိတ်၏ ဟိတ်ကဲ့တည်း။) ဘိက္ခူနိသံဃာအား တိစီဝရိတ် အစောင့်အရှောက်ရှိသည်ဖြစ်ပါစေဦးတော့။ ဤသို့ပင်ရှိလေငြားသော်လည်း ရှေးဦးစွာ ဟောတော်မူအပ်ကုန်သော သမာနသံဝါသကသီမ်၌ "ဌပေတ္ဝာ ဂါမဉ္စ ဂါမူပစာရဉ္စ" ဟူသော စကား မပါမလာမရှိသော် အဝိပ္ပဝါသသီမ်ဟု ဆိုအပ်ကုန်သော နှစ်ပါးကုန်သော သီမ်တို့ကို ရဟန်းယောဂျိုးတို့အား ခွင့်ပြုတော်မူရင်း ဖြစ်လေသည်နှင့် ဘိက္ခူနိသံဃာ မရအပ်ကုန်သည်ဖြစ်လေမူ ရှေးကမ္မဝါစာသည်မအပ်လေရာ နောက်ကမ္မဝါစာသည်သာအပ်ထုသည် မဟုတ်လော့ဟုမေးရန် ရှိသောကြောင့် ဘိက္ခူနိသံဃာ ဟိအစရှိသော စကားကိုမိန့်သတည်း ဤဟိတ်သည် အတ္ထိ စဿ ပရိဟာရောဟူ-သောဟိတ်၏ ဟိတ်ကဲ့တည်း)

ဟိယသ္မာ ဘိက္ခူနိသံဃော အန္တောဂါမေ ဝသတိ တသ္မာ အယံ နဝဋ္ဋတိ ပုရိမာယေဝ ဝဋ္ဋတိ။ ဤမိဿာ ပစ္ဆိမာယ ကမ္မဝါစာယ ဝဋ္ဋနံ ယဒိ သိယာ

ဝေဿတိ သော ဘိက္ခုနီ သံဃော တောယ ပစ္ဆိမာယ ကမ္မဝါစာယ တိစီဝ ရုပရိဟာရံ ယသ္မာ လဘေယျ။ နု စ လဘတိ တသ္မာ စ အာဿ ဘိက္ခုနီ။ သံဃသာတိစီဝရဿ ပရိဟာရော့ယသ္မာ အတ္ထိ။ တသ္မာစ, ဟ်ယသ္မာ ဘိက္ခုနီ သံဃဿ ပထမံ ဝုတ္တာ ဒ့ဝိပီ သမာနသံဝါသက အဝိပ္ပဝါသသီမသခ်ါတာ သီမာ ယော လဒ္ဓနီ။ တသ္မာ စ, ဘိက္ခုနီသံဃော အန္တောဂါမေ ယသ္မာဝသတိ။ ဗဟိ ဂါမေ နု ဝသတိ။ တသ္မာ အယံ ပစ္ဆိမာ ကမ္မဝါစာ နဋ္ဌတိ။

သော တောယ အစရိသည်ကား မူလဟိတ်တည်း။ အတ္ထိ စသအစရိသည်ကား ဟိတ်ကူတည်း။ ထိုဟိတ်နှစ်ပါးသည်ပင် ဘိက္ခုနီသံဃော အန္တောဂါမေ ဝသတိ တယ်မာဟူသောဟိတ်နှင့်တကွဖြစ်သော "ပုရိမာယေဝ ဝဋ္ဋတိ" ဟူသော အကျိုးခံ့ စပ်ရသောကြောင့် အဝယဝီဟိတ် သမ္ဗဟဟိတ်တည်း။

သော တောယ အစရိသော်ဝါကျိုခံ့ အဓိပ္ပါယ်ကား နောက်ကမ္မဝါ စာအပ်ခဲ့သော်နောက်ကမ္မဝါစာခံ့ ဌပေတွာ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ ပါရှိရကား နောက်ကမ္မဝါစာဖြင့်သမုတ်အပ်သော အဝိပ္ပဝါသသီမ်သည်ရှာ ဂါမူပစာရ လွတ်ရာအရပ်ခံ့သာလျှင် သက်သကဲ့ရှာတွင်းနှင့် ဂါမူပစာရခံ့ကား မသက်။ ဘိက္ခုနီမကိုသည်ရှာကွင်းခံ့ သာလျှင် နေရကုန်သတည်း ရှာပခံ့မနေရကုန် ထို့ကြောင့် ထို နောက်ကမ္မဝါစာဖြင့် တိစီဝရိတ် အစောင့်အရှောက်ကို မရရာ ဟူလိုသာတည်း။

တတ္ထ၊ ရဟန်းပေါကျိုး ရဟန်းမိန်းမတို့၏ သိမ်တိုတွင်။ ယသ္မာ နဟောန္တိ။ တသ္မာ ဟိ ယသ္မာ နဟောန္တိ။ တသ္မာ ဝဋ္ဋတိ။ ဧတ္ထာတိ သမ္မတာ သာသီမာတိအာဒိဝစနေ နိဂမနဂရာနမ်ဴ ဂါမေနေဝ နေတ္တိပကရဏော အာဂတောန် လက္ခဏာဟာရနယေန ကမ္မဂရဏသာ အနုရူပဘာဝေန ကေလက္ခဏတ္တာ သဂ်ဟော ဝေဒိတဗ္ဗော။

တနည်းကား–"ဂါမောစ နိဂမောစ နဂရဉ္စ ဂါမော"ဟု ကေသိက်ပြု၍ နိဂမ နဂရတို့ကိုလည်း ဂါမဖြင့်သာ သဂ်ဂြိုဟ်ခြင်းကို သိအပ်၏။

တစ်နည်းကား– ဂါမဉ္စဟူသော စကားသည် ဥပလက္ခဏနည်း နိဒဿန နည်းဖြစ်သည်နှင့် နိဂမ နဂရတို့ကိုလည်း သဂ်ဂြိုဟ်ခြင်းကို သိအပ်၏။ စေ့းမရှိ၍ အရံသာရှိသော် လည်းကောင်း အရံစေ့းနှစ်ပါး မရှိသော် လည်းကောင်း ဂါမ မည်၏။ အရံမရှိ၍ စေ့းသာရှိမူ နိဂမ မည်၏။ အရံစေ့းနှစ်ပါးရှိမူ နဂရမည်၏။

သိမ်မည်သည်ကား ဂါမ, နိဂမ, နဂရသာရှိသည် မဟုတ်သေး။ စင်စစ်မူကား မဟာဝါအင်္ဂဂ ထာ စီဝရက္ခန္ဓက ဖ ပဒင့်(၄၁၇)၌ ခဏ္ဍသီမာ ဥပစာရသီမာ အစရှိသည်ဖြင့် လာရှိသည်နှင့်အညီ ဇနပဒသိမ်, ရဋ္ဌသိမ်, ရဇ္ဇသိမ်, ဒီပသိမ် စက္ကဝါဠသိမ်ဟူ၍လည်း ရှိသေး၏ ဤသို့ရှိလေ ငြားသော်လည်း ဤအရာ၌ အလို မရှိအပ်သောကြောင့် နိဂမ နဂရာနမ်ဖို—ဟူသော စကားကိုသာ အဋ္ဌကထာ ဆရာမိန့်သတည်း။ ဤစကား၌ ပိ သဒ္ဒါဖြင့် ဂါမကိုသော ပေါင်းသတည်း။ ဇနပဒ အစရှိသည်တို့ကို မဆည်းမပေါင်းဟု မှတ်အပ်၏။ ထို့ကြောင့် ဇနပဒ ရဋ္ဌ ရဇ္ဇ ဒီပ စက္ကဝါဠအတွင်းရှိ ရဟန်းတို့ကို သုတ်သင်၍ ဇနပဒစသည်တို့၌ ကံဆောင်ခြင်းငှာ ကေန်မသင့်ဟု သိအပ်၏။

ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ ဟူသော ပါဠိတော်စကား၌ ဂါမူပစာရော တိ ပရိက္ခိတ္တာသ ပရိက္ခေပေါ အပရိက္ခိတ္တာသ ပရိက္ခေပေါ ကာသော–ဟု အဋ္ဌကထာ ဆရာဖွင့်သောကြောင့် အရံရှိသောရွာ၌ အရံတွင်းသည် ဂါမမည်၏။ အရံသည် ဂါမူပစာရမည်၏။ အရံမရှိသောရွာ၌ အရံထိုက်ရာအရပ်၏ အတွင်းသည် ဂါမ မည်၏။ အရံထိုက်ရာအပ်သည် ဂါမူပစာရမည်၏ဟု မှတ်အပ်၏။ ထို့ကြောင့် ဝင်ဇုဒ္ဒိဋီကာ(၄၅၆)၌ ဌပေတွာဂါမဉ္စဂါမူပစာရဉ္စာတိ အာဒိနာ ဝုတ္တံ ဂါမံ ဂါမူပစာရဉ္စ ဌပေတွာ ကေစိပရိက္ခိတ္တံ ဂါမံ သန္ဓာယ ဂါမဉ္စာဒိံ ဝုတ္တံ။ အပရိက္ခိတ္တံ သန္ဓာယ ဂါမူပစာရာဒိံ ဂဒ္ဓိံ တံ ပန အဋ္ဌကထာယ ဝိရုဇ္ဈတိ။ တသ္မာ နိဝေသန ရစ္ဆာဒယော သန္ဓာယဂါမံ ပရိက္ခေပ်ရဟာဌာနာဒိံသန္ဓာယ ဂါမူပစာရာဒိံစ ဝုတ္တံ–ဟုမိန့်အပ်၏။ အန္တရဃရ အရကို အရုဋ္ဌာနအလျောက် သေခိယ သိက္ခာပုဒ် လာတိုင်းသာယူအပ်၏။ စူဠဝါ ဏဋ္ဌကဏာ သေနာသန ကွန္ဓကဥ္စေသ ဘတ္တ ကထာလာတိုင်းမယူအပ်။

ဣတိ ဘိက္ခုနံအစရှိသောစကားသည် တေသု အစရှိသောစကား၏ လဒ္ဓဂုဏ် ပြစကားတည်း။ဣတိ တသ္မာ အလဘနတော။ တတ္ထ သမာနသံဝါသကာ အဝိ. ပ္ပဝါသသီမာသု။ဂါမဉ္စ ဂါမူပစာရဉ္စ ဂစ္ဆတိ။ တတ္ထဝ၊ ဥ္ဍသာလျင်။ ဂါမဉ္စ၊ကို လည်းကောင်း။ ဂါမူပစာရဉ္စ၊ကို လည်းကောင်း။ ဌပေတွာ၊၍။ ဂစ္ဆတိ၊ ၏။ သမ္မုတိ ကာလေ၊ သမုတ်ဆဲအခါ၌။ သီမာသခ်္ဃမေဝ၊ အဝိပ္ပဝါသသီမ်ဟူသော အရေအတွက်သို့သာလျင်။ နိဝိဋ္ဌော၊ ကည်ထောင်အပ်သော။ ဂါမော၊သည်။ သီမာသခ်္ဃံ၊သို့။ ဂစ္ဆတိယထာ၊သို့။ ကတာနိ၊ ပြုအပ်ပြီးဖြစ်ကုန်သော။ဂေဟာ နိ၊တို့သို့။ ပဝိသိဿာမ၊ ဝင်၍ နေကုန်အံ့။ ဣတိ၊ သို့။ အာလယောပိ၊သည် သော်လည်း။ (ပိ ကာ၊ သမ္ဘံဝနာဖြစ်သတည်း)။ ကိဉ္စာပိ အတ္ထိ၊ ရှင့်။ ပန တထာပိ၊လည်း။ ယသ္မာ၊ ကြောင့်။ မနုဿာ၊ တို့သည်။ သဓေ အပဝိဋ္ဌာ၊ အံ့။ ဝေဝံသန္တေသု ဝါ၊ လည်းကောင်း။ ပေါရာဏာက ဂါမေ၊ ၌။ ဂေဟမေဝ၊

ကိုသာလျှင်။ ဆင်္ခေတ္တာ၊ ၍။ ဂါမံ၊ ကို။ အ ဆင်္ခေတ္တာ၊ ၍။ အညတ္တာ၊ သို့။ သစေ ဂတာ၊ အံ့။ ဝေဿန္တေသု ဝါ၊ လည်းကောင်း။ သေ သော ဒုဝိစော ဂါမော၊ သည်။ ယသ္မာ၊ ကြောင့်။ အ ဂါမောယေဝ၊ သာတည်း။ တသ္မာ၊ ကြောင့်။ သီမာ၊ သည်။ သြတ္ထရတိ၊ ၏။

ကေပိ ကုလံ ပဝိဋ္ဌံ ဝါ-စကားကို သစေပိ သီမာ သမ္မုတိ ကာလေ-စသော စကားအားလျော်စွာ မိန့်သတည်း။ အဂတံဝါ စကားကိုကား ပေါရာဏက ဂါမေ-စသောစကား အားလျော်စွာ မိန့်သတည်း။

ပါဠိတော်၌ အဝိပ္ပဝါသသီမ်နှင့် သမာန သံဝါသကသီမ်ကို နုတ်ကြောင်း ဖြစ်ကုန်သော ကမ္မဝါစာ နှစ်ပါးတို့တွင် အဝိပ္ပဝါသသီမ်ကို နုတ်ကြောင်း ဖြစ်သော ကမ္မဝါစာသည် ကရဏာရှင် ဘုရားသခင် ခွင့်ပြုတော် မူသည်မှ စ၍ ယခုကာလတိုင်အောင် အကဲ့အပြားမရှိ တာထပ်တည်းသာ ရှိသတည်း။ သမာန သီမ်ကို နုတ်ကြောင်းဖြစ်သော ကမ္မဝါစာသည်ကား သီဟိုဠ်ကျွန်း၌ သာသနာ ထွန်းသည်မှစ၍ ယခုကာလ တိုင်အောင် ပေစာ, ဋ္ဌကမ္မဝါစာ, မှင်စာတို့၌ သမုဟနေယျ နောင် သမာနသံဝါသံ ကေ့ပေါသထံဟူသော ဝိသေသနနှစ်ပုဒ် အချို့စာ၌သာ ရှိသတည်း။ အချို့စာ၌မရှိ။ သမုဟနတိ နောင်၌လည်း ထို့ အတူ နှစ်ထွေရှိ၏။ ဇကိသာ သီမာယ နောင်လည်း သမာန သံဝါသာယ ကေ့ပေါသထာယ ဟူသော ဝိသေသနနှစ်ပုဒ် ရှိ မရှိ နှစ်မျိုးတည်း။ သံဃေန နောင်လည်း "သမာနသံဝါသာ ကေ့ ပေါသကာ" ဟူသော ဝိသေသန နှစ်ပုဒ်ရှိ မရှိ နှစ်မျိုးတည်း။ ဝင်္ဂီရဗုဒ္ဓိဋီကာ (၅၅၇)၌ ယသာ ယသ္မကော ခမတိ တေသာ သီမာယ သမာနသံဝါသာယ ကေ့ပေါသကာယ သမ္ပဇ္ဇာတော။ သောတု ကာသာတိ အန္ဓကပေါဋ္ဌကေ သီဟဋ္ဌပေါဋ္ဌကေသုစ ကေသုစိ ပါဠျော အတ္ထိ-ဟူ၍သာလျှင် မိန့်၏။ သမာနသံဝါသာယ, ကေ့ပေါသထာယ ဟူသော ဝိသေသနနှစ်ပုဒ်ကို မရွတ်ရာ၌ကား အပြစ်ဒေါသကိုမမိန့်လေ။ ဘိုးတော်ကြီး လက်ထက် မောင်းထောင်ဆရာတော် စီရင်ရေးသားအပ်သော သီမဗန္ဓန ကထာ ကျမ်း၌ကား "ဣဿပန သမာနသံဝါသကသီမာ သမုဟနနကမ္မဝါစာယ နိဗ္ဗိ သေသနပါဠျော ကတ္ထစိ ပေါဋ္ဌကေ ဒိဿတိ။ သဝိသေသနပါဠျောစ သုန္ဒရတ-ရော။ အက္ခရ ပရိဟီနေယေဝ သဒေါသော။ ကက္ခရာဓိကေပိ နိဒ္ဒေါသောဝေါ တံ ဝေဒိတဗ္ဗံ" ဟုမိန့်အပ်၏။ ဤသို့မိန့်တိုင်းပင် သီမာ သမ္မုတိကံသည် သာသန မူလဘူတ ထာဝရကံဖြစ်သည်နှင့် သမာနသံဝါသံ ကေ့ပေါသထံ အစရှိသော ဝိသေသနပုဒ်တို့ကို ရွတ်ဖတ်ကြကုန်ရာသတည်း။ ငါတို့ကျေးဇူးရှင် ဖြစ်တော်မူ ကုန်သော ပြည်ဆရာတော်ဘုရားကြီး မြစ်ကွေ့မြို့ဆရာတော် ဘုရားကြီး

စံခကျောင်းဆရာတော်ဘုရားကြီး အရှင်မြတ်တို့သည် ဤသို့ရွတ်ဖတ်ကြရမည်ဟု အမိန့်လည်း ပေးတော်မူကုန်ဘိသတည်း။ ရွတ်ဖတ်လည်း ရွတ်ဖတ်တော်မူကြကုန်ဘိသတည်း။

သမ္မဟန္တ်ဗ္ဘောပုဒ်သည် သံ-ရွေး ဥ ရွေးရှိသော ဟနဓာတ် တဗ္ဗပစ္စည်းဖြင့်ပြီးသတည်း။ သံ-သည်သမ္မာအနက်ဒဟာတည်း။ ဥ-သည် ဝိဒယာဂ ဟူသော အဘာဝအနက်ဒဟာတည်း။ ဂမ ခန ဟန ရမာဒီနမန္တော်သုတ်ဖြင့် စီရင်၍ဟန္တ-ဗ္ဘောကဲ့သို့ ရွပ်ပြီးသတည်း။ ဟနဓာတ်သည် ဟိံသာ အနက်ဟောတည်း။ "သမ္မဟန္တဗ္ဘော၊ကောင်းစွာ။ တိ စီဝရေန၊ အဝိပ္ပဝါသသိမ်ကို ကင်းဝေခြင်းဟူသော မသိုစေခြင်းဖြင့် ဖျက်ဆီးအပ်နှုတ်အပ်၏။" ဟနဓာတ်ဖြင့် ပြီးကြောင်းကိုကား ဥဟစ္စမခန ဇာတိ ဝေတတက္ခာ ဇောယ အဘာဝေန အနေဇာ ဘိက္ခု။ ဤနှစ်ခိုးသံ ဥဟစ္စသမ္မဟနိဘ္ဘာ-ဟူသော သုတ်မဟာဝါ အဋ္ဌကထာ မဟာ သမယ သုတ်အဖွင့်(၂၇၄) စကားဖြင့် ဇာအပ်၏။ ထိုစကားမှန်၏။ ဥဟစ္စပုဒ်သည် ဥပုဗ္ဘဟနဓာတ် တွာပစ္စည်းဖြင့် ပြီးသတည်း။ ဥ ကို ဥဒီဃပြု၍ သမ္မဟန္တဗ္ဘောရှိရမည်။ ထို့ကြောင့် ဇ ဒ္ဒိတ် သဒ္ဒနီတိကုန်ခါနီး (နီတိသုတ္တ-၂၆၅-နှာ)၌ မဇ္ဈ ဝိ ရိတော။သမ္မဟတော ဣစ္စာဒိ-ဟု မိန့်အပ်၏။ သံ-ရွေး ဥ-ရွေးရှိသော ဟန-ဓာတ်ဖြင့် ပြီးသည်ကို သမ္မဟနေယျ- ဟူသောပါဠိတော်စကားဖြင့် သိအပ်၏။

ခဏ္ဍသီမာပုဒ်၏ ဝစနတ္ထကို သမာနသံဝါသာ ဝိပ္ပဝါသာ နမန္တရေ ခဏ္ဍာ ပရိစ္ဆိန္နာ တာဟိ အသာကံရာ သီမာ ခဏ္ဍသီမာနာမ ဟူသော ဝိနယဝိနိစ္ဆယဋီကာ (၂၊၁၇၇)စကားဖြင့်သိအပ်၏။

အဝိပ္ပဝါသ သီမ၊ အဝိပ္ပဝါသ မဟာသိမ်ကို။အာဝဋ်ဝါသ ဝစ်ခုနတ္ထာယ၊ မိမိတို့၏ကျောင်း တိုးပွားစေခြင်းအကျိုးငှာ။ ဝိဟာရောကာသဒါနတ္ထာယ၊ တပါးကုန်သောရဟန်းတို့အား ကျောင်းတိုက်ရာကို ခွဲခြမ်း ဝေငှပေးခြင်း အကျိုးငှာ။ တတ္ထ တသ္မိံ သမ္မုဟနနေ ဇေံ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ ပန၊ အထူးကိုဆိုဦးအံ့။ ဥပေါသထာဂါရ ဒီသု တို့၌။ (အာဒိဖြင့် ဘုတ္တသာလ အစရှိသည်တို့ကို ယူအပ်၏။နိရာ သက်ဌာနေသု၊ခဏ္ဍသိမ်ရှိသလော့ မရှိဘ လော့ဟု တွေးတောယုံမှားခြင်း ကင်းရာအရပ်တို့၌။ သမ္မုဟနိတုံ၊ အဝိပ္ပဝါသ မဟာသိမ်ကို နှုတ်ခြင်းငှာ။ ကိဉ္စာပိ သက္ခိ ဃန္တီ၊ရှင့်။ ပန တထာပိ၊လည်း။ယသ္မာ၊ကြောင့်။ပဋိဗန္ဓိတုံ၊အဝိပ္ပဝါသ မဟာသိမ်ကိုဖွဲ့ခြင်းငှာ။နှ သက္ခိဃန္ဓေဝ၊တည်း။တသ္မာစ၊ လည်းကောင်း။ သစေ ဗဒ္ဓနယျုံ၊ အံ့။ဇဝံ သန္တေသု၊မသာ်။ယသ္မာ၊ကြောင့်။ သီမာသမ္ဗေဒံ၊ကို။

၀။ ဥဟစ္စ မန္တေ ဇာနာတိ (ဆဋ္ဌ)၊

စလင်းဝိနည်း (၆) ၃၀—ပမာဏ။

ကတွာ၊ ၍။ ဝိဟာရံ၊ ဝိဟာရဖြစ်သော မဟာသိမ်ကို။ အဝိဟာရံ၊ ဝိဟာရ ဖြစ်သော မဟာသိမ်မဟုတ်သည်ကို။ သီမာသမ္ဗန္ဓဟုနှင့် ကမ္မဝါစာဃ၊ ဖြင့်။ ကရေယျုံ၊ ကုန်အံ့။ တသ္မာစ၊လည်းကောင်း။ နှ သမ္ဗန္ဓဟုတပ္ပာ၊ ကုန်။

ယေပနဒုပ။သက္ခိဿန္တိ စာကားကိုသိမ်ကို မသိခဲ့သော် မည်သည့်အရပ်၌တည် ၍နှုတ်အပ်သည်ဟု နှုတ်ထွာအရပ်ကို မသိသည်နှင့် အနှုတ်ခက်သောကြောင့် လည်းကောင်း၊ မနှုတ်မူ၍ သမုတ်ပြန်ကလည်းသိမ်ဟောင်းရှိခဲ့မူ သီမာသမ္ဗေဒ ဖြစ်ဟုသည်ဖြစ်၍ ဒုဖွဲ့ခက်သောကြောင့် လည်းကောင်း မိန့်သတည်း။ ဝိမတိ ဝိနောဒနီ(၂၁၅၅)၌မူကား "နေဝ သမ္မု ဟနိ ကံ့ နဗန္ဓိတုံ သက္ခိဿန္တိတိ ဣဒံ နိဏ္ဍာသကံဌာနေ" အစရှိသောစကားကို မိန့်၏။ ဝိမတိ ဝိနောဒနီ၌ မိန့်တိုင်း အဋ္ဌကထာ၌ အဓိပ္ပါယ်ယူခဲ့သော် ဤသီမံ ပန အဇာနန္တာ ဒုစရိုသော ဧုး စကားနှင့်ဤနောက်စကားသည် အထူးမရှိသည် ဖြစ်လေရာ သတည်း။မထူးပြန် ကလည်း ပုနရုတ္တိဒေါသ ရောက်လေရာ သတည်း။ ဒုဋ္ဌကထာ ဆရာသည်ဤ စကားကိုတစ်ခုဟုသည်းသော အရပ်၌ တည်ရပ်၍ နှုတ်ခြင်းငှာ မတတ်ကောင်း သည်ကို ရည်၍ မိန့်သတည်း။ညောင်စောင်းကုက် သတ်မှတ်၍စပ်အောင်နှုတ် ဓသင်္လည်း နှုတ်ခြင်းငှာ မတတ်ကောင်းသည်ကို ရည်၍ မမိန့်။ ထို့ကြောင့် အဋ္ဌကထာ စကားကိုပယ်ရှားသောအားဖြင့်ဆိုသော ကေစိဝါဒကို သာရ အား ဖြင့်ယူ၍ "တံယုတ္တံဝိယဒိသတိ"ဟု ဝိမတိဝိနောဒနီ ဆရာ မဆိုသင့်ချေ။ ယသ္မာ နှ သက္ခိဿန္တိ။တသ္မာ။

အဘယ့်ကြောင့်သိမ်ကိုပွဲခြင်းငှာမတတ်ကောင်းလတ္တံ့နည်း။နိမိတ်ရှိ၍သိမ်ကို မှတ်မိမှ သင်္ဃိမ်ဖြစ်ရာသည်။ နိမိတ်မရှိ၍ သိမ်ကို မမှတ်မိသော် သိမ်မဖြစ်ရာသည် မဟုတ်လော့။ရှိသို့ သိမ်မဖြစ်ခဲ့သော်သိမ်ကိုပွဲခြင်းငှာ တတ်ကောင်းလတ္တံ့ဆို, သည် မဟုတ်လော့ဟု စောဒနာရန် ရှိသောကြောင့် အယံဟိ·အစရှိသော စကားကို မိန့်သတည်း။

ဤအကြောင်းကြောင့် သာလျှင် မတတ်ကောင်းသလော့။အကျိုး ဟူက အကြောင်း တစ်ပါးတည်း သာလျှင် ရှိကောင်းဆည်, မဟုတ်။ အကြောင်း အများလည်း ရှိကောင်းပါသည်, မဟုတ်လော့ မေးရန်ရှိသောကြောင့် နှ စ သက္ကာ အစရှိသော စကားကို မိန့်သတည်း။ ဥပထမ္ဘက ဟိတ် မဟုတ်။နာနာ ဟိတ်တည်း။

ဟိ ယသ္မာ အယံ သီမာနာမ ကမ္မဝါစာယဝါသာသနန္တရဓာနေနဝါ အသီမာ ဟောတိ။တသ္မာစ ဟိယသ္မာ သီမံ အဇာနန္တော ကမ္မဝါစာ ကာတုံ နသက္ကာ။တသ္မာစ တေနေဝ သမ္မုဟနိတုံ နဗန္ဓိတုံ သက္ခိဿန္တိ။

သီမံအရကား ခဏ္ဍသိမ် မဟာသိမ် နှစ်ပါးတည်း။ တသ္မာ အသက္ကါနေယျတ္တာ ဒွေ့ခဏ္ဍသိမာယော အဇာနန္တော်ပိ ဘိက္ခူဟိ နသမ္ဘုဟနိတဗ္ဗာ။ ဣတိ၊ ဤသည် လျှင် ဗဒ္ဓသိမ်အပြီးသတ်တည်း။

အဝိပ္ပဝါသသီမာနုဇာနနကထာ နိဋ္ဌိတာ။

ဂါမသိမာဒီကထာ

၁၄၇။ အဗဒ္ဓသီမေသုပိ၊ ဗဒ္ဓသိမ် မရှိသည်လည်းဖြစ်ကုန်သော။ တတ္ထ တေသု ဂါမ နိဂမန ဂရေသု။

ဘောဇကဲတို့ဟူကုန်သည်ကား မြို့စားရွာစားဖြစ်ကုန်ဘော မင်းညီ မင်းသား မင်းသမီးအစရှိကုန်သောသူတို့ မဟုတ်ကုန်။ မြို့သူကြီး ရွာသူကြီးတို့သာတည်း။

ဗဟိ လဘန္တိ စကားသည် ယောဘူယျ စကဲ့သုံးမျှသာတည်း။ ထိုကြောင့် ဒီပကောဝါ ပဗ္ဗတောဝါ ဟောတိ၊ သော စေ ဒူရေ ဟောတိ၊ မစ္ဆဗန္ဓာနံ အဂမနပထေ အရညသီမာ သင်္ခ်မေဝ ဂစ္ဆတိ။ တေသံ ဂမန ပရိယန္တ္တသာ ဩရတောပန ဂါမ သီမာသင်္ခ်ံ ဂစ္ဆတိ ဟု (ဝိ ဋ္ဌ၊ ၃၊ ၃၃၆) မိန့်လတ္တံ့။ ထိုဒီပက ပဗ္ဗတတို့ဩဇာနှင့် အတုတ် မရှ၊ မြို့ ရွာ နယ်နိမိတ် အပိုင်းအခြားကဲ့သို့လည်း ၄၅-ခု ဖြင့်-ခု။ ရွှေစာတိုက် စာရင်းရှိသည်အတိုင်း မှတ်အပ်၏။ ယခုကာလ အင်္ဂလိပ်ဘုရင်မင်းလက်ထက်၌မူကား အင်္ဂလိပ်မင်းဘို့ မှတ်သားတိုင်း မြို့ ရွာ နယ်နိမိတ် အပိုင်းအခြားကို သိအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ "ယမ္ပိ ကေသ္စိ ယေဝ ဂါမခေတ္တ ကေ်ပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတ္တာ ဆုဇာ ကဆစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ" ဟူ၍လာသော စကားနှင့်အညီ ဝိမတိ ဝိနောဒနီဋီကာ (၂၊ ၁၅၇)၌။ ဇာတ်ဟိ သာ စ ဆုဇိစ္စဲ့ဝ ဝသေန ပရိဝတ္တိတ္ထာ သမုပ္ပန္နာ အဘိနဝါ "ဣတဆုစ အပရ်ာတ္တာ ပကတိဂါမ သီမာ" ဟု မိန့်အပ်၏။ ဤဝ်မတိဝိနောဒနီဋီကာလာ ဆုဒိစ္ဆာ ဝသေန ဟူသော စကားကိုသာရှု၍ ဆိုအပ်ပြီးသော အဋ္ဌကထာလာ စကားသာမညကို မရှုဘဲ အမိန့်ခံယူသူမရှိ မင်းတို့ မိမိအလိုအလျောက်ပေးလိုသို့ သီးသန့်ပေးမှ ဝိသုံဂါမ ဖြစ်သတည်း။ အမိန့်ခံသူရှိ၍ပေးမှ ဝိသုံဂါမ မဖြစ်ဟုဆိုကြ၏။

ထိုစကားမသင့် အမိန့်ခံသူရှိ၍ ပေးငြားလည်း ပေးလို၍သာပေးခြင်းဖြစ်ဆတည်။ အာယ်၍ တိုဆဆုတို့ဆိုတိုင်းအမှန်ဖြစ်ခဲ့မူ အဋ္ဌကထာ၌ဂရုပြုသင့်ဖြင့် မိန့်သင့်သောအဆုဖြစ်၍ "ယမ္ပိကေသ္စိ ယေဝ ဂါမခေတ္တေ ကေ်ပဒေသံဆုဇာ-ဟောဒ ပဋိဂ္ဂါဟကံဝိနာ ဝေဝလံ အတ္တနော ဣစ္ဆာမတ္တံဝသေန အယံ ပိ ဝိသုံ-

ဂါမေဝ ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရုဇာ ကဿစိ ဒေတိ။”ဟု ဝိသေသနနှင့်တကွ မိန့်လေရာသတည်း။ ဤသို့လည်း မမိန့်ပါခဲ့။ ထို့ကြောင့် ထိုဆရာတို့၏စကားကို အလေးပြု၍ မမှတ်သားအပ်။ဝိမတိဝိနောဒနီဋီကာ၌“ရာဇိစ္ဆာဝဓေသန”ဟူသော စကားကို မိန့်သည်ကား အဇာတသတ်မင်း ဘုရားရှင် ဓာတ်တော်တို့ကို ဖြေးဖြေးသာသာကာလရှည်စွာ ပင့်ဆောင်ရာ ပြည်သူတို့က်စ္စ ယုတ်လျော့သည်နှင့် ထက်ရှိကြ၍ အလိုမရှိဘဲ လျင်လျင်မြန်မြန် ပင့်ဆောင်ရသကဲ့သို့ ပြည်သူတို့ ထက်ရှိကြခြင်း အစရှိသော အကြောင်းကြောင့် အလိုမရှိဘဲ ပေးရသော် ဝိသုဂါမမဟုတ်ဟူသော အနက်ကိုပြသတည်း။ ထိုစကားမှန်၏။ ခပ်သိမ်းသော အရာတို့၌ အလိုမရှိဘဲနှင့်ပေးရမူ ဇာပေးမမြောက်။ ထို့ကြောင့် ပါနာဇိကဏ် အဋ္ဌကထာ ဒုတိယပါရာဇိက အနာပတ္တိဝါရအဖွင့်၌“ယောပိ အဒါတုကာမော စိတ္တေန ပန အဓိဝါသေတိ။ နာ ကိဉ္စိ ဝဒတိ။သော်ပိ ပုန ဝစ်ဘရုပေတဲ့ လဘတိဟု မိန့်အပ်၏။ယောပန ပရိဘမဇ္ဈေ လဇ္ဇာယ အဓိဝါသေတိ။။နာ ကိဉ္စိ ဝဒတီတိ အတ္ထော။ဝဇိရဗုဒ္ဓိဋီကာ(၁၄၉)၌ ဖွင့်အပ်၏။အလုံးစုံ၍ပင် ပေးသော်လည်း အဋ္ဌကထာလာရှိတိုင်း။အယံ ဝိသုဂါမော ဟောတု-ဟု ပိုင်းခြားသတ်မှတ်၍ မင်းသည်ပေးမူ ဝိသုဂါမသိမ် ဖြစ်သတည်း။ ယခုကာလ အင်္ဂလိပ်မင်း အရေးပိုင်တို့ သိမ်သမုတ်အမိန့်စာ စက္ကူလွှာ၌ကား“ဤသူသည် မည်မျှမြေကို ဝိသုဂါမ ခံစေ”ဟု အမ်ိန့်စကား ရေးသားပေးကမ်းပြီးလျှင် သိမ်သမုတ်ခြင်း ကိစ္စမှတပါး အခြားကိစ္စကိုပြုလုပ်သော် ထိုမြေကို ရုပ်သိမ်းမည်ဟု အဖျားကား ကွပ်ပါရှိရကား သိမ်သမုတ်ခြင်းကိစ္စကို ပြုလုပ်ပြီးဖြစ်မှ ထိုမြေကို မြေအမိန့် ခံယူသူပိုင်ဆိုင်သတည်း။သိမ်သမုတ်ခြင်းကိစ္စကို မပြုလုပ်မီ ထိုမြေကို မြေအမိန့် ခံယူသူ မပိုင်မဆိုင်သေးဖြစ်သည်နှင့် သိမ်သမုတ်ခြင်းကိစ္စကို မပြုလုံးမီ မည်မျှ မြေ ဟုပိုင်းခြားအပ်သော မြေအရပ်အဖို့သည် ဝိသုဂါမ မဟုတ်လေ။အထောက်သာဓကဥပက အာဂမဖြစ်သော ကျမ်းလာ စကားကား မမ သန္တိကေ ဥပဇ္ဈံ ဂဏှန္တသော ဒေမိ။ အညတ္ထ ဂဏှန္တဿ နဒေမိ။ ဝတ္တံ ကရောန္တဿော ဒေမိ။ အကရောန္တဿ နဒေမိ။ ဓမ္မံ ပရိယာပုဏန္တဿော ဒေမိ။ အပရိယာပုဏန္တဿ နဒေမိ။ အဝိဘာဝန္တဿော ဒေမိ ဝိဘာဝန္တဿ နဒေမိတိ ဇောမွနဒါတုံ နဝဋ္ဋတိ။ ဒဒတောဒုက္ကဋံ။ အာဟရာပေတုံ ပန ဝဋ္ဋတိ။ စေတိတ္တာ ဒိန္နံ အာစိဏ္ဏဘဂ္ဂာ ဂဏှန္တော ဘဏ္ဍဂ္ဃေန ကာရာပေတဗ္ဗော။ (။ဝိနည်း အဋ္ဌကထာ နိဿဂ္ဂိယ ပါစိတ် စီဝရအာစိဏ္ဏနသိက္ခာပုဒ်အဖွင့် (၂၊၃၀၂)။ အာဟရာပေတုံ ပန ဝဋ္ဋတီတိ ဇေဒိန္နံဘတိသဒိသတ္တာ အာဟရာပေတုံ ဝဋ္ဋတိ။ စေတိတ္တာဒိန္နန္တိ ဝုတ္တနယေန အဒတ္တာ အနုပေက္ခန ဟုတ္တာ တဿော ဒိန္နံ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗောတိ သကသညာယ ဝိနာ ဂဏှန္တော ဘဏ္ဍံ အဂ္ဃါပေတ္တာ အာပတ္တိယာ ကာရေတဗ္ဗော(တေရသကဏ်ဋီကာ၂၄၄၁။ ဤကား အဋ္ဌကထာဋီကာ) စကား

တ္ထီတည်း။ ဘတိသဒိသတ္တာ ဟူသောစေရသကဏ်ဋီကာ စကားနော်၎၊ ယာဝ ဥပဋ္ဌဂ္ဂဏာဒိကေ သဒ္ဒဝိဟာရိကာ နာ ကဆော်တို့။ တာဝ ဒိန္နပတ္တစီဝရဿဥပဋ္ဌာယသော သန္တိကတ္တာ ဟူသောဟိတ်ကို စကားကိုထည့်စုက်အပ်၏။ ထိုစကားမှန်၏။ ထိုဟိတ်ကိုစကားသည် စေရသကဏ် ဋီကာကြွင်းကျန်သတည်း။

အဂါမဒကစေတိ ဂါမ နိဂမ နဂရသီမာဟိ အပရိစ္ဆိန္နေ အဋ္ဌဝိပ္ပဒေသေ ဟူသော ရွေးနည်းစကားဖြင့် မူလ ပဏ္ဏာသ ပါဠိတော် စတုတ္ထဝဂ် ငါးခုမြောက် ဖြစ်သော စူဠဿစ္စကသုတ်သာ မဟာဝုန်တောနှင့်တူသော ဟိမဝန္တာတောနှင့် တပေါင်းတည်းမစပ်သော၊ အခွေလားသော် မည်မျှရှိသနည်း။ ဤသို့ အစရှိသည်ဖြင့် အပိုင်း အခြားရှိသောတောဃယ်ကို ပြသတည်း။ မူလပဏ္ဏာသ အဋ္ဌကထာ(မဋ္ဌ၊ ၂၊၁၆၉)၌ တတ္ထ မဟာဝနေ ကူဋာဂါရာ သာလာယန္တိ မဟာဝန နာမဉ္စ သယံဇာတမဏ္ဍပိမံ သပရိစ္ဆေဒံ မဟန္တံဝနံ။ ကပိလဝတ္ထုဿာမန္တာပန မဟာဝနံ ဟိမဝန္တေန သဟ ကောဗဒ္ဓံ အပရိစ္ဆေဒံ ဟုတ္ဝာ မဟာသမုဒ္ဒံ အာဟစ္စ ဋ္ဌိတံ။ ဣဒံ ကာဒိသံ နု ဟောတိ သပရိစ္ဆေဒံ မဟန္တံ ဝနန္တိ မဟာဝနံ ဟု ဖွင့်ဟတည်း။

အထဝါ အဂါမကေစေတိ ဝိဇ္ဇဗ္ဗာဇ္ဇဝံသဒီသေ အရညေ ဟူသောစကားဖြင့် သုတ်မဟာဝါ ပါဠိတော် မဟာသမယသုတ်သာ မဟာဝုန်တောနှင့်တူသော ဟိမဝန္တာတောနှင့် တပေါင်းတည်းစပ်သောအပိုင်းအခြားမရှိသော တောကြီးကို ပြသတည်း။ သုတ်မဟာဝါ အဋ္ဌကထာ(ဒီဃ၊ ၂၊၂၆၆)၌ မဟာဝနေတိ သယံဇာတေ အာရောပိတေ ဟိမဝန္တေန သဒ္ဓိံ ဧကာဗဒ္ဓေ မဟာတိဝနေ ဟု ဖွင့်သတည်း။ "အဋ္ဌဝိပ္ပဒေသေ ဘိက္ခုဝသတိ" ဟု ကောဝစ်နှင့်ရှိရမည်။ အထဿ ဟု ကောဝစ်နှင့် မိန်လင်္ကာဖြစ်သောကြောင့် ဘိက္ခူဝသန္တိ ဟု ပဟုဝုစ်နှင့် မရှိသင့်။ ဝိမတိဝိနောဒနီဋီကာ (၂၊၁၅၇) သာ စ သတ္တပဏ္ဏာသ္မိံ သိမံ ဝိနာဝ သယမေဝ သမာနသံဝါသာ ဗဒ္ဓသိမာ သဒိသာ၊ နဒီအာဒီသိမာသုဝိယ သဗ္ဗမေတ္ထ သံဃကမ္မကာတုံ ဝဋ္ဋတိ။ ဤသို့ အစရှိသည်ဖြင့် ဗဒ္ဓသိမ်မှ အသီးအခြား ဂါမသိမ် ရှိသကဲ့သို့ သတ္တပဏ္ဏာသ္မိံမှ အသီးအခြား သက်သက် အရညသိမ် ရှိသည်၏ အဖြစ် ကိုလည် ကောင်း။ ဥဒကုက္ခေပသိမ်မှ အသီးအခြား သက်သက် နဒီသမုဒ္ဒဇာတဿရ သိမ်ရှိသည်၏ အဖြစ်ကို လည်းကောင်း၊ မိန့်ကုန်ဘိ၏။ ထိုသို့ မိန့်သည်ကို ပါဠိတော်၌ အသမ္ဘကာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ အစရှိသည်ဖြင့် ဗဒ္ဓသိမ်မှ အသီး-အခြားသက်သက် ဂါမသိမ်ကို ဟောတော်မူသကဲ့သို့ သတ္တပဏ္ဏာရ, ဥဒကုက္ခေပ သိမ်တို့မှ အသီးအခြားသက်သက် အရည, နဒီ, သမုဒ္ဒ, ဇာတဿရ သိမ်တို့ကို

ဟောတော်မမူသောကြောင့် လည်းကောင်း၊ အဋ္ဌကထာ၌ ဧဝံ နဒီ, သမုဒ္ဒ, ဇာတဿရာနံ ဗဒ္ဓသီမာဘာဝံ ပဋိက္ခိပိတ္ဝာ ပုန တတ္ထ အဗဒ္ဓသီမာပရိစ္ဆေဒံ ဒဿေန္တော နဒိယာ ဝါ ဘိက္ခေတိ အာဒိမာဟ ဟု မိန့်သောကြောင့် လည်းကောင်း၊ အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၃၃၇)၌ ပင်လျှင် တေသံ ဂမန ပရိယန္တဿ သြရတော ပန ဂါမသီမာ သခ်္ဂံ ဂစ္ဆတိ။ တတ္တ ဂါမသီမံ အသောဓေတ္ဝာ ဂမ်ကာတုံ နဝဋ္ဌတိဟူ၍ ဂါမသီမ်၌ ကံပြုခဲ့သည်ရှိသော် ဂါမသီမ်အလုံးစုံကို သုတ်သင်၍ ကံပြုရမည်ဟု မိန့်သကဲ့သို့ အရည, နဒီ, သမုဒ္ဒ, ဇာတဿရတို့၌ ကံပြုခဲ့သည်ရှိသော် အရည, နဒီ, သမုဒ္ဒ, ဇာတဿရ အလုံးစုံကို သုတ်သင်၍ ကံပြုရမည်ဟု အဋ္ဌကထာ၌ မမိန့်သောကြောင့် လည်းကောင်း၊ ထေရသကဏ်-ဋီကာ (၃၊ ၂၇၅)၌ " အရည သီမာ သခ်ံမေဝ ဂစ္ဆတိတိ သတ္တဘ္ဘန္တရ သီမံ သန္ဓာယ ဝဒတိ"။ ဟု သတ္တဘ္ဘန္တရသီမ်မှ အသီးအခြား အရညသီမ် မရှိပုံကို မိန့်သောကြောင့်လည်းကောင်း အဋ္ဌကထာ၌ "သာပန အတ္တနော သဘာဝေ-နေဝ ဗဒ္ဓသီမာ သဒ်သာ" ဟူသော စကားကို ကံ ပြုခြင်းငှာသက်သက် ဆင်းရဲစည်းဝေးသည်ရှိသော် မိမိသဘောအားဖြင့် ရေတက္ကအတွင်း၌ ဥပကု-ကွေပ သိမ်ဖြစ်သည်ကို ရည်၍ မိန့်သောကြောင့် လည်းကောင်း၊ ဆရာမြတ်တို့ နှစ်သက်တော်မမူ ကြလေကုန်၊ ဝိမတိဝိနောဒနီဋီကာ (၂၊ ၁၅၈)၌ ပင်လျှင် " သစေပိ ဟိ ဘိက္ခုသဟဿံ တိဋ္ဌတိ။ တာဿဋ္ဌိဟော ကာသဿ ဗာဟိရန္တေ ပဋ္ဌာယ ဘိက္ခူနံ ဝဂ္ဂကမ္မ ပရိဟာရတ္ထံ သမာပေက္ခာယ ဥပဋ္ဌာယ တာယ သဟ သယမေဝ သဇ္ဇာတာ သတ္တဘ္ဘန္တရ သီမာ သမာနသံဝါသာတိ ဆဝိပွါယော" အစရှိသည်ဖြင့် သိမ်အပိုင်းအခြား ကိုင်ကွက်မှ သတ္တဘ္ဘန္တရ ဥဒကုက္ခေပသိမ် ဖြစ်ကြောင်းကို မိန့်၏။ ပါဠိအဋ္ဌ ကထာ၌ ဤကဲ့သို့ကြီးနှစ်ဆောင်တို့၌အရိပ်အမြွက်မထင်သောကြောင့်လည်းကောင်း သိမ်အပိုင်းအခြားကို မငဲ့ငြားယည်း ကံပြုခြင်းငှာသံဃာစည်းဝေးသော် မိမိ သဘောအားဖြင့် သတ္တဘ္ဘန္တရ, ဥဒကုက္ခေပသိမ် ဖြစ်သင့်သောကြောင့် လည်းကောင်းထို့သို့မိန့်သည်ကိုလည်းဆရာမြတ်တို့နှစ်သက်တော်မမူကြလေကုန်။

ယမ္မနေတ္ထ အဗ္ဘန္တရ မိနနုပမာဏဿ ဝါလုကာဒီဓိပန ကမ္မဿစ ဒဿနံ။ တံ သဇ္ဇာတသီမာနံ ဋ္ဌိတဋ္ဌာနဿာ ပရိစ္ဆေဒနတ္ထံ ကတံ ဂါမူပစာရ ဃရူပစာရ ဇာနနတ္ထံ လေဋ္ဌု သုပ္ပါဒိဓိပနဝိဓာန ဒဿနံ ဝိယ။ တေနေဝ မာတိကာဋ္ဌက ထာယံ သီမံဝါ ဃမ္မန္တံ ဥဒကုက္ခေပံဝါ ပရိစ္ဆိန္နတိတိ ဝုတ္တံ–ဟု မိန့်အပ်သော စကားကိုမူကား ဆရာမြတ်တို့ နှစ်သက်တော်မမူကြကုန်၏။ ဤဝိမတိဝိနော ဒနီဋီကာ(၂၊၁၅၉) လာစကားသည် ယံ မတ္တိမဿ ပုရိသဿ သမန္တာ ဥဒ ကုက္ခေပါ တိ ပန ကေသာ နဒိယာ ●တုဝဂ္ဂါဒီနံ သံဃာနံ ဝိသုံ စတုဝဂ္ဂ ကရဏီယာဒိ ကမ္မကရဏာ ကာလေ သီမာပရိစ္ဆေဒ ဒဿနတ္ထံ ဝုတ္တံ။

တိစီဝရေန် ဝိပ္ပဝါသာ ဝိပ္ပဝါသပရိစ္ဆေဒ ဒဿနတ္ထမ်ိ သတ္တာဘ်ာန်ရ သီမာယ ပရိစ္ဆေဒဒဿနံ ဝိယာတိ အာစရိယာ။ တသ္မာ ဥကၠဋ္ဌပ ပရိစ္ဆေဒါဘာဝေပိ အန္တောနဒိယံ ကမ္မံ ကာတုံ ဝဋ္ဋတိတိ သိဒ္ဓံ ဟူသော ဝဇီရဗုဒ္ဓိဋီကာ(၄၅၈) လာစကား‌နှင့် ညီညွတ်သတည်း။

နဒီ သီမ လက္ခဏ ပုတ္တာဒါနဒီသီမ်၏ လက္ခဏာသို့ ရောက်သော။ ယာကာစိ၊ သော။ နဒီ၊ သည်။ နိမိတ္တာနိ၊ တောင်နိမိတ်အစရှိကုန်သော နိမိတ်တို့ကို (အဋ္ဌကထာဌ်။ အသီမာဝ။ ဗဒ္ဓသီမ် မဟုတ်သည်သာ) ယသ္မာ ဗဒ္ဓသီမ သဒိသာ။ တသ္မာ သဗ္ဗဒေမတ္ထ သံဟာ ကမ္မံ ကာတုံ ဝဋ္ဋတိ။ အဋ္ဌကထာ(၃၊၃၃၆) ဌ် တဿယတ္ထကေ ပဒေသ ဝဿာနံ စာတုမာသေ ဥဒကံ တိဋ္ဌတိ ဟုမ်ှန်အပ် လတ္တံ့သောစကား‌ကို ရှုမြင်၍ ဤဥဒကေန ပူရိတော တိဋ္ဌတိစကား‌ဌ် "စာတုမာသံ၊ မိုး‌လေး‌လပတ်လုံး။ တ်ဋ္ဌတိ၊ တည်၏။" ဟု အနက်ပေး ပုရိသသ၊၏။ ဥဒကုက္ခေပေနဌ် သာ ၏။ သမန္တတောဌ်ကား မစပ်ဂဠုံ။ သမန္တတော၏ သမ္မန်ကား သံဃာကံဆောင်မူ သံဃသ တည်း။ ဂိုဏ်း‌ကံဆောင်မူ ဂဏသ တည်း။ ပုဂ္ဂိုလ်ကံဆောင်မူ ပုဂ္ဂလသတည်း။

ယထာ အာကွမုတ္တာ အစရှိသောစကား‌ဌ် အံစာကို ပက်လက်ပစ်သော် လက်တစ်ဖက်ဌ်ထား၍ ရွှေသို့ပစ်ခြင်း‌ကိုသာ ဥပမာဆောင်သတည်း။အား‌ကုန်သဲ၍ ပစ်ခြင်း‌ကို့ကား ဥပမာမဆောင်၊ဥပမေယျဌ် လက်တစ်ဖက်ကို ပက်လက်လှန်ချောင်း‌ခြင်း စွေစပ်အောင်ထား၍ ရေသဲဆည်ပြီး‌သွင် အား‌ကုန်ရွှေသို့ ပစ်ခြင်းတည်း။ ထို စကား‌ဆိုသင့်စ့။ အံစာကို အား‌ကုန်မပစ်လေ။

နာတိဒီဃာ ဟောတိ ကို‌ဆင့်၍ ပဘဝတော စသည်ဖြင့် ဖွင့်သတည်း။ ဝဇီရဗုဒ္ဓိဋီကာ အဋ္ဌကထာဌ် "ယံ မဇ္ဈိမဿပုရိသဿ" အစရှိသည်ဖြင့် မိန့်သည်ကို‌ရှု၍ သံဃာန့ဉ်း အနိုး‌အပါး ကဲ့ ဆောင်သောအရာမဟုတ်သည်ကို သိတော်မူသောကြောင့် "ဥဒကုက္ခေပေနဌ် သာ ၏။ သမန္တတောဌ်ကား မစပ်ဂဠုံ။ သမန္တတော၏ သမ္မန်ကား သံဃာကံဆောင်မူ သံဃသ တည်း။ ဂိုဏ်း‌ကံဆောင်မူ ဂဏသ တည်း။ ပုဂ္ဂိုလ်ကံဆောင်မူ ပုဂ္ဂလသတည်း။ ယထာ အာကွမုတ္တာ အစရှိသောစကား‌ဌ် အံစာကို ပက်လက်ပစ်သော် လက်တစ်ဖက်ဌ်ထား၍ ရွှေသို့ပစ်ခြင်း‌ကိုသာ ဥပမာဆောင်သတည်း။အား‌ကုန်သဲ၍ ပစ်ခြင်း‌ကို့ကား ဥပမာမဆောင်၊ဥပမေယျဌ် လက်တစ်ဖက်ကို ပက်လက်လှန်ချောင်း‌ခြင်း စွေစပ်အောင်ထား၍ ရေသဲဆည်ပြီး‌သွင် အား‌ကုန်ရွှေသို့ ပစ်ခြင်းတည်း။ ထို စကား‌ဆိုသင့်စ့။ အံစာကို အား‌ကုန်မပစ်လေ။

နာတိဒီဃာ ဟောတိ ကို‌ဆင့်၍ ပဘဝတော စသည်ဖြင့် ဖွင့်သတည်း။ ဝဇီရဗုဒ္ဓိဋီကာ အဋ္ဌကထာဌ် "ယံ မဇ္ဈိမဿပုရိသဿ" အစရှိသည်ဖြင့် မိန့်သည်ကို‌ရှု၍ သံဃာန့ဉ်း အနိုး‌အပါး ကဲ့ ဆောင်သောအရာမဟုတ်သည်ကို သိတော်မူသောကြောင့် "ဥဒကုက္ခေပေနဌ် သာ ၏။ သမန္တတောဌ်ကား မစပ်ဂဠုံ။ သမန္တတော၏ သမ္မန်ကား သံဃာကံဆောင်မူ သံဃသ တည်း။ ဂိုဏ်း‌ကံဆောင်မူ ဂဏသ တည်း။ ပုဂ္ဂိုလ်ကံဆောင်မူ ပုဂ္ဂလသတည်း။

တဿ ပဘဝတောပဌာယ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ-ဟု ဒုတိယ တိ-အက္ခရာ ကင်းလျက် စာအများရှိ၏။ ပဋိက္ခိတ္တံ-ဟု မိန့်တိုင်း ပဋိက္ခိပနာကာရသည် ဤမှာမှဆုံးသောကြောင့် ဒုတိယ တိ- အက္ခရာနှင့်တကွသာလျှင် ဝဋ္ဋတိတိ ဟုရှိရမည်။

နဂဋ္ဌတိတိ မဟာအဋ္ဌကထာယံ ဝုတ္တံ။ ဟိ ယသ္မာ သိမာ။ တသ္မာစ, ယသ္မာ အာနုသာဝနံ့ ဟောတိ။ တသ္မာ စ နံ့ဝဋ္ဋတိ။ တသ္မာ အဝဋ္ဋနတော နာဝံ ။ပ။ ကာတဗ္ဗံ။

အညိဿာ ဆစရှိသော စကားဌ် ရှေးအညိဿာအရ ဥဒကုက္ခေပသိမ်-တပါး၊ နောက်အညိဿာအရ ဥပကုက္ခေပသိမ် တခြားတည်း။ ဝိမတိဝိနောဒနီဋီကာ (၂၊ ၁၆၃) ဆရာမူကား "ဥဒကုက္ခေပသိမ်မှတပါး သက်သက်နှံဒီသိမ်လည်းရှိ၏။" ဟု နှုလုံးသွင်းရင်း ရှိသည်အလျောက် အညိဿာ အနုသာ-ဝနာတိ ကေဝလာယ နဒီသိမာယဟု-မိန့်၏။

ရုက္ခဿ၊မြစ်တွင်း ဥဒကုက္ခေပသိမ်တွင်းဌ် ပေါက်သော သစ်ပင်၏။ဗဟိနံ့ဒီ-တီရေ၊ မြစ်မှအပဖြစ်သော မြစ်ကမ်းဌ်။ သိမံ၊ ဝိဟာရသိမ်ကို။ ဆဏ္ဍိတ္ဝာ၊ ၍။ တဿ ရုက္ခဿ၊ ၏။ ဗဟိ၊ မြစ်မှ အပဌ်။ ပတိဋ္ဌိတ ဘာဝေါဝါ၊ကိုလည်း။ နံ့ဝ-သောတပ္ပေါ၊ ၏။

မြစ်မှ အပဌ်တည်သည်၏အဖြစ်ကို မြစ်နှင့် ဝိဟာရသိမ်၊ မစပ်ရအောင် ဖြတ်သဖြင့် ဖျက်ဆီးရမည် ဟူလိုသတည်း။ ဆိန်ဒိတ္ဝာ ကား နဝသေတပ္ပေါ၏ အဘိန္နေ ဝိသေသနံ့တည်း။ ထိုစကားမှန်၏။ ဖြတ်ခြင်းသည်ပင် ဖျက်ဆီးခြင်း ဟုတည်း။

နံ့ဒီ နိမိတ္တေ ယဿာဓမ္မိကာနန္တိ အာဒိနာ၊ ဖြင့်။ ဝုတ္တ ပကာရေ၊ သော။

အတိ ဝုဋ္ဌိကာလေ စသည်ဌ် လခွဲ တစ်ကြိမ် ဆယ်ရက်တစ်ကြိမ် ၎င်း ရက် တစ်ကြိမ်ထက်လွန်၍ မိုးရွာဆုကာလသည် အတိဒုဋ္ဌိကာလ့တည်း။ ဤ အတိဝုဋ္ဌိကာလဌ် ကုန်းကျသော်လည်း မိုးလွန်ဆဉ်နှင့်ရေမပြတ်မစဲ။

အာဝရဏံ၊ သစ်သားဆည်ကို။ ဝိနိဗ္ဗဇ္ဈိတ္ဝာ ဝါ၊ သစ်သားအကြား အကြား ကို ဖောက်ထွင်း၍လည်း။အာဝရဏေန ဝါ၊ သစ်သားဆည်ဖြင့်လည်းကောင်း။ ကောဋ္ဌကမန္ဓနေနဝါ၊ ကျောက်တန်း ပဲ့သဖြင့်လည်းကောင်း။ ဝါ၊ ဓနျောက်ဆည်ဖြင့်လည်းကောင်း။

ကုဋ္ဌီတပ္ပေါ ဆိန္ဒိတဒပ္ပါတိ ကောဋ္ဌကောဟ္ဟု ဝစနတ္ထပ္ပြ၍ကျောက်ကို ကောဋ္ဌက”ဟု ယူအပ်၏။ သြမသဝါဒ သိက္ခာပုဒ်၌ကျောက်ဆစ်သမားသည် ကောဋ္ဌက မည်၏။ အထူဒွာန အလျောက်မှတ်အပ်၏။

ဖောက်၍သွားထု ဆည်နှားရေသည် ရေမစီး ရေအိုင်၍ မအပ်သောကြောင့် သပ္ပတ္ထ ပဝတ္တနဒ္ဒါနေ အစရှိသော စကားကို မိန့်ဘာတည်း။ (ပဝတ္တနဒ္ဒါနေစ ပဒ္ဒဝယစ–ဟု စသဒ္ဒါကိုယှဉ်) “ဒေဝေ၊ သည်။ အဝဿန္တေဝါ၊ မိုးခါင်းသည် ဖြစ်၍ မိုးကာလ၌ မိုးမရွာသော် လည်းကောင်း” ဤသို့အနက်ပေး။ ဒုဗ္ဘဋ္ဌိ ကာလေဝါ–ဟု မိန့်လတ္တံ့ သည်ကို ရှု။

ဒုဗ္ဘဋ္ဌိတိစ အဝဿနံဝါ အတိဝဿနံဝါ ဟူ၍ ဝိသုဒ္ဓိမဂ် ဋီကာ(၂၊၂၂၀) သစ္စနိဒ္ဒေသဝဏ္ဏနာ-လာ ဒုဗ္ဘဋ္ဌိနှစ်ပါးတို့ဝဲ အဝဿနကို သာဒုဗ္ဘဋ္ဌိဟု ဤအထူ၌ မှတ်အပ်၏။

ဟေမန္တိကမေ့သုံဝါ၊ မိုးကောင်းသောနှစ်၌ ဆောင်းကာလ, မန္ဒကာလတို့၌ လည်းကောင်း။ သုက္ခနဒီယာပိ၊ ၌လည်း။ ဝဋ္ဋတိ၊ ၏။

အဋ္ဌကထာ၌ ဒေဝေ အဝဿန္တေ-ဟု သာမညအားဖြင့်ဆာ မိန့်သောကြောင့် မိုးမျှသည်ဖြစ်၍ ရေစီးလတ္တံ့ဖြစ်ခဲ့သော် နှစ်နှစ် သုံးနှစ်စသော နှစ်၌ ဥတုသုံးပါး၌ ရေခြောက်သော်လည်း အပ်၏ဟု ယူရန်ရှိသတည်း။

ဝိဟာရသီမံ၊ ဝိဟာရဗဒ္ဓမဟာသီမ်ကို။ ဝစ္စုနဥဒကံဝါ၊ တိုးပွားသောရေသည်လည်းကောင်း။ ဝါ။ ဒီရောသည်လည်းကောင်း။ ။ထောသု၊ လေ့ကြမ်းတို့၌၊ ဝိနိစ္ဆယော၊ ကံပြုရာသောအဆုံးအဖြတ်ကို။ နဒီယံ၊ ၌။ သစေ နသက္ကောန္တိတိ အာဒိနာ၊ ဖြင့်။ ဝုတ္တနယေနေဝ၊ သာလျှင်။ ဝေဒိတဗ္ဗော၊ ၏။

သောဟိအစရှိသည်၌ တံငါသည်တို့ ထိုနေသွား၍ ထိုးနှက်ပြန်နိုင်ရာ ဖြစ်သော ခရီး၏အတွင်း၌ တည်သောကြောင့် ဂါမသိမ် အရေအတွက်သို့ သာရောက်သတည်းဟု မှတ်အပ်၏။ ဤသို့သော ခရီးမှအပ ဖြစ်မူကား အရညသိမ်မည်သတည်း။ ဤ သောဟိ–အစရှိသော စကားသည် ဟိတ်ကူတည်း။ ထို့ကြောင့် ယသ္မာ တံ ကဒါစိ ဥမိယော အာဂန္တွာ သြတ္ထရန္တိ။ တသ္မာစ, ဟိယသ္မာ ဂစ္ဆတိ ထသ္မာ စ တတ္ထ ကမ္မံ ကာတုံ နသက္ကတိ။ သမုဒ္ဒေ ဒီပကောဝါ-ဟု သမုဒ္ဒေပုဒ်ကို အလိုက်ခံ၍ အနက်ပေး။

တတ္ထ၊ ထိုတံငါသည်တို့သူ့းရာ ခရိုးအတွင်း ကျကုန်သော ကျန်းငယ် အစရှိသည်တို့၌။ တတ္ထဌိတေဟိပိ။ ဗန္ဓအင်္ဂကေဌိတေဟိကာတုံ ဝဋ္ဋတိ။ နဒိယံ သစေ နသက္ကောန္တိတိ အာဒိနာ ဝုတ္တ သဒိသောဝ ဝိနိစ္ဆယော။

၁၄၈။ သစေဟိ ပေါရာဏာသု-စသော စကား သည် ဝိတ္ထာရ စကားတည်း။ ကိတ္တေတ္တာ ဗဒ္ဓါ သစေဟောတိ။ သစေ ၄ နှစ်တို့။ ဇေဝံ သန္တေသု။

သစေ ပထမတရံ ကဏ္ဍသ-အစရှိသော အဋ္ဌကထာစကား၌ အနိုးအပါး ယှဉ်စပ်ခါ ကျောင်းတိုက်နှစ်ခုရှိသည်တွင် ရှေးဦးစွာ တည်ထောင်အပ်သော ကျောင်းတိုက်၌ သိမ်မသမုတ်မီ နောက်မှ တည်ထောင်အပ်သော ကျောင်းတိုက်၌ ရှေးဦးစွာ သိမ်သမုတ်ခဲ့သည်ရှိသော် ရှေးဦးစွာ တည်ထောင်အပ်သော ကျောင်းတိုက်၌ နောင်သောအခါ သိမ်သမုတ်ရာနေရာကို ချန်လှပ်ထားရမည် ဟုလိုသတည်း။

ကိဋ္ဌာပံ ဟောတိ။ ပန တထာပိ သော ကေရဟော ဝဟ္ဟန္တော ယ သ္မ သိမာသင်္ကံရံ ကရောတိ။ တသ္မာ နကာတဗ္ဗော။

သိမာသင်္ကံရံ ကရောတိအဖွင့် တရားသင်္ကန်ဦးကာ စိမတိဝိနောဒနီဋီကာ နှစ်ဆောင်ဝါဒကဲ့ပြားရှိသည်ဟုဆို ခဏ္ဍ-ကပေါက်သော ပညောင်ပင်၏ သစ်ခက် မြစ်ပျဉ်း မဟာဂိမ်ဋ္ဌ ဓာတ်သောအရာကို ရှု၍ တရားသင်္ကန်ဦးကာဖွင့် တိုင်းသာ သင့်သတည်း။

အန္တော နဒိယံ ဗဒ္ဓအင်္ဂကေပိ အန္တော နဒိယံ ဇာတမဂ္ဂေပိဌိတေဟိ ကာတုံ ပဋ္ဌတိ။ သစေ ပန ရုက္ခာသ သာခါဝါ တတော နိက္ခန္တပါရောဟော ဝါ ဗဟိ နဒီတိရေ ဝိဟာရသီမာယ ဝါ ဂါမသီမာယ ဝါ ပတိဋ္ဌိတော၊ သိမံ ဝါ သောဓေတ္ဝာ သာခံ ဝါ ဆိန္ဒိတ္ဝာ ကမ္မံ ကာတဗ္ဗံ။ ဗဟိ နဒီတိရေ ဇာတရုက္ခာသာ အန္တော နဒိယံ ပဝိဋ္ဌ သာခါယ ဝါ ပါရောဟေ ဝါ နာဝံဗန္ဓိတ္ဝာ ကမ္မံ ကာတုံ နဝဋ္ဋတိ။ ကရောန္တေဟိ သိမာဝါ သောဓေတဗ္ဗာ။ ဆိန္ဒိတ္ဝာ ဝါဿ ဗဟိ ပတိဋ္ဌိတ ဘာဝေါ နာသေတဗ္ဗော။ နဒိတိရေ ပန ခါဏုကံ ကောဋ္ဋေတ္ဝာ တဿ ဗုဒ္ဓိနာဝါယ နဝဋ္ဋတိယေဝ။ နဒိယံ သေတုံ ကရောန္တိ သစေ အန္တောနဒိယံ ယေဝ ဝါ သေတုံ ဝါ သေဟုပါဒါ ဝါ သေတုမိဋ္ဌိတေဟိကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေ ပန သေတု ဝါ သေတုပါဒါဝါ ဗဟိတိရေ ပတိဋ္ဌိတာ ကမ္မံကာတုံ နဋ္ဌတိ။ သိမံ သောဓေတ္ဝာ ကာတဗ္ဗံ အထ သေတုပါဒါ အန္တော သေတု ပန ဥတ္တိဏ္ဏမိဋ္ဌိ တိရောနံ ဥပရိ အာကာသေ ဌိတော ဝဋ္ဋတိ။ (အဋ္ဌကထာ-ဂိ၊ ၆၊ ၃၁၇)

အယံပနေတ္ထ ဝိဘောသော-နဒီယံ ကထေန္တောနံ ဥဒကုက္ခေပတော ဗဟိရကွာ ဒိ သမ္မန္နော အပ္ပမာဏံ။ ဂါဇမ ကထေန္တောနံ နဒီယံ သမ္မန္နရကွာဿ ဥဒကုက္ခေပတော ဗဟိဋ္ဌတဘိက္ခု အပ္ပမာဏံ တတော ဩရံပမာဏံ။ဗဒ္ဓသီမာယ သမ္မန္ရ ရကွာဿ ဗဒ္ဓသီမာယ ဋ္ဌတဘိက္ခုပမာဏန္တိ ဝေဒိတဗ္ဗံ။ တေနေဝ ဝုတ္တံ သီမံ သောဓေတွာ ကမ္မံကာ တဗ္ဗန္တိ။ (ဝင်ရဗုဒ္ဓိဋီကာ၊၄၆၀)။ တတော ဩရံပမာဏံ ဟူသော ဝင်ရဗုဒ္ဓိဋီကာ-စကားသည်သစေပန သေတုဝါ သေတုပါဒါဝါ ဗဟိတိရေ ပတ်ဋ္ဌိတာ ကမ္မံ ကာတုံ နဝဋ္ဌတိဟူသောအဋ္ဌကထာနှင့် ညီညွတ်သတည်း။ ညီညွတ်ပုံကား-အဋ္ဌကထာ၌ သစေပန သေတုဝါ အစရှိသောစကားဖြင့် ဥဒကုက္ခေပသိမ်တွင်းကျသော တံဘားနှင့်တံတားခြေမြစ်မှ အပဖြစ်သော ကမ်းတည်းဟူသောဂါမ၌ တည်သည်နှင့် သိမသင်္ကေ-ဖြစ်သောကြောင့် ကံပြုခြင်းငှာ မသင့် ဟူသောအဓိပ္ပာယ်ကို ပြသတည်း။ ဤသို့ပြသည်ကို နှလုံးပိုက်၍ ဝင်ရဗုဒ္ဓိဋီကာ၌။ " တတော ဩရံ ပမာဏံ ဟူသောစကားကို မိန့်သတည်း။ ထိုစကားမှန်၏။ ဝင်ရဗုဒ္ဓိဋီကာစကား၌ တတော၊ ထိုမြစ်၌ ကံဆောင်ကုန်သောရဟန်တို့၏ ရေတစ်ကျနှင့် ရွာ၌ကံဆောင်ကုန်သော ရဟန်းတို့၏မြစ်ဥဒကုက္ခေပတွင်း၌ စပ်သောသစ်ပင်၏ရေတစ်ကျမှ။ဩရံ၊ ဆတွင်းသည်။ ပမာဏံ၊ ပမာဏတည်း" ဟု အနက်ပေးရသတည်း။ ပမာဏဖြစ်၍ သုတ်သင်ရမည်ဟူလိုသတည်း။ ဤသို့ အဋ္ဌကထာဋီကာ အညီအညွတ်လာရှိသောကြောင့် ဥဒကုက္ခေပသိမ်တွင်း၌ ပေါက်ရောက်သောသစ်ပင်၏ သစ်ခက်မြစ်ပျဉ်းသည် မြစ်မှအပမြစ်ကမ်း၌ ဂါမသိမ်, ဝိဟာရသိမ်,၌ တည်ဿဝဲ လည်းကောင်း မြစ်မှအပဖြစ်သော ကမ်း၌ပေါက်ရောက်သော သစ်ပင်၏ သစ်ကိုမြစ်ပျဉ်းသည် ဥဒကုက္ခေပသိမ်တွင်း၌ တည်လာသော် လည်းကောင်း၊ ဂါမခေတ်နှင့် စပ်သောတံတားသည် ဥဒကုက္ခေပသိမ်တွင်း၌ တည်လာသော် လည်းကောင်း ဥဒကုက္ခေပသိမ်၌ ကံပြုခြင်းငှာ တည်နေကုန်သော ရဟန်းတို့နှင့် ထိခိုက်သည်ဖြစ်စေ, မထိခိုက်သည်ဖြစ်စေ ဂါမသိမ်, ဝိဟာရသိမ်၌ ရဟန်းရှိသည်ဖြစ်အံ့ ဥဒကုက္ခေပသိမ်၌ ကံပြုခြင်းငှာမအပ်။ ကံပြုလိုခဲ့သည်ရှိသော် ဂါမသိမ်, ဝိဟာရသိမ်၌ တည်နေကုန်သော ရဟန်းတို့ကို သုတ်သင်၍ သော်လည်းကောင်း ဂါမသိမ်, ဝိဟာရသိမ်နှင့် မစပ်ရလေအောင် သစ်ခက်မြစ်ပျဉ်းတို့ကိုဖြတ်၍သော်လည်းကောင်း ဂါမခေတ်နှင့်စပ်သော တံတားခြေတို့ကို ဖြုတ်၍သော်လည်းကောင်း ကံပြုရမည်။

သံခိုရ်ကျန်း၌ ဝိဝါဒါဓိကရဏ်းကြီးမားစွာ ဖြစ်ရာဖြစ်ကြောင်း ဖြစ်သောသိမ်၏ အတ္ထုပ္ပတ္တိကား ဤသို့တည်း။ သံခိုရ်ကျန်း ကလျာဏီမြစ်၌ ဤမှာဖက် ကမ်းထိုမှာဖက်ကမ်း ထုတ်ခြင်းပေါက် လူ, ဆင်, မြင်း, ကျွဲ, နွားအခါခပ်သိမ်း

ကူးသန်းသွားလာရာ တံဘားကြီးရှိသတတ်။ ကလျာဏီမြစ်၌ထိုတံဘားကြီးမှ ရေတက္ကအတွင်း၌ တံဘားကြီးနှင့် မစပ်သော ဥပုသ်အိမ်ရှိသတတ်။ ကပြုလို သောအခါ အခိုက်အတန့်ဖြစ်သော တံတားငယ် အစ္စန်း တစ်ဖက်ကို တံတားကြီး၌ထားပြီးလျှင် တံတားငယ်အစ္စန်းတဖက်ကို ဥပုသ်အိမ်၌ ထား၍ကူးသွားကြပြီးလျှင် ဥပုသ်အိမ်ဆိုရောက်သောကာလ၌ တံတားကြီးနှင့် ဥပုသ်အိမ်မစပ်ရအောင် တံတားငယ်ကို ရုပ်သိမ်း၍ ဥပုသ်အိမ်၌တင်ထားပြီးလျှင် ကံပြုကြကုန်ဘိသတတ်။ ဤသို့ကံပြုကြသည်ကို ဂါမနှင့်စပ်သော တံတားကြီးမှရေတက္ကအတွင်း၌ ဥပုသ်အိမ်တည်လေသည်နှင့် အချို့သောမထေရ်တို့က မအပ်ဟုဆို ကြကုန်၏။ ဤသို့ရေတက္ကအတွင်း၌ ဥပုသ်အိမ်တည်လေသော်လည်း ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ်သည် အသီးအခြားဖြစ်သည်နှင့် အချို့သောမထေရ်တို့က အပ်၏ဟုဆိုကြကုန်၏။ ဤသို့ကာလမြင့်ရှည် ဝိဝါဒါဓိကရဏ်း ကြီးမားစွာဖြစ်၍ ငါတို့ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ အမရပူရ ရာဇဋ္ဌာနီ မင်းနေပြည်သို့လာ၍ "ဥယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရိနဝ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု"ဟု ရအပ်သော ဘံဆိပ် နာမံတော်ရှိသော ငါတို့စံကျောင်း ဆရာတော်ဘုရား (ဆရာ)ဆရာတော်ဘုရားကြီးက ဤသို့ကံပြုခြင်းသည် မအပ်ဟု ဩဝါဒပေးတော်မူဘိသတည်း။ ဤသို့ ဩဝါဒပေးတော်မူပြီးသည်မှ နောက်ကာလ၌ ဒေဝရေးမရ ဒေသာက်ကျေ အရှိုးရသော တပက္ခဖြစ်ကုန်သော သိဒ္ဓိရ်ကျွန်းသားရဟန်းတို့က တဖက်လှည့် ခင်မကန်ဆရာတော်ထံ လာကုန်၍ အဆုံးအဖြတ်ခံကြကုန်ရာ ခင်မကန်ဆရာတော်က ဤသို့ကံပြုခြင်းသည် အပ်သည်သာတည်းဟု ဩဝါဒပေးတော်မူဘိသတည်း။ ဤသို့ခင်ကန်ဆရာတော်က ဩဝါဒပေးသည်နှင့် သိဒ္ဓိရ်ကျွန်းဝိဝါဒါဓိကရဏ်း သာလွန်၍ မြဲမြံလေသတည်း။ငါတို့မြန်မာနိုင်ငံမှာမူကား သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကို ကျမ်းကန်သဘောသက်သည်နှင့် လည်းကောင်း၊ ဂရုဖြစ်သည်နှင့်လည်းကောင်း နှစ်သက်သော မထေရ်များသတည်း။ခင်မကန်ဆရာတော်ဘုရား၏အဆုံးအဖြတ်ကိုမူကား အချို့သော မထေရ်သာ နှစ်သက်သတည်း။ ဝိနည်းအာရာမှာ ဂရုလဟု နှစ်ပါးရှိမူ-ဂရု၌သာလျှင် တည်မြဲတည်း။ ဤနှစ်ဝါဒတို့တွင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဝါဒသည် အကယ်၍ မသင့်သည်ပင် ဖြစ်စေကာမူ သာသနာတော် ဆုတ်ယုတ်ကြောင်းမဟုတ်ပေ။ခင်မကန် ဆရာတော်ဘုရားကြီး ဝါဒသည်ကား အကယ်၍ မသင့်ခဲ့မူ သာသနာတော် ဆုတ်ယုတ်ကြောင်း ဖြစ်ချေသတည်း။ သာသနာပိုင် ဆရာတော် ခင်မကန်ဆရာတော် နှစ်ပါး ကွယ်လွန်တော်မူသည်နောက် ကာလ၌ ဧရာကျင်းဆရာတော်ဆံ သိဒ္ဓိရ်ရဟန်းတို့

အဆုံးအဖြတ်ခံလာ ပြန်သောအခါ ရွှေကျင် ဆရာတော်က သာသနာပိုင် ဆရာတော်နှင့် ထပ်တူပင် ဆုံးဖြတ် ဩဝါဒပေးပြန်သတည်း။ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ သိမ်အဆုံးအဖြတ် ခင်မကန်ဆရာတော် ဘုရားကြီး၏ သိမ်အဆုံးအဖြတ် ဤအဆုံးအဖြတ် နှစ်စောင်ကို ရေးကူးပြီး ငါတို့မှာ လက်ကိုင်ရှိသတည်း။

ဂါမာသိမာဒီကထာ နိဋ္ဌိတာ

ဥပေါသထ ဘေဒါဒိကထာ

အင်္ဂကထာ၌ ယံကိဉ္စိ ပကိဏ္ဏကဟူသည်နှင့်အညီ အာကပ္ပိယကုဋိဉ်ဆေး ထားအပ်ကုန်သော ထောပတ်အစရှိသည်တို့ဉ် အမှတ်မရှိဖသော ယာဝကာလိက, ယာမကာလိကကိုထည့်လျှင်ပင် မုခသန္နိဓိဖြစ်သတည်း။ စားမှု ခံတွင်းသို့သွင်းမှု မုခသန္နိဓိဖြစ်သည်မဟုတ်။ ထို့ကြောင့် ငဇိရာဒုဒ္ဒိကာလစားကို စဉ်းစားရန်ရှိသတည်း။ ဝိမတ်ဝိနောဒနီဋီကာ၌ မုခသန္နိဓိတိ အန္တော သန္နိဟိတဒေါသော ဟိ မုခပဝေသန နိမိတ္တံ အာပတ္တိ ကရောတီန အာညထာ။ တသ္မာ မုခသန္နိဓိတိ ဝုတ္တောဟု မိန့်အပ်၏။ ဝိမတိဝိနောဒနီဋီကာ ဆရာ၏ အလိုအားဖြင့်လည်း မုခသဒ္ဒါသည် ခံတွင်းဟောပင်တည်း။ "အန္တော သန္နိဟိတဒေါသော။ အာကပ္ပိယကုဋိ၏အတွင်း၌ သိုမှီးခြင်းတည်းဟူသော အဖြစ်သည်။ မုခပဝေသနနိမိတ္တံ၊ ခံတွင်းသို့သွင်းခြင်းလျှင် အကြောင်းရှိသော။ အာပတ္တိံ၊ကို။ ကရောတိ၊၏။" ဝိမတိဝိနောဒနီဋီကာဆရာ၏ အလိုအားဖြင့် ယာဝကာလိက, ယာမကာလိကကို ခံတွင်း၌ သိုမှီးခြင်းသည် မုချအားဖြင့် မုခသန္နိဓိမည်ရ၏တည်း။ ထိုသို့ ယာဝကာလိက,ယာမကာလိကကို ခံတွင်း၌သိုမှီးခြင်း၏ မုခသမ်္ဓိဟူသော အမည်ကို အာကပ္ပိယကုဋိ၏အဘွင်း၌ ယာကာလိက,ယာမကာလိကကို သိုမှီးခြင်းဟူသော အဖြစ်၌တင်စား၍ အာကပ္ပိယကုဋိ၏အတွင်း၌ ယာဝကာလိက,ယာမကာလိကကို သိုမှီးခြင်းကို ဖလူပစာရအားဖြင့် မုခသန္နိဓိဟုဆိုအပ်သတည်း။ အဧပ္ပါယ်မှာ ဆိုရန်မရှိ သင့်ပါပေ၏။ ဤသို့ပင် သင့်ရေ ငြားသော်လည်း ဆိုအပ်ပြီးသော ဝဇီရဗုဒ္ဓိဋီကာစကားကို ပယ်ရှားကြောင်းဖြစ်သော အကြောင်းစကားကြောင့်ပင် ဂိမတိဝိနောဒနီဋီကာလာစကားကိုလည်း စဉ်းစားရန်ပင် ရှိသတည်း။

သဗ္ဗသံသဂ္ဂါနဝနီတာအစရှိကုန်သော အလုံးစုံကုန်သော သတ္တာဟကာလိက်ကိုနှင့် ယာဝဇီဝကအာရွက်ရောနှောခြင်းတို့ကို။

ယာဉသာဝနန္တိကာ ကုဋိထမ္ဘာနံဉပရိ ဝါ ဘိတ္တိပါဒေနိခဏိတ္ဝာ ဝါ ယသ္မာ ကတာ။တသ္မာ သာ ဉသံဝနန္တိကာကုဋိသဗ္ဗေသု။ပ။ ဟောတိ။ ။ပရိဝတ္တေန္တိ၊ လှည့်လည်ကုန်အံ့။ပရိဝတ္တိတေသု၊တခုကိုနှုတ်၍ စာခုကိုလဲသဖြင့် လှည့်လည်အပ်ကုန်သည်။သန္တေသု၊သော်။ဝိနာသိတကာလေ၊အလုံးစုံကုန်သော အုဋ်ကျောက်မြေစိုင်တို့ကို ဖျက်ဆီးအပ်ထုအခါ၌။

သဗ္ဗသု ထမ္ဘေသုစသည်ဖြင့် ဆိုအပ်ပြီးသောစကားကိုရှု၍ ဤသို့ဝိသေသအနက်ပေးသတည်း။

ယေ ဟိ ပန ဤဋ္ဌကာဒီဟိအစရှိသောစကား၌ ကပ္ပိယကုဋိ ကရေးမဟုဆို၍ ဆောက်တည်၍ ချအပ်ကုန်သော အုဋ်အစရှိသည်တို့ကို ပယ်အပ်ကုန်သော်

လည်း ထိုမှတပါးကုန်သော အုဋ္ဌအစရှိသည်တို့သည် တည်ကုန်သေးသည်ရှိသော် အဇဟိတဝတ္ထုက သည်သာ ဖြစ်သည်ဟူ၍သတည်း။ကုဋ္ဌိကို။ အဝိဋ္ဌတာ၊ကပ္ပိယကုဋီ ကဲ့ရောမဟုဆောက်တည်အပ်၏။

ပုန တသ္မိံ အစရှိသော စကား ဌ၌၊ ဇတ္တုကပ္ပိယ ကုဋီလဒ္ဓံဝတ္ထုတို ဟူသော အဋ္ဌကထာစကား၏အဖွင့်ဖြစ်သော ဝိမတိဝိနောဒနီစကားကို ရှု၍ အဓိပ္ပါယ်သိအပ်၏။

ခဏ္ဍာ၊ထက်ဝက်ထက်လွန်၍ ကျိုးပေါက်ကုန်သည်။သစေဟောတိ၊ အံ့။ ဇဝံသန္တေသုပိ ဧဝံသန္တံတ္တာဒ၊လည်းကောင်း။တတောတတော၊ မှ။ဂါဝေါ၊တို့သည်။ ယသ္မာ၊ကြောင့်။ပဝိသန္တိ၊ကုန်၏။တသ္မာဒ၊ လည်းကောင်း။ပုန၊တဖန်။ဂေါနိသာဒိကာ သခ်ါတာ၊ သော။ ကပ္ပိယကုဋီ၊သည်။ ဟောတို့၊ ဖြစ်ပြန်၏။ ဒွေ၊နှစ်ပါး ကုန်သော ဂဟပတိကုဋ္ဌီ, သမ္မုတိကုဋီတို့သည်။ ။ဝိမတိ ဝိနောဒနီဋီကာ၌ "တိဏပဏ္ဏာဒိဝသပရိတ္တာယကေ၊ မြက်သစ်ရွက်အစရှိသော မိုးရေမိုးပေါက်ကို စောင့်ရှောက်တတ်သော။ ဆဒနေန၊ သည်။ ဝိနဋ္ဌေ၊ သော်။ ဝဿိဟိ၊ ဖြင့်။ ဗဒ္ဓဒဏ္ဍေသု၊ ဖွဲ့အပ်ကုန်သော မြက်တန်တို့သည်"ဟု အနုက်ဆေး။ပက္ခပါသက။ မဏ္ဍလံ၊ ဝမ်းပဲတော်ခေါင်အုပ်သည်။ ပက္ခပါသကသဒ္ဒါသည် "ဒ္ဝိန္နံပက္ခါနံ ဘာဝေါ ပက္ခပါသကော"ဟု အဘိဓာန်ဋီကာ ပုရဝဂ်အဖွင့်(၂၂၃)၌ မိန့်အပ်သည်နှင့်အညီ ဝမ်းပဲတော်သည် နှစ်ဦးကုန်သော အတောင်နှင့် တူကုန်သော အမိုးတို့ကို မဒလျာမကျစေခြင်းငှာ ဖွဲ့တတ်သော ကြောင့်ကျေးကွင်းနှင့်တူရကား ပက္ခပါသကမည်သတည်း။ မဏ္ဍလသဒ္ဒါသည် မဏ္ဍလံ ဂါမသဒ္ဒေဟေ၊ ဇိမ္မေပရိဓိရာသိသုဟု အဘိဓာန်အနေကတ္ထဂဂ်ဂါထဒ္ဒ(၉၉၃)၌ မိန့်အပ်သည်နှင့်အညီ ရာသိအနက်ကိုဟောသတည်း။ ခေါင်အုပ်သည် အမိုးနှစ်ခုတို့ကို စုတတ်ဖုံးတတ်သည်၏အဖြစ်ဖြင့် ပိုင်းခြားတတ်သောကြောင့် ရာသိဖြစ်သတည်း။ ထို့ကြောင့် ကွာဒိမောဂ္ဂလာန် (၁၈၂)၌ မဏ္ဍိယကို ပရိစ္ဆေဒကရဏဝသေန ဘူသိယတိတိမဏ္ဍလံ။ သမန္တတောပရိစ္ဆိန္နံ. ဟု မိန့်အပ်၏။ ပရိစ္ဆိန္နံ။ အမိုးနှစ်ခုဘို့ကို စုတတ်ဖုံးတတ်သည်၏အဖြစ်ဖြင့် ပိုင်းခြားတတ်သော ခေါင်အုပ်ကို။ လဗ္ဘတိ၊ ၏။ ဤ ကွာဒိမောဂ္ဂလာန် စကားကို ပေါက်၍ ဤအဆုဋ္ဌ ရာသိကရဏကိုနှုသိဟုဆိုသာတည်းဟု သိအပ်၏၊ ထိုစကားမှန်၏။ ဤအဒုဋ္ဌ ရာသိပဒဋ္ဌကရဏသဒ္ဒါကျသာကည်း။ ဝမ်းပဲတော်ခေါင်အုပ်နှစ်ခုတို့တွင်ဝမ်းပဲတော်ကိုအုန်းလက်ခုသောကျေးငှက်သဏ္ဌာန်အပ်၏ စကြောကျေးငှက်စကား မရအပ်။ ခေါင်းအုပ်ကိုမူကား နှစ်ပါးစုံသော စကျောင်းဋ္ဌာန်အပ်၏ ဇိမတိဝိနောဒနီဋီကာ၌ ပက္ခပါသက မဏ္ဍလန္တိကေသို့

ပဿေ တိဏ္ဏံဂေါပါနသီနံ ဥပရိ ဌိတတိကပဏ္ဏာဒိဆဒနံ ဝုစ္စတိ-ဟုပ္ပင့်၏ တိဏ်ဆိုံအရကား အုတ်ကျောက်သစ်တို့တည်း။ ဥပရိဌိတတိကပဏ္ဏာဒိဆဒနံဟု ဆိုသောကြောင့် သစ်သားဖြင့်ပြုပြင်သော ဝမ်းပဲတောင် ခေါင်အုပ်သည်သာလျှင်ပက္ခပါသကမဏ္ဍလမည်သည်မဟုတ်။ ဧင်စစ်မူကား ဝမ်းပဲတောင် ခေါင်အုပ်အရာ၌ ထားအပ်သော ဝါးကပ်သင်္ကယ်ပြစ် အစရှိသည်တို့သည်လည်း ပက္ခပါသကမဏ္ဍလ မည်ကုန်၏မှတ်အပ်၏။ ဤဝိမတိ ဝိဓနာဒနီဋီကာ၌ ဝမ်းပဲတောင်နှင့် ခေါင်အုပ်ကို အခြင်တို့၏ အထက်၌ တည်ခြင်းရေတူသောကြောင့် တဓရုတည်းဖွင့်သတည်း။

အနုပသမ္ပန္နဿ ဒတ္တွာ တဿ သန္တကံ ကတ္တာ ပရိဘုဉ္ဇိတဗ္ဗံ-ဟုမိန့်သောကြောင့် ဤနည်းကိုမှီး၍ အကပ္ပိယကုဋိကို လူသာမဏေတို့အား ပေးသင့်ပေးထိုက်သော လူသာမဏေအားပေး၍ လူသာမဏေက ပြန်၍လှူပြန်သော် ကပ္ပိယဟပတိကုဋိဖြစ်ပြန်၏။ ဟုသိအပ်၏။ ထိုစကားမှန်၏ လူသာမဏေပြန်၍ လှူသော်လည်း ဂဟပတိကုဋိပင်တည်း။ ထို့ကြောင့် အန္ဓကဋ္ဌကထာ၌ ဘိက္ခုံ ဌပေတွာ ဒေသသဟဓမ္မိကာနံ အစရှိသောစကားကို မိန့်အပ်ခဲ့သတည်း။

အနုပသမ္ပန္နဿ အနပေက္ခဘာဝေန ဒတ္တွာ တေန ပုန ဒိန္နံ ပရိဘုဉ္ဇိတဗ္ဗံဟု ဂရုပြုသဖြင့် မိန့်တော်မူမူ၍ အနုသမ္ပန္နဿ ဒတ္တွာ တဿ သန္တကံ ကတ္တာ ပရိဘုဉ္ဇိတဗ္ဗံဟု ဘာဟု ပြုသဖြင့်မိန့်တော်မူသောကြောင့် သာပေက္ခဒါနအပ်သည်ကိုသိအပ်၏။ ထို့ကြောင့်ဝဇီရဗုဒ္ဓိဋီကာ (၄၈၆)၌ တဿသန္တကံ ကတ္တာတိ ဝုတ္တတ္တာ အနပေက္ခ ဝိဿဇ္ဇနံ နာဓိပ္ပေတံ။ စိဝရဝိကပ္ပနေ ဝိယ ကပ္ပိယမတ္တံ ဉာတဗ္ဗန္တိ-ကစိ ဟုမိန့်အပ်၏။ ဝိမတိဝိနောဒနီဋီကာ၌လည်း သာပေက္ခဒါနဥေတ္တ ဝဋ္ဋဘိ။ ပဋိဂ္ဂဟဏံဝိယ နဟောတီတိ ဒဿေတိ ဟုမိန့်အပ်၏။ ဝိနယာလင်္ကာရဋီကာ၌လည်း ဝိမတိဝိနော ဒနိဋ္ဌကာစကားကိုယူ၍ မိန့်အပ်၏။ အနပေက္ခဝိဿဇ္ဇနဖြစ်မှသာ အာကပ်ပျက်သတည်း၊ သာပေက္ခဝိဿဇ္ဇန ဖြစ်ခဲ့မူ အာကပ်မပျက်။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌ ပဋိဂ္ဂဟဏံဝိယ နဟောတိ ဟူ၍ မိန့်သတည်း။

အာကပ္ပိယကုဋိကို လူသာမဏေတို့အား ပေးထုဉ်လည်း ဤသို့ ဋီကာဆရာနှစ်ပါး ဖွင့်အပ်သောနည်းကိုမှီး၍ သာပေက္ခဒါနအပ်သတည်းဟု သိကြကုန်ရာ၏။

လူခဒိဝသေ၊ ဟင်းလျာဖြင့် တင့်တယ်ခြင်းကို ဖြတ်တတ်သောနေ့၌၊ (ဝါ)။ ဟင်းလျာဖြင့် မသိမ်မွေ့သောနေ့၌ (ဝါ)။ ဟင်းလျာမပါသောနေ့၌

ဤသို့အနက်ပေး။ ထို့ကြောင့်ကာဒိမောဂ္ဂလာန်(၃၁)၌။လုနာတို့ဆိုန္ဒတိ သောဘန္တိ လူခေါ်၊ အသိနိဒ္ဓေါ်–ဟု မိန့်အပ်၏။ (၀၂) ဟင်းလျာဖြင့် ခေါင်းပါးရာနေ့၌။ ပမုခေ၊ သဟသေယျံလောက်သော ကျောင်းဦး၌။ ဤသို့အနက်ပေး။ ထို့ကြောင့် သဟသေယျပ္ပဟောနကေ ဟု မိန့်အပ်လတ္တံ့။ ဤကုဋိလေးလုံးအဆုံးအဖြတ်ကို အကျဉ်းသဓ်ပအားဖြင့်သာ ငါစိရင်အပ်သတည်း။ အကျယ်အဆုံးအဖြတ်ကို အလိုရှိမူ ငါတို့ကျေးဇူးရှင် ထိပ်ခေါင်တင် ဖြစ်တော်မူသော စံကျောင်းဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူအပ်သောတစ်အင်္ဂါခွဲခန့် ရှိသော ကုဋိဝိနိစ္ဆယကို ကြည့်ရှုလေကုန်။

လူဖြစ်ကုန်သော သူဘို့သည် ငါတို့နေရာအိမ်သည် သုံးပင်အိမ် လေးပင်အိမ်စသည် ဖြစ်သတည်းဟု သိကြကုန်၏သို့။ ထို့အတူ သာသနာတော်ထမ်းရဟန်းဖြစ်ကုန်သော လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်မှန် ထေရ်မှန်တို့သည် လည်း ကုဋိလေးလုံးကို သိကြကုန်ရာသတည်း။ မသိကြကုန်၍ အာကပ္ပိယကုဋိ၌ နေမိခဲ့ကုန်မူ အန္တောဝုတ္ထ အန္တောပက္ကဒုက္ကဋ်အာပတ် မပြတ်သင့်၍ အပါယ်လေးပါး လားကြကုန်လေသတည်း။

ဤဒုတိယ ဧတဿိ မေတ္ထကဝတ္ထုသို့။ အပ်စ ဝိသောသော မယာ ဂုဏ်ဟော။ ဝိသုံ၊ ဆွမ်းအစရှိသည်မှ အသီးအခြား။ ပရိဘောဂေန၊ သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ်တုမ်ပါ၊ သုံးဆောင်ခြင်းငှာလည်း။ အနုဇာနာဒီ၊ ၏။ (ပိဿဒ္ဓါဖြင့် ဆွမ်းအစရှိသည်တို့နှင့် ရောရှိ၍ သုံးဆောင်ခြင်းကို ပေါင်းသတည်း။)ဤတိပဝါရိတဋ္ဌာနတော၊ မှ။ ဝိညာပနေန ၀၊ တောင်းခြင်းဖြင့် လည်းကောင်း။ အညဋ္ဌာနတော၊ ဤတိပဝါရိတဋ္ဌာနမှတပါးသော ဌာနမှ။ ဘိက္ခာစာရဝတ္တေန ဝါ၊ ဆွမ်းခံခြင်း အကျင့်ဝတ်ဖြင့် လည်းကောင်း။ ပရိယေသိတဗ္ဗံ၊ ၏။

ဤစကားသည် တဖက်ပြ ဧကပဿနည်းတည်း။ ထို့ကြောင့် ဤတိပဝါရိတဌာနတော၀ါကိုထောက်၍ ဒ.ညဋ္ဌာနတော ဟူသော အပါဒါန်ကို သိအပ်၏။ ဘိက္ခာစာရဝတ္တေန၀ါကို ထောက်၍ဝိညာပနေန၀ါဟူသော ကရိဏ်းကိုသိအပ်၏။

ယာစိဘုာပိ၊ ဝဝိဝိညတ်ဖြင့် တောင်း၍လည်း။ ဂဟေတဗ္ဗံ၊ ၏၊ (ဘိက္ခာစာရဝတ္တေန၀ါကိုထောက်၍ ဤသို့ဝိသေသအနက်ပေးသတည်း။) ယတ္ထကေန၊ အကြင်မျှလောက် အတိုင်းအရှည်ရှိသော ရိက္ခာဖြင့်။

ကေဏိယဇဋိလ ဝတ္ထုကထာ

၃၀၀။ ကာဇသတေဟိကို ဂါဟာပေတွာဒ္ဓ စပ်။ ပါနံ၊ ကို။ အပိဝန္တော၊ မသောက်ကုန်သည်။ ဟုတ္တွာ၊ ဖြစ်ကုန်၍(နဥပ္ပါဒယိတ္ထဒ္ဓစင်) [အဖျော်ကို မသောက်ကုန်သဖြင့် ခေါင်ပါးကုန်ယောင် ဆောင်ကုန်၍ ပစ္စည်းလေးပါး ပေါများသည်၏အဖြစ်ဌာ ကျင့်ကြကုန်၏ဟူသော ကဲ့ရဲ့သောစကားကို မပြစ်စေကြကုန်လင့် ဟုလိုသတည်း၊]အာမေဟိဝါ၊ စိမ်းသည်လည်း ဖြစ်ကုန်သော။ ပက္ကေဟိဝါ၊ မှည့်သည်လည်းဖြစ်ကုန်သော။ အမ္မေဟိ၊ သရက်သီးတို့ဖြင့်။

မီးဖြင့်ကင်အပ် ချက်ပြုတ်အပ်ကုန်သော သရက်သီးစိမ်းတို့ဖြင့် ပြုလုပ်ခြင်းငှာ မအပ်သောကြောင့် ဥဒကေ ပက္ခိပ်တွာ အာတပေ အာဒိစ္စပါကေန ပစိတ္တာ ဟူသောစကားကို မိန့်သတည်း။ ယာဝဇီဝကုဂ္ဂမနာ၊ သည်။

အနဘိဝိဓိ အာဝမ်တည်း။ ထို့ကြောင့် အရက်ကိုချန်၍ အရက်ကိုစီးမှိုးပြု၍ အာရက်မတက်မီနေ့ကိုသာ ပစ္ဆာဘတ္တံအရ ယူအပ်၏။

ပန၊ အထူးကိုဆိုဦးအံ့။ ဓာသုသဗ္ဗပါနေသု၊ တို့တွင်။ အဋ္ဌကဒလိဖလေဟိ၊ အစေ့ရှိကုန်သော ဓာဝဂ်ကျေးသီးတို့ဖြင့်။ ကဒလိဖလေဟိ၊ အိမ်ဂ်က်ပျော သီးတို့ဖြင့်။

မဓုကပါနန္တိ မဓုကာနံ ဇာတိရသေန ကတပါနံ ဟူသောစကားရပ်၌။မဓုကပါနန္တိ မုဒ္ဒိကာနံဟု မရှိသင့်။ မဓုကပါနန္တိ မဓုကာနံဟူ၍သာ ရှိရမည်း မဓုကောတု မဓုဒ္ဒုမော ဟူ၍ အဘိဓာန်အရညဝဂ်(၅၅၄)လာသည်နှင့်အညီ သစ်မည်စည်ပင်သည် မဓုကမည်၏။ ဇာတိရသဟူသည် ဓရနှင့်မနယ် သက်သက်သစ်မည်စည်သီးမှ ဖြစ်တိုင်းသော ပကတိအရည်တည်း။ သစ်မည်စည်ပင်ကား အရပ်ထက်ဝန်းကျင်မှာပင်ရှိ၏။

မုဒ္ဒိကပါနန္တိ မုဒ္ဒိကာဥဒကေန မဒ္ဒိတွာ အမ္မပါနံဝိယ ကတပါနံ ဟူသောစကားရပ်၌ မုဒ္ဒိကာသု မဓုရသာဟူ၍ အဘိဓာန်အရညဝဂ်(၅၈၇)လာသည်နှင့်အညီ မုဒရက်ပင်သည် မုဒ္ဒိကမည်၏၊ ထိုသစ်ပင်ကား စစ်ကိုင်းမြို့ မင်းကွန်းဥယျာဉ်တော်မှာ ရှိ၏။ အသီးကား ထန်းသီးလောက်မကြီး စလယ်တောင်းခန့်မျှ ထန်းသီး သဏ္ဌာန်ရှိ၏။

၁။ ဤစကားရပ်မှစ၍ ဆုဇဝတ္ထုတိုင်အောင် ဒေတ္တင်းရိစကားရပ်တို့၏ အမှာအထားကို အောက်ခြေမှတ်ချက်ဖြင့် ရေးလတ္တံ့၊

သာလူကပါနန္တိရတ္တုပ္ပလနီလုပ္ပလာဒီနံ သာလူကေ မဒ္ဒိတ္ဝာ ကတပါနံဟူသော စကားရပ်၌ သာလူကဟူသည် ကန္ဒောသာလူကမူစတေ ဟူ၍ အဘိဓာန်အရည်-ဝဂ်(၆၈၈)လာသည်နှင့်အညီ ကြာစွယ်ကြာညှောက်သည် သာလူကမည်၏။ ဝိနယဝိနိစ္ဆယဋီကာ(၂၊၂၂၇)နှာ ၌်ကား သာလူကံ ကုမုဒုပ္ပလာနံ ဖလရသံဟု ဖွင့်ဘိ၏။ အဘိဓာန်, သဒ္ဒ၏ကျမ်းတို့နှင့် မညီလေ။ ထိုပုဒ်ကား။ ပါဠိယံအဋ္ဌ-ကထာယ စ သာလူကသဒ္ဒဿ ဒီဃဝေသနံ သံယောဇနသတေဟာ ဟူ၍ ဝိနယဝိနိစ္ဆယဋီကာ(၂၊၂၂၈နှာ)လာသည်နှင့်အညီ ဦ-ဒီဃနှင့် သာလူကအမှန်တည်း။

ဖါရုသကပါနန္တိ ဖါရုသကဖလေဟိ အမ္မပါနံဝိယ ကတပါနံ ဟူသော စကား ရပ်၌ ဖါရုသကဟူသည် ခွေးတရော်ပင်တည်း။ ထိုအပင်၏အသီးကား မိုးနှုံသီး ခန့်ရှိ၏။ ချိုမြိန်သောအရသာရှိ၏။

ဥာကရသန္တိ ပက္ကဥ်ာက်ရသံ ဟူသောစကားရပ်၌ သာလော အနုတ္ထိယံ ဥာလောကော။ ဟူ၍ အဘိဓာန် စတုဗ္ဗဏ္ဏဝဂ် လာသည်နှင့်အညီ ဟင်းရွက်သည် ဥာကမည်၏။ ထိုဟင်းရွက်သည်လည်း ယာဝကာလိကဟင်းရွက်တည်း။ ထို့ကြောင့် ယာဝကာလိကပတ္တာနံ ဟိ-စသော ဒဋ္ဌိစကားကို မိန့်အပ်သတည်း။ ထို့စကားရပ်၌ "ယာဝကာလိကပတ္တာနံ၊ ချက်အပ်သော ယာဝကာလိကအရွက်တို့၏" ဟု အနက်ပေး။ ယာဝကာလိကဟင်းရွက် ကျက်ရည့်သာ မွန်းလဲ့သောအခါ မအပ်သည်။ ယာဝကာလိကဟင်းရွက်စိမ်းရည်မူကား လူသာမကြောတို့ပြုသော မွန်းလဲ့သောအခါ၌လည်း အပ်၏။ ထို့ကြောင့် ကုရုန္ဒီယံပနစသော စကားကို အဋ္ဌကထာဆရာမိန့်တော်မူကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌ ယာဝကာလိကပက္ကာနန္တိ ပက္ကေသန္နာယဝုတ်။အာမာနိပန အန္ဓာသမ္မန္ဒေဟိ သိတုဒကေန မဒ္ဒိတ္ဝာ ပရိသာဝေတ္ဝာ ဒိန္နပါနံ ပစ္ဆာဘတ္တမိ ကပ္ပတိဧဝ။ အယဉ္စအတ္ထော မဟာအဋ္ဌကထာယံ သန္ဓပတော အဝုတ္တောတိ အာဟ ကုရုန္ဒီယံပနာတိ အာဒိ-ဟူ၍ ထင်ရှားစွာ ဖွင့်ပြ၏။

ယာဝဇီဝိကာနံ အစရှိသော စကားရပ်၌ "ပဠိဂုဟေတ္ဝာ၊ ထိုးနှောက်အကပ်ခံ၍။ ဌပိတသပ္ပိအာဒီဟိ၊ ထားအပ်သော ထောပတ်အစရှိသည်တို့နှင့်။ သဒ္ဒိံ၊ တကွ။ ပက္ကာနံ၊ ချက်အပ်ကုန်သော။ ယာဝဇီဝိကာနံ၊ ယာဝဇီဝိကအရွက်တို့၏။"

ယာဝဇီဝိကာနံ သာ ဥည်ရှိပြားသော်သည်း။ အဘွာဝကရဏာလိင်္ဂါ၊ သြစိ-တျာကာလဒေသတော။ သဒ္ဒတ္ထ ဝိဘဇီယန္တိ နှ သဒ္ဒါယော ကေဝလံ "ဟူသော ပရိဘာသာဂါထာ (ဇာလိနီ-၉၃) နှင့်အညီ အရွက်ကို ဆိုသောအရာဖြစ်၍ အရွက်ဟုအနက်ပေးသတည်း။

ရသော၊အရည်သည်။ (ရသောကား ရွှေးဝါကျမှလိုက်သဲတည်း။)သတ္တာဟံ၊ လုံး။ ကပ္ပတိ၊၏။ ဤတွင် ပရိဂ္ဂဟေတွာ၊ သာမညရှိပါလျက် "ထိုနေ့အကပ်ခံ၍"ဟု အနက်ပေးသည်ကား သတ္တာဟကာလိကမို့ အတ္တနာ သဒ္ဒိ သံသဋ္ဌံ ယာဝဇီဝိကံ အတ္တနော သဘာဝညေဝ ဥပနေတီဟုဤဘေသဇ္ဇကွန်ကုအဋ္ဌကထာ နောက်၌ မိန့်အပ်လတ္တံ့ သည်နှင့်အညီ ရွှေးရွှေးနှုက အကပ်ခံသော် ရှစ်ရက်မြောက်က အကပ်ခံခဲ့သည်ဖြစ်အံ့။အလျဉ်းမအပ်။၁-ရက်၊၂-ရက်၊၃-ရက်၊ ၅-ရက်၊ ၆-ရက်မြောက်က အကပ်ခံခဲ့သည်ဖြစ်အံ့၊ ထိုက်သည်အားလျော်စွာ ၆-ရက်၊ ၅-ရက်၊ ၄-ရက်၊ ၃-ရက်၊ ၂-ရက်၊ ၂-ရက်သာ အပ်သည်။ ခုနစ်ရက်မအပ်၊ ထိုနေ့ အကပ်ခံသော်သာ သတ္တာဟံ ကပ္ပတိ-ဟူသော နောက် စကားနှင့်အညီ ခုနစ်ရက်အပ်သည်။ ထို့ကြောင့် "ပဋိဂ္ဂဟေတွာ၊ ထိုနေ့အကပ်ခံ၍"ဟု အနက်ဖော်ဇနာသတည်း။

သစေ ပန သုဒ္ဓဥဒကေန စသောစကားရပ်၌ သပ္ပိအာဒီဟိ အစရှိသော စကားကိုရှု၍ "သုဒ္ဓဥဒကေန၊ ထောပတ်စသည်နှင့် မထောမဖက် သက်သက်သောရေဖြင့်"ဟု အနက်ပေး။ ခီရာဒီဟိ ပန အစရှိသော စကားရပ်၌။ ယာဝဇီဝိကော၊ ယာဝဇီဝိက အရှက်တို့ကို။ ခီရာဒီဟိ၊ နှီရည် အစရှိသည်တို့နှင့်။သဒ္ဒိ၊ တက္ခ။ ပဇိတုံ၊ ရဟန်းကိုယ်တိုင်ချက်ခြင်းငှာ။ နာဒ္ဓုတိ၊ မအပ်။ ကဿဲ၊အဘယ့်ကြောင့်နည်းဟူမူကား။ သာမံပက္ကတ္တာ၊ သာမံပက္ကဓ်၏ အဖြစ်ကြောင့်တည်း၊ အညေဟိ၊ ရဟန်းမှတစ်ပါး၊သော် လူသာမဏေကတို့သည်။ခီရာဒီဟိ၊ နှီရည်စသည်ဘိုနှင့်။ သဒ္ဒိ၊ တက္ခ။ ပက္ကာနမ်ိ၊ ချက်အပ်ကုန်သော် ယာဝဇီဝိက အရှက်တို့ ဟုလည်း။

စာအများဌ်ပက္ကမိုဂ်ိသည်ကား မလျော်။ အဘယ့်ကြောင့်နည်း။ ဤဝါကျမှ ၄-ခုမြောက်သောဝါကျ၌ ပက္ကာနံ-ဟု ရှိခဲ့သောကြောင့်တည်း။

ရသော၊ အရည်သည်။ ဤရသောကား ဤဝါကျမှ ၅-ခုမြောက်ဖြစ်သော ယာဝကာလိကပတ္တာနံဟိ စသောဝါကျ၌ ရသော-သဒ္ဒါသည် ဤဝါကျမှ ၄-ခုမြောက်ဖြစ်သော ဝါကျသို့ လိုက်သကဲ့သို့ ဤဝါကျသို့လည်း လိုက်သတည်း။

ခီရာဒီဟိ၊ နှီရည်အစရှိသည်တို့နှင့်။ သဒ္ဒိ၊ တက္ခ။ ပက္ကတ္တာယေဝ၊ ချက်အပ်သည်၏ အဖြစ်ကြောင့်သာလျှင် ခွဲ၍ရသသခ်ျမေဝ၊ ဟင်းရွက်ကြက်ရည်ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ၏။ ပန၊ အဖို့တပါးကို

ဆိုဦးအံ့။ ကုရုန္ဒိယံ၊ ဌ်။ ယာဝကာလိကပတ္တာနမ်ိဳ၊ ယာဝကာလိက အရွက်တို့ ၏သော်လည်း။

ပိကား သမ္ဘာဝနာ။ ။ယာဝကာလိကအရွက်တို့၏သော်လည်း ရေအေး ဖြင့် နယ်၍ ပြုအပ်သောအရာသည်, နေဖြင့်ချက်အပ်သော အရည် ယာမကာလိက ဖြစ်သည်အားလျော်စွာ ယာမ်ပတ်လုံးအပ်ကုန်သေး၏။ ယာဝဇီဝိကအရွက်တို့ ၏သော်ကား ရေအေးဖြင့်နယ်၍ ပြုအပ်သောအရည် နေဖြင့် ချက်အပ်သော အရည် အသက်ထက်ဆုံး အပ်သည်အဖြစ်၌ ဆိုဖွယ်မရှိဟု ချီးမွမ်းသတည်း။ အဘယ်ကြောင့် ချီးမွမ်းသနည်း အရည်၏တဲ့ည်ရာ ယာဝဇီဝိက အရွက်သည်ပင် ယာမ်ထက်အလွန် အသက်ထက်ဆုံး အပ်သောကြောင့်တည်း။

သီတောဒကေန၊ ရေအေးဖြင့်။ မဒ္ဒိတ္စာ၊ ရဟန်းကိုယ်တိုင်နယ်၍။ ကတရသော ဝါ၊ မီးဖြင့်မချက်ဘဲပြုအပ်သော အရည်သည်လည်းကောင်း။ အာဒိစ္စပါကောဝါ၊ နေဖြင့် ချက်အပ်သော အရည်သည်လည်းကောင်း။ ဝန္ဒတိ၊ ထိုနေ့ နံနက်အပ်၏။ ဣဘိ၊ ဤသို့။ ဝုတ္တံ၊ မိန့်အပ်၏။

ပန၊ အဖိုတပါးကို ဆိုဦးအံ့။ အလ္လံဝါ၊ လည်းဖြစ်သော။ သုက္ခံဝါ၊ လည်းဖြစ်သော။ ဘဇ်တံဝါ၊ လည်းဖြစ်သော။ မဓုကပုပ္ဖံဝါ၊ သစ်မည်စည်ပင်ကို လည်းကောင်း။ တေန၊ ထိုသစ်မည်စည်ပင်ဖြင့်။ ကဘဖာဏိတံဝါ၊ ပြုအပ်သော တင်းလဲကိုးကောင်း။(ပကတိကံ) ယတော၊ အကြင်သစ်မည်စည်ပင်ဖြင့် ပြုအပ်သော တင်လဲမှု။ ပဋ္ဌာယ၊ စ၍။ (တစ်နည်းကား) ယတောယံ၊ အကြင်သစ်-မည်စည်ပင်ဖြင့် ပြုအပ်သော တင်လဲကို။ ပဋ္ဌာယ အာဒိံကတ္စာ၊ အစကိုပြု၍။ မဇ္ဇံ၊ အရက်ကို။ (ဝိကတိကံ) ယာဝ၊ လောက်။ နကရောန္တိ၊ မပြုကုန်သေး။ တာဝ၊ လောက်။ တံသဗ္ဗံ၊ ထိုအလုံးစုံသော သစ်မည်စည်ပင်, သစ်မည် စည်ပင်ဖြင့် ပြုအပ်သော တင်လဲသည်။ ပုရေဘတ္တံ ပုရေဘတ္တံယေဝ၊ နံနက်အခါ၌သာလျှင်။ ဝန္ဒတိ၊ ၏။

ဧတံ သုရံဝါ မေရယံဝါ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေန ပိဝတောပိ ပါစိတ္တိယန္တိ အတ္ထော–ဟူသောပါစိတ်အဋ္ဌကထာ သုရာပါနသိက္ခာပုဒ် အဖွင့်အားလျော်စွာ ဤမဓုကပုပ္ဖံစသောစကားကို မိန့်အပ်သည်နှင့်အညီ သစ်မည်စည်ပင်, သစ်မည် စည်ပင်ဖြင့် ပြုအပ်သောတင်လဲကို အရက်ပြုသော မျိုးစေ့မှစ၍ မအပ်ကြောင်းကို ဆိုအပ်ဘာတည်း။

နှံ ဘိက္ခဝေ ပဗ္ဗဇိတော အကပ္ပိယေ သမာဒပေတဗ္ဗော်တိ ဝုတ္တတ္တာ အနုပသမ္မန္နဿာပိ နှ ကောလံ ဒဿသုဝေ သိက္ခာပဒေသု။ အထဓေါ ယံ ဘိက္ခုဿ နှ ကပ္ပတိ၊ ဟသ္မိံ ပီတိ အဓိပ္ပာယော်တိဝုတ္တံ။(၀ဇိရ-၄၇၇)

ဘိက္ခဝေ၊ တို့၊ ပဗ္ဗဇိတော၊ သာမဏေကို့။ ပဗ္ဗဇိတ-သဒ္ဒါသည် ရဟန်းသာမဏေနှစ်ပါးကို ဟောပေသမှုလည်း၊ ဝုစ္စုပဗ္ဗဇိတဝတ္ထု၌ ကထံဟိနာမ တံ့ မောဃပုရိသ ပဗ္ဗဇိတော အကပ္ပိယေ သမာဒပေသိ-ဟု မြတ်စွာဘုရား သာမဏေတို့ကို မအပ်သည်၌ အာဘယ့်ကြောင့် ဆောက်တည်စေဘိသနည်း-ဟု အပြစ်တင်တော်မူသည် အားလျော်စွဲ၍ ဝုစ္စုပဗ္ဗဇိတဖြစ်သော သုဘဒ်ရဟန်းကြီး သာမဏေနှစ်ယောက်တို့ကို သာမဏေနှစ်ယောက်ဟု တရသကဏ်ဋီကာ ဆရာသိတော်မူသည်နှင့် ဒွေ ဒါရကာတိ သာမဏေရ ဘူမိယံ ဌိတာ ဒွေပုတ္တာဟု ဖွင့်သောကြောင့် သာမဏေကိုဟု ဂိသေသအားဖြင့် အနက်ယောဇနာသတည်း။[1]

အကပ္ပိယေ၊ မဏပ်သည်၌။ နှ သမာဒပေတဗ္ဗော၊ မဆောက်တည်စေအပ်။ စါးမတိုက်တုန်းအပ်။ ဣတော်၊ သို့။ ဘဂဝတော၊ သည်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည့်၏ အဖြစ်ကြောင့်။ အနုပသမ္မန္နဿာပိ၊ သာမဏေသည်လည်း။ ကေဝလံ၊ သက်သက်။ ဒဿသုဝေ၊ ဆယ်ပါးသာလျှင် ဖြစ်ကုန်သော။ သိက္ခာပဒေသု၊ တို့၌ သိက္ခိတဗ္ဗံ၊ ကျင့်အပ်သည်ကား။ နှ၊ မဟုတ်။ အဂဓေါ၊ စင်စစ်သော်ကား။ ယံ သိက္ခာပဒံ၊ အကြင်သိက္ခာပုဒ်သည်။ ဘိက္ခုဿ၊ အား။ နကပ္ပတိ၊ မဏပ်။ တသ္မိံ ပီ၊ ထိုသိက္ခာပုဒ်၌လည်း။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ မြတ်စွာဘုရား အလိုတော်တည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ မိန့်အပ်၏ဟူ၍ ဝဇိရဗုဒ္ဓိဋီကာလာသည်နှင့်အညီ သစ်ပင်တက်ရာ၌ အကြောင်းကိစ္စရှိသော်သာ ရဟန်းကို ဘစ်သူမျှဆသော်က် ဘက် အပ်၏။ သာမဏေဘို့ကား အကြောင်းကိစ္စရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သစ်ပင်ဖျားသို့တက်ကောင်း၏ဟုသာမဏေနှင့်

၁။ ကျမ်းဆရာသည်ပင်လျှင် အဋ္ဌကထာ ပုဒ်ခေ့(၃၄) မဟာခန္ဓက ပဗ္ဗဇ္ဇကထာ ပြီးဆုံးကာနီး၌ နှ ဘိက္ခဝေ ပဗ္ဗဇိတေန အကပ္ပိယေ သမာဒပေတဗ္ဗန္တိ ဝုတ္တတ္တာ အနုပသမ္မန္နဿာပိ နှ ကောလံ ဒဿသုဝေ သိက္ခာပဒေသု၊ အထဓေါ ယံ ဘိက္ခုဿ နှ ကပ္ပတိ၊ တသ္မိံ ပီတိ အဓိပ္ပါယော်တိ ဝုတ္တံ။ (၀ဇိရ—၄၇၇) ဆိုခဲ့သေးသည်။

ပါဠိတော် (ဝိ၊၃၊၃၄၈) ၌ ရှိသော နှ ဘိက္ခဝေ ပဗ္ဗဇိတေန အကပ္ပိယေ သမာဒပေတဗ္ဗံ-ကို ဂဏ္ဌိစာမူ၌ နှ ဘိက္ခဝေ ပဗ္ဗဇိတော အကပ္ပိယေ သမာဒပေတဗ္ဗော-ဟုလည်းကောင်း, ပါဠိတော်၌ရှိသော ကထံ ဟိ နာမ တံ့ မောဃပုရိသ ပဗ္ဗဇိတော-ကို ဂဏ္ဌိစာမူ၌ ပဗ္ဗဇိတေ-ဟု လည်းကောင်း ရှိနေခြင်းကို ဆင်ခြင်သင့်၏၊ အထက်ဖော်ပြပါ ပါဠိတော်၌ရှိသော ပဗ္ဗဇိတ သဒ္ဒါတို့ကား သာမဏေဟော၊ မဖြစ်နိုင်။

ရဟန်းကွဲပြားရှိအထူးမလာသာမညအားဖြင့်လာသမျှသိက္ခာပုဒ်တို့၌သာမဏေတို့တိုလည်းကျင့်အပ်၏။ဆယ်ပါးသော သိက္ခာပုဒ်ကုံသာ သာမဏေတို့ကျင့်အပ်သည်မဟုတ်၊ထို့ကြောင့် ဘိုးတော်ကြီးလက်ထက် တုံရုံ အငြင်းအခုံဝါဒဖြစ်ရာ တုံဆရာတို့မြို့တွင်း ရွာတွင်းသို့ဝင်ရာ ရဟန်းတို့သာ သင်္ကန်းရုံရမည့် သာမဏေတို့မူကား ရင်ဘဲ့စီးရမည်ဟု ဩဝါဒပေးသောစကားကို ဝဇိရဗုဒ္ဓိကာစကားကို သာဓကကောင်းထား၍ပယ်ရှားအပ်၏။ ထို့ကြောင့် ရဟန်းတို့အားသေခိယသိက္ခာပုဒ်တော်ကိုပညတ်တော်မူရင်းဖြစ်လေ၍လည်း သာမဏေတို့လည်း ကျင့်အပ်သည်နှင့်သာမဏေတို့သည်လည်း ရဟန်းတို့ကဲ့သို့ရှောင်သောအခါ ပရိမဏ္ဍလံပါရမီသာမိတိသိက္ခာကရဏီယာဟူသော သေခိယသိက္ခာပုဒ်တော်နှင့်အညီသင်္ကန်းကိုရုံ၍သာဝင်သတည်း။

ဝေတ္တတိန္တိကိုက မာတုလုင်္ကပိတ္ထကော သမ္ဘက္ခရမန္ဒာဒိ ခုဒ္ဒကဖလပါနာနိ ဟူသော စကားရပ်၌ မာတုလုင်္ကဟူသည် မာတုလုင်္ဂါဗီဇပူရော။ အဘိဓာန်အရည်ဝဂ် ၅၇၇-လာသည်နှင့်အညီ လည်းကောင် ဇာတ်အဋ္ဌကထာ(ဇာ၊၅၊ ၃၊-၂၉၉)၌ မာတုလုင်္ဂသီး၏ သဘောသည် အခွံကြမ်းသည် ခါးသည် ဓားငယ်ဖြင့်ခွာ၍ စားရသည့် အတွင်း၌ချဉ်သည်ဟူ၍ ဖွင့်ပြသည်နှင့်အညီ လည်းကောင်း ရှောက်သီးတည်း။ သံပုရာကား ဒန္တသဋ္ဌေဇမ်ိရေဟု ဇဘိဓာန် (၅၅၃) လာသည်နှင့်အညီ ရှောက်သီးမှ အသီးအခြားဝ ည်း။ သို့ အသီးအခြားဖြစ်ငြားသော်လည်း ရှောက်သီးအလားရှိသောကြောင့် ကရမန္ဒာဒိ၌ အာဒိသဒ္ဒါဖြင့် ယူ၍ အသီးငယ်၌သွင်းလေ။ ထို့ကြောင့် ကြိမ်သီး၊တည်သီး၊ သီးသီး၊ ကြို့သီး၊ ခံသီးတို့သည် ယာဝကာလိကဖြစ်သောကြောင့် မွန်းလွဲသောအခါ မအပ်သကဲ့သို့ ရှောက်သီး သံပုရာသီး တို့သည်လည်း ယာဝကာလိက ဖြစ်သောကြောင့် မွန်းလွဲသောအခါ မအပ်ဟုမှတ်။

မဓုကပါနန္တိ မုဒ္ဒီကာနံဟု မရှိသင့်။ မဓုကပါနန္တိ မဓုကာနံ ဟူ၍သာ ရှိရမည်။ မဓုကာနံ၊ သစ်မည်စည်သီးတို့၏။ ဇာတိရသေန၊ ရေနှင့်မနယ်အပ်သော သက်သက်သောသစ်မည် စည်သီး၌ ဖြစ်တိုင်းသော ပကတိ အရည်ဖြင့်။ မုဒ္ဒိကာ၊ မုဒရက်သီးတို့ကို။

သစ်မည်စည်ပင်ကား အရပ်ထက် ဝန်းကျင်မှာပင်ရှိ၏။ မုဒရက်ပင်သည် စစ်ကိုင်းမြို့နယ်အတွင်း မင်းကွန်း ဥယျာန်၌ရှိသတည်း။ သာလူကော၊ အစ္ဈယ်အညောက်တို့ကို၊ ပါဠိယံအဋ္ဌကထာဆရာတို့ သာလူကသဒ္ဒဿ ဒီဃဝေသနသံယောဇနဿနတော်-ဟူသော ဝိနယဝိနိစ္ဆယဋီကာ စကားကို ကျ၍ သာလူကဟု လွှဲ၍ ဥ ဒီဃသရရှိရမည်ကို သိအပ်၏။ အဘိဓာန်ဋီကာ ပါတာလဝဂ်

အဖွင့်(၆၈၈)၌ သလဂမနတ္ထော ဒဏ္ဍကောဓောတု။ ဥကော။ ဒီဃော။ သာလူကံ။ ဟုမိန့်သောကြောင့်လည်း ဤသို့ရှိရမည်ကို သိအပ်၏။

ပါရဂူသကဖလေဟိ၊ ခေးတရော်သီးတို့ဖြင့်။ ဤမာနိအဋ္ဌပါနာနိသိတာနိပိ အာဒိစ္စပါကာနိပိ ဝဋ္ဋန္တိ၊ အဂ်ိပါကာနိ နှ ဝဋ္ဋန္တိဟူသော အဋ္ဌကထာစကားဖြင့် ပြုလုပ်အပ်ကုန်ပြီးသော အဖျော်တို့ကို မီးကင်ခြင်း ချက်ခြင်းငှာ မအပ်ကုန်သည်တို့ကို တိုက်ရိုက်ပြသဖြင့် မီးကင်အပ်ကုန်ပြီးသော သရက်သီးအစရှိသည်တို့ဖြင့် အဖျော်ပြုလုပ်ခြင်းငှာ မအပ်သည်ကိုလည်း နေယျတ္ထအားဖြင့် ပြသတည်း။ ထို့ကြောင့် မန်ကျည်းသီးအဖျော်ပြုလုပ်ရာ၌ ပိုးမဟက်ပိုးမထိုးစေခြင်းငှာ မီးကင်အပ်ပြီးသော မန်ကျည်းသီးဖြင့် အဖျော် ပြုလုပ်သလော မီးမကင်အပ်သော မကျည်းသီးဖြင့် အဖျော်ပြုလုပ်သလော့ဟု မေးမြန်းဆဲတော်လှန်းကုန်၍သာလျှင် ဝိနယဂရုကပုဂ္ဂိုလ်တို့သည် ဧန်ကျည်းသီး အဖျော်ကို သုံးဆောင်ကြကုန်ရာသတည်း။

ပက္ကဥာကရသံ၊ ယာဝကာလိကဖြစ်သော ဟင်းရွက်ကျက်ရည်ကို။ ဤသို့ဝိသေသအနက်ပေးသည်ကား နောက်၌ ယာဝဇီဝိကာနံ ပဋိဂ္ဂဟေတွာ အစရှိသည်ဖြင့် မိန့်အပ်လတ္တံ့သော စကားကိုရှုမြော်၍ ဝိသေသအနက်ပေးသတည်း ပဋိဂ္ဂဟေတွာ၊ ထိုနှစ်ခွအကပ်ခံ၍။ ဌပိတသပ္ပိအာဒီဟိ၊တို့နှင့်။ ဒဒ္ဒိ၊ တက္ကံ။ ပက္ကာနံ၊ ကုန်သော။ ယာဝဇီဝိကာနံ၊ ယာဝဇီဝိကအဋ္ဌက်တို့၏။ ရဒသာ၊ အရည်သည်။ (လိုက်)။သတ္တာဟံ၊လုံး။ကပ္ပတိ၊၏။ ယာဝဇီဝ်ကာနိ၊ ယာဝဇီဝိကအဋ္ဌက်တို့ကို။(ယာဝဇီဝိကာနံ ကို ယာဝဇီဝိကာနိဟုပြင်၍ လိုက်စေသတည်း။) သုဒ္ဓဥဒကေန၊ ထောပတ်စသည်နှင့် မရောမရှက် သက်သက်သောရေဖြင့်။ သစေ ပစတိ၊ အံ့။

ခီရဒဓိဟိပန အစရှိသော စကားကို ယာဝဇီဝိကအဋ္ဌက်တို့ကို နှုိရည်စသည်တို့နှင့်ရောရှ၍ ချက်သော် သာမံပါကဖြစ်သောကြောင့် လည်းကောင်း ဥာကရသဖြစ်သောကြောင့် လည်းကောင်း မိန့်သတည်း။

အညေဟိ၊ ရဟန်းမှတပါးကုန်သော လူသာမဏေတို့သည်။ ခီဏာဒီဟိ၊တို့နှင့်။ သဒ္ဓိံ၊ တက္ကံ။ (လိုက်သတည်း)။ ပက္ကံပိ၊ ချက်အပ်သော ယာဝဇီဝိကအဋ္ဌက်ရည်သည်လည်း။ ယာဝဇီဝိကာနံ ဟူသော စကားရင်းကိုရှု၍ ဤသို့ဝိသေသ အနက်ပေးသတည်း။ ဥာကရာသခံမေဝ၊ ဟင်းရွက်ကျက်ရည်ဟူသော အရေအတွက်သို့သာ။ ဂစ္ဆတိ၊ ၏။ (သာမံပါက မဖြစ်သည်နှင့် ထိုနှစ်နှက်အခါ၌ အပ်ကြောင်း ကုန်ဖို့ အဋ္ဌကထာ၌ ဝန်ဝံတိဟု မိန့်သတည်း)

ယံပါနံ၊ အကြင်သစ်မည်စည်ပွင့်အရည်ဟု ''ဆိုအပ်သော အဖျော်ကို။ သော မဓုကပုပ္ဖရသော။ သည်။ အလ္လံဝါ၊ သော။သုက္ခံဝါ၊ ဘဇ္ဇိတံဝါ၊ မဓုက ပုပ္ဖံဝါ၊ ကိုလည်းကောင်း၊ တေန မဓုက ပုပ္ဖေန၊ ဖြင့်။ ကတဖာဏိတံဝါ၊ ကိုလည်းကောင်း (ပကတိက်၊ နှစ်ခုတို့တည်း။) ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊စ၍။ မဇ္ဇံ၊ အရက်ကို။ (ဝိကတိက်တည်း။) နှ ကရောန္တိ၊ ကုန်။ တတော၊ ထိုအခါမှ။ ပုဗ္ဗေ၊ ၌။ တံတဗ္ဗံ၊ ထိုအလုံးစုံသော သစ်မည်စည်ပွင့် ထိုသစ်မည် စည်ပွင့်ဖြင့် ပြုအပ်သော တင်လဲသည်။ ပုရောဘတ္တံဝေ၊ ၌သားလျှင်။ (ဝေက္ကျသတည်း။ထို့ကြောင့် ပစ္ဆာဘတ္တံ နဝင်္ဂဘိဟု မိန့်အပ်ခဲ့ပြီ) ဝဋ္ဋတိ၊ ၏။

အာဒိတော ပဋ္ဌာယ နှ ဝဋ္ဋတိဟု မိန့်အပ်ခဲ့သည်အားလျော်စွာ အရက်ပြုခဲ့သော် အစမှစ၍ မအပ်သောကြောင့် ယတောပဋ္ဌာယ မဇ္ဇံ နှ ကရောန္တိဟူသော စကားကိုမိန့်သတည်း။ မဓုကပုပ္ဖ ဖာဏိတကို ရေနှင့်မရောမူ၍ ပြုသောကြောင့်သာလျှင် နံနက်အခါ၌သာလျှင် အပ်သတည်း။ ရေနှင့်ရော၍ ပြုမူကား ခုနှစ်ရက် ပတ်လုံးလည်း အပ်သေး၏။ ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ နိဿဂ္ဂိယပါစိတ် သောဏဿိကွာပုဒ်အဖွင့် (ဝိ၊ဋ္ဌ၊၂၊၂၉၄)။ သိတုဒကေန ကတံမဓုက ပုပ္ဖဖာဏိတံ ပုရောဘတ္တံ သာမိသံ ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိဂုမိသမေဝ-ဟု မိန့်အပ်ခဲ့ပြီး[၁]။

ဥစ္ဆုရသော၊ သည်။ နိကသဋ္ဌောဇော၊ အဖတ်မရှိသော်သာ။ (ဇောက္ကျ။) ပစ္ဆာဘတ္တံပိ၊ ၌လည်း။ (ပိက္ကျ) ဝဋ္ဋတိ၊ ၏။

၉ရောဇမလ္လာဒီဝတ္ထုကထာ

၃၀၁။ ရောဇဝတ္ထု ဥတ္တာနတ္ထ မေဝ- အစရှိသော စကား၌ ရှေနောက်ပြန်သတည်း။ တတ္ထသဒ္ဒါ သည်လည်း၊ နေဌမဟုတ်။ သင်္ကံရုံ အက် ဥတို ၏ ရှေး၌ရှိနေရမည်။ အဂ်ိဟုတ္တာမုခါယညာတိအာဒီသု။ပ။ ဝုတ္တံဟောတိ ၏ အခြားမဲ့၌ ရောဇဝတ္ထုဥတ္တာနတ္ထမေဝရှိရမည်၊ ထို၏အခြားမဲ့၌တတ္ထ သင်္ကံ ရုံအက်သူတိ၊ပ။ ဒသေတိရှိရမည်။ ထို၏အခြားမဲ့၌ သဗ္ဗဥ္ဉုဉာကန္တိ။ပ။ ပဋိယာဒါပေသိ စကားရှိရမည်။ ထို၏အခြားမဲ့၌ မဥ္ဇုကာတိ မဓုဝစနာ အစရှိသော

၁။ မဓုကာနန္တိ မဓုကာနံ ဇာတိရသေန ကတပါနံ ဟူသော စကားရင်း၌—မှ စ၍ ရောဇဝတ္ထု၏ ရှေ "ပစ္ဆာဘတ္တမိ ၌လည်း။ (ပိ-ကျ) ဝဋ္ဋတိ ၏"တိုင်အောင် စကားရပ်ကိုတွင် အချို့အချို့သော စကားရပ်တို့သည် အဓိပ္ပါယ်အားဖြင့် ထပ်တူဖြစ်သော်လည်း ပေးသားပုံကွဲပြားသောကြောင့် စာမူရှိတိုင်းပင် ထားခဲ့သည်။

စကားရိုရမည် ပါဠိတော်ကိုရှု။ အဂိဟုတ္တသေဌာ၊ မိုးမှဇော်ခြင်းလျှင် အမြတ်ရှိကုန်သော ယင်ပူဇော်ခြင်းတို့သည်။ အဂိဟုတ္တမုခါ၊ မည်ကုန်၏။ သေဌာဖြင့် မုခသဒ္ဒါ၏ မုချ,ဥပါယ, ဝဒန,အာဒိ ဤလေးပါးကုန်သော အနက်ဘို့တွင်မုချအနက်ကိုပြသတည်း။ မုချဟူသည့် မုချောပခာနံ ပါမောက္ခော၊ ဟုအာဘိခာန်ဝိသေသျာဓိနဝဂ်(၆၉၅)၌ မိန့်အပ်သည်နှင့်အညီ ပဒဿကည်း။ ထို့ကြောင့် တေရသကဏ်ဋီကာ၌ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ပဋ္ဌမဖြစ်သော ဗြဟ္မ-ဇာဝဂ် ဒုတိယသေလသုတ် အဖွင့်စကား ဤစကားအဖွင့် မဇ္ဈိမပဏ္ဏာသဋီကာ စကား သုတ္တနိပါတ်အဋ္ဌကထာ ဒုတိယစူဠဝဂ် သတ္တမသေလသုတ်အဖွင့်စကား။ ဤစကားကိုယူ၍။ အဂိဟုတ္တသေဌာအဂ်ဇုဟုနပွဒါနာတိ အတ္ထောဟု မိန့်အပ်၏။ မုချသဒ္ဒါ၏ ဝစနတ္ထကို "မုခမိဝမုခချ။ ဣာတ္ထယော" ဟူသော အဘိဓာန်ဋီကာဝိသေသျာဓိနဝဂ် အဖွင့်စကားဖြင့်သိအပ်၏။

၃၁၃။ မဇ္ဈကာ-ဟု ဥစ္စာသန္နှင့်ရှိရမည်။ မဇ္ဈပုဒ်၏ ဝစနတ္ထကိုကား မဏိတ-ဗ္ဗန္တိ မဇ္ဈ။ ဇုမန ဉာဏော။ သုဏန္တောနံဝါ မနံရဇ္ဇေတိတိ မဇ္ဈ။ဥ။ နရလောပေါ။ ဟူသော အဘိဓာန်ဋီကာ သဂ္ဂကဏ္ဍ(၁၂၉)အဖွင့်စကား။ မန ဉာဏော။ဇုမနော ဇဝတိ ယသ္မိံဝါ မဇ္ဈ။နဿ ဓလောပေါဟူသော အဘိဓာန်ဋီကာ ဝိသေသျာ-ဓိနာဂ်အဖွင့် (၆၉၃)စကား။ ဤစကားနှစ်ရပ်တို့ဖြင့် သိအပ်၏။ မဇ္ဈကာပုဒ်၏ ဝစနတ္ထကို "မဇ္ဈ မဓုရံဝစနံ ဇတေသန္တီ မဇ္ဈကာ" ဟုပြုအပ်၏။ ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တိသုတ်ဖြင့် အဿတ္ထိအနက်၌ ကာစ္စည်းသက် ယာဒနုပ ပန္နာ နိပါတနာ သိဒ္ဓန္တိတိ ဣမိနာ ပဋိဘာဂ ကုစ္ဆိတ သညာနုကမ္ပါဒိ အတ္ထေသုကပစ္စယော တဒ္ဓိတ်ရူပသိဒ္ဓိ (၂၃၄-နှာ) အာဒေါ်ဖြင့် အဿတ္ထိအနက် ကိုလည်း ဟူအပ်၏။

သိပ္ပေ၊ ဆတ္တာသည်တို့ဒါ အတတ်၌။ ပဋိဘာနသမ္ပန္နာ၊ ဖြင့်။ပဋိဘာနံတ အရဟာတီတိ ပဋိဘာနေယျကာ" ဟူသော ဝစနတ္ထကိုပြသတည်း။ ဏ ဆုဂါတသော၌ မည်တွေ့သုစသုတ်၌ စသဒ္ဒါဖြင့် ဏေယျပစ္စည်းသက်။ ထို့ကြောင့် တဒ္ဓိတ်ရူပသိဒ္ဓိ(၂၃၀)၌ စဂ္ဂဟဏေန တတ္ထ ဇာတော တတ္ထ ဝသတိ။ တသ ဟိတံ။ တံ အရဟတီတိ အာဒိသု ဏေယျပစ္စယောဟုမိန့်အပ်၏။ သဗ္ဗတော ကော သုဘ်၌ သဗ္ဗတောသဒ္ဒါလွန်ဖြင့် တဒ္ဓိတ်ပုဒ်နောင်မှက-အက္ခဏုလာ။ထို့ကြောင့် တဒ္ဓိတ်ရူပသိဒ္ဓိ (၂၂၇-နှာ)၌ သဗ္ဗတောကောတိ ဇတ္ထ ပုန သဗ္ဗတော ဂဟဏေန တဒ္ဓိတတောပိ ကွစိသသရက ကာထဂမော ဟုမိန့်အပ်၏။ စိဝရ ကွန္ဓကလာ ဂိဝေယျကပုဒ်ကိုလည်း ဤအတူ ရှင်စိရင်အပ်၏။

ဒက္ခာတိ ဆေကာ-ဖြင့် နှာပိတကမ္မေ ဆေကဘာဂေန နမုက္ကာဘာဝေန ဒလန္တီ ဒိဗ္ဗန္တီတိ ဒက္ခ ဟူသော ဝစနတ္ထကို ပြသတည်း။ ဒလ ဒိတ္တိယံ။ ခေါ။ လဿ ဏော။ အဘိဓာန် ဋီကာ ဝိသေသျာဓိနဝဂ် (၇၂၁)အဖွင့်။ တစ်နည်းကား နှာပိတကမ္မံ ဆေကဘာဂေန နိပုဏဘာဝေန ဒက္ခန္တိ ဂစ္ဆန္တိ ဇာနန္တီတိ ဒက္ခာ ဟူသော ဝစနတ္ထကို ပြသတည်း။ ဒက္ခ ဟိံ သာဂတိသု။(ဓာတုမာလာ ၂၆) ဤအရာ၌ ဒက္ခဓာတ်သည် ဉာဏ ဂတိအနက်ဟော။တစ်နည်းကား နှာပိတကမ္မံ ဆေကဘာဝေန နိပုဏဘာဝေန ပဿန္တီတိ ဒက္ခာ ဟူသော ဝစနတ္ထကို ပြသတည်း။ဒိသဿ ပဿ ဒိဿ ဒက္ခာဝါ-သုတ်ဖြင့် ဒိသ-ဓာတ်ကို ဒက္ခ-ပြုံးအနလသာ-ဖြင့် နှာပ်တကမ္မ ဒက္ခန္တီ သိဿာ ဟုတ္တာ ဘဝန္တီတိ ဒက္ခာဟူသော ဝစနတ္ထကို ပြသတည်း။ ဒက္ခဝုဒ္ဓိဟိံ သာဂတိ သိဿေသုဝါ။ အဘိဓာန်ဋီကာ(၇၂၁)။ ဤအဘိဓာန်ဋီကာကိုရှု၍ဤသို့ ဝစနတ္ထပြုရမည်ကိုသိသတည်း။သဥ္ဇာရိတ္တာသိက္ခာပုဒ်၌ ဒက္ခာ အနလသာဟု အသိးအခြားလာ၍ အသိးအခြားအဋ္ဌကထာ၌ ဝစနတ္ထ ပြုခဲ့သတည်း။ ဤ၌မူကား အနလသာပုဒ် မလာ။ ဒက္ခာ-ပုဒ်သာလာသည်နှင့် ဒက္ခာတိ ဆေကာ။ အနလသာ ဝါ –ဟု ဒက္ခာပုဒ်ကိုပင် တစ်နည်းအားဖြင့် အနလသာဟု ဖွင့်သတည်း။

အာဝါပကောနာမ အစရှိသောစကားဖြင့် လဒ္ဓံ လဒ္ဓံ အာဝပန္တိ ပက္ခိပန္တိ ဆဒ္ဒန္တိ ဇတ္ထာတိ အာဝါပကော–ဟူသော ဝစနတ္ထကို ပြသတည်း၊ အာဝါပကဟူသည် အိပ်တည်း။ဝပ ဓာတ်သည် ဗီဇ နိက္ခေပအနက်ဟောတည်း။ထို့ကြောင့် ဓာတုမာလာ၌ ဝပ ဗီဇ နိက္ခေပေ-ဟု မိန့်အပ်၏။ ဗီဇသည် ဥပလက္ခဏတည်း။ အမှတ်မရှိ ပစ်ချအပ်သမျှ ဝတ္ထုအလုံးစုံကိုယူ။ ဤအရာ၌ပစ်ချခြင်း နိက္ခိပနဟူသည် အိပ်၌ပစ်ချခြင်းတည်း။ အိပ်၌ပစ်ချခြင်းဟူသည် အိပ်၌ထည့်သွင်းခြင်းတည်း။ ထို့ကြောင့် အာဝါပကောနာမ အစရှိသောစကားကို မိန့်သတည်း။

ပန၊အဖိုတပါးကိုဆိုဦးအံ့။သမ္ပတ္တ သမ္ပတ္တဋ္ဌာနေ၊ရောက်ရာရောက်ရာအရပ်၌။ အညဿ၊ သူတပါး၏။ သန္တကေန၊ဥစ္စာဖြစ်သော သင်တုန်းခေါင်းဖြင့်။ကေသေ၊ ယူတပါး၏ဆံတို့ကို။ ဆေဒေတုံ၊ရိတ်ဖြတ်ခြင်းငှာ။ဝါ။ ရိတ်ဖြတ်၍ပေးခြင်းငှာ။ ဝဋ္ဋတိ၊အပ်၏[၁]။ယောဘိက္ခု၊ သည်။ တံဝါ၊ ထိုမိမိသွားလေရာ ဆောင်အပ်သော သင်တုန်းခေါင်းကို လည်းကောင်း။ အညံဝါ၊ သူတပါး၏ သင်တုန်းခေါင်းကို လည်းကောင်း။ ဂဟေတ္ဝာ၊ ယူ၍။သမ္ပတ္တ သမ္ပတ္တဋ္ဌာနေ၊ ရောက်ရာရောက်ရာအရပ်၌။ ကေသေ၊ သူတပါးတို့၏ ဆံတို့ကို။ဆေဒေတုံပိ၊ရိတ်ဖြတ်ခြင်းငှာလည်း။ ။ဝါ။ရိတ်ဖြတ်၍ ပေးခြင်းငှာလည်း။ ဝဋ္ဋတိ။အပ်၏။

ရောဇမလ္လာဒိဝတ္ထုကထာ နိဋ္ဌိတာ။

---

၁ ။ဏညဿ သန္တကေန ပုန ကေသေ ဆေဒေတုံ ဝဋ္ဋတိ—ဟုရှေးမူ ပုံငှဉ်,နိဿယတို့၌ရှိ၏။

စတုမ္မဟာပဒေသကထာ

၃၀၅။ပရိမဒ္ဒန္တာ၊ အဖန်ဖန် နယ်ကုန်သည်ဖြစ်၍။ ဝါ။ အဖန်ဖန်နယ်သဖြင့် ဆင်ခြင်ကုန်၍။ ကွဲကာရဏံ၊ ကျိုးဆိုအပ်လတ္တံ့သော အကြောင်းကို။ အဒ္ဓ သံသု၊ ပြတော်မူကြကုန်၏။ (ကွဲဒံအရကား အနုလောမံ တိုင်အောင်သော တစ်မျက်နှာခန့်ရှိသော စကားတည်း။)

၌ပေတ္တာ ဓညဖလရသန္တိဝစနေန၊ ဖြင့်။ သတ္တမညရသာနိဓေ၊ ခုနစ်ပါးကုန် သော စပါးတို့၏ အရည်တို့သည်သာလျှင်။ (ဝေကျေ)ပစ္ဆာဘတ္တံ၊ ဦး။ နကပ္ပန္တိ၊ ကုန်။ ကွတိ၊ ကျိသို့။ ကိဥ္စာပိ ပဋိကွိတ္တာနိ၊ ရှင့်။ တထာပိ၊ လည်း။ (နကပ္ပတ် ၌စပ်။)တာလ၊ ထန်း။ နာဠိကေရ၊ အုန်း။ ပနသ၊ တောင်ပိန္နဲ။လဗုဇ၊ အိမ်ပိန္နဲ။ အလာဗု၊ ဗူး။ ကုမ္ဘဏ္ဍ၊ဖရုံ။ ပုဿဖလ၊ သခွါးငဆစ်။ တမ္ဗပုဿဖလ၊ သခွါး ငပြုတ်း၊လောလုက၊သခွါးငကြောင်။ နဝမဟာဖလာနိ စ၊တို့သည်လည်းကောင်း။ သတ္ထံ၊သော။အပရဏ္ဏဉ္ဉ၊ပဲသည်လည်းကောင်း။ယသ္မာ၊ကြောင့်။ဓညဂတိကမေဝ၊ သည်သာလျှင်၊ဟေ၊တိ၏။ တသ္မာ၊ကြောင့်။ တံ၊ထိုသစ်သီးကြီးကိုးလုံး အလုံး စုံသောပဲကို။ (ဝါ)သည်။ကိဥ္စာပိ နပဋိကွိတ္တံ၊ ရှင့်။ တထာပိ၊ လည်း။ အထ ခေါ၊ စင်စစ်သော်ကား။ ယသ္မာ၊ ကြောင့်။ အကပ္ပိယံ၊ ကို။ အနုလောမေတိ၊ လျော်စေ၏။ တသ္မာ၊ ကြောင့်။ပစ္ဆာဘတ္တံ၊ဦး။ နကပ္ပတိ။မအပ်။

နကပ္ပကိတိ ဟုရှိသည်၌ ရှေး တော် အ ဆရာပိုသတည်း။ အဒ္ဓသံသု၏ အာကာရ မဟုတ်သေး၊ ထို့ကြောင့်ပိုသတည်း။ ယသ္မာဓညဂတိကမေဝ။ တသ္မာ ဟူသော ဟိတ်သည်တသ္မာဟူသော အကြောင်းနှင့်တကွဖြစ်သော ပစ္ဆာဘတ္တံ နကပ္ပတိ ဟူသော ဒုက္ကဋ်ဦးစပ်ရသောကြောင့် အဝယဝိဟိတ်တည်း။

ကိဥ္စာပိ အနုညာတာနိ၊ ရှင့်။ တထာပိ၊လည်း။ အဝသေသာနိ၊ ကုန်သော။ ဝေတ္တာတိန္တိကိကမာတုလုင်္ဂကပိတ္ထကောသမ္ဘကရမန္ဒာဒိခုဒ္ဒကဖလဂါနာနိ။ ကြိမ် မန်ကျည်း,ရှောက်သီး,ကြို့ခံ-ဒေစရှိကုန်သော, ငယ်ကုန်သော အသီးအဖျော့တို့ သည်။ယသ္မာ၊ကြောင့် အဒ္ဓပါနဂတိကာနေဝ၊သည်သာလျှင်။ဟေ၊တိ၏။တသ္မာ၊ ကြောင့်။တာနိခုဒ္ဒကဖလဂါနာနိ၊တို့ကို(ဝါ)တို့သည်းကိဥ္စာပိ နအနုညာတာနိ၊ ရှင့်။ တထာပိ၊ လည်း။ အထခေါ၊ ဂ်ား။ ယသ္မာ၊ ကြောင့်။ ကပ္ပိယံ၊ ဂ်ို့။ အနုလောမေန္တိ၊ ၏။ တသ္မာ၊ ကြောင့်။ ကပ္ပန္တိ၊ ၄်။

ယသ္မာ အဒ္ဓပါနဂတိကာနေဝ၊ တသ္မာ ဟူသောဟိတ်သည်လည်း အဝယဝိ-ဟိတ်ပင်တည်း။ ၌ပေတ္တာ ဟိ ။ပ။ ကုရုန္ဒိယံ ဝုတ္တံ ဟူသော ဟိတ်သည်ကား အဒ္ဓပါနဂတိကာနေဝ ဟူသော မူလဟိတ်၏ ဟိတ်ကူတည်း။

ဆ စီဝဏ္ဏနိဇေ ကိဉ္စာပိ အနုညာတာနိ။ တထာပိ ဓမ္မသင်္ဂါဟကတ္ထေရေဟိ ဓတာသံ ဆန္နံ စီဝရာနံ အနုလောမာနိ အနုလောဓေတ္တာ။ပေ။ ဧဝရူပန် ဆပိ ယသ္မာ အနုညာတာနိ။ တသ္မာဒ ယသ္မာ သဉ္ဇာတဝတ္ထုံ ဟောတိ။ တသ္မာဒ, ယသ္မာ ဝုတ္တာ။ တသ္မာဒ, တာနိ တိဏ္ဏံ ကောသေယျာသ ယသ္မာ အနုလောမာနိ ဟောန္တိ။ တသ္မာဒ, ဒုကူလံ သာဏသ ယသ္မာ အနုလောမံ ဟောတိ။ တသ္မာဒ, ဣတရာနိ ဒွေ ကပ္ပိသိကသ ဝါ သဏ္ဍေသံ ဝါ ယသ္မာ အနုလောမာနိ ဟောန္တိ။ တသ္မာဒ အပရာနိ ဆပိ စီဝရာနိ ကပ္ပန္တိ။ ဤသို့ အနက်ပေး

အပရာနိပိ အစရှိသည်ကို 'ထဉ်၍ အနက်ပေးသည်ကား တသ္မာကပ္ပန္တိပဒ်သော ရှေးစကားကိုရှု၍ အနက်ဖေးသတည်း။ ဤနည်းကိုမှီး၍ လာလတ္တံ့သော စကားတို့၌လည်း ဤနည်းအတူ အနက်ပေးလေ။

ကဉ္စနက ဟူသည်ကား စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓကအဖွင့်၌ မြေဘဏ္ဍာအရာ၌သာလျှင် ကုဏ္ဍိကနှင့် ယှဉ်ဖက်၍လာရကား မြေ ရေသောက်ခက်တည်းဟု မှတ်အပ်၏။ တေသံ အနုလောမာနိတိဟု ရှိသည်၌ တိ အက္ခရာ ပိုသတည်း။

ကေပဏ္ဏစ္ဆတ်၊တစ်ရှာ်သော သလူထိးတည်း။တေသံယေဝ တိဏ်္ဏံ ဆတ္တာနံ၊ တို့အား။ ယသ္မာ၊ ကြောင့်။ အနုလောမံ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ကပ္ပတိ၊ ၏။ ဤတိ ဤဒံကာရဏံ၊ ဤဆိုအပ်ပြီးသောအကြောင်းကို။ အဒ္ဓသံသု၊ ၏။

တဒဟု ပဋိဂ္ဂဟိတံ ကာလေ ကပ္ပတိတိ အာဒိ၊ သော။ ဆဋ္ဌံ အလုံးစုံသော စကားကို။ သမ္ဘိန္နရသံ၊ ယာဝကာလိကအစရှိသည်နှင့် ရောနှောသော အရသာရှိကုန်သော ယာမကာလိကအစရှိသည်ကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဟိယသ္မာ၊ ကြောင့်။ ကပ္ပတိ၊ ၏။ တသ္မာ၊ ကောင်း။ သီတလပါယာသဿ၊ ၏။ ဥပရိ၊ ၌။ ဟိယသ္မာ၊ ကြောင့်။ ပရိဘုဉ်္ဇိတုံ၊ ဝဋ္ဋတိ။တသ္မာ၊ကောင်း။ဟိယသ္မာ၊ ကြောင့်။ သေဝနယော၊ သည်။ ဟောတိ။ တသ္မာ၊ ကောင်း။ ဟိယသ္မာ၊ ကြောင့်။ ပရိဘုဉ်္ဇိတဗ္ဗာနိ၊ ၏၊ တသ္မာ၊။ ကောင်း။ဟိယသ္မာ၊ ကြောင့်။ သေဝနယော၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကောင်း။ဟိယသ္မာ၊ ကြောင့်။ ပရိဘုဉ်္ဇိတုံ၊ဌာ။ ဝဋ္ဋတိ၊ ၏။ တသ္မာ၊ ကောင်း။

ပန၊ အနွယအကြောင်းတို့မှတပါးသော ဗျတိရေကအကြောင်းကိုဆိုဦးအံ့။ သမ္ဘိန္နရသံ၊ ယာဝကာလိက အစရှိသည်တို့နှင့်ရောနှောသော အရသာရှိသော

ယာမကာလိကအစရှိသည်သည်။ သံသင်္ခံ၊ ယာဝကာလိက အစရှိသည်တို့နှင့် နှီးနှောသော အရသာရှိသော ယာမကာလိကအစရှိသည်သည်။ သစေ ဟောတိ၊ အုံး။ဝေံသတိ၊ သေဉ်။ဟိယသ္မာ၊ ကြောင့်။ နဝဋ္ဌတိ၊ ယာမ် အစရှိသော မိမိတို့ ကာလအား ဖေါ်စောမအပ်။ တံသ္မာစ၊ လည်းကောင်း။ သမ္ဘိန္နရသံ၊ ကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဟိယသ္မာ၊ ကြောင့်။ ဥပနေတိ၊ ၏။ တသ္မာစ၊ လည်းကောင်း။ ဟိယသ္မာ၊ ကြောင့်။ ဥပနေတိ၊ ၏။ တသ္မာစ ၊လည်းကောင်း။ ဟိယသ္မာ၊ ကြောင့်။ ဥပနေတိ၊ ၏။ တသ္မာစ၊ ကောင်း။ သမ္ဘိန္နရသံ၊ သည်။ သံသင်္ခံ၊ သည်။ သစေ ဟောတိ၊ အုံး။ဝေံသတိ၊ သေဉ်။ နဝဋ္ဌတိ၊ မအပ်။ ဤသို့ ဥပနေတိ သုံးပုဒ်ကို အကြောင်းကြုံ၍ အနက်ပေး။

သတ္တာဟကာလိကာဒိနိသည် တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗိဟိသမာသ်တည်း။ ထို့ကြောင့် သတ္တာဟကာလိကံနှင့်တကွယူ။တသ္မာတေန အစရှိသောစကားသည် လဒ္ဓဂုဏ်စကားတည်း။တသ္မာဖြင့် သတ္တာဟကာလိကမ်ပေါ်။ပ။ဥပနေတိကို သုံးသပ်။ ဤလဒ္ဓဂုဏ်စကား၌ တေန တဒဟု ပဋိဂ္ဂဟိတေနဝါ အပဋိဂ္ဂဟိတေနဝါသဗ္ဗံ ဟု မမိန့်မူ၍ တေန တဒဟု ပဋိဂ္ဂဟိတေန သဒ္ဓိံ ဟု၍သာ အဋ္ဌကထာဆရာ မိန့်သောကြောင့် အကပ်မခံအပ်သော သတ္တာဟကာလိကနှင့် ထိုနွေ့ရှေးနွေ့တို့ကာ အကပ်ခံအပ်ပြီးသော ယာဝဇီဝိကကို လူသာမကော်တို့ ရောနှောလျှင် တစ်နေ့စာ တစ်နေ့စာကပ်သော် အသက်ထက်ဆုံးအပ်၏ဟု မှတ်ယူအပ်၏။ ဤသို့ မြစ်ကွေ့မြို့ ခုနစ်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ရတနာပုံမြို့တည်နန်းတည် မင်းတရားကြီး တည်ထောင်အပ်သော စံကျောင်းတော်၌ သီတင်းသုံးတော်မူသော စံကျောင်းဆရာတော်ဘုရားကြီး ဤဆရာတော်ဘုရားနှစ်ပါး ဋ္ဌိကာဉာဏ်ဖက်၍ နက်နဲစွာဘိ အဖိန့်တော်ရှိသတည်း။

တသ္မာယေဝဟိ-အစရှိသောစကားသည် တထာဟိဝုတ္တံ အစရှိသောစကား ကဲ့သို့ ဒဋ္ဌိစကားတည်း။

စ၊ဆက်၍ဆိုဦးအုံး။ ဇတ္ထုတော်သို့ ဝဲ့စနေ၊ ဤ တဒဟုပဋိဂ္ဂဟိတံ အစရှိသော စကား၌။ယာဝကာလိကာဒီသု၊တို့သည်။ ကာလ ယာမ သတ္တာဟာတိက္ကမေသု၊ နံနက်ကာလ, ပစ္ဆိမယာမ်, ခုနစ်ရက် တို့ကိုလွန်ကုန်သည်။ သန္တေသု၊ သော်။ ဝိကာလဘောဇနသန္နိဓိဘေသဇ္ဇ သိက္ခာပဒါနံ၊ တို့၏။ဝသေန၊ဖြင့်။ယထာဂ္ဂမံ၊ အစဉ်အတိုင်း။(ထည့်) အာပတ္တိယော၊တို့ကို။ဝေဒိတဗ္ဗာ၊၏။ဂ္ဂမေသု စ ပန၌ စ-သည် ဝစနာလင်္ကာရ။ပနသည် ပက္ခန္တရတ္ထဇောတက။

ဘေသဇ္ဇကွန္ဓကဝဏ္ဏနာ နိဋ္ဌိတာ။

၇-ကထိနဝဂ္ဂဒုကဂါ

ကထိနာနုဇာနနကထာ

၃၀၆။ပါဝေယျကာတိ ပါဝေယျရဋ္ဌဝါသိနော။ပါဝေယျံနာမ ကောသလေသု ပစ္ဆိမဒိသာဘာဂေ ရဋ္ဌံ·ဟု စာအများရှိ၏။ဤသို့ပင် ရိုးရြားသော်လည်း သုတ် မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ အာယာမာနန္ဒ ယေန ပါဝါ-ဟူ၍ လည်းကောင်း,အထခေါ ဘဂဝါ၊မဟာတာဘိက္ခုသံဃေန သိဒ္ဓိံ ယေန ပါဝါ ဟူ၍ လည်းကောင်း,ပါဝါယံ ဝိဟရတိဟူ၍ လည်းကောင်း, ပါရာဇိကဏ်အဋ္ဌကထာ၊ ဗ ာဟိရနိဒါန်းအဖွင့်၌ ပါဝါယ ကုသိနာရံ အန္တရါနမဂ္ဂပဋိပဇ္ဇနော ဟူ၍လည်းကောင်း လာသောကြောင့် မသင့်။ ပါဠေယျကာတိ ပါဝါရဋ္ဌဝါသိနော။ ပါဝါနာမ ကောသလေသုပစ္ဆိမဒိသာဘာဂေ ရဋ္ဌံ ဟူ၍ ရှိမှသာသ င့်သတည်း။

ပါဠေယျကပုဒ်ကိုလည်း ပါဝါယံ ဝသန္တီတိ ပါဠေယျကာဟု ဝစနတ္ထပြု။ ဏရဂါတသောဒမည္ဆတ္ထသု စ -သုတ်၌ စ သဒ္ဒါဖြင့် ဏေယျ·ပစ္စည်းသက်။ သမ္ဗတော ကောသုတ်-၌ သမ္ဗစတော သဒ္ဒါလွန်ဖြင့် တဒ္ဓိတ်ပုဒ်နောင် က-အက္ခရာ လာ၍ ပြီးစေရမည်။

ကောသလေသု အန္တောဂဓံ ပစ္ဆိမဒိသာဘာဂေ ရဋ္ဌံ။ တေသု ပါဠေယျ· ကေသု ဘိက္ခူသု။ တေသံ ပါဠေယျကာနံ ဘိက္ခူနံ။စ။ ဆက်၍ဆိုဦးအံ့။ တေံ အာဂရညိကာ ပိဏ္ဍပါတိကာ ပံသုကူလိကာဘိဝစနတ္ထယံ၊ ကို။ သိသဝသေန၊ ဦးခေါင်းနှင့် ဟူသည်၏ အစ္ဈမ်းအားဖြင့်။ (သဒ္ဒတ္ထ)။ ဝါ။ ပြဋ္ဌာန်းသည်၏ အစ္ဈမ်း ဂားဖြင့်။(အဓိပ္ပာယတ္ထ)။ ထို့ကြောင့် သာရတ္ထဒီပနီ သုဒိန္ဒကဏ္ဍအဖွင့် (သာရတ္ထ၊ ၂၊၆။)၌ ဇတ္ထစ အာရညိကင်္ဂါဒိပဓနင်္ဂဝသေန သေသမုတင်္ဂါနိပိ ဂဟိတာနေဝ ဟောန္တိတိ ဝေဒိတဗ္ဗဟု မိန့်ဆိုပ်၏။ဓုတင်တေရသတို့ဝင် အာဂ ညိကင်ဓုတင်သည် အာရညိကင်ဓုဟင်ကိုကျင့်က အခြား မရှိသောကြောင့် လည်းကောင်း, အကျင့်လွယ်သောကြောင့် လည်းကောင်း။ ရုက္ခမူလိက အဗ္ဘောကာသိက သောသာနိက ယထာသန္ထတိက နေသဇ္ဇိက·ဓုတင်ငါးပါး တို့၏ ပဓာနအင်္ဂါဖြစ်သတည်း။ ထိုစကားမှန်၏။ အာရညိကဓုတင်သည် ရုက္ခ မူလိက အဗ္ဘောကာသိက ဓုတင်နှစ်ပါးတို့နှင့် ဤဓုတင်နှစ်ပါးဘို့ကို တောင် လည်းရသည်နှင့် အခြားမရှိ။ အာရညိကဓုတင်ကို ကျင့်နိုင်လေမူ ရုက္ခမူလိက အစရှိကုန်သော ဓုတင်ငါးပါးတို့ကို အကျင့်လွယ်သတည်း။

ပိဏ္ဍပါတိက ဓုတင်သည် ပိဏ္ဍပါတိက ဓုတင်ကိုကျင့်က အခြားမရှိသော ကြောင့် လည်းကောင်း, အကျင့်လွယ်သောကြောင့် လည်းကောင်း သပဒါန စာရိက, ကောသနိက, ပတ္တပိဏ္ဍိက, ခလုပစ္ဆာဘတ္တိက ဓုတင်လေးပါး တို့၏ ပဓာနအင်္ဂါဖြစ်သတည်း။ ထိုစကားမှန်၏။ ပိဏ္ဍပါတိက ဓုတင်သည် သပဒါန စာရိကဓုဘင်နှင့် ဆွမ်းခံရခြင်းရည်တူသောကြောင့် အခြားမရှိ။ ပိဏ္ဍပါတိက ဓုတင်ကို ကျင့်နိုင်လျက် သပဒါနစာရိက အစရှိကုန်သော ဓုတင်လေးပါး တို့ကို အကျင့်လွယ်သတည်း။

ပဲသုကုလိက တစ်ဝရိက ဓုဘင်နှစ်ပါးတို့သည် ဤနှစ်ပါးတို့ကိုကျင့်က အကျင့်လွယ်သောကြောင့် ဒိမိတို့နှင့်ကား အာရည်က, ပိဏ္ဍပါတိက ဓုတင် တို့မှကြင်းကုန်သော ဓုဘင်ကိုးပါးတို့၏ ပဓာနအင်္ဂါတို့ ဖြစ်ကုန်ဟုတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဓုတင်နိဒ္ဒေသ(၁၊ ၇၉)၌။ တတ္ထ သပဒါန စာရိကင် ကောသနိကင် အဇ္ဈောကာသိကင်္ဂါ ဣမာနိ တီဏိ သီသင်္ဂါနိ သပဒါနစာရိကင်္ဂံ ရက္ခန္တော ပိဏ္ဍပါတိကင်္ဂမ်ပိ ရက္ခိဿတိ။ ကောသနိကင်္ဂံ ရက္ခတော ပတ္တပိဏ္ဍိကင်္ဂါဒိနယာနိ သုရက္ခနိယာနိ ဘဝိဿန္တိ အဇ္ဈောကာသိကင်္ဂံ ရက္ခန္တဿ ကိံ အတ္ထိ ရုက္ခမူလိကင်္ဂံ ယထာသန္ထတိကင်္ဂံသု ရက္ခိတဗ္ဗံနာမ ဟုမိန့်အပ်၏။ ဝိသုဒ္ဓိမဂ်ဋီကာ(၁၊၀၅)၌ သီသင်္ဂါနိတိ သီသ ဘူတာနိအင်္ဂါနိ ပဓရဿမို့ ကောဋ္ဌ နာနန္တရိကတာယ သုကရတာယ စ သင်္ကုနတော ဥဒ္ဓုမင်္ဂါနိတိ အတ္ထော ဟု ဖွင့်အပ်၏။ ဤဋီကာစကားတို့တွင် နာနန္တိကတာယ-ဟူသော စကားကို သပဒါနစာရိကင်္ဂံ အစ့ဘဝိဿန္တိအဆုံး ကျအောင်သောစကားကိုငဲ့၍ဆိုသကဲ့သို့။သုကရတာယဟူ-သောစကားကိုကား အဇ္ဈောကာသိကင်္ဂံ ရက္ခန္တဿ အစရှိသော စကားကိုငဲ့၍ ဆိုဆတည်း။

ပန ကေန္တေန။ ဤမေ ပါဝေယျကာ ဘိက္ခူ။။ ။ ပါဠိတော်၌ ဝဿန္တေ ကို ဥဒကသဒ်ဟော-၌စပ်။ ဤပုဒ်ကို ဥဒကစိက္ခလ္လေ၌စပ်။ "နှစ်သုံးလေး-တွာ၊ရှိသည် မှာ၊ရွှေ တွာ-ဓနောက်စပ်လေ။" ဟူသော သံပေါက်ကဲ့သို့။ "နှစ်သုံးပဒါ၊လက္ခဏ သဘာမိ၊ ယုဉ်မှိစပ်ခါ၊ ရှိလေရာ။ ဆက်မါရွှေနောက်စပ်" ဟူ၍ သံပေါက်စပ် အပ်၏။

ထလေစ၊ ကိုလည်းကောင်း။ နိန္နေစ၊ ကိုလည်းကောင်း။ ဥဒကေန၊ သည်။ သင်္ဂဟိတေ၊ အခြားမရှိ တပြင်တည်းဖြစ်အောင် တပေါင်းတည်းယူအပ်သည်။ (သံ-သည်သမောဓာနအနက်ဟော)။ ဃဋ္ဋိတေ၊ ဖျစ်ဓေအပ်သည်။ သံသဋ္ဌေ၊ ရောနှောဓေအပ်သည်။ သတိ၊ ရှိသော်။

ဥစတိ ထလေစ နိန္နေစ သမံ အာယတိ ဂစ္ဆတိ ပဝတ္တတိတိ သြကော-ဟု ဝစနတ္ထပြု၍ ရေ-ကိုရသတည်းဟု သိစေခြင်းငှာ "သြကပုဏ္ဏေဟိကိ ဥဒကာဂမော ဟိ"ဟူသော စကားကို မိန့်သတည်း။(ဥစ သမဝ'ယော၊ ဥစဟံတိ သြကော။ (ကိတ်ရူပသိဒ္ဓိ)

ယသ္မာ၊ ကြောင့်။ ဃနာနိကိရ၊ ထူကဲကုန်သတတ်။ တသ္မာ၊ ကြောင့်၊ တေသုစိဝရေသု၊ တို့၌။ ပတိတံ၊ သော။ ဥဒကံ၊ သည်။ ယသ္မာ၊ ကြောင့်။ နံ ပဋ္ဌရတိ၊ မယိုမစီး မလျော့မကျ။ တသ္မာ၊ ကြောင့်။ ဃနတ္တာ၊ ရေတခဲနက် တစ်လုံးတည်း တည်သည်၏အဖြစ်ကြောင့်။ ဥဒကံ၊သည်။ ပုဋ္ဌဘတ္တံဝ်ယ၊ ထမင်း ထုပ်ကဲ့သို့။ ယသ္မာ၊ ကြောင့်။တိဋ္ဌတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဥဒကပုဏ္ဏောဟိ၊ ရေဖြင့်ပြည့်ကုန်သော။

တေန ဝုတ္တံ အစရှိသောစကားသည် နိဂုံးစကားတည်း။ တေန၊ ထိုသို့ ရေဖြင့် ပြည့်ကုန်သည်၏အဖြစ်ကြောင့်။ ဤသို့ အရင်းစကားကို တေန-သဒ္ဒါ စွဲရိုးတည်း။ သြကပုဏ္ဏောဟိ စီဝရေဘံတိ၊ ၍။ ပါဠိဃံ၊ ဌ်။ ဝုတ္တံ၊ ၏။ သြဃပုဏ္ဏောဟိ ပါဠိဌ်ဌ်။"သြဃပုဏ္ဏေဟိ၊ ရေအလျဉ်ဖြင့် ပြည့်ကုန်သော။"ဟု အနက်ပေး။ ထို့ကြောင့် အဘိဓာန်အနေကတ္ထဝဂ် ဂါထဒ္ဒ(၉၇)ဌ် ကာမောဃာဒေါ သာမုဟသို့၊သြဃောဝေဂေလသာ စ။ ဟု မိန့်အပ်၏။ ရေအဟုန်သည် ရေအလျဉ်တည်း။ ပါဠိတော်ဌ် အဝိဝဒမာနာ ဖာသုကံ ဝသံ ဝသိမှာ-ဟု အချို့စာဌ်ရှိ၏။ အဝိဝဒမာနာဝသံ ဝသိမှာတိ ဧတ္ထ-အစရှိသော အဋ္ဌကထာစကားကိုရှု၍ ဖာသုကံ သဒ္ဒါကင်းလျက် အဝိဝဒမာနာဝသံ ဝသိမှာ-ဟု စာအမျိုးရှိသည်ကိုသာ အသင့်ဟုမှတ်အပ်၏။

အနမတဂ္ဂိယကထာဟူသည် နိဒါနဝဂ္ဂသံယုတ်ဒုတိယဝဂ် ဇ.တိယသုတ်တည်း။ ဤဝိနည်းမဟာဝါပါဠိတော်ဌ် တေနသမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကသ အာရာမေ-ဟုရှိသတည်း။ နိဒါနဝဂ္ဂသံယုတ် ပါဠိတော် (သံ၊ဝ၊၃၉၄)ဌ်ကား ရာဇဂဟေဟ ဝိဟရတိ ဝေဠုဝနေ-ဟုရှိသတည်း။ ဝိနယဘာဏကာ သံယုတ္တဘာဏကာ မထေရ်တို့အားလျော်စွာ ပါဠိကဲ့သတည်းဟု မှတ်ယူရန်ရှိသတည်း။

တေသဗ္ဗေပိ။ ပါဝေယျကာဘိက္ခူ။။တံ အနမတဂ္ဂိယကထံ။ တေတော ဓမ္မံ ကထာကထနတော ရံ စိန္တေတွာ စိန္တနတော ကထိနတ္ထာရံသ ဟနတော နိတ္ထကာဓမော အနုဇာနိတုံ။။မတ္တာ။

အတ္ထတ ကထိနာနံ ဝေါတိ နိပါတမတ္တံ-ဟူသော အဌကထာစကားဌ် ရှေးနည်းအလိုအားဖြင့် ပါဠိတော်ဌ်၊ "အတ္ထတ ကထိနာနံ၊ သင်တို့ကဲ့သို့ ခင်းအပ်ပြီးသော ကထိန်ရှိကုန်သော။ နေသံနေသံပိ၊ထိုထိုရဟန်းတို့အား လည်း။ ပဉ္စ၊ငါးပါးကုန်သော အာနိသင်တို့သည်။ ကပ္ပိယန္တိ၊ အပ်ကုန်လတ္တံ့။" ဟု အနက်ပေး။ အဌကထာဌ်လည်း ဤနည်းတူ အနက်ပေး။ နေသံကို ကပ္ပိယန္တိဌ်စပ်။ ထိုနေသံပုဒ်သည် နောက်-သောနေသံ ဘဝိဿတိ စကားမှ ပြန်၍လိုက်သော နေသံပုဒ် ဖြစ်သတည်း။ နေသံပုဒ်ဌ် ပိသဒ္ဒါ ဇာတ်သတည်း။ ဇဝဉ် သတိ အစရှိသောစကားဌ် ဝေါသဒ္ဒါ အနက်ရှိ၍ ကပ္ပိဿန္တိဌ် သမ္ပဒါန်၏ အဖြစ်ဖြင့် စပ်လေသော် သော နေသံ ဘဝိဿတိ ဟူသော တ သဒ္ဒါ၏ ကာရိယဖြစ်သော နေသံသဒ္ဒါနှင့် တကွဖြစ်သော် နောက်စကားနှင့် ဆန့်ကျင်ရောသတည်း။ ထို့ကြောင့် ဝေါကို အနက်မရှိ ကြဉ်၍ ဆတ္ထတ ကထိနာနံ နေသံပိ ပဉ္စကပ္ပိဿန္တိ-ဟု အနက်ဖြစ်ခဲ့သော် သော နေသံ သဝိဿတိ ဟူသော နောက်စကားနှင့် တ-သဒ္ဒါ၏ကာရိယ ဖြစ်သော နေသံ-သဒ္ဒါနှင့်တကွ ဖြစ်ခြင်းချည်တူသောကြောင့် သော နေသံ သဝိဿတိ ဟူသော နောက်စကား သင့်သတည်း ဟူလိုသတည်း။ နေသံပုဒ်ဌ် ပိသဒ္ဒါဇာကျသည်ကိုကား တောသမို့ ဘဝိဿတိတိ အတ္ထောဟူသော နောက်နည်းအဖွင့် တရေသကဏ်ဌီကာကို ရှု၍ သိသတည်း။ ထိုစကားမှန်၏။ ရှေနည်းနောက်နည်း နှစ်ပါးစုံဌ်ပင် သော နေသံ အစရှိသောစကားဝယ် နေသံပုဒ်ဌ် ပိသဒ္ဒါ ကျေကောင်းသတည်း။ ဤသို့ဖြစ်ခဲ့သော် ရှေးနည်းဌ် အတ္ထတ ကထိနာနံ နေသံ ဟူသော စကားဝယ် နေသံဟူသောပုဒ်ဌ်လည်း ပိသဒ္ဒါ ကျေသင့်သတည်း။ နောက်နည်းဌ်လည်း အတ္ထတ ကထိနာနံပုဒ်ဌ်လည်း ပိသဒ္ဒါ ကျေသင့်သတည်း။

ဤအနက်သည်သာဖြစ်သလော။ အနက်ဟူသည် အဓိပ္ပာယ်ရက အထူးထူး အထွေထွေ ဖြစ်ကောင်းပါသည်မဟုတ်လောဟု စောဒနာဖွယ် ရှိသောကြောင့် အထဝါ အစရှိသော စကားကိုမိန့်သတည်း။

ဤနောက်နည်းအလိုအားဖြင့် ပါဠိဘော်ဌ် "အတ္ထတကထိနာနံ၊ ခင်းအပ်ပြီးသော ကထိန်ရှိကုန်သော။ဝေါ တုမှာကံ၊သင်ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ်ိယ-ရဟန်းတို့၏။ ပဉ္စ၊ငါးပါးကုန်သော အာနိသင်တို့သည်။ အတ္ထတကထိနာနမ်ပိ၊ သင်ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ်ိရဟန်းတို့ကဲ့သို့ ခင်းအပ်ပြီးသော ကထိန်ရှိကုန်သော ရဟန်းတို့အားလည်း။ ကပ္ပိယန္တိ။အပ်ကုန်လတ္တံ့။" ဟု အနက်ပေး။ ဝေါကို ပဉ္စဌ် သမ္ပဒါန်၏ အဖြစ်ဖြင့်စပ်။ ဒုတိယအတ္ထောဌ် ပိသဒ္ဒါ ဇာကျသတည်း။ ဤအဆုဌ် ဝဒီရဗုဒ္ဓိဋီကာ စကဲားမသင့်။ မမှတ်မယူကြကုန်လင့်

ဝိမတိဝိနောဒနီ ဋီကာ၌ အထဝါ အစရှိသော နည်းသည် အဋ္ဌကထာ နည်းမှ တစ်ပါး မိမိနည်းတည်း။ ဤနည်းသည် တုမ္မ-သဒ္ဒါသည် အသမ္မုခီဘူတ ရဟန်း တို့ကိုမဟောနိုင်သောကြောင့် လည်းကောင်း၊ သော နေသံ ဘဝိဿတိ စကား၌ နေသံ သဒ္ဒါဖြင့် ဘဒ္ဒဝဂ္ဂိယ ရဟန်းတို့ကို ချန်လှပ်၍ ယူရသောကြောင့် လည်းကောင်း သင့်မည်မထင်ပေ။

တုမ္မ-သဒ္ဒါ အသမ္မုခီဘူတ ရဟန်းတို့ကို မဟောနိုင်သည်ကို နာမမှိ ပယုဇ္ဇ မာနေပိ တုလျာဓိကရဏေ ပဋမော။တုမ္မေ မဇ္ဈိမော။အမ္မေ ဥတ္တမော- သုတ် တို့ကို ထောက်၍ သိအပ်၏။

ဝေါတိဇတံ ပဒံ သမ္မုခီဘူတာနံ ဘဒ္ဒဝဂ္ဂိယာနံ ဘိက္ခူနံ ဝါစကတ္တာ စေဝ ပဋ္ဌာတိပဒဿ သမ္ဗန္ဓာ ပေက္ခဿာ စ တေန သမ္မဇ္ဈိတမ္ပဿာ စ သာမိဝစနံ ကိဋ္ဌာပိ ဟောတိ။ ပနတထာပိ သော နေသန္တိ ဇတ္ထ နေသံ သဒ္ဒေန ဘဒ္ဒဝဂ္ဂိ ယေဟိ ဘိက္ခူဟိ နေသံဘိက္ခူနံ ပရာမဋ္ဌတ္တာစေဝ တေသံ အညေသံ ဘိက္ခူနံ ဘဝိဿတီတိ ကြိယာပဒေ သမ္ပဒါနတ္တာ စ သော စီဝရုပ္ပါဒေါ ယေ ဘိက္ခူ အတ္ထတ နာထိနာ။ တေသံပိ ဘိက္ခူနံ ဘဝိဿတီတိ အတ္ထောပိ ဟောတီတိ ယောဇနာ။

ဝေါတိ ပဒပူရဏေ။ တေ ဝေါ သုခ သမ္မတာ။ အတ္ထုဒ္ဒါရဝသေန ပန နိပါတတ္ထော စ ပဒေစ္ဆတ္ထော။ ဥပယောဂဝ တဏဝ စ။ သမ္မဒါနေ စ သာမိမှိ ဝေါသဒ္ဒေါ ယံ ပဝတ္တိ။ ဟူသော သဒ္ဒနီတိ (နိတိသုတ္တ၊၃၇၉-နှာ) စကားဖြင့် ဝေါသဒ္ဒါ၏ အတ္ထုဒ္ဒါရကို သိအပ်၏။

အဋ္ဌကထာ၌ သော စီဝရုပ္ပါဒေါ ဟူသောစကားကို အန္တဒီပကနည်း အားဖြင့်သာ မိန့်တော်မူသတည်း။သော ဟူသောပုဒ်ကိုသာ ဘဝိဿတိ ကြိယာ နှင့်စပ်ရသောကြောင့် မိန့်တော်မူသည်,မဟုတ်။ ထို့ကြောင့် ပါဠိတော်၌ အနာ မန္တ စာဆောစ အသမာဒါန စာဆောစ ဂဏဒေဘောဇန္ဟု ယာဝဒတ္ထစီဝရဟု ယော တတ္ထ စီဝရုပ္ပါဒေါ သော စ နေသံ ဘဝိဿတိ ဟု အနက် ယောဇနာ အပ်၏။ ဤသို့အဋ္ဌကထာ၌ သောစီဝရုပ္ပါဒေါ-ဟူသောစကားကို အန္တဒီပကနည်းအားဖြင့် သာ မိန့်တော်မူသောကြောင့်ပင်လျှင် တတ္ထ အနာမန္တစာဆောတိဟူသောစကား၌ တတ္ထ၌ တ သဒ္ဒါဖြင့် တတ္ထကေသုအနာမန္တစာဆောတိအာဒိဝစနေသု-ဟုအနာမန္တစာဆော အစရှိသောသဒ္ဒါတို့ကို သုံးသပ်အပ် ခဲ့အပ်၏။ဤသို့ခဲ့ရသောကြောင့် အနာမန္တစာဆောတိပုဒ်၌ "သမဘိနိဝိဋ္ဌော ၊ ဃသော။ အနာမန္တစာဆောတိဝစနေ၊ ၌။"ဟု အနုက်ပေး။ အနာမန္တတ္တာ၊ ထင်ရှားရှိသောရဟန်းကို ပပန်မကြားမူ၍

ကုလေသု၊ ဒါယကာအိမ်တို့၌။ စရဏံ၊ လှည့်လည်ရခြင်းသည်။ ကပိုဿတီ၊ အပ်လတ္တံ့။

ပါဠိတော်၌ ဂဏဘောဇနံဟူ၍သာ ဟောတော်မူ၍ ပရမ္မရဘောဇနံ ဟူ၍ ဟောတော်မမူခြားသော်လည်း ပရမ္မရဘောဇနသိက္ခာပုဒ်၏ ပဒဘာဇနီ၌ စီဝ၊ ဒါနသမယောနာမအနတ္ထတေကထိနေဝဿာနသပစ္စိမော မာသော။ အတ္ထတေကထိနေ ပဉ္စမာသာ။ စီဝရဒါနသမယောတိ ဘုဉ်တဖွဲ့။ဟူ၍ ခင်းအပ်ပြီးသော ကထိန်ရှိကုန်သော ရဟန်းတို့အား ပရမ္မရဘောဇဉ်အပ်သည်၏အဖြစ်ကို ဟော တော်မူပြီးဖြစ်သောကြောင့် ပရမ္မရဘောဇဉ်လည်းအပ်သည်၏အဖြစ်ကို သိအပ်၏။ ထို့သို့သိအပ်သောကြောင့်ပင် အဋ္ဌကထာဆရာသည် ဗုဒ္ဓမတညူဖြစ်တော်မူသည်အလျောက် ဂဏဘောဇနမိဟု ပိသဒ္ဒါနှင်တကွ မိန့်တော်မူသတည်း။ ထိုပိသဒ္ဒါဖြင့် ပရမ္မရဘောဇနကို ပေါင်းအပ်၏။

တတ္ထ ကထိနတ္ထတ သိမာယံ၊ ကိုကထိန်ခင်းရာ ဥပစာရသိမ်၌။ ။ တတြုပ္ပါဒေနဝါ၊ ထိုကထိန်ခင်းရာ ဥပစရသိမ်၌ဖြစ်သော ဆန်. ပဲပြောင်း အစရှိသော သင်္ကန်းဖိုးဖြင့် လည်းကောင်း။ ဤသို့ အနက်ပေးသည်ကား တေရသကဏ်ဋီကာလာ တတြုပ္ပါဒေန အာဘတန္တိ ဝိဟာရ သန္တကေန ခေတ္တဝတ္ထုအာဒိနာ အာနီတံဟူသောစကားကို ထောက်၍အနက်ပေးသတည်း။ ထိုစကားမှန်၏။ ခေတ္တဝတ္ထု အရာသည် ခေတ္တဝတ္ထု၌ ဖြစ်သော ဆန် ပဲပြောင်း အစရှိသော သင်္ကန်းဖိုးတည်း။

သတ သဟာဿတော တာဝ။ ဝုတ္ထဝဿဝေသန၊ ကျွတ်ပြီးသော ဝါရှိကုန်သည်၏ အစွမ်းကြောင့်။(ပဝါရိတာဒ္ဓိစပ်)။ အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ တိဟိ ဌာနေဟိ ပဝါရေတုံဟူသော ပါဠိတော် စကားအားလျော်စွာသာ ဝုတ္ထဝဿဝေသန ဟူသော စကားကို အဋ္ဌကထာဆရာ မိန့်တော်မူသတည်း။ အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ကထိနံ ဒါတုံ ဟူသော ပါဠိတော် စကားအားလျော်စွာ မိန့်တော်မူသည် မဟုတ်။ ဤဒွိဝါကျတ်ပြီး များသော ကြောင့် ဝုတ္ထဝဿဝေသနဟု မိန့်သတည်း။အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ကထိန် အတ္ထရိတုံ-ဟူသော စကားကိုကား သိတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့သို့ ရောက်မှ မုချအားဖြင့် ဝါကျွတ်သောကြောင့် ဟောတော်မူသတည်း။

အညသ္မိ ။ကထိန်ခင်းယုကျောင်းတိုက်မှတစ်ပါး။ ဝိဟာရ၊ ကျောင်းတိုက်၌။

တေရသကဏ်ဍိကာဌ်"နာနာသိမာယ၊အသီးသီးသောဥပစာရသိမ်ဌ်။ မာပိတော၊ တည်ထောင်ဖန်ဆင်းအပ်သော(ယည်။) အညသ်မ်ိ၊ကထိန်ငင်းရာကျောင်းမှ တစ်ပါးသော။ ဝိဟာရော၊ကျောင်းဌ်။ဟု"အနက်ပေး။ တေရသကဏ် ဍိကာဆရာသည် ဝိဟာရ-သဒ္ဒါ ကျောင်းဟောကြ၍ ဤသို့ဖွင့်သတည်း။ကျောင်းတိုက်ဟာ ကြ်မှုကား ဤသို့ဖွင့်ရန် မရှိပြီ။ ငါမှုကား ဝိဟာရ-သဒ္ဒါ ကျောင်းတိုက်ဟောကြ၍ ဤသို့ အနက်ပေးခဲ့သတည်း။ ဝိဟာရ-သဒ္ဒါသည် အရာဌာန အလျောက် ကျောင်းနှင့်ကျောင်းတိုက်ကို ဟောနိုင်သတည်း အညသ်ိ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန်တိ-ဟုမဟာပစ္စရိတ် အဋ္ဌကထာဌ် မိန့်သောကြောင့် ကထိန်ကာလဌ် ကျောင်းတိုက်တစ်ပါးဌ် ဝါကပ်သောရဟန်းသည် ရဟန်းမရှိရာကျောင်းတိုက် တစ်ပါးဌ် ကထိန်မခင်းရသည်ကိုသိအပ်၏။ အကယ်၍ ကထိန်ခင်းရသည်ဖြစ်အံ့။ ထိုရဟန်းသည် ကထိန်ခင်းရာကျောင်းတိုက်ဌ် အာနိသင်ကို ရလေရာသတည်း။ ရကားမရလေ။ ထို့ကြောင့် ရဟန်းမရှိရာ ကျောင်းတိုက် တစ်ပါးဌ် ကထိန်မခင်းရသည်ကို သိအပ်၏။ ထို့ကြောင့် တေရသကဏ်ဍိကာဌ် အညသ်ိ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန်တိ နာနာသိမာယ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန်တိ ဤသို့ ကထိနတ္ထာရံ နလဘန်တိ အဋ္ဌော-ဟု မိန့်အပ်၏။ ဤအညသ်ိ ဝိဟာရေ အစရှိသော အဆုံးအဖြတ်ကို အရပ်တပါးဌ် ဝါကပ်ပြီးလျင် အရပ်တပါ ရဟန်းမရှိရာကျောင်းတိုက်ဌ် ကထိန်ခေတ်အဘဌ်းဌ် နေရာ ဒါယကာတို့က ကထိန်ခင်းမည် ရှိသည်နှင့် အလျောက်အထားရှိ၍ ငါရေးသတည်း။ ဤအရာဌ်မြစ်ကွေ့မြို့ လေးထပ်တိုက်မှာ သင်္ကန်းပြားသည်ဖြစ်၍ တပက္ခရဟန်းတို့ခဲ့၍ ကထိန်ခင်းကြသော အကြောင်းဝတ္ထုဖြစ်သောကြောင့် တစ်ပက္ခရဟန်းတို့က လျောက်ထားသည်ကို အကြောင်းပြု၍ အဆုံးအဖြတ် စကားညွှန်ကြားအံ့။။

အညသ်ိ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန်တိ ဤဒံ ကိံ ကေသိမသ်ိ စသော ဝဇိရဗုဒ္ဓိဋီကာ (၄၈၉) စကားတွင် ကေသိမသ်ိ-စကားအရနှင့် နာနာသိမသ်ိ စကားအရသည် ဗဒ္ဓသိမ်ခဲ့ကြောင်းတည်း။ ဥပစာရသိမ်မဟုတ်။ ထို့ကြောင့် ထိုဝဇိရဗုဒ္ဓိဋီကာဌ် "တဿာ ကေသိမသ်ိ ဝါ နာနာသိမသ်ိ ဝါ နာနုပစာရေ" ဟု မိန့်အပ်လတ္တံ့ ဖြစ်သတည်း။ ထိုစကားမှန်၏။ ထိုသို့ မိန့်အပ်လတ္တံ့သော စကားဌ်။ "ကေသိမသ်ိ ဝါ၊ တစ်ခုသော ဗဒ္ဓသိမ်ကြီး ရှိသည်လည်း ဖြစ်သော။ နာနာသိမသ်ိ ဝါ၊ အထူးထူးသော ဗဒ္ဓသိမ်ငယ် ရှိသည်လည်းဖြစ်သော။ နာနုပစာရေ၊ အသီးသီးသော အရာမ်ဥပစာရရှိသော။ အညသ်ိ ဝိဟာရေ၊ ကထိန်ခင်းရာကျောင်းတိုက်မှ တပါးသော ကျောင်းတိုက်ဌ်" ဟူ၍သာလျင် အနက်ယောဇနာသင့်လေသတည်း။ ကေသိ-

မသို့ဝါ၊ တစ်ခုသောအရာမ် ဥပစာရရှိသည်လည်းဖြစ်သော။ နာနာသီမသို့ဝါ၊ အထူးထူးသောအရာမ် ဥပစာရရှိသည်လည်းဖြစ်သော။ နာနုပစာရ၊ အထူးထူးသောအာရာမ် ဥပစာရသိမ်ရှိသော၊ အညာသို့ဝိဟာရ၊ ကထိန်ခင်းရာကျောင်းတိုက်မှ တစ်ပါးသောကျောင်းတိုက်၌။" ဟူ၍မူကား အနက်မယောင်နာသင့်ချေ။ အကယ်၍ ဤသို့အနက်ယောင်နာခဲ့သော် ကေသီမသို့ဟူသော ဝိသေသနနှင့် နာနုပစာရ ဟူသော ဝိသေသနသည် အညမညပဋိပက္ခဖြစ်လေရာသတည်း။ သည်သာမဟုတ်သေး။ အညာသို့ဝိဟာရ ဟူသော ဝိသေသ-အရသည် တစ်ပါးသောအာရာမ် ဥပစာရကျောင်းတိုက်ဖြစ်ရကား ထိုအညာသို့ဝိဟာရ ဟူသော ဝိသေသနှင့်လည်း ဝိသေသန ဝိသေသ မတန်သည်ဖြစ်လေရာသတည်း။ နာနာသီမသို့ ဟူသော ဝိသေသနနှင့် နာနုပစာရ ဟူသော ဝိသေသနသည်လည်း အထူးထူးသောအရာမ် ဥပစာရသိမ်ရှိသော ကျောင်းတိုက်ခြင်းအရ ဖြစ်လေသောကြောင့် တစ်ခုသော ဝိသေသနကိုဆိုက တစ်ခုသော ဝိသေသနကို မဆိုသင့်လေရာသတည်း။ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ကေသီမသို့စကားအရနှင့် နာနာသီမသို့စကားအရ ဇာဒ္ဓသိမ်ချည်းဖြစ်ခဲ့သော် ကေသီမသို့ဟူသော ဝိသေသနနှင့် နာနုပစာရ ဟူသောဝိသေသနသည် အညမညပဋိပက္ခဖြစ်ရာ အညသို့ဝိဟာရဟူသော ဝိသေသန-ဝိသေသ မတန်သည်ဖြစ်ရာ၏။ ဤသည်ကား ဝဇိရဗုဒ္ဓိဋီကာလာ ရှေးနောက်စကားနှင့်ရပ်ကို ဆက်စပ်သော အားဖြင့် ဆိုအပ်သော စကားအစဉ်သာ ဖြစ်သတည်း။ ဝဇိရဗုဒ္ဓိဋီကာလာ စကားကို ခုံတည့်သော အားဖြင့် ဆိုအပ်သော စကားအစဉ် မဟုတ်။ အညသို့ဝိဟာရ၊ ဝုတ္ထဝဿာပိ နလဘန္တိတိ ဣဒံကိ-ကေသီမသို့ ဟူသော။ စကားဖြင့် ကထိန်ခင်းရာကျောင်းတိုက်နှင့်စပ်၍ သမုတ်အပ်သော တစ်ခုသော ဗဟုသိမ်ကြီး၊ ဗဟုသိမ်ကျယ်ရှိသော တပါးသောကျောင်းတိုက်၌ ဝါကျတ်ကုန်သောရဟန်းတို့သည် ထိုဝါကျတ်ရာကျောင်းတိုက်မှ တစ်ပါးသော ကျောင်းတိုက်၌ ကထိန်ခင်းခြင်းကို မရကုန်သလောဟု စောဒနာသတည်း။ ဤဒါဟု နာနာသီမသို့-ဟူသောစကားဖြင့် ကထိန်ခင်းရာကျောင်းတိုက်နှင့်စပ်၍ မသမုတ်အပ်သော အသီးအခြားသမုတ်အပ်သော ဗဟုသိမ်ကျယ်ရှိသော တစ်ပါးသော ကျောင်းတိုက်၌ ဝါကျတ်ကုန်သောရဟန်းတို့သည် ထိုကျောင်းတိုက်မှ တစ်ပါးသော ကျောင်းတိုက်၌ ကထိန်ခင်းခြင်းကို မရကုန်သလောဟု စောဒနာသတည်း။ ယဒိတာဝ ကေသို့။ပ။ ဝိရုဇ္ဈတိဟူသောစကားတို့ဝင် ယဒိတာဝ ကေသီမသို့ဟူသောစကား၌ ကေသီမသို့အရကို ဆိုအပ်ပြီးသောနည်းဖြင့် ဗဟုသိမ်ကိုသာ ယူရသတည်း။

သစေပန ကံသိမာယ အစရှိသောစကား၌ ကသိမာယ-အရကို နိဿိမဇ္ဈော အနုမောဒတိတိ ဗဟိဥပစာရသိမာယ ၌တော အနုမောဒတိ ဟု အဋ္ဌကထာ၌ မိန့်အပ်လတ္တံ့သည်နှင့် အညိ ဥပစာရသိမ်ကဲ့သာယူရသတည်း။ ထို့ကြောင့် တစ်ခုသောဗဒ္ဓသိမ်မှတစ်ပါးသောကျောင်းတိုက်၌ဝါကျွတ်ကုန်သော ရဟန်းတို့ ကထိနတ္ထာရကို မရကုန်သည်ရှိသော် သစေပန ကသိမာယ။ပ။ အတ္ထရိတုံ နဝန္ဒတိဟူသော အဋ္ဌကထာစကားနှင့် ဆန့်ကျင်သည်ဟု ငဇိရဗုဒ္ဓိဋီကာဆရာ မဆိုသာ။ ဤသို့ဆိုခြင်းသည် ခုတ်ရာတစ်ပါး ရှရာတခြားကဲ့သို့ဖြစ်၏။ အထ နာနာသီမသို့ ဟူသောစကား၌လည်း နာနာသီမသို့ အရကို ဆိုအပ်ပြီးသော နည်းဖြင့် ပင်လျှင် ဗဒ္ဓသိမ်ကိုသာ ယူရသတည်း။ ဒေထ ဘိက္ခဝေ တသ္မာဟိ ဘိက္ခဝေ တသ္မာလဗုဓိသသ ကောဓိပ္ပာယံဟူသောစကားကို တစ်ခုသောဥပစာရသိမ်၌သာ ပေးရမည်ကိုရည်၍ ဟောတော်မူသတည်း။ ဗဒ္ဓသိမ်၌ ပေးရမည်ကိုကား ရည်၍ ဟောတော်မမူ။ ထို့ကြောင့် နာနာဗဒ္ဓသိမ်၌ ဝါကျွတ်ကုန်သော ရဟန်းတို့သည် ကထိနတ္ထာရကို မရကုန်သည်ရှိသော် အရှင် ဥပနန္ဒအား ကောဓိပ္ပာယကိုပေးခြင်းကိုခွင့်ပြုတော်မူခြင်းနှင့်ဆန့်ကျင်သည်ဟူ၍လည်း ဝဇိရဗုဒ္ဓိဆရာမဆိုသာ။ ဤသို့ဆိုခြင်းသည်လည်း ခုတ်ရာတစ်ပါး ရှရာတခြားကဲ့သို့ပင်ဖြစ်၏။ တသ္မာ ကသိမသို့ ဝါ-စသော ဝဇိရဗုဒ္ဓိဋီကာစကားကား အာသင်္ကဖြစ်သတည်း။ ထို့ကြောင့် ထိုဝဇိရဗုဒ္ဓိဋီကာစကားနှင့်အလားတူ တေရသကဿ-ဋီကာ၌ အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန္တိတိ နာနာသီမာယ အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိ ဝိဟာရေ ကထိနတ္ထာရံ နလဘန္တိတိ အတ္ထောဟု မိန့်အပ်၏။ အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာပိ နလဘန္တိ-ဟူသော အဋ္ဌကထာစကား၌ ပိသဒ္ဒါဖြင့် အဋ္ဌကထာရှေးစကားနှင့်အညီ ဝါ ပြတ်သော ရဟန်းပစ္စိမဝါဆို ကပ်သော ရဟန်းတို့ကိုသာ ပေါင်းသတည်း။ ဤကထိန်ခင်းရာကျောင်းတိုက်၌ ဝါမှထမြောက်လတ်သော ရဟန်းတို့ကိုကား ပိသဒ္ဒါဖြင့် မပေါင်း၊ ထို့ကြောင့် ဤကထိန်ခင်းရာကျောင်းတိုက်၌ဝါ-မှထမြောက်လတ်သော ရဟန်းဟူသမျှသည် ကထိနတ္ထာရကို ရကြသည်ချည်းဖြစ်သတည်း။ ဤသို့ဖြစ်ကလည်း တစ်တိုက်တည်းတွင်ခဲ့၍ ကထိန်အလှူမခံကောင်း။ အလှူခံပြီးလျှင် ကထိန်မခင်းကောင်း။ ခဲ့၍ကထိန်အလှူခံက သံဃိကမဖြစ်၊ သံဃိကမဖြစ်ကလည်း ကထိန်အခင်းမမြောက်ဟု မှတ်အပ်၏။

သစေပန ကေသိမာယ ဗဟိဝိဟာရာ ဟောန္တိ။ သဗ္ဗေဘိက္ခူသန္နိပါတေတ္ဝာ ကတ္ထကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံဝိသုံ အတ္ထရိတုံ နဝန္ဒတိ-ဟူသော အဋ္ဌကထာ ပါဠိသည်သာလျှင် ပါဠိရင်း ပါဠိမူနှိတည်း။ ဤပါဠိတွင် သစေပန။ပ။ ဟောန္တိ ဟူသောစကားသည် အရင်းအမြစ် မူလဟိတ်တည်း။

ဝိသုံဝိသုံအတ္ထရိတုံ နှ ဝဋ္ဋံတိ ဟူသော စကားသည်ကား အထောက်အပင့် ဥပတ္ထမ္ဘကဟိတ်တည်း။ သဗ္ဗေ။ပ။ အတ္ထရိတဗ္ဗံဟူသောစကားသည် ထိုဟိတ်နှစ်ပါး၏ ဖိုလ်တည်း။

သစေပန ကေသီမာယံ ဗဟူ ဝိဟာရာ ဟောန္တိ။ သဗ္ဗေဘိက္ခု။ ဆန္နံ ပါတေတ္ဝာ ကေတ္ထကံထိနံ အတ္ထရိတေ။ကွတရေသံ ဝိသုံဝိသုံကထိနံ အတ္ထရိတုံ နှ ဝဋ္ဋတိ်ဟူသော ပါဠိကား ပါဠိရင်းပါဠိမှန်ပဟုတ်။ထို့ကြောင့် ထိုပါဠိပျက်ကို ပမာဏပြု၍။ "ကွတရေသံ၊ ဤကထိန်ခင်းရာ မပါကုန်သော ရဟန်းတို့အား။ ဝိသုံဝိသုံ၊ အသီးအသီး။ ပုန၊ တဖန်။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှာ။ နဝဋ္ဋတိ၊ မဖြစ်။" ဟုအနက်မပေးရာ၊ ဤသို့အနက်ဖေးပြီးလျှင် တစ်ခုသော ဥပစာရသိမ်၌ ခဲ့၍ ကထိန်ခင်းကောင်းသည်ဟု မမှတ်ကြလေရာ။

ကွတရေသံယေဝါတိ ဆိန္နဝဿာဒီဟိ ကွတရေသံ ပုရိမိကာယဝဿံ ဥပဂန္တွာ ပထမပဝါရဏာယ ပဝါရိတာနံယေဝ။ သစေ ပုရိမိကာယ အစရှိသောစကားကို ဝုတ္ထဝဿဝသေန အစရှိသော စကားမှတ်က်။ ၂၈ စတ္တာရော ဘိက္ခု။ ဥပဂတာ။

ကောပရိပုဏ္ဏဝဿော သာမဏေရော အစရှိသောစကား၌ ပထမဝါဆိုပြီးသော အသက်နှစ်ဆယ်ပြည့်သော သာမဏေသည် မကျိုးမပြတ်သော ဝါရှိသည်ဖြစ်၍ ပစ္ဆိမပါတဉ်းတွင် အမှတ်မရှိသောနှင့် ရဟန်းခံသည် ဖြစ်သည်ရှိသော် ပထမပဝါရဏာနှင့် ပဝါရဏာပြုခြင်းငှာလည်း အပ်၏။ ပထမဝါလည်း ရ၏ဟု မှတ်အပ်၏။ထို့ကြောင့်ဝဇီရဗုဒ္ဓိဋီကာ၌ "ပစ္ဆိမိကာယ ဥပသမ္ပန္နော ပထမပဝါရဏာယ ပဝါရေတုံပိ လဘတိ။ ပထမဝဿိကောစ ဟောတိ" ဟု မိန့်အပ်၏။ ဤဝဇီရဗုဒ္ဓိဋီကာစကား သင့်ပေစ့။ပထမဗဝါရဏာနှင့် ပဝါရဏာပြုသည်ကား ပထမဝါ ရသောကြောင့်သာ ပဝါရဏာ ပြုသတည်း။ ပထမဝါရမှသာလျှင် အာနိသင်ကိုလည်းရသတည်း။ ထို့ကြောင့်ဤဝဇီရဗုဒ္ဓိဋီကာစကား သည် ဂဏပူရဏောစေဝ ဟောတိ အာနိသံသဉ္စ လဘတိ ဟူသောအဋ္ဌကထာစကားနှင့်ညီညွတ်သတည်း။ ဝဇီရဗုဒ္ဓိဋီကာ၌ စာအမျှားခြင်းပင် အဝဿိကောစ ဟောတိဟုရှိ၏။မသင့်။ ပထမဝဿိကောစ ဟောတိဟု ရှိမှသာလျှင် ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပထမပဝါရဏာယ ပဝါရိတာ လဘန္တိ ဟူသော အဋ္ဌကထာစကားနှင့် ညီညွတ်သတည်း။ မကျိုးမပြတ်သော ဝါရှိကုန်

၁။ ဂဇီရ–ဋီ၊၄၈၉–၌ ဝဿိကောစ ဟောတိ–ဟုသာရှိသည်။

